www.burmeseclassic.com

# ရွှေဥဒေါင်း

# စုံထောက်မောင်စံရှား၏

# ဖူးစာနှစ်ခိုင်

(ဒုတိယအကြိမ်)



BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

စာအုပ်ပုံနှိပ်ခြင်းဆိုင်ရာမှတ်တမ်း
ဒုတိယအကြိမ်ပုံနှိပ်ခြင်း
[ ၂၀၀၂ ခုနှစ်၊ ဒီဇင်ဘာလ၊ အုပ်ရေ ၁၀၀၀ ]
❑
စာမူခွင့်ပြုချက်အမှတ်
[ ၁၀၁၈/၂၀၀၂ (၁၀) ]
❑
မျက်နှာဖုံးခွင့်ပြုချက်အမှတ်
[ ၉၄၁/၂၀၀၂ (၁၀) ]
❑
မျက်နှာဖုံးပန်းချီ
ကံချွန်
❑
မျက်နှာဖုံးကာလာခွဲ
Stars
❑
မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်သူ
ဦးမှကျော်စိန်း (ကျော်ကိစ်စိမ်း အော့ဖ်ဆက်) (၀၂၉၈၉)
၁၇၁၊ ၃၃ လမ်း၊ ရန်ကုန်မြို့
❑
ထုတ်ဝေသူ
ဦးကျော်ဆန်း (ရဲအောင် စာပေတိုက်) (၀၉၃၂)
အမှတ်(၂)၊ ချွန်း(၁)လမ်း၊ မင်္ဂလာတောင်ညွန့်၊ ရန်ကုန်မြို့
❑
စာအုပ်ချုပ်
ကိုမြင့်

[ တန်ဖိုး - ၄၀၀ ကျပ် ]

www.burmeseclassic.com

www.burmeseclassic.com

## စုံထောက်မောင်စံရှားနှင့် ဖူးစာခံနစ်မိုင် ဝတ္ထုနှင့် ပတ်သက်၍

ဆရာကြီး ရွှေဥဒေါင်းသည် စုံထောက်မောင်စံရှားဝတ္ထုများကို သူရိယ မဂ္ဂဇင်းတွင် ၁၉၁၇ ခုနှစ်၊ ဧပြီလမှ စတင်၍ ရေးသားခဲ့ခြင်း ဖြစ်ပါသည်။ ထိုဝတ္ထုများမှာ ဆရာကြီး ရွှေဥဒေါင်း၏ ပင်ကိုယ်ရေး ဝတ္ထုများ မဟုတ်ဘဲ ဆာ အာသာ ကွန်နင်ဒွိုင်းလ်၏ စုံထောက် ရှားလော့ဟုမ်း ဝတ္ထုများကို မြန်မာမှု ပြုခဲ့ခြင်း ဖြစ်ပါသည်။ မူရင်းဝတ္ထုများမှာ ဝတ္ထုရှည်ရော ဝတ္ထုတိုပါ အပါအဝင် အားလုံး ဆာ အာသာ ကွန်နင်ဒွိုင်းလ် ရေးသားခဲ့သည်မှာ စုစုပေါင်း အပုဒ် ၆၀ သာ ရှိပါသည်။ ထို့အပြင် သားဖြစ်သူ အဒ်ရီယင် ကွန်နင်ဒွိုင်းလ်နှင့် စာရေးဆရာ ဂျွန် ဒစ်ဆင်ကားတို့ ဆက်လက် ရေးသားသည့် စုံထောက်ရှားလော့ဟုမ်း ဝတ္ထုများမှာ ၁၂ ပုဒ် ရှိသည်။ ထို့နောက် ရော်နယ် ဒဲအေ ကနော့ ရေးသည့် ရှားလော့ဟုမ်း ဝတ္ထုတစ်ပုဒ်လည်း ရှိပါသည်။ ထိုဝတ္ထုများ အားလုံးလောက်ကို ဆရာကြီး ရွှေဥဒေါင်းက မြန်မာလို မှီး၍ ရေးသားခဲ့ပါသည်။ ထို့အပြင် အခြား စာရေးဆရာများ ရေးသားခဲ့သော စုံထောက်ဝတ္ထုများကိုလည်း စုံထောက် မောင်စံရှားဝတ္ထုများအဖြစ် ရေးသားခဲ့ပါသည်။

အချို့ဝတ္ထုများမှာ မှီး၍ ရေးခဲ့သည်လား ပင်ကိုယ်ရေးခဲ့သည်လား ဆိုသည်ကိုမူ ပြောရန် မလွယ်ကူပါ။ အဘယ်ကြောင့်ဆိုသော် မူရင်း ရှားလော့ဟုမ်း ဝတ္ထုများတွင် ဇာတ်ကောင် ဖြစ်သူရှားလော့ဟုမ်း၏ အချစ်ရေး ကိစ္စ၊ အိမ်ထောင်ရေး ကိစ္စများကို မတွေ့ရပါ။ မိန်းမနှင့် ပတ်သက်၍ စုံထောက် ရှားလော့ဟုမ်း လေးစားတန်ဖိုးထားသည့် အမျိုး

www.burmeseclassic.com



သမီး ဓာတ်ကောင် နှစ်ဦး သုံးဦးကိုသာ ဖော်ပြခဲ့ပါသည်။ စုံထောက်ရှားလော့ဟုမ်း ဝတ္ထုများတွင် အချစ်ရေး အနေနှင့် ရှားလော့ဟုမ်း အကြောင်းကို မဖော်ပြဘဲ သူ၏ မိတ်ဆွေ လုပ်ဖော်ကိုင်ဖက် ဒေါက်တာဝပ်ဆင် အကြောင်းကိုသာ ဖော်ပြခဲ့ပါသည်။ ယင်းဝတ္ထုမှာ လေးပွင့်ဆိုင် *The Sign of Four* ဖြစ်သည်။ ထိုဝတ္ထုတွင် ဓာတ်ကောင် အမျိုးသမီးဖြစ်သော မစ္စမော်စတန်ကို ဒေါက်တာဝပ်ဆင်က နှစ်သက် သဘောကျကာ နောက်ဆုံးတွင် လက်ထပ်ယူလိုက်သည်ကို ဖော်ပြထားပါသည်။ ကျန်ဝတ္ထုများတွင် ရှားလော့ဟုမ်း လေးစားသည့် အမျိုးသမီး ဓာတ်ကောင်တစ်ယောက်မှာ *Scandel in Bohemia* ဝတ္ထုထဲမှ ဓာတ်ကောင် အမျိုးသမီး အိုင်ရင် အယ်ဒလာ ဖြစ်သည်။ မူရင်း ရှားလော့ဟုမ်း ဝတ္ထုများတွင် အမျိုးသမီး ဓာတ်ကောင်များအနေနှင့် ဤမျှသာ တွေ့ရပါသည်။

ဆရာကြီး ရွှေဥဒေါင်း ရေးသားခဲ့သော စုံထောက်မောင်စံရှားဝတ္ထုများတွင် မူရင်း ဝတ္ထုတစ်ပုဒ် ဖြစ်သည့် *The Sign of Four* ကို ဆရာကြီးသည် နှစ်ကြိမ်တိုင်တိုင် မှီး၍ ရေးသားခဲ့ပါသည်။ ပထမဦးဆုံး ထိုဝတ္ထုကို 'တစ်ကျွန်းပြန်တစ်ယောက်၏ အမှု' အမည်ဖြင့် သူရိယမဂ္ဂဇင်း အတွဲ ၅၊ အမှတ် ၄၊ ၅၊ ၆ (ဇွန်၊ ဇူလိုင်၊ ဩဂုတ် ၁၉၂၁) တွင် စတင်ရေးသားခဲ့သည်။ ထိုဝတ္ထုတွင် မူရင်းအတိုင်း ဓာတ်ကောင် အမျိုးသမီးကို ဓာတ်ကြောင်း ပြန်သူ ဦးသိန်းမောင်က နှစ်သက်သဘောကျခဲ့သည်များကို ရေးသားခဲ့ပါသည်။ သို့သော် မူရင်းဝတ္ထုတွင် ထိုအမျိုးသမီးနှင့် ဒေါက်တာ ဝပ်ဆင်တို့ ချစ်ကြိုက်သွားကြပြီး လက်ထပ်သည်အထိ ရေးခဲ့သည်။ သို့သော် စုံထောက်မောင်စံရှားဝတ္ထုတွင် ဦးသိန်းမောင်က ဓာတ်ကောင် အမျိုးသမီး မနှင်းညွန့်ကို နှစ်သက်သဘောကျနေသည်အထိသာ ရေးသားခဲ့ပါသည်။ ထိုဝတ္ထုကိုပင် ဆရာကြီး ရွှေဥဒေါင်းသည် ၁၉၄၁ ခုနှစ်လောက်တွင် အသစ်ပြန်လည် ရေးသားပြီး 'ရန်ကို ရန်ချင်း' အမည်ဖြင့် စုံထောက်မောင်စံရှား ဝတ္ထု တစ်ပုဒ်ကို

www.burmeseclassic.com

www.burmeseclassic.com



ရေးသားခဲ့ပါသည်။ သို့သော် ထိုဝတ္ထုတွင် မူရင်းဝတ္ထုတွင် ပါဝင်သည့် အတိုင်း ဇာတ်ကောင်အမျိုးသမီးကို ဦးသိန်းမောင်က နှစ်သက်သဘော ကျနေပုံကို မရေးသားခဲ့ပါ။ ထို 'ရန်ကို ရန်ချင်း' ကိုပင် မြန်မာပြည် စာအုပ်တိုက် စုံထောက်မောင်စံရှား အတွဲများဖြင့် ထုတ်ဝေသည့်အခါတွင် 'လေးပွင့်ဆိုင်' ဟူ၍ အမည် ပြောင်းလိုက်ပါသည်။

ဆိုခဲ့သည့်အတိုင်း မူရင်း ရှားလော့ဟုမ်း ဝတ္ထုများတွင် စုံထောက် ရှားလော့ဟုမ်းနှင့် ဇာတ်ကောင် အမျိုးသမီးများ ချစ်ကြိုက်သွားသည့် အခန်းများ မပါပါ။ သို့သော် ဆရာကြီး ရွှေဥဒေါင်း ရေးသားခဲ့သည့် စုံထောက်မောင်စံရှား ဝတ္ထုများတွင် စုံထောက် မောင်စံရှား၏ အချစ် ဇာတ်လမ်းများကို တွေ့ရပါသည်။ ယင်းတို့မှာ သူရိယမဂ္ဂဇင်း အတွဲ ၁၂၊ အမှတ် ၁၊ ၂၊ ၃ (မတ်၊ ဧပြီ၊ မေ ၁၉၂၈) တွင် ရေးသားခဲ့သော 'မောင်စံရှားသည် အဘယ်ကြောင့် လူပျိုကြီး လုပ်နေရသနည်း' အမည်ဖြင့် ရေးသားသည့် ဝတ္ထုနှင့် သူရိယ သတင်းစာ ၁၉၃၅ ခုနှစ်၊ ဒီဇင်ဘာလ ၁၉ ရက်နေ့မှ ၁၉၃၆ ခုနှစ်၊ ဇန်နဝါရီလ ၁၆ ရက်နေ့အထိ တနင်္ဂနွေနေ့မှ အပ နေ့စဉ် ရေးသားခဲ့သော 'စုံထောက်မောင်စံရှား၏ ဖူးစာနှစ်ခိုင်' တို့ ဖြစ်လေသည်။

BURMESE CLASSIC

ပထမ ဝတ္ထုမှာ စုံထောက်မောင်စံရှား ဘဝ မရောက်ခင် ငယ် စဉ်က အဖြစ်အပျက်ကို ဇာတ်လမ်းဆင်ရေးခဲ့ခြင်း ဖြစ်သည်။ ထိုဝတ္ထုတွင် မောင်စံရှားမှာ မောင်ကျော်မြ အဖြစ်နှင့် ငယ်စဉ်က သမီးရည်းစား ဖြစ်သူ မိမိကြီးတို့ ဇာတ်လမ်း ဖြစ်သည်။ ဇာတ်အဆုံးတွင် မိမိကြီးသည် ရန်သူ၏ လက်ချက်နှင့် သေဆုံးသွားခဲ့ရလေသည်။ ထိုအချိန်မှ စ၍ စုံထောက် မောင်စံရှားသည် မည်သည့်အမျိုးသမီးကိုမှ စိတ်ဝင်စားခြင်း မရှိတော့ပုံကို ရေးသားထားခြင်း ဖြစ်သည်။ ထိုဝတ္ထုတွင် မိမိကြီး အ ကြောင်းကို ဤသို့ သရုပ်ဖော်ခဲ့လေသည်။

'ရှေ့ ကိုသိန်းမောင်၊ သေသေချာချာ ကြည့်စမ်း၊ သည်မိန်းမျိုးကို

www.burmeseclassic.com

www.burmeseclassic.com



ချစ်ကြိုက်ဖူးတဲ့ သူဟာ နောက်ထပ်ပြီး ချစ်နိုင် ကြိုက်နိုင်ပါဦးတော့မှာလား ဗျာ' ဟု ပြော၍ ဓာတ်ပုံကို ကျွန်တော့်အား ပေးသဖြင့် ကျွန်တော်သည် ဓာတ်ပုံကို သေချာစွာ ကြည့်ရှုရာ ရုတ်တရက် စကားမပြောနိုင်ဘဲ မျက်လုံးပြူးလျက် ရှိနေမိလေ၏။ စင်စစ်သော်ကား များစွာသော မိန်းမတို့သည် ချောကြပါ၏။ လှကြပါ၏။ သို့ရာတွင် ဓာတ်ပုံတွင် ပါရှိသော မိန်းမမှာ သာမညအားဖြင့် ချောမောလှပခြင်းထက် မိဖုရားသဖွယ် ခံ့ထည်သိုက်မြိုက်စွာ ရှိသော ကိုယ်ဟန်အနေအထားနှင့် ချိုအေးကြည်လင် အလွန်လျှင် ချစ်ခင်ဖွယ်ကောင်းသော မျက်နှာထားတို့သည် တစ်ဦးသော သူ၌ ရောနှောလျက် ရှိရကား တစ်ခုသော ဂုဏ်ထူးသည် တစ်ခုသော ဂုဏ်ထူး၏ ကြက်သရေကို တိုးတက်စေလျက် ရှုမြင်သူတို့၏ စိတ်၌ ဖိုလှိုက်အံ့သြဖွယ်ရာ တစ်ခုပင် မှတ်ထင်ရ၏။ ထို့ထက်အံ့သြဖွယ်ရာ တစ်ခုမှာ ထိုမိန်းမ၏ မျက်လုံးများ ဖြစ်လေရာ ၎င်း၏ မျက်လုံးတို့မှာ အထူးသဖြင့် ဉာဏ်ပညာ နက်နဲထက်မြက်ကြောင်း ထင်ရှားစေသည် ဖြစ်သောကြောင့် ရုပ်ပုံပင် ဖြစ်သော်လည်း ၎င်းရုပ်ပုံကို ကြည့်မိသော သူတို့မှာ ထိုမိန်းမသည် ငါ၏ အသည်းနှလုံးချောင်အတွင်း၌ ခိုကပ်ပုန်းအောင်းလျက် ရှိသော စိတ်ကူးအကြံအစည်ကိုပင် သိရှိလေပြီတကားဟု ထင်မှတ်လောက်အောင် ရှိပေ၏။'

ထို့အပြင် ထိုဝတ္ထုအဆုံး၌ ဤသို့ ရေးသားခဲ့လေသည်။

'မောင်စံရှားသည် အထက်ပါ အခြင်းအရာတို့ကို ကျွန်တော့်အား ပြန်ပြောင်း ပြောဆိုပြီးနောက်

ရှား။ ။'ဘယ်နှယ့်လဲ ကိုသိန်းမောင်။ ကိုကျော်မြဆိုတာ ဘယ်သူဘယ်ဝါ ဖြစ်ကြောင်း ခင်ဗျား ရိပ်မိတယ် မဟုတ်လား'

ကျွန်တော်။ ။'ကိုကျော်မြဆိုတာ ခင်ဗျားပဲ မဟုတ်လား'

ရှား။ ။'အစစ်ပဲ၊ မိမိကြီး သေဆုံးပြီးတဲ့နောက် အိမ်ထောင်ကျသား ပြုချင်စိတ်လည်း မရှိဘူးဗျ။ တစ်ခါတလေ ယူမယ်လို့ ကြံစည်မိပြန်ရင်

www.burmeseclassic.com

www.burmeseclassic.com

လည်း မိမိကြီးရဲ့ မျက်နှာကို ကွက်ခနဲ မြင်လာမိပြန်တာနှင့် ယူမယ့် အကြံအစည်ဟာ ပျက်သွားပြန်ရောဗျ။ အခုတော့ အသက်ကလည်း ကြီး၊ ကြိုက်မယ့်သူကလည်း မရှိလေတော့ အတော်ပဲ နေတော့တာပါပဲဗျာ။ ဟိုအခါတုန်းကတော့ ခင်ဗျား အခု ကြားရတဲ့အတိုင်း စုံထောက်ဘက်မှာ ဝါသနာပါလွန်းလို့ ဆောင်ရွက်ခဲ့ရတာကိုးဗျ။ ယခုလို စည်းစနစ်ကျကျနှင့် သိပ်သိပ်သဲသဲ သေသေသပ်သပ် မရှိသေးဘူးပေါ့။ မိမိကြီး သေဆုံးတော့မှ လူဆိုးမှန်သမျှကို မုန်းထားတဲ့စိတ် ဖြစ်ပေါ်လာခဲ့တာကြောင့် အထုံ ဝါသနာလည်း အားကြီးတာနှင့် ဒီအလုပ်နှင့်ပဲ အသက်မွေးပါတော့မယ်လို့ အကြံရတာနှင့် ကိုယ့်ကိုကိုယ် ပြန်ပြောင်းပြီး မောင်စံရှားအမည်နှင့် ရန်ကုန်မြို့ကို လာခဲ့တာကိုး ကိုသိန်းမောင်ရဲ့'

ကျွန်တော်။ ။'ကောင်းပါလေဗျာ။ ခင်ဗျား တစ်ယောက် ပေါ်ပေါက်လာတာဟာ တိုင်းပြည်မှာ လူဆိုးများ နည်းပါးဖို့ အကြောင်းတစ်ရပ်ပေပဲ။ ခုအမှုမှာ နောင် ဝါရင့်လာတဲ့အခါ စုံထောက်တဲ့ အမှုများလို အင်မတန်ကြီး သိပ်သိပ်သဲသဲ မရှိသော်လည်း ခင်ဗျား ငယ်စဉ်က အဖြစ်အပျက်ကို ကြားသိရတဲ့အတွက် အများကြီး ဝမ်းမြောက်သဗျာ'

ဆရာကြီးရွှေဥဒေါင်းသည် 'မောင်စံရှား အဘယ်ကြောင့် လူပျိုကြီး လုပ်နေရပါသနည်း' ဝတ္ထုတွင် မောင်စံရှား၏ အချစ်ဇာတ်လမ်းကို စွန့်စားခန်းများ၊ ကြေကွဲဖွယ်ရာ အဖြစ်အပျက်များနှင့် ရောမွှေကာ ရေးသားခဲ့ပါသည်။

နောက်တစ်ပုဒ်မှာ 'စုံထောက်မောင်စံရှား၏ ဖူးစာနှစ်ခိုင်' ဝတ္ထု ဖြစ်သည်။ ထိုဝတ္ထုတွင် စုံထောက်မောင်စံရှားသည် လူဆိုးများနှင့် ရင်ဆိုင်ရင်း ဇာတ်ကောင် အမျိုးသမီးနှင့် ချစ်ကြိုက်ကာ နောက်ဆုံး၌ လက်ထပ်ယူလိုက်သည်ကို ဖော်ပြထားပါသည်။ ရှေးဦးစွာ ဇာတ်ကောင် ခင်စိန်နှင့် စုံထောက်မောင်စံရှား တွေ့ဆုံပြီးနောက် ခွဲခွာသွားသည့်အခါ ဆရာကြီး ရွှေဥဒေါင်းက မောင်စံရှား၏ အမူအရာကို ဤသို့ ရေးသားခဲ့

www.burmeseclassic.com

www.burmeseclassic.com



လေသည်။

ဦးစံရှားမှာ ထိုအသက်အရွယ်တိုင်အောင် လူပျိုကြီး လုပ်လာခဲ့သဖြင့် ဤဘဝ၌ အိမ်ထောင်ရက်သားပြုရန်မျှော်လင့်ဖွယ် မရှိတော့ပြီ ဟူ၍ မိတ်ဆွေများက ခန့်မှန်းကြဖူးလေရာ ထိုမိတ်ဆွေများသည် မခင်စိန် ပါသွားသော ခေါ်တော်ကားကို ဦးစံရှား မျှော်ကြည့်ကာ ကျန်ရစ်နေပုံကို မြင်ခဲ့ရပါလျှင် မိမိတို့ ခန့်မှန်းချက်ကို ပြင်ဆင်လိုကြဖွယ်ရာ ရှိပေလိမ့်မည်။'

'တစ်ခေတ်မျှ ကြာလတ်သော် မခင်စိန်သည် ရှောတဘက်ကလေးကို လည်ပင်း၌ မခိုတရို ရစ်ပတ်ကာ အိမ်ပေါ်မှ ဆင်းလာလေရာ လူပျိုကြီး ဦးစံရှား၏ စိတ်ထဲ၌ မပြင်မဆင် ကပိုကရိုနှင့် နေသော မခင်စိန်သည် ဝတ်စားဆင်ယင်ထားသော ယခင်က မခင်စိန်ထက်ပင် ချစ်ခင်ဖွယ်ရာ ကောင်းချေသည်တကားဟု အောက်မေ့မိ၏။'

'သို့သော် ဟိုဘက်အိမ်က ကလေးမကိုတော့ လက်ဖျားနှင့်မှ ခင်ဗျားတို့ မတို့လိုက်ပါနှင့်။ ကလေးမမှာ ခင်ဗျားတို့ လက်ချက်ကြောင့် လက်သည်းခွံကလေးလောက် ပွန်းသွားလို့ ရှိခဲ့ရင် ခင်ဗျားကို ကျုပ်တစ်နည်းနည်းနှင့် မိအောင် ဖမ်းပြီး အစိုးရ လက်ကို မပို့ဘူး။ ကျုပ်လက်နှင့် ခင်ဗျားကို လည်ပင်း ချိုးသတ်မယ် မှားလည်လား'

'ထို့နောက် ဦးစံရှားသည် ဝင်းနှစ်ဝင်းကို ဆက်ကူးသော တံတားကလေးမှ ဖြတ်ကူး၍ နန္ဒဝန် အိမ်ဘက်သို့ သွားလေရာ ဝက်သက်နှင့်တူသော မေတ္တာစိတ်သည် ကြီးပြင်းလာသော လူတို့၌သာ လွန်ပြင်းထန်မြဲ ဖြစ်သည့်အတိုင်း လူပျိုကြီး ဦးစံရှားမှာလည်း ရန်သူများနှင့် စစ်မဆိုင်ခင် မခင်စိန်၏ မျက်နှာကို တစ်ကြိမ်ဝဝ ကြည့်ခဲ့ဦးအံ့ ဟူသော အကြံနှင့် လျှောက်လာခဲ့လေ၏။'

ဆရာကြီး ရွှေဒေါင်းသည် ဤဝတ္ထုတွင် စုံထောက်မောင်စံရှား၏ အချစ်ဇာတ်လမ်းကိုပါ ရောမွှေရေးသားခဲ့ပြီး နောက်ဆုံးတွင် ဇာတ်ကောင်

www.burmeseclassic.com

www.burmeseclassic.com



အမျိုးသမီး မခင်စိန်နှင့် လက်ထပ်ပေးလိုက်လေသည်။

ဤဝတ္ထု၏ ထူးခြားချက် တစ်ခုလည်း ရှိသေးသည်။ ယင်းမှာ စုံထောက်မောင်စံရှားနှင့် ရင်ဆိုင်ရသော တစ်ဖက် ရန်သူမှာ ကြံရည်ဖန်ရည်ကောင်းသော လူတစ်ယောက် ဖြစ်သည်။ ထိုဇာတ်ကောင်မျိုးကို မူရင်း ရှားလော့ဟုမ်းဝတ္ထုများတွင်လည်း တွေ့ရလေသည်။ ရှားလော့ဟုမ်းဝတ္ထုများတွင် ထိုဇာတ်ကောင်မှာ *The Final Problem* တွင် နောက်ဆုံး ရှားလော့ဟုမ်းနှင့် ရိုင်ခင်ဘတ် ရေအိုင်တွင် တွေ့ဆုံကြပြီး သတ်ပုတ်ကာ ရေအိုင်ထဲသို့ကျသွားသည့် ပရော်ဖက်ဆာ မော်ရီယာတီပင် ဖြစ်သည်။ ဆရာကြီး ရွှေဒေါင်းသည် ထိုဇာတ်ကောင်မျိုးကို စုံထောက်မောင်စံရှား ဝတ္ထုများတွင်လည်း ဖန်တီးခဲ့ပါသည်။ စတင်၍ တွေ့ရသော ဝတ္ထုမှာ ကဝိမျက်မှန် မဂ္ဂဇင်း၊ အတွဲ ၃၊ အမှတ် ၆ (စက်တင်ဘာ၊ ၁၉၂၉) တွင် ရေးသားခဲ့သော 'ပရော်ဖက်ဆာ ဆရာကြီး ဦးထွန်းဖေနှင့် ရင်ဆိုင်ရခြင်း' နှင့် ကဝိမျက်မှန် မဂ္ဂဇင်း၊ အတွဲ ၃၊ အမှတ် ၈ (နိုဝင်ဘာ၊ ၁၉၂၉) တွင် ရေးသားခဲ့သော 'ပရော်ဖက်ဆာ ဆရာကြီး ဦးထွန်းဖေနှင့် မောင်စံရှား' တို့ ဖြစ်သည်။

သို့သော် ယခုဝတ္ထုသည် စုံထောက်မောင်စံရှား ဝတ္ထု ဖြစ်သော်လည်း မူရင်းမှာ ရှားလော့ဟုမ်း ဝတ္ထု မဟုတ်ပါ။ ယခင် ရှားလော့ဟုမ်း ဝတ္ထုများကိုသာ မှီးရေးခဲ့သဖြင့် စုံထောက်မောင်စံရှားမှာ လိုအပ်မှသာ ကိုယ်တိုင် ကိုယ်ကျ ပါဝင်စွန့်စားလေ့ရှိပါသည်။ နောက်ဆုံး တရားခံကို မတတ်သာ၍ ကိုယ်တိုင်ဖမ်းရသည့်အခါမျိုးသာ ဖြစ်သည်။ အထက်က ဖော်ပြခဲ့သော ပရော်ဖက်ဆာ ဆရာကြီး ဦးထွန်းဖေ ဝတ္ထု နှစ်ပုဒ်နှင့် ယခု 'ဖူးစာနှစ်ခိုင်' ဝတ္ထုတွင် စုံထောက်မောင်စံရှားသည် ဇာတ်အစမှ အဆုံးတိုင် ကိုယ်တိုင်ကိုယ်ကျ ပါဝင်လှုပ်ရှား စွန့်စားခဲ့ရလေသည်။ ထိုကဲ့သို့ ဝတ္ထုများကို ဆရာကြီး ရွှေဒေါင်းသည် စုံထောက်မောင်စံရှား ဝတ္ထုများတွင် အများအပြား ရေးသားခဲ့ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



၎င်းတို့မှာ ရှိန်းမကားရှာ လူသတ်မှု၊ နန်းစဉ်ပတ္တမြားအမှုနှင့် မောင်စံရှား စုံထောက်ပုံ၊ စံရှားနှင့် စံဖဲ၊ ကုလားဓားပြအသင်းကြီးနှင့် မောင်စံရှား စသည်တို့ ဖြစ်သည်။ ယင်းဝတ္ထုများတွင်လည်း စုံထောက်မောင်စံရှားမှာ ဇာတ်အစမှ အဆုံး ကိုယ်တိုင်ရော တပည့် တပန်းများပါဝင်လှုပ်ရှားကာ စွန့်စားခန်းများနှင့် ရေးသားခဲ့သည်ကို တွေ့ရလေသည်။

ယခု ဝတ္ထု ဖြစ်သည့် 'စုံထောက်မောင်စံရှား၏ ဖူးစာနှစ်ခိုင်' မှာ စွန့်စားခန်းများနှင့်အတူ စုံထောက်မောင်စံရှား၏ အချစ်ဇာတ်လမ်းပါ ပါဝင်နေသဖြင့် တမူထူးခြားသည်ဟု ဆိုရပေမည်။ ထိုဝတ္ထုကို ဆရာကြီး ရွှေဥဒေါင်းသည် သူရိယ သတင်းစာတွင် ၁၉၃၅ ခုနှစ် ဒီဇင်ဘာလ ၁၉ ရက်နေ့မှ ၁၉၃၆ ခုနှစ်၊ ဇန်နဝါရီလ ၁၆ ရက်နေ့အထိ တနင်္ဂနွေနေ့မှ တစ်ပါး နေ့စဉ် ရေးသားခဲ့လေသည်။ ထိုဝတ္ထုကိုပင် စစ်ပြီးခေတ်တွင် သူရိယ သတင်းစာ၌ ၁၉၅၂ ခုနှစ်၊ ဇူလိုင်လ ၂၄ ရက်နေ့မှ စက်တင်ဘာလ ၂၇ ရက်အထိ တနင်္လာနေ့မှ အပ နေ့စဉ် ပြန်လည် ဖော်ပြခဲ့လေသည်။ သို့သော် ဝတ္ထုအမည်ကိုမူ 'စုံထောက်မောင်စံရှား၏ ထူးတဲ့ဖူးစာ' ဟူ၍ အမည်ပြောင်းခဲ့လေသည်။

ဤဝတ္ထုကို ၁၉၈၇ ခုနှစ်၊ စက်တင်ဘာလက လုံးချင်း စာအုပ်အဖြစ် မြစ်မခ စာအုပ်တိုက် ရိုက်နှိပ်ထုတ်ဝေခဲ့ဖူးသည်။

ယခု ထိုဝတ္ထုကို စိန်စိန်ဦး စာအုပ်တိုက်မှ ပြန်လည်ထုတ်ဝေခြင်းဖြစ်ပါသည်။

■

www.burmeseclassic.com

www.burmeseclassic.com

## နိဒါန်း

စုံထောက်ကြီး ဦးစံရှားမှာ လူဆိုးအသင်းကြီးက ခေါင်းဆောင် ဖြစ်သော ပရော်ဖက်ဆာ ဦးထွန်းဖေ၏ လက်ချက်ကြောင့် လူဆိုးရော စုံထောက်ကြီးပါ အသက်ဆုံးရှုံးကြောင်းနှင့် ရေးသားဖော်ပြဖူးသော်လည်း စုံထောက်ကြီး ဦးစံရှားမှာမူ သေကံမရောက် သက်မပျောက်ဟူသော စကားအရ ကံကောင်းထောက်မသဖြင့် ထောင်ချောက်ကြားမှ လွတ်မြောက်လာခဲ့ရကြောင်းကိုလည်း ဆိုင်ရာမဂ္ဂဇင်းတွင် ရေးသားဖော်ပြခဲ့ပြီးလေပြီ။ ဦးစံရှားမှာ ယခင်က ဝတ္ထုတိုများ၌ အမှုသည်များ ငှားရမ်းခြင်းအတွက်ကြောင့် လိုက်ပါ စုံထောက်ရခြင်း ဖြစ်သည့်အတွက် ကြည်လင်စွာသော ဦးခေါင်းဖြင့် စုံထောက်ရခြင်း အလုပ်ကို ဆောင်ရွက်နိုင်ခဲ့သည် ဖြစ်ရာ နောက်ဆုံးအကြိမ် တောင်ထိပ်မှ လိမ့်ကျခံရခြင်းမှ တစ်ပါး၊ ရေကြည်တစ်ပေါက်မျှ မစဉ်ခဲ့ရအောင်ပင် အေးဘာယာ ဝေးကွာနိုင်ခဲ့လေသည်။ ယခု ဝတ္ထုကြီး၌မူကား စုံထောက်ကြီး ဦးစံရှားသည်တစ်သက်ပန်မျှ လူပျိုကြီးအဖြစ်နှင့် စင်ကြယ်စွာ နေထိုင်ခဲ့ပြီးမှ ချစ်ခင်မြတ်နိုးလှစွာသော ဖူးစာရှင် ပေါ်ပေါက်ခဲ့၍ ၎င်းကိုယ်တိုင် ရင်ကို မြေကတုတ်ပြုကာ သက်စွန့်ကြိုးပမ်း ဆောင်ရွက်ရာတွင် ရှေးအခါက မတိမ်းမချော် မချွတ်မယွင်းဘူးသော ဆင်ခြင်တွေးဆချက်တို့သည် တိမ်းချော်ချွတ်ယွင်းယောင်ဖြင့် စုံထောက်၏ အသက်ကို အကြိမ်ကြိမ် အဖန်ဖန် စွန့်စားခဲ့ရသော အခန်းပေါင်း မြောက်မြားစွာ ပါရှိပါကြောင်း။ (စာရေးသူ)

□

www.burmeseclassic.com

## အခန်း တစ်

အင်္ဂလိပ်ခုနှစ် ၁၉၃၃ ခုနှစ်သည်ကား အိန္ဒိယပြည်နှင့် မြန်မာပြည် ခွဲရေးတွဲရေးနှင့် ပတ်သက်၍ မြန်မာပြည်၏ ရာဇဝင်တွင် အထူးသဖြင့် အရေးကြီးလှသော နှစ်ဖြစ်လေရာ ၎င်းနှစ် နိုဝင်ဘာလသည် ဥပဒေပြုအဖွဲ့အတွက် အခွဲနှင့် အတွဲ အမတ်များ ယှဉ်ပြိုင်၍ အရွေးခံကြသော လဖြစ်လေသည်။ အိန္ဒိယ တိုင်းရင်းသား ကုလားလူမျိုးတို့မှာ ခွဲရေးတွဲရေးကိစ္စသည် မိမိတို့၏ အကျိုးကျေးဇူးကို များစွာ ထိခိုက်စေမည့် ကိစ္စကြီးဖြစ်လေရကား လူအားငွေအားဖြင့် အနည်းနည်း အဖုံဖုံ ဆောင်ရွက်ခဲ့ကြသည် ဖြစ်သောကြောင့် ၎င်းတို့၏ ရယ်ရွယ်ချက်သည် အထမြောက်လှဘနန်း ရှိခဲ့သည့်အဖြစ်ကို အများပြည်သူတို့ သိရှိကြပြီး ဖြစ်လေသည်။ တွဲရေးဘက်မှ ပါဝင်ဆောင်ရွက်ကြသော မြန်မာလူမျိုးများအနက် အချို့တို့မှာ အိန္ဒိယပြည်နှင့် တွဲဖက်နေရခြင်း၏ အကျိုးကို အကယ်စင်စစ် ရိုးဖြောင့်သော သဘောနှင့် ယုံကြည်ကြ၍ အချို့မှာမူ အိန္ဒိယတိုင်းရင်းသား ကုလားလူမျိုးတို့၏ ဩဇာမကင်းကြောင်းနှင့် စွပ်စွဲခံခဲ့ကြလေပြီ။ ထိုကိစ္စကြီး၌ ဆိုအပ်ခဲ့ပြီးသော ပုဂ္ဂိုလ်မျိုး နှစ်မျိုးစလုံးပင် ရှိချေမည်ကား ကောန်အမှန် ဆိုနိုင်သော စကားဖြစ်လေရာ မည်သူသည် မည်သို့သော ပုဂ္ဂိုလ်မျိုး ဖြစ်သည်ဟူသော အကြောင်းမှာကား ကောန်အမှန် ဆိုနိုင်သော စကား မဟုတ်ချေ။

အိန္ဒိယပြည်နှင့် တွဲဖက်၍ နေခြင်းသည် ခွဲခွာခြင်းထက် အကျိုးများမည်ဟူ၍ သဘောရိုးနှင့် အကယ်စင်စစ် ယုံကြည်သဖြင့် တွဲရေး

www.burmeseclassic.com

www.burmeseclassic.com



အတွက် လုံးပန်းခဲ့သော မြန်မာလူမျိုးများနှင့် မိမိတို့၏ စီးပွားရေးကို ထိခိုက်နစ်နာရန် မြင်သဖြင့် ကာကွယ်လိုသော သဘောနှင့် ဆောင်ရွက်ခဲ့ကြသော အိန္ဒိယ တိုင်းရင်းသား ကုလားလူမျိုးများကိုကား တစ်စုံတစ်ရာ ပြစ်တင်ပြောဆိုဖွယ် မရှိပါပေ။ သို့ရာတွင် ကုလားလူမျိုးများထံမှ ခံစားရလတ္တံ့သော အကျိုးကို မျှော်ကိုး၍ အမျိုးသားနှင့် တိုင်းပြည်ကို နစ်မွန်းလေအောင် ကြံဆောင်ကြိုးပမ်းကြသည့် ဤ၀တ္ထုပါ ဦးထွန်းကျော်ကဲ့သို့သော လူစားမျိုးကိုမူ အမျိုးသားကို ချစ်သော မြန်မာလူမျိုး ဟူသမျှသည် မုန်းထားရွံ့ရှာ လွန်စွာ စက်ဆုပ်အပ်လှပေသည်။

၁၉၃၃ ခုနှစ် မတ်လ ၁၃ ရက်နေ့ ညနေခင်းအချိန်တွင် မင်တိုမင်ရှင့်ဟိုတယ် မန်နေဂျာသည် လူလေးယောက်အတွက် ညစာ ထမင်းကို အခန်းတစ်ခန်း အတွင်း၌ အကောင်းဆုံး ပြင်ဆင်ထားရန် စာတစ်စောင် ရရှိသည်ဖြစ်၍ အကြီးအမှူးဖြစ်သော ဘတ္တလာအား အကောင်းဆုံးဖြစ်သော ထောင့်ခန်းကို ပြင်ဆင်ထားရန် အမိန့်ပေးလေ၏။ မန်နေဂျာသည် ဦးထွန်းကျော်ဟူသော လက်မှတ်ကို စာတွင်တွေ့ မြင်ရ၍ မိမိ၏ဟိုတယ်၌ ရံဖန်ရံခါ ဘိုကြီးများအားလည်းကောင်း၊ တစ်ခါတစ်ရံ တရုတ်တပြားများကို လည်းကောင်း၊ ဂုဏ်အရှေရှိ မြန်မာလူမျိုး လူကြီး လူကောင်းများအား လည်းကောင်း တစ်ညလျှင် သောက်ဖို့အတွက် ငွေတစ်ရာကျော် နှစ်ရာမျှ အကုန်အကျခံ၍ ညှော်ခံကျွေးမွေးဖူးသော ဦးထွန်းကျော်ဖြစ်ကြောင်းကို သိသည်နှင့် အထူးအရေးယူ၍ ကိုယ်တိုင်ကြည့်ကြပ် စီမံထားခဲ့လေသည်။

ဦးထွန်းကျော်သည် ထမင်းစားပွဲကို ၈ နာရီတိတိတွင် အဆင်သင့် ပြင်ဆင်ထားရန် စာရေးသား၍ ၇ နာရီ ၄၅ မိနစ်အချိန်တွင် မော်တော်ကားနှင့် ဆိုက်ရောက်လာခဲ့လေ၏။ မန်နေဂျာသည် ရက်ရောစွာ သုံးဖြုန်းနိုင်သော ဦးထွန်းကျော်အား ကိုယ်တိုင်ခရီးဦးကြိုပြု၍ အသင့်ပြင်ထားသော ထမင်းစားခန်းကလေးကို ခေါ်သွားလေ၏။

www.burmeseclassic.com

www.burmeseclassic.com



ဦးထွန်းကျော်ဆိုသူမှာ အသက် လေးဆယ်ကျော် အရွယ်မျှရှိ၍ အရပ် အမောင်း မြင့်မားသည့်ပြင် ခန့်ညားလှသော ကိုယ်ဟန်အမူအရာ ရှိလေရကား ၎င်း၏ အင်္ဂါရုပ်ကို ကြည့်ရှုအကဲခတ်ရမည် ဆိုသော် အရေးပိုင် လေလော၊ မြို့တော်ဝန်လေလော၊ ခန့်မှန်းဖွယ်ရာ ရှိပေ၏။ ဟိုတယ် မန်နေဂျာသည်လည်း ဦးထွန်းကျော်၏ ရာထူးကို မသိဘဲ လူဟန်နှင့် လမ်းသွားပုံကို ချင့်ချိန်ခန့်မှန်းခြင်းအားဖြင့် ပျာပျာသလဲ ဂရုစိုက်ခြင်း ဖြစ်လေရာ

'ကောင်းပြီ နိုလင်၊ ကျွန်ုပ် မိတ်ဆွေများလာလျှင် ဒီအခန်း ပို့လိုက်နိုင်တယ်။ သွားပေတော့' ဟု ဦးထွန်းကျော်က ပြောရာတွင် မန်နေဂျာသည် ဦးညွှတ်ကာ ထွက်သွားလေ၏။ ဦးထွန်းရကျော်မှာမူ အခန်းငယ်အတွင်း၌ ဆေးပြင်းလိပ်သောက်ကာ တစ်ယောက်တည်း ကျန် ရစ်လေ၏။

၈ နာရီထိုးခါနီးလတ်သော် ကုန်သည်ကြီးများနှင့် တူသော ကုလားလူမျိုးများသည် တစ်ယောက်ပြီးတစ်ယောက် ဆိုက်ရောက်လာကြ ၍ မန်နေဂျာ၏ ညွှန်ကြားချက်အရ ဦးထွန်းကျော်၏ အခန်းသို့ ဝင်သွား ကြလေ၏။

ပထမလူမှာ နိုင်ငံခြားမှ အထည်အလိပ်များကို မြန်မာပြည်သို့ အများဆုံး တင်သွင်းသည့် ကုလားသူဌေး ဟာဂျီအာမက်ဆိုသူ ဖြစ်လေ သည်။ ထိုသူသည် ကုန်ဈေးတန်း၌ နေထိုင်၍ မြန်မာပြည် တစ်ပြည် လုံးရှိ မြို့ကြီးများတွင် ဆိုင်ခွဲများ အနှံ့အပြား တည်ထောင်ထားခဲ့၏။ ဒုတိယလူမှာ အိန္ဒိယပြည် ဘုံဘိုင်နယ်မှ သံထည်ဝတ္ထုများကို မြန်မာ ပြည်သို့ အများဆုံး တင်သွင်းသူ ဖြစ်၏။ သိမ်ကြီးဈေးနှင့် စကော ဈေးကြီးရှိ သံခုဆိုင်ကြီးများမှာ ၎င်း၏ ဆိုင်များ ဖြစ်သည့်ပြင် အမြို့မြို့ သို့လည်း ကိုယ်စားလှယ်များ လွှတ်၍ မိမိလုပ်ငန်း ကြီးကျယ်အောင် အစဉ်သဖြင့် အားထုတ်သူတစ်ယောက် ဖြစ်လေရာ အမည်မှာကား လာ

www.burmeseclassic.com

www.burmeseclassic.com



လာဘိုင် ဖြစ်၏။

တတိယလူမှာ မဂိုလမ်း(ရွှေဘုံသာလမ်း)မှ ဆန်ကုန်သည် သူဌေးကြီး တစ်ဦး ဖြစ်သော တီဂျူးမားဖြစ်၍ မြန်မာပြည်မှ တင်ပို့သော ဆန်အလုပ်တွင် ဥရောပတိုက်သားများနှင့် ယှဉ်ပြိုင်လုပ်ကိုင်သူ တစ်ယောက် ဖြစ်လေသည်။

ဦးထွန်းကျော်သည် ကုလားသူဌေးကြီးတစ်ဦး ဝင်လာတိုင်း လာတိုင်း ထိုင်ရာမှထကာ ဥရောပတိုက်သားတို့၏ ထုံးစံအတိုင်း လက်ဆွဲ၍ နှုတ်ဆက်ပြီးနောက် လူစုံပြီဖြစ်၍ စားပွဲ၌ မျက်နှာချင်းဆိုင် ထိုင်နေကြလေ၏။

**ကျော်**။ ။ 'ပြောစရာစကားကို နောက်တော့မှ ပြောကြစို့ဗျာ။ ရှေးဦးစွာ စားစရာတွေကို စားလိုက်ကြဦးစို့' ဟု ပြော၍ ရင်ချောင်စေရန်အတွက် 'ကော့တေးလ်' ခေါ် အရက်တစ်ခွက်စီ သောက်ကြ၏။ ၎င်းနောက် ညစာထမင်းကို ဥရောပတိုက်သားတို့၏ ထုံးစံအတိုင်း တစ်ပွဲပြီးတစ်ပွဲ စားသောက်ကြလေရာ ဦးထွန်းကျော်မှာ အလွန်တရာ နှုတ်လျှာပေါ့ပါး စကားသွက်လက်သူ တစ်ယောက် ဖြစ်သည့်အတိုင်း နေ့စဉ် တွေ့ကြုံရသော သာမန်အဖြစ်အပျက်များကိုပင် ရယ်ရွှင်ဖွယ်ရာ ဖြစ်အောင် ခြေဟန်လက်ဟန်နှင့် ဘိုဆန်ဆန် ပြောလေရကား ကုလားသူဌေးကြီးများသည် တစ်ယောက်၏ မျက်နှာကို တစ်ယောက်လှည့်၍ စိတ်ထဲမှ ချီးမွမ်းကြရ၏။

မန်နေဂျာသည် ဦးထွန်းကျော်၏ သဘောကို သိပြီး ဖြစ်သောကြောင့် အထူးချောင်ကျ၍ လုံခြုံသော အခန်းကို ပြင်ဆင်ထားသည်ဖြစ်ရာ ညစာစားပြီးကြသောအခါတွင် ဦးထွန်းကျော်သည် ဝီစကီနှင့် ဆိုဒါများကို မှာယူခဲ့ပြီးနောက် ဘွိုင်ကုလားအား ထပ်မံ၍ အလိုမရှိကြောင်း ပြော၍ တံခါးကို ပိတ်ထားလိုက်လေ၏။ ဦးထွန်းကျော်သည် သွားကြားကို ပစ်လိုက်ပြီးနောက် အင်္ဂလိပ်ဘာသာဖြင့် ပြော၏။



www.burmeseclassic.com

www.burmeseclassic.com



ကျော်။ ။ ကျုပ်တို့ လူအချင်းချင်း ပြောတဲ့နေရာမှာ ဝရိယာယ်မပါဘဲ အရှင်းရှင်း ပြောကြဖို့နော်။ ခင်ဗျားတို့လူစုက အိန္ဒိယနှင့် မြန်မာပြည် ခွဲခဲ့လျှင် ကုန်သွယ်မှုနှင့် ပတ်သက်ပြီး ခင်ဗျားတို့ အကျိုးကို ထိခိုက်မှာ စိုးရိမ်လို့ မခွဲချင်ဘူး။ ကျုပ်က ၂၁ ဦးသမားတွေနဲ့ တညှိသညှိအတွက် သူတို့ကလဲ ခွဲချင်တယ်ဆိုလျှင် ကျုပ်က တွဲမယ်။ သူတို့က တွဲချင်လျှင် ကျုပ်က ခွဲမယ်။ ယခုမှာတော့ သူတို့က ခွဲချင်တယ်ဆိုတော့ ကျုပ်က တွဲဖို့ စီမံရလိမ့်မယ်။ ဒီတော့ ခင်ဗျားတို့နဲ့ ကျုပ်နဲ့ ရည်ရွယ်ချက်ခြင်း တူညီတယ်ဆိုပါတော့'

ဆန်သူဌေး။ ။ ၂၁ ဦးနဲ့ ခင်ဗျားနဲ့ ဘယ်လို ဖြစ်ဖူးကြလို့လဲ'

ကျော်။ ။ 'ဒီရာဇဝင်က အင်မတန် ရှည်လှပါတယ်။ တိုတိုပြောရရင် ကျုပ်က ဘယ်အလုပ်မှာလုပ်လုပ် ခေါင်းဆောင်လုပ်ရမှ လုပ်ချင်တယ်။ ခေါင်းဆောင်ခွင့် မရရင် ဂိုဏ်းခွဲရမယ်။ သို့သော် ဒီဟာတွေ ဖယ်ထားပြီး ကျုပ်တို့ ကိစ္စကို ပြောကြပါဦးစို့။ ကျုပ်ပြောခဲ့တဲ့အတိုင်း ခင်ဗျားတို့နဲ့ ကျုပ်နဲ့ ရည်ရွယ်ချက်ခြင်း တူတယ်။ ရည်ရွယ်ချက် အထမြောက်အောင် ကျုပ်က အလုပ်လုပ်တတ်တယ်။ ငွေမရှိဘူး။ ခင်ဗျားတို့က ငွေရှိတယ်။ သို့သော် ဒီကိစ္စမှာ ခင်ဗျားတို့ ကောင်းကောင်း အလုပ်မလုပ်နိုင်ဘူး။ ဒီတော့ကာ နှစ်ဘက်ခွဲပြီး အလုပ်လုပ်ရရင် ခရီးတွင်ကျယ်ဖို့ ရှိတယ်'

ဆန်သူဌေး။ ။ 'ငွေဘယ်လောက်လိုသလဲ'

ကျော်။ ။ငွေ လေးသိန်း လိုလိမ့်မယ်'

ထိုအခါ ကုလားသူဌေး သုံးယောက်တို့မှာ တစ်ယောက်၏ မျက်နှာကို တစ်ယောက်ကြည့်ကြပြီးနောက် ခေါင်းဆောင်ဖြစ်သော ဆန်သူဌေးကြီးက

'ကျွန်ုပ်တို့အချင်းချင်း တိုင်ပင်ပါရစေ။ ၁၀ မိနစ်လောက်



www.burmeseclassic.com

www.burmeseclassic.com



ခင်ဗျား အခန်းအပြင် ထွက်နေလိုက်ပါ'

ဦးထွန်းကျော်သည် အခန်းအပြင်သို့ ချက်ချင်း ထွက်လာ၍ ပြတင်းပေါက်တစ်ခုအနီးသို့ သွားပြီး အပြင်သို့ လှမ်းမျှော်ကာ ငေးကြည့်လျက်နေ၏။ ထိုသူ၏ အမှုအရာမှာ ငွေလေးသိန်း ကိစ္စကြီးပင် ဖြစ်သော်လည်း အရေးမကြီးလှလေဟန်ဖြင့် ခပ်ပေါ့ပေါ့နှင့် ခပ်အေးအေးပင် ရှိနေ၏။ ဦးထွန်းကျော်မှာ လူ၏ မျက်နှာကဲကို ခတ်ခြင်းအရာဌာန၌ အထူးကျွမ်းကျင်သူဖြစ်၍ ပစ်လိုက်သော မြားချက်သည် စွဲလိမ့်မည်ဟူ၍ ဆုံးဖြတ်ထားဟန် ရှိ၏။ နာရီကို ကြည့်ပြီးနောက် ၁၀ မိနစ်ထိတိ ကြာသောအခါတွင် ဦးထွန်းကျော်သည် အခန်းတွင်းသို့ တစ်ဖန်ဝင်လာ၏။

**ကျော်**။ ။ 'ဘယ့်နှယ်လဲ၊ ဆုံးဖြတ်ပြီးကြပြီးလား'

**ဆန်သူဌေး**။ ။ 'ပြီးပါပြီ။ လေးသိန်းကို သဘောတူပါတယ်။ သို့သော် ချွင်းချက်လေးတစ်ခု ထည့်သွင်းလိုပါတယ်။ ငွေလေးသိန်းကို ဆုံးဦးတည်းမပေးနိုင်။ လေးဦးဖြစ်အောင် စိန်ဘာဘူ ချက်တာဂျီကို ခင်ဗျားပါအောင် ဆွယ်ပေးပါ'

**ကျော်**။ ။ 'သူပါရင် တစ်ယောက်ကို တစ်သိန်းကျခင်ဗျားတို့ ပေးမယ်ဆိုပါတော့'

**ဌေး**။ ။ 'အမှန်ပြောရမှာဖြင့် သူပါမှ ကျုပ်တို့အလုပ် လုပ်ချင်တယ်။ သူမပါရင် ဒီအကြံကို လက်လျှော့ဖို့ ကျုပ်တို့ ဆုံးဖြတ်ထားပါတယ်'

**ကျော်**။ ။ 'ကောင်းပြီ။ သူ့ကို ပါအောင်ဆွဲဖို့ ကျွန်တော့်တာဝန် ထားလိုက်ပါ'

ၡင်းနောက် ထိုသူလေးဦးတို့သည် ခွဲရေးတွဲရေးကိစ္စနှင့် မြန်မာသူဋ္ဌေးတို့၏ စိတ်နေသဘောထားအကြောင်းကို နာရီဝက်ခန့်မျှကြာအောင် ဆက်လက် ဆွေးနွေးကြပြီးနောက် မော်တော်ကားများနှင့် အသီးသီး



www.burmeseclassic.com

www.burmeseclassic.com



ပြန်သွားကြလေ၏။

ဦးထွန်းကျော်သည် ချာချီလမ်း (ဦးဝိစာရလမ်း) ၌ ရှိသော ခိခိ၏ နေအိမ်သို့ ဆိုက်ရောက်သောအခါ အသက် ၂၀ ကျော် အရွယ်ခန့်ရှိ၍ ရုပ်ရည်ချောမော လှပသော မိန်းမတစ်ယောက်သည် ကားအနီးသို့ ရောက်အောင် ပြေးဆင်းကာ ကြို၍

'ဘယ့်နှယ်လဲ ကိုကို'

'ရှူး ဘယ်က ကိုကိုလဲ။ နေရာကျပါရဲ့ သမီးရေ'

❖

www.burmeseclassic.com

www.burmeseclassic.com

## အခန်း နှစ်

တစ်နေ့သ၌ စုံထောက်ကြီး ဦးစံရှားသည် စာတိုက်မှ ရရှိသော စာများကို တစ်စောင်ပြီးတစ်စောင် ဖောက်၍ ဖတ်နေမိရာမှ တစ်စောင်သော စာကို ဖတ်မိရာတွင် မျက်လုံးနီလျက် ဆေးတံကို ဖွာရင်း စဉ်းစား စိတ်ကူးကာ ရှိနေလေ၏။ ၎င်းစာမှာ အောက်ပါအတိုင်း ဖြစ်ချေသည်။

စာရေးအစီရင်ခံပါသည် ဦးစံရှားရှင့်။ ကျွန်မ၏ ဖခင်နှင့် ပတ်သက်၍ သောကမအေး ရှိနေပါသောကြောင့် စနေနေ့ညနေ ၅ နာရီအချိန် ကွန်တီနင်တယ် ဟိုတယ်၏ ဝရန်တာသို့ လာစေလိုပါသည်။ ကျွန်မတို့၏ ကိစ္စမှာ လျှို့ဝှက်စွာ ဆောင်ရွက်ရမည့် ကိစ္စ ဖြစ်သောကြောင့် ဖခင် မသိစေလိုသဖြင့် နေအိမ်သို့ ခေါ်ခြင်း မပြုနိုင်ပါ။ ဦးစံရှားကို ကျွန်မ မမြင်ဘူးသောကြောင့် ကျွန်မ သိနိုင်စေရန် လက်ကိုင် ပဝါကို နာရီအိတ်တွင် ခပ်ပေါ်ပေါ်ကလေး ထည့်ခဲ့စေလိုပါသည်။'

စုံထောက်ကြီး ဦးစံရှားမှာ စုံထောက်ခြင်းအလုပ်ကို နှစ်ပေါင်း များစွာ လုပ်ကိုင်ခဲ့၍ အမှုသည်များသည် မိမိ၏ နေအိမ်သို့ လာရောက်ကြရသည်သာလျှင် ကြုံဖူးခဲ့ရာ ထိုကဲ့သို့ တစ်နေရာ၌ စာပေးချိန်းဆိုခြင်းကိုမူ ရန်သူများလှသော လူတစ်ယောက်ဖြစ်သောကြောင့် နှောင့်နှေးခြင်း ရှိ၏။ သို့ရာတွင် ဦးစံရှားသည် ထူးဆန်းသော အမှုများကို အလိုရှိသူ တစ်ယောက်ဖြစ်၍ ထူးထူးဆန်းဆန်း ချိန်းဆိုခြင်းသည် ထူးဆန်းသော အမှုမျိုး ဖြစ်တန်ရာသည်ဟု အောက်မေ့ပြီးလျှင် ချိန်းဆိုသော ညနေတွင်



www.burmeseclassic.com

www.burmeseclassic.com



ကွန်တီနင်တယ်ဟိုတယ်သို့ သွားရောက်၍ အချက်ပေးထားသည့်အတိုင်း ပြုလုပ်ကာ လက်ဖက်ရည်သောက်ရင်း ကုလားထိုင်တွင်ထိုင်လျက် စောင့်နေလေ၏။

ဝရန်တာတွင် လေညင်းခံရင်း လက်ဖက်ရည်သောက်လိုသူများအတွက် စားပွဲဝိုင်းကလေးများနှင့် ကုလားထိုင်များကို အမြောက်အမြား တည်ခင်းလျက် ရှိ၏။ ဦးစံရှားသည် ရောက်နှင့်ပြီးသော သူများကို ကြည့်ရှုရာတွင် ဥရောပတိုက်သားများနှင့် ၎င်းတို့၏ သားမယားများသာ လျှင် များခဲ့၍ မြန်မာလူမျိုးများအနက်မှဆိုလျှင် ကောလိပ်ကျောင်းသူ ကလေးများနှင့် သဏ္ဍာန်တူသော မိန်းကလေးလေးယောက်တို့သာလျှင် တစ်ခုသော စားပွဲ၌ မြင်မိ၏။

ဦးစံရှားသည် စားပွဲ၌ တစ်ယောက်တည်းထိုင်ကာ လင်မနစ် တစ်ခွက်ကို မှာယူသောက်နေ၏။ ၅ မိနစ်ခန့်ကြာလတ်သော် အသက် ၂၅ နှစ်အရွယ်ခန့် ရှိ၍ သနားကမားရှိသော ရုပ်ဆင်းသဏ္ဍာန်နှင့် သွက် လက်သော အမူအရာရှိသည့် မိန်းမတစ်ယောက်သည် ဝရန်တာသို့ ထွက် လာ၍ ထိုမှ ဤမှ မှန်းမြော်ကာ ကြည့်ပြီးနောက် ချောင်၌ ထိုင်နေသော ဦးစံရှား၏ စားပွဲအနီးရှိ ကုလားထိုင်၌ ဝင်၍ ထိုင်လေ၏။

'ဦးစံရှား မှတ်တယ်'

'မှန်ပါတယ်'

'ဦးစံရှားဟာ အသက်ကိုစွန့်ပြီး ထောက်လှမ်းရတဲ့ အမှုမျိုး ကို မဖယ်ရှားတတ်ဘူးလို့ ကျွန်မ ကြားရဖူးပါတယ်'

'မဖယ်ရှားတဲ့အပြင် စွန့်စားရလေလေ သဘောကျလေလေ ဖြစ်ပါတယ်'

'ငွေကြေးတော့ဖြင့် ကျွန်မက များများစားစားကြီး ပေးတတ်နိုင် သူ မဟုတ်ပေဘူးရှင်။ သို့သော် စွန့်စားရခြင်း၊ နက်နဲရှုပ်ထွေးခြင်းကို အလိုရှိပါတယ်ဆိုလျှင်တော့ ကျွန်မအမှုမှာ လိုချင်သလောက် ရနိုင်တယ်



www.burmeseclassic.com

www.burmeseclassic.com



လို့ တာဝန်ခံဝံ့ပါတယ်'

'နက်နဲရှုပ်ထွေးခြင်းကို ငွေကြေးထက် စုံမက်တတ်တယ်ဆို တာမှာတော့ ကြားဖူးတဲ့အတိုင်းပါပဲ။ သို့သော်....'

ထိုခဏ၌ ၎င်းမိန်းမသည် ဦးစံရှား၏ ပခုံးပေါ်မှ ကျော်လွန်၍ ဦးစံရှား၏ နောက်သို့ လှမ်းမျှော်ကြည့်လျက် 'ပြောပါ၊ ပြောသာ ပြောပါ။ နောက်ကို လှည့်မကြည့်ပါနဲ့' ဟု တိုးတိုးပြောပြီးမှ အသံကျယ်စွာနှင့် 'နက်ဖြန် ရှင် မြင်းစီးပွဲကို သွားဦးမလား' ဟု မေးလိုက်သော အခါ ဦးစံရှားမှာလည်း လူပါးတစ်ယောက် ဖြစ်သည့်အတိုင်း ရိပ်မိသည်နှင့် 'အမှန်တော့ မပြောနိုင်သေးဘူး၊ သို့သော် သွားဖြစ်ဖို့က များတယ် ထင်ပါရဲ့' ဟု အလိုက်သင့် ပြန်ပြောလိုက်လေ၏။ ထိုအခါ ဦးစံရှား ၏ နောက်မှ ယောကျ်ားတစ်ယောက်အသံဖြင့် 'အလို မခင်စိန် တစ်ယောက်တည်းလား၊ ဦးမပါဘူးလား' ဟု မေးသံကြားရပြီးနောက် အသက် ၃၀ အရွယ်ခန့် သပ်ရပ်ကောင်းမွန်စွာ ဝတ်ဆင်ထားသော လူတစ်ယောက် သည် ၎င်းတို့၏ စားပွဲသို့ ချဉ်းကပ်ကာ ဦးစံရှားအား စူးစိုက်စွာ အကဲခတ်လေ၏။

**စိန်**။ ။ ဖေဖေ မပါဘူးရှင့်၊ ကျွန်မ တစ်ယောက်တည်း ဈေးဝယ်ဖို့ ကိစ္စကလေးနဲ့ ထွက်လာခဲ့တယ်။ ရှင်တို့ နှစ်ယောက် မတွေ့ ကြဖူးဘူး မှတ်တယ်'

'ဒီဟာက ကျွန်မတို့ အိမ်နီးချင်း မြေပိုင်သူဌေးသား ကိုသန်း ကြွယ်ပါတဲ့ရှင်၊ ဒီကတော့ မန္တလေးမှာတုန်းက ကျွန်မတို့နဲ့ သိကျွမ်း ခဲ့ဖူးတဲ့ သမဝါယမအသင်းဝန်ထောက်မင်း ဦးစံသာပါတဲ့' ဟု တစ် ယောက်နှင့် တစ်ယောက် အသိအကျွမ်းဖွဲ့ပေးရာတွင် ဦးစံရှားမှာ ချက်ချင်း-ပင် ဝန်ထောက်ရာထူးဖြင့် ချီးမြှင့်ခြင်း ခံရလေပြီဟု စိတ်ထဲ၌ ပြုံးမိ၏။

သို့ရာတွင် ပါးနပ်သော လူတစ်ယောက် ဖြစ်သည့်အတိုင်း ဦးစံရှားသည် စကားအချိတ်အဆက်ညီစေဖို့ သတိပြုလျက် ရှိ၏ ထိုသူ



www.burmeseclassic.com

www.burmeseclassic.com



နှစ်ယောက်တို့သည် တစ်ယောက်ကိုတစ်ယောက် စောင်းကြည့်ကာဖြင့် အကဲခတ်လျက် ရှိနေကြ၏။ ကိုသန်းကြွယ်မှာမူ ပုသိမ်သားဇာတိဖြစ်၍ ရန်ကုန်သို့ ရောက်သည်မှာ မကြာသေးသောကြောင့် မခင်စိန်က လှည့်စားဖုံခြင်း ဖြစ်လေသည်။ ဦးစံရှားမှာလည်း မခင်စိန်က ထိုကဲ့သို့ မိမိ၏အမည်နှင့် အလုပ်အကိုင်ကို လှည့်စားပြောဆိုထားခြင်းအားဖြင့် ကောန်မှုချ အကြောင်းတစ်စုံတစ်ခု ရှိလိမ့်မည်ဟု တွေးထင်သဖြင့် ထိုသူကို ဂရုစိုက်၍ အကဲခတ်လျက် ရှိ၏။ ဦးစံရှား၏ စိတ်ထဲ၌ ဤမျှလောက် လူတစ်ဖက်သားအပေါ်၌ ကရုဏာနည်းပါး၍ ရက်စက်ခက်ထန်ဟန်ရှိသော မျက်နှာမျိုးကို မိမိ၏ တစ်သက်တွင် ဘယ်အခါမျှ မတွေ့မမြင်ရဘူးချေပြီဟု ဆုံးဖြတ်မိ၏။ မခင်စိန်၏ မျက်နှာမှာမူကား လွန်မင်းစွာ ချောမောလှပခြင်း မရှိစေကာမူ ထက်မြက်သော ဝမ်းတွင်းဉာဏ်ဖြင့်လည်းကောင်း၊ ဖြူစင်သော နှလုံးရည်နှင့်လည်းကောင်း၊ မိန်းမသားတို့၌ ရှိခဲလှစွာသော ရဲစွမ်းသတ္တိမျိုးနှင့် လည်းကောင်း ပြည့်စုံသူတစ်ယောက် ဖြစ်ရမည်ဟူ၍ ဦးစံရှားက အကဲခတ်မိ၏။ ဦးစံရှား၏အလုပ်မှာ သူတစ်ပါးတို့၏ မျက်နှာကို ကြည့်ခြင်းအားဖြင့် အကျင့်စာရိတ္တမျိုး၌ လွဲဖူးသည်ဟူ၍ပင် မရှိနိုင်လောက်အောင် ကျွမ်းကျင်လှပေ၏။

**ကြွယ်**။ ။ 'မိတ်ဆွေက ရန်ကုန်ကို ဘယ်တုန်းက ရောက်ပါသလဲ'

**ရှား**။ ။ 'အခွင့်ခံပြီး အလည်လာခဲ့တာ လေးငါးရက်လောက်ပဲ ရှိပါသေးတယ်'

**ကြွယ်**။ ။ 'မိတ်ဆွေတို့ အလုပ်က ကောင်းတော့ ကောင်းပါရဲ့၊ သို့သော် ပျင်းစရာကြီး ဖြစ်မနေဘူးလား ခင်ဗျာ၊ ကျွန်တော်တို့က လူတစ်ဖက်သားကို ကြိမ်ဒဏ်ပေးလိုက်၊ ထောင်ချလိုက် ကြိုးစားနိုင်လျှင် ကြိုးပေးလိုက်၊ အဲဒီလိုဟာမျိုးမှ ကြိုက်တယ်၊ အလိုမကျ ထက်ကိစ္စပြီးခဲ့ပြီ မှတ်လို့ လက်ဖက်ရည် တစ်ခွက် သောက်မယ်လို့ တက်လာခဲ့



www.burmeseclassic.com

www.burmeseclassic.com



မိတယ်၊ သောက်လို့ မဖြစ်သေးဘူး၊ အရေးကြီးတဲ့ ကိစ္စတစ်ခု မေ့ကျန် ရစ်ခဲ့တယ်၊ သွားလိုက်ဦးမယ်၊ မခင်စိန် ဘယ်အချိန်ပြန်မလဲ'

**စိန်။** ။ 'ကျွန်မက ပန်းဆိုးတန်းက ဒေါ်ဒေါ်မြင့်တို့ တိုက်ကိုလဲ ဝင်ရဦးမယ်၊ ပြန်နှင့်ပေတော့ ကိုသန်းကြွယ်'

ကိုသန်းကြွယ်သည် ဟိုတယ်ပေါ်မှ ပျာယီးပျာယာ ပြန်ဆင်း သွားလေရာ မခင်စိန်သည် ထိုသူကို မျှော်ငေးကာ ကြည့်နေရင်း ကျော ထဲမှ ချမ်းသွားဟန်နှင့် ကြက်သီးထမိလေ၏။

**စိန်။** ။ 'ပြောရင်းဆိုရင်း ပေါက်လာတော့တာပဲ၊ ဒီလူဟာ ကျွန်မတို့ ရန်သူများအနက်တွင် တစ်ယောက်အပါအဝင်ပဲ၊ ဦးစံရှား ဒီလူဟာ ကျွန်မကို မရ ရအောင် ကြံစည်နေတဲ့ လူတစ်ယောက်ပဲရှင့်'

**ရှား။** ။ 'အလို မခင်စိန်ကို ချစ်ကြိုက်ရင် ရန်သူပဲလား'

**စိန်။** ။ 'မိန်းမက မကြိုက်ဘဲနှင့် အတင်းကြံရင် ရန်သူပေါ့ ရှင်၊ ဒို့ပြင် တစ်ကြောင်းကလဲ ဒီလူဟာ ဦးစံရှား မသိသေးလို့၊ မြန်မာ ပြည်မှာ အဆိုးဆုံးလူထဲက တစ်ယောက်ပဲရှင့်၊ သူ့ထက် ဆိုးတဲ့ လူဟာ မြန်မာပြည်မှာ တစ်ယောက်တည်းပဲ ရှိတော့တယ်'

**ရှား။** ။ 'သူက ဒုတိယလား၊ ဒါဖြင့် ပထမတန်းဆိုးတဲ့ လူက ဘယ်သူလဲဗျာ'

**စိန်။** ။ 'နေဦးရှင့်၊ သူတို့အကြောင်းကို ကျွန်မပြောပြဦးမယ်၊ ခုနက ဆင်းသွားတဲ့ ကိုသန်းကြွယ်ဆိုတဲ့ လူက အင်္ဂလိပ်စာ အိုင်အေ အောင်ခဲ့တယ်၊ ဘိလပ်ကို သွားပြီး ဆရာဝန်အတတ်ကိုလဲ သုံးလေးနှစ် သင်ခဲ့ဖူးတယ်'

**ရှား။** ။ 'ဘာလက်မှတ်ရခဲ့သလဲ'

**စိန်။** ။ 'လက်မှတ်တော့ ရခဲ့ဟန် မတူဘူးရှင့်၊ နှစ်အပိုင်းအခြား ... အောင် သင်ခဲ့ဟန် မတူပါဘူး၊ ပြီးတော့လဲ သူ့မိဘက တော် ...ခိုင်လုံပြီး ဩဇာကောင်းတယ်၊ ဉာဏ်လဲ အင်မတန်သွားတဲ့ သူ

www.burmeseclassic.com



တစ်ယောက်ရှင့်။ သူသာ ကောင်းကောင်းမွန်မွန် လုပ်ကိုင်ပြီး စားသောက်မယ်ဆိုရင် လောကမှာ တော်တော်ကို ကြီးပွားမယ့် လူတစ်ယောက်ပဲလို့ ကျွန်မ ဆိုဝံ့ပါတယ်။ သို့သော် ဒီလူက မကောင်းတဲ့ဘက်မှာ အကုန်ဝါသနာပါခဲ့လေတော့ သူ့ပညာကလေးရော၊ သူ့ဉာဏ်ရော၊ ရှိတဲ့ ပိုက်ဆံရော၊ မိဂုဏ် ဖဂုဏ်ရောကို မကောင်းတဲ့ ဘက်မှာသာ အသုံးပြုပြီး သူတစ်ပါးကို လိုးဖို့ ဖြတ်ဖို့၊ နှပ်ဖို့ ကြော့ဖို့၊ လိမ်ညာလှည့်ဖြားဖို့မှာသာ အသုံးပြုလာခဲ့တဲ့ လူတစ်ယောက် ဖြစ်ပါတယ်'

**ရှား**။ ။ 'အာဂလူပါလား၊ စိတ်ထင်အရ ဘယ်လိုအမှုမျိုးများ ကျူးလွန်ပြီးခဲ့ပြီ ထင်ပါသလဲ'

**စိန်**။ ။ အကြီးအကျယ် အိမ်ဖောက်ခြင်း၊ တိုက်ဖောက်ခြင်းနှင့် တကွ လူသတ်မှုများတောင်ပါဖူးတယ်လို့ ကျွန်မ ထင်ပါတယ်။ သူ့အိမ်ကို ကျွန်မတို့ သားအဖနှစ်ယောက် တစ်ခေါက် ရောက်ဖူးတုန်းက ခိုးရာပါ ပစ္စည်းတွေကို ဘီရိုကြီးနဲ့တစ်လုံး ကျွန်မ တွေ့ရဖူးတယ် ရှင့်'

**ရှား**။ ။ 'သူ့ကိုယ်တိုင် ခိုးသလား၊ သို့မဟုတ် သူခိုးလက်ခံလား'

**စိန်**။ ။ 'သူက သင်ဉာဏ်ပေးပြီး၊ ရလာတဲ့အခါကျတော့ နှုန်းချောင်ချောင်နဲ့ သူက ဝယ်ယူထားတယ်လို့ ကျွန်မ ထင်ပါတယ်။ ဝယ်ပြီးတဲ့နောက် ဘင်္ဂလားတို့ ပြင်သစ်တို့ကို သူက တင်ပို့တယ်ရှင့်။ ကျွန်မတို့က သူ့ဘီရို ဖွင့်နေတာ မြင်လိုက်ရလေတော့ ဖြုန်းခနဲဆို ကျွန်မတို့လို အော်လား၊ ငေါက်လား လုပ်သေးတယ်။ နောက်ကျ သူ့ဟာသူ သတိရပြီး ပြန်တောင်းပန်တယ်'

**ရှား**။ ။ 'ဒါဖြင့် မသင်္ကာကြောင်းကို ပုလိပ် မတိုင်ဘူးလား'

**စိန်**။ ။ 'ခက်နေတာတစ်ချက်က ကျွန်မတို့ ဖေဖေဟာ သူတို့နဲ့ ဘယ်လိုများ ဆက်သွယ်ခြင်း ရှိထားတယ် မသိဘူး။ သူတို့ကို သိပ်ပြီး ကြောက်နေရတယ်ရှင့်။ ဒါကြောင့် ကျွန်မက ပုလိပ်တိုင်လို့



www.burmeseclassic.com

www.burmeseclassic.com



ပြန်ရင် ဖေဖေ့အပေါ်များ အမှုပတ်နေလေမလားလို့ မတိုင်ဝံ့ဘဲ နေခဲ့တာ။ နောက်ဆုံးတော့ ဦးစံရှားနဲ့ တိုင်ပင်ရရင် ကောင်းလိမ့်မယ် ထင်ပြီး စာရေးမှာလိုက်ခြင်း ဖြစ်ပါတယ်'

ရှား။ ။ 'မခင်စိန်ဖေဖေ မေးမကြည့်ဘူးလား'

စိန်။ ။ 'ဒီအကြောင်းမေးရင် ဖေဖေက ကျွန်မကို သိပ်ငေါက်ပြီး နင်ဝင်မရှုပ်နဲ့လို့ တစ်ခါတည်း နှုတ်ပိတ်ထားပါတယ်ရှင့်'

ရှား။ ။ 'လူသတ်မှုများတောင် ကျူးလွန်ဖူးတယ်လို့ ဘယ်အတွက်ကြောင့် တွေးထင်နိုင်သလဲ'

စိန်။ ။ 'တစ်နေ့မှာတော့ သူနဲ့ ဖေဖေနဲ့ ကိုသက်ထွန်းဆိုတဲ့ လူတစ်ယောက်အကြောင်းကို ပြောနေကြတယ်ရှင့်။ သူက ဘယ့်နှယ်ပြောသလဲဆိုတော့ သက်ထွန်းဆိုတဲ့ အကောင်ဟာ တယ်ရှုပ်နေပြီ။ ဒီအကောင်ကို စိရင်မှ တော်မယ်တဲ့၊ ကျွန်မ ပြောသံကြားလိုက်ရတယ်။ ဒီလိုပြောပြီး လေးငါးရက်လောက် အကြာမှာ ကိုသက်ထွန်းဆိုတဲ့ လူတစ်ယောက်ဟာ သူ့ကိုယ်သူ သတ်ပြီး သေတယ်လို့ သတင်းစာထဲမှာ တွေ့လိုက်ရတယ်ရှင့်'

ရှား။ ။ 'ဘယ်မြို့မှာလဲ'

စိန်။ ။ 'ပုသိမ်မြို့မှာရှင့်၊ ဒီတုန်းက ကျွန်မတို့အားလုံး ပုသိမ်မှာ ရှိနေကြတယ်'

ရှား။ ။ 'မခင်စိန်ရဲ့ ဖေဖေက ဘာအလုပ်အကိုင်လဲ'

စိန်။ ။ 'မြေစာရင်းဘက်က ကြေးတိုင်ဝန်ထောက်ပါရှင်။ အငြိမ်းရာက်က လူလျှော့တဲ့အထဲ ပါပြီး ပင်စင်နဲ့ ထွက်လိုက်ရပါတယ်။ ပြီးတော့ ဒီပြင် တစ်ခုရှိသေးတယ်။ ကျွန်မတို့အိမ်မှာ တစ်ညတော့ ကိုသာဟန်ဆိုတဲ့လူနဲ့ ကိုသန်းကြွယ်နဲ့ အကြီးအကျယ် စကားများကြတယ်။ နောက် လေးငါးရက်နေတော့ ကိုသာဟန်အလောင်းကို မီးရထား ဘူတာတန်းတွဲ တစ်တွဲထဲမှာ တွေ့ရတယ်။ သတ်သူလက်သည် မပေါ်



www.burmeseclassic.com

www.burmeseclassic.com



ဘူး။ ပုလိပ်လဲ စုံထောက်လို့ မရဘူး။ ကျွန်မ စိတ်ထင်တော့ ဇာကနမုချ ကိုသန်းကြွယ် လက်ချက်လို့ ထင်တာပဲ။ သို့သော် ထင်ရှားအောင် သက်သေခံတော့ဖြင့် မပြနိုင်ဘူးရှင့်'

**ရှား။** ။ 'ဒါလဲ ပုသိမ်မှာပဲလား'

**စိန်။** ။ 'ဟုတ်ပါတယ်ရှင့်'

**ရှား။** ။ 'နေပါဦး၊ ခုတင်က ပြောတဲ့အတိုင်း အဆိုးဆုံးလူ နံပါတ် (၁) က ဘယ်သူလဲ'

**စိန်။** ။ 'ဒီလူက ကိုသန်းကြွယ်ရဲ့ဆရာ ဦးထွန်းကျော်ပါတဲ့ ရှင့်။ ဒီလူမျိုးကို ကျွန်မ မမြင်လဲ မမြင်လိုပါဘူးရှင်။ လူကြည့်တော့ အရုပ်ဆိုးလှလို့ မဟုတ်ဘူး။ သို့သော် ရက်စက်ပုံ၊ ကရုဏာတရား နည်းပုံကတော့ရှင် မပြောပါနဲ့တော့။ ကျွန်မဖြင့် သူ့ကို မြင်တိုင်း မြင် တိုင်း ကြက်သီးမထမိတဲ့အခါ တစ်ခါမှ မရှိဘူးရှင်။ ဦးစံရှားမျက်လုံး လဲ စူးပါရဲ့၊ သို့သော် သူ့မျက်လုံးစူးပုံကတော့ လူကို ထုတ်ချင်းဖောက် လုံနှင့် ထိုးဖောက်လိုက်သလို တကယ်ကို နာသွားတယ်လို့ ထင်ရ လောက်အောင် စူးတဲ့ မျက်လုံးပါရှင်။ သို့သော် သူက နေရာတိုင်းမှာ ဒီလို မကြည့်ဘူးရှင့်။ သူနှင့် ဆန့်ကျင်ဘက် ဖြစ်ခဲ့တဲ့လူကိုမှ ဒီအကြည့် မျိုးနဲ့ သူ ကြည့်တတ်တယ်။ သူ့မှာ ရီရီဆိုတဲ့ သမီးတစ်ယောက်ရှိ တယ်။ ဒီမိန်းမလဲ သူတို့နဲ့ အတူတူ ကြံဖော်စည်ဖက်ပဲရှင်'

**ရှား။** ။ 'နေပါဦး မခင်စိန်ရဲ့၊ လိုရင်းကိစ္စ ပြောပါဦး'

**စိန်။** ။ 'အချုပ်မှာတော့ ဒီလိုပါရှင်၊ ဒီလူတစ်စုဟာ မကောင်း သော အကြံအစည် တစ်ခုခုနှင့် ရန်ကုန်မြို့ကို ဆင်းလာကြခြင်း ဖြစ်ပါ တယ်။ ဒီလူစုဟာ ကျွန်မတို့ ဖေဖေအပေါ်မှာလဲ တစ်နည်းနည်းနှင့် ငြိစာစူးပြီး နေပါတယ်။ ဒီတော့ သူတို့ စီမံနေကြတဲ့ အကြံအစည်မှာ ဖေဖေလဲ မပါရလေအောင်၊ သူတို့အကြံဟာလဲ အထမမြောက်လေအောင် ဦးစံရှားနဲ့ ကျွန်မက တစ်ဖက်က စောင့်ပြီး ဖျက်ကြဖို့ အကူအညီတောင်း



www.burmeseclassic.com

www.burmeseclassic.com



လိုပါတယ်။ မိခင်လဲမရှိ၊ တိုင်ပင်စရာ အားကိုးစရာ မောင်ဖားလဲ မရှိတဲ့ မိန်းမသားပါရှင်။ ဖခင်အိုကြီး အရွယ်ကြီး ဖြစ်တဲ့ခါမှ ဖမ်းလားဆီးလား၊ ထောင်တန်းကျလား ဖြစ်တာ မမြင်ရ မကြုံရပါစေနဲ့။ တဆိတ်လောက် စောင်မပါရှင်။ သွားရတာနဲ့ ကုန်ကျတဲ့ စရိတ်စကအတွက်တော့'

ရှား။ ။ 'ရှိပါစေ မခင်စိန်၊ မတတ်နိုင်တဲ့ လူများမှ အဖိုးအခ မမျှော်လင့်တဲ့အပြင် ကူညီထိုက်တဲ့ သူကို ကိုယ့်စရိတ်နှင့်ကိုယ် ကူညီဖို့ ကျုပ်အဆင်သင့် ရှိပါတယ်'

ဝင်းနောက် ဦးစံရှားသည် မခင်စိန်၏ နေရပ်နှင့် အိမ်နံပါတ်ကိုမေးမြန်း၍ ချာချီလမ်း(ဥးဝိစာရလမ်း)၊ အိမ်အမည် 'နန္ဒဝန်' ဟူသော လိပ်ကို မှတ်တမ်းစာအုပ်၌ ရေးသွင်းမှတ်သားပြီးနောက် အကြောင်းကြီး ငယ်ရှိက နေ့ရော ညဥ့်ပါ အချိန်မရွေး အကြောင်းကြားနိုင်စေရန် မိမိ၏ တယ်လီဖုန်း နံပါတ်ကိုလည်း ပြောပြလေ၏။ ဝင်းနောက် ဦးစံရှားက မိမိကိုယ်တိုင် မခင်စိန်အိမ်သို့ မကြာမီအတွင်း လာရောက်ကြည့်ရှုဦးမည် ဟု မှာထား၍ ဟိုတယ်မှ အတူတကွ ဆင်းလာကြပြီးလျှင် မခင်စိန်အား တက္ကစီ တစ်စီးပေါ်သို့ တင်ပေးလိုက်ရာ မခင်စိန်က ကျေးဇူးတင်စကား ပြောကြားပြီးနောက် တက္ကစီလည်း ထွက်သွားလေ၏။

ဦးစံရှားမှာ ထိုအသက်အရွယ်သို့တိုင်အောင် လူပျိုကြီး လုပ် လာခဲ့သဖြင့် ဤဘဝ၌ အိမ်ထောင်ရက်သားပြုရန် မျှော်လင့်ဖွယ် မရှိ တော့ပြီဟူ၍ မိတ်ဆွေများက ခန့်မှန်းကြဖူးလေရာ ထိုမိတ်ဆွေများသည် ခင်စိန်ပါသွားသော မော်တော်ကားကို ဦးစံရှား မျှော်ကြည့်ကာ ကျန်ရစ် နေပုံကို မြင်ခဲ့ရပါလျှင် မိမိတို့ ခန့်မှန်းချက်ကို ပြင်ဆင်လိုကြဖွယ်ရာ ရှိပေလိမ့်မည်။

ဦးစံရှားသည် အင်္ကျီအိတ်တွင် လက်နှိုက်ကာ အတန်ကြာ အောင် ငေးမျှော်နေပြီးနောက် လွှစ္စလမ်း(ဆိပ်ကမ်းသာလမ်း) ရှိ မိမိ နေအိမ်သို့ ထုံးစံအတိုင်း အညောင်းပြေ ခြေကျင်လျှောက်လာခဲ့လေ၏။



www.burmeseclassic.com

www.burmeseclassic.com



အိမ်သို့ ရောက်သောအခါ စားပွဲတွင် တင်ထားသော စာတစ်စောင်ကို တွေ့ရှိသဖြင့် ဖောက်၍ ဖတ်ရာ အောက်ပါအတိုင်း တွေ့ရှိရလေ၏။

'ရှေးသရောအခါ အလမ္ပါယ်တစ်ယောက် ရှိ၏။ ထိုသူသည် မြွက်လျှောများကို မကြာမကြာ ဖမ်း၍ ပြသော ကြောင့် လူအများတို့က လူစွမ်းကောင်း တစ်ယောက်ဟူ၍ မှတ်ထင်ကြ၏။ တစ်နေ့သ၌ ထိုသူသည် ကိုယ့်ကိုယ်ကိုယ် အထင်ကြီး၍ မြွေပွေးအစစ်ကို ဖမ်းလေရာ လက်တွင် မြွေပွေး ကိုက်သဖြင့် အဆိပ်တက်၍ သေဆုံးရှာလေသတည်း။ များစွာ သတိပြုဖွယ်ရာပင်'

ဦးစံရှားသည် စာကိုဖတ်ပြီးနောက် အိမ်စောင့်မိန်းမကြီးအား ခေါ်၍ မေးရာ ကုလားကလေးတစ်ယောက် မကြာမီအတွင်းက ပေးထားခဲ့သော စာဖြစ်ကြောင်းနှင့် ပြောပြ၏။ ဦးစံရှားသည် စာကို ခေါက်၍ စားပွဲအံဆွဲ၌ သိမ်းထားလိုက်ရာတွင် ၎င်း၏ မျက်နှာထားမှာ လူဆိုးများ မြင်ကြသောအခါ၌ ကျောထဲမှ ချမ်းစိမ့်စိမ့်ဖြစ်၍ သွားခဲ့ဖူးသော မျက်နှာ ထားမျိုးပင် ဖြစ်ချေသတည်း။

❖



www.burmeseclassic.com

www.burmeseclassic.com

## အခန်း သုံး

နောက်တစ်နေ့၌ ဦးစံရှားသည် မခင်စိန်၏ နေအိမ်ဖြစ်သော ချာချီလမ်း (ဦးဝိစာရလမ်း) ရှိ 'နန္ဒဝန်' အိမ်ကို စုံစမ်းလိုသည်ဖြစ်၍ 'တူးဆီတာ' ကားကလေးနှင့် တစ်ယောက်တည်း ထွက်လာခဲ့ရာ ဖြို့ပတ်(မဇ္ဈိမ စေတီလမ်း) လမ်းမှ ချာချီလမ်းဘက်သို့ ချိုးဝင်မည်ပြုသောအခါတွင် မိမိ၏ နောက်မှ မော်တော်ကားဟွန်းသံကို ကြားရလေ၏။ ဟွန်းသံ၏ အဓိပ္ပာယ်မှာ လမ်းဖယ်၍ ပေးရန်ဖြစ်ရာ အခါတိုင်းဆိုမူ ဦးစံရှားသည် မိမိ၏ ကားရှေ့သို့ အခြားသော ကားများ ကျော်လွန်တက်သွားခြင်းကို ကြည့်နိုင်သည်ဖြစ်၍ မိမိ၏ကားကို တိုး၍ လျင်မြန်အောင် မောင်းနှင်ညီဖြစ်ချေ၏။ ထိုနေ့၌မူကား ဦးစံရှားသည် မခင်စိန်၏ မျက်နှာကလေးကို စိတ်ကူးထဲ၌ တရေးရေး ထင်မြင်လျက် ရှိသည် ဖြစ်သောကြောင့် အားပြိုင်ခြင်းကို အလိုမရှိသည်နှင့် လမ်းဖယ်၍ ပေးလိုက်ရာ ဗျူကား ကြီးတစ်စီးသည် ဦးစံရှား၏ တူးဆီတာကို ကျော်လွန်မောင်း နှင်သွားလေ၏။ ကားကြီးထဲ၌ကား လူငါးယောက် ပါသွားလေရာ နှစ်ယောက်သည် ရှေ့မှထိုင်၍ သုံးယောက်မှာမူ နောက်မှ ထိုင်လျက်ပါသွားကြ၏။ သုံးယောက်အနက် အလယ်မှ ထိုင်သောသူမှာ မိန်းကလေး တစ်ယောက် ဖြစ်၏။ နောက်တန်းသုံးယောက်အနက် ဦးစံရှားနှင့် အနီးဆုံးသူမှာ ဘွန်တီနင်တယ် ဟိုတယ်၌ တွေ့လိုက်ရသော မောင်သန်းကြွယ်ပင် ဖြစ်လေရာ ထိုသူသည် ဦးစံရှားကို မြင်သောအခါ မိမိ၏ အဖော်များအား ပြောဖြင့် အဖော်များသည် ဦးစံရှားအား လှည့်၍ ကြည့်သွားကြသည်



www.burmeseclassic.com

www.burmeseclassic.com



ကိုလည်း မြင်လိုက်ရ၏။ ဒရိုင်ဘာနှင့် အတူထိုင်သော သူမှာ ဘာဘူ ကုလားလူမျိုး ဖြစ်လေသည်။ ထိုအခြင်းအရာကို ဦးစံရှား မြင်သောအခါ တွင် နောက်တန်းမှ ထိုင်သောသူ နှစ်ယောက်တို့မှာ ဦးထွန်းကျော်နှင့် ရီရီတို့ ဖြစ်ချေမည်လောဟူ၍ တွေးတောမိ၏။ ကားကြီးသည် ကွေ့ ကောက်သွားသောလမ်းကို ကျော်လွန်သောအခါ၌ ကွယ်ပျောက်သွားလေ ရာ ဦးစံရှားသည် မခင်စိန်၏ သတင်းအရ မည်သို့သော အကြံအစည်နှင့် လူဆိုးများ စုရုံးသွားလာကြခြင်း ဖြစ်မည်ကို တွေးတော စိတ်ကူးရင်း ဆက်လက်မောင်းနှင်သွားစဉ် လမ်းကွေ့ကို ကျော်လွန်မိသည်နှင့် တစ်ပြိုင် နက် လမ်းပေါ်၌ ရပ်ဆိုက်လျက်ရှိသော ကားကြီးနှင့် တွေ့သဖြင့် ဘရိတ် ကို လျှင်မြန်စွာ အုပ်လိုက်သောကြောင့်သာလျှင် တိုက်ခိုက်မိခြင်းမှ လွတ် ကင်းသွားခဲ့၏။

ဒရိုင်ဘာသည် စက်၏ အဖုံးကို ဖွင့်လျက် စက်ကို စုံစမ်းကြည့် ရှုနေစဉ် အခြားသူတို့မှာ ကားပေါ်၌ ထိုင်နေကြလျက် မောင်သန်းကြွယ် နှင့် ၎င်း၏အဖော်သည်သာလျှင် ကားအောက်သို့ဆင်းကာ ဒရိုင်ဘာ အနီး၌ ရှိနေကြလေ၏။

**ကြွယ်။** ။ 'အလို တခြားသူ မှတ်တယ်၊ ဦးစံရှားပါက လား'

**ရှား။** ။ 'မှန်ပါတယ်၊ တော်တော်ကြာဦးမှာဖြင့် ကျုပ် စက်ရပ် ထားလိုက်ဦးမယ်'

**ကြွယ်။** ။ (သူ၏ အဖော်ဘက်သို့လှည့်လျက်) 'ကျွန် တော်တို့ မခင်စိန်ရဲ့ မိတ်ဆွေ ဦးစံရှားပေါ့ ခင်ဗျာ၊ ဒီဟာက ကျွန်တော့် မိတ်ဆွေ ဦးထွန်းကျော်ပါတဲ့'

**ရှား။** ။ 'ဝမ်းသာသဗျာ၊ ဒါထက် စက် ဘာဖြစ်သလဲ၊ ကျွန် တော် နည်းနည်းပါးပါး နားလည်တယ်၊ ကူညီရဦးမလား'

**ကြွယ်။** ။ 'အရေးမကြီးပါဘူးထင်ပါရဲ့ ခင်ဗျာ'



www.burmeseclassic.com

www.burmeseclassic.com



ရှား။ ။ 'ဒါထက် ရှေ့ကထိုင်တဲ့ ဆရာကြီးက ဘယ်သူလဲဗျ၊ ငြိမ်လှချည်ကလား။ မျက်တောင်ခတ်တာ မမြင်ရလျှင် ကျုပ်ဖြင့် အရုပ်လို့တောင် ထင်မိလောက်တယ်'

ကြွယ်။ ။ 'သူက နှုတ်တော်တော်နည်းတဲ့ လူဗျ၊ ကျွန်တော်တို့ မိတ်ဆွေကြီးပါပဲ။ စကားများများ မပြောဘဲ နှုတ်ဆိတ်ခြင်းဟာ ကောင်းတဲ့ အချက်ကြီးတစ်ခုပဲ ဦးစံရှား' ဟု မျက်နှာကို စေ့စေ့ကြည့်၍ ပြောရာတွင်

ရှား။ ။ 'ဘာကြောင့်လဲဗျာ'

ကြွယ်။ ။ 'ကြောက်တတ်ဝန်ကင်း ဆိုတာလို နှုတ်ဆိတ်လျှင်လဲ ဝန်ကင်းတာပေါ့ခင်ဗျာ' ဟု ပြောပြီးနောက် စက်ပြင်၍ ပြီးသည်နှင့် ဇာတ်ကားကြီးလည်း ထွက်သွားလေ၏။

ဦးစံရှားမှာမူ ရုပ်ရှင်ကား မလိုက်သေးဘဲ ကားကြီးကို ငေးမျှော်ကာ ကျန်နေရစ်လေရာ မောင်သန်းကြွယ်သည် မိမိ၏ မိတ်ဆွေ ဦးထွန်းကျော်အား ဦးစံရှားကို သေချာစွာ တွေ့မြင်ခွင့် ရစေခြင်းငှာ ကားကြီးကို ယိုးမယ်ဖွဲ့၍ ရုပ်တရက် တန့်ရပ်စေခြင်း ဖြစ်ရမည်ဟူ၍ တွေးထင်မိ၏။ ယင်းသို့ ဖြစ်ခဲ့ပါလျှင် တစ်ကြိမ်တွေ့မိပြီဖြစ်၍ ရှေ့အဖို့၌ ထိထိရောက်ရောက် ပြိုင်ဆိုင်ဖို့သာလျှင် လိုချေတော့မည်ဟု စိတ်အားတက်ကြွခြင်း ဖြစ်ခဲ့လေ၏။ ထိုပြင် လူဆိုးများမှာ သာမည အောက်တန်းစား လူမျိုးများ မဟုတ်သဖြင့်လည်း ဦးစံရှားသည် မိမိက အင်္ကျီအိတ်ကို နှိုက်ကာ စမ်းသပ်ကြည့်ရှုသောအခါတွင် ခြောက်လုံးပြူးသေနတ်ကို အဆင်သင့် တွေ့သဖြင့် စိတ်ကျေနပ်ဟန် လက္ခဏာ ရှိချေ၏။

ဦးစံရှားသည် ချာချီလမ်း (ဦးဝိစာရလမ်း) တစ်လျှောက် ဆက်ဆက်မောင်းနှင် သွား၍ ဝင်းတံခါး၌ 'နန္ဒဝန်' ဟူသော ဆိုင်းဘုတ်ကို မြင်သောအခါတွင် မခင်စိန်ကို ဝင်ကြည့်ရန် ချက်ချင်းပင် ဆုံးဖြတ်လိုက်၏။ နန္ဒဝန်အိမ်မှာ ၎င်းလမ်းရှိ အခြားသော အိမ်ကြီးများနည်းတူ



www.burmeseclassic.com

www.burmeseclassic.com



ကျယ်ဝန်းစွာသော ဥယျာဉ်ကြီးဖြင့် ဝန်းရံလျက်ရှိရာ ဦးစံရှားသည် ကားကို ဝင်းထဲသို့ မောင်းဝင် သွား၍ အိမ်ရှေ့မှ ခေါက်သောအခါတွင် အသက် သုံးဆယ်အရွယ်ခန့်ရှိ မိန်းမတစ်ယောက်သည် အိမ်ရှေ့သို့ ထွက်လာလေ ၏။ ဦးစံရှား၌ ထူးကဲသော အရည်အချင်းတစ်ခုမှာ မိန်းမတစ်ဦး တစ် ယောက်နှင့် တွေ့သည်နှင့် တစ်ပြိုင်နက် တစ်ခွန်း နှစ်ခွန်းမျှသော စကား ဆိုရုံမျှနှင့် မိမိအား ယုံကြည်အားထားသောစိတ် ဖြစ်ပေါ်လာအောင် ပြုလုပ်နိုင်ခြင်းပင် ဖြစ်လေရာ ထိုမိန်းမသည် ဦးစံရှား၏ ပွင့်လင်းသော မျက်နှာနှင့် စိတ်ပါလက်ပါ ပြုံးရယ်လိုက်သော မျက်နှာထားကို မြင်လျှင် မြင်ခြင်း ယုံကြည်အားကိုးသော စိတ်ဖြစ်လာ၍ ဧည့်ခန်း၌ ခေတ္တစောင့် နေရန် မှာထားခဲ့ပြီးလျှင် မခင်စိန်ကို ခေါ်ရန် အိမ်ပေါ်သို့ တက်သွား လေ၏။

ဦးစံရှားသည် အစိုးရ အရာရှိကြီးများ၏ ထုံးစံအတိုင်း ဘိုတု တု၍ သပ်ရပ်စွာ ခင်းကျင်းပြင်ဆင်ထားသော ဧည့်ခန်း၏ အခြေအနေကို ကြည့်ရှုရင်း ပြတင်းပေါက်မှ အခြားအိမ်ဘက်သို့ မျှော်ကြည့်လိုက်သော အခါတွင် အခြားအိမ်၏ ဝင်းအတွင်း၌ တစ်ယောက်တည်း ဆေးပြင်း လိပ်သောက်ကာ လမ်းလျှောက်လျက်ရှိသော ဦးထွန်းကျော်ကို ရိပ်ခနဲ မြင်လိုက်ရလေ၏။ တစ်ခဏမျှကြာလတ်သော် မခင်စိန်သည် ရှောစ ဘက်ကလေးကို လည်ပင်း၌ မခို့တရို့ ရစ်ပတ်ကာ အိမ်ပေါ်မှ ဆင်းလာ လေရာ လူပျိုကြီး ဦးစံရှား၏ စိတ်ထဲ၌ မပြင်မဆင် ကပိုကရိုနှင့်နေသော မခင်စိန်သည် ဝတ်စားဆင်ယင်ထားသော ယခင်က မခင်စိန်ထက်ပင် ချစ်ခင်ဖွယ်ရာ ကောင်းချေသည်တကားဟု အောက်မေ့မိ၏။

**စိန်**။ ။ (ထိတ်လန့်သော အမူအရာနှင့်) 'ရှင် ဘယ့်နှယ်ကြောင့် ဒီကို လာသလဲ၊ ဟိုလူတွေ ရိပ်မိသွားလျှင် ခက်လိမ့်မယ်ရှင့်'

**ရှား**။ ။ 'သိပေါင်း ကျွမ်းပေါင်းမို့ လမ်းကြုံလို့ ဝင်လာတယ် ဆိုလျှင် သူတို့ ဘာမသင်္ကာစရာ ရှိသလဲ မခင်စိန်'



www.burmeseclassic.com

www.burmeseclassic.com



စိန်။ ။ 'ရှင်က ဒီလူတွေအကြောင်း မသိသေးဘူး။ သူတို့က ဘယ်သူ့ကိုမှ အယုံအကြည်ရှိတဲ့ လူတွေ မဟုတ်ဘူးရှင့်'

ရှား။ ။ 'ဒါဖြင့် အယုံအကြည်မရှိဘူးဆိုတဲ့ အဆိုသွင်းပေစေ'

စိန်။ ။ 'ဒီလူကြီးက ခက်နေပါပြီ။ ဒါထက်နေပါဦး။ ကျွန်မ တစ်ခုပြောမယ်။ ပြောလို့ရှိရင် ဟိုဘက်အိမ်ကို ကူးမသွားပါဘူးလို့ ကတိထားမှာလား'

ရှား။ ။ 'စိတ်ချပါ မခင်စိန်၊ ဘယ်ဟာမှ ကျုပ် အရမ်း မလုပ်တတ်ပါဘူး'

စိန်။ ။ 'ရန်ကုန်မြို့၊ မဂိုလမ်းက စိန်ဘာဘူ ချက်တာဂျီဆိုတာ ကြားဖူးသလား'

ရှား။ ။ 'စိန်ကြော်ငြာထဲမှာတော့ တွေ့ဖူးထင်ပါရဲ့'

စိန်။ ။ 'မဟုတ်ရင်လဲ လွဲတော့မယ်၊ အဲဒီ ဘာဘူဟာ ပျောက်သွားတယ်လို့ ကျွန်မ သတင်းစာထဲမှာ တွေ့လိုက်မိတယ်။ ဒီဟာ သူတို့ သတ်ချက်ပဲလို့ ကျွန်မ ထင်တယ်'

ရှား။ ။ (ဆေးတံကို ဖွာရင်း စိတ်ကူးနေရာမှ) 'တစ်ခုလုပ်စမ်း မခင်စိန်'

စိန်။ ။ 'ဘာလဲရှင်'

ရှား။ ။ 'မခင်စိန် အဖေကြီး အပြင်က ပြန်လာတော့ ဒီတစ်ည ချုပ်ကို ဒီအိမ်မှာ တည်းခိုဖို့ အကြံထုတ်စမ်းပါ'

စိန်။ ။ 'ဘာကိစ္စ'

ရှား။ ။ 'သူတို့မော်တော်ကားမှာ ရှေ့က ထိုင်ပြီး မတုန်မလှုပ် ပါလိုက်သွားတဲ့ ကုလားကြီးဟာ ချက်တာဂျီပဲ ထင်တယ်။ ဒီတော့ ဒီ တစ်ည ကျုပ် စုံစမ်းခွင့်ရအောင် အကြံထုတ်စမ်းပါဗျာ'

ထိုခဏ၌ ဦးထွန်းကျော်တို့ရှိသော အိမ်ဆီမှ လူတစ်ယောက် ၏ အော်သံလိုလို တစ်ချက်ကြားလိုက်ရသဖြင့် မခင်စိန်နှင့် ဦးစံရှားမှ



www.burmeseclassic.com

www.burmeseclassic.com



အည် နာရှင့်ကာ ထောင်နေကြပါသော်လည်း ထပ်လောင်း၍ မကြား ကြသော့ချေ။

မခင်စိန်၏ ဖခင် ပြန်လာသောအခါ၌ မခင်စိန်က မိမိနှင့် ဦးစံရှားတို့မှာ မုသိမ်မြို့၌ရှိစဉ်က သိပေါင်းကျွမ်းပေါင်းများ ဖြစ်ကြ ကြောင်းနှင့် ပြောပြလေရာ အစစအရာရာ၌ ယောင်တောင်တောင်နှင့် နမော်နမဲ့ ရှိနေသော အဘိုးကြီးမှာ ဦးခေါင်းကိုသာ ညိတ်လျက် ရှိနေ လေ၏။ မခင်စိန်သည် ဦးစံရှားအား ညစာထမင်းများ ကျွေးမွေးပြီး နောက် ဦးစံရှားက ပြန်တော့မည်ဟု ကားကို စက်နှိုးရာတွင် စက်နှိုး၍ မရနိုင်ဘဲ ရှိလေရကား မခင်စိန်၏ တိုက်တွန်းချက်အရ အဘိုးကြီးက ဦးစံရှားအား စက်ပြင်ရင်း တစ်ညမျှ တည်းခိုရန် တောင်းပန်ရာတွင် ဦးစံရှားသည် တစ်ညတည်းခိုရန် သဘောတူညီလိုက်လေ၏။

ထိုည၌ မခင်စိန်၏ ဖခင် ဦးထွန်းသော်သည် သမီးမရှိခိုက် တွင် ဧည့်သည် ဦးစံရှားအား အရက်ပုလင်းမှ အရက်များ ငှဲ့ပေးရင်း မိမိကိုယ်တိုင် တစ်ခွက်ပြီးတစ်ခွက် ဆက်ကာ ဆက်ကာ သောက်နေ သည်ကို ဦးစံရှား တွေ့မြင်ရသောအခါ ဤလူကြီးသည်ကား စင်စစ် အရက်ကြိုက်ခြင်း မဟုတ်ဘဲလျက် စိတ်ထဲ၌ ကြီးစွာသော အနှောင့် အယှက် တစ်စုံတစ်ခု ရှိသည့်အတွက်ကြောင့် စိတ်ပြေလက်ပျောက် သဘောနှင့် သောက်စားခြင်း ဖြစ်ကြောင်းကိုလည်း ရိပ်မိ၏။ သို့ဖြစ်၍ ဦးစံရှားသည် မခင်စိန်၏ ရည်ရွယ်ချက်အတိုင်း ဤအဘိုးကြီးအား ထိုလူဆိုးတို့၏ ညဩဇာလွှမ်းမိုးခြင်းမှ ကင်းလွတ်အောင် ကယ်ဆယ်အံ့ တကားဟူ၍ အားခဲလျက် ရှိနေ၏။

ထိုည၌ ဦးစံရှားသည် မိမိအတွက် ပြင်ဆင်ထားသော အိပ် ခန်းသို့ ဝင်၍ အိပ်ရာပေါ် တွင် အတန်ကြာအောင် လူးလိမ့်ကာ အကြံယူ ပြီးနောက် ဦးထွန်းကျော်တို့၏ အိမ်ဘက်သို့ ပြတင်းပေါက်မှ ချောင်းကြည့် လိုက်ရာ တစ်အိမ်လုံးမှာ မှောင်မည်းလျက် အောက်ထပ်၌ ရှိနေသော



www.burmeseclassic.com

www.burmeseclassic.com



အခန်းတစ်ခန်းမှာသာလျှင် မီးရောင်ကလေး တလက်လက် တွေ့မြင်ရလေ၏။ ထိုအခါ ဦးစံရှားသည် အိမ်ပေါ်မှ ခြေသံမကြားအောင် ဆင်းလာခဲ့၍ အိမ်ကြီးနှစ်အိမ်ကြားရှိ တံခါးငယ်ကို တွန်းဖွင့်ရာ တံခါးကလေးလည်း ပွင့်သွားလေ၏။ ၎င်းနောက် ဦးစံရှားသည် မီးရောင်တွေ့ရသောအခန်းဆီသို့ ဖြည်းညင်းစွာ လျှောက်သွား၍ ပြတင်းပေါက်မှ ချောင်းကြည့်လိုက်သောအခါ ထူးဆန်းသော အခြင်းအရာကို တွေ့မြင်ရလေ၏။

နေ့ခင်းချိန်က မော်တော်ကားပေါ်တွင် ဒရိုင်ဘာနှင့်အတူ ထိုင်လျက်လိုက်သွားသော ဘာဘူကုလားသည် စားပွဲတစ်ခု၌ ထိုင်လျက်ရှိရာ ၎င်း၏ တစ်ဖက်တစ်ချက်၌ကား မောင်သန်းကြွယ်နှင့် ဦးထွန်းကျော်တို့သည် မတ်တတ်ရပ်လျက် ရှိနေကြ၏။ ဦးထွန်းကျော်မှာမူ အနည်းငယ်မျှ တုန်လှုပ်ခြင်း မရှိဘဲ အေးချမ်းလှစွာသော အမူအရာနှင့် ဆေးပြင်းလိပ်ကြီးကို ခဲလျက်ရှိရာ မောင်သန်းကြွယ်မှာမူ ဒေါသအမျက်ပြင်းစွာထွက်သဖြင့် ရက်စက်လှစွာသော မျက်နှာထားနှင့် ကလောင်တံတစ်ချောင်းကို ဘာဘူကုလားလက်သို့ အတင်းအကျပ် ပေးအပ်လျက်ရှိနေလေ၏။ ဘာဘူကုလား၏ ရှေ့၌ကား စာရွက်တစ်ရွက်သည် ပြန့်လျက် ရှိနေသဖြင့် ထိုသူနှစ်ယောက်တို့သည် ဘာဘူကုလားအား ထိုစာရွက်ပေါ်တွင် လက်မှတ်ရေးထိုးရန် အတင်းအကျပ် စေခိုင်းလျက်ရှိသည်ဟု ဦးစံရှား တွေးတောမိ၏။ ဘာဘူကုလားသည် ဘာမျှ မသိ နားမလည်သည့် မျက်နှာထားမျိုးနှင့် ယောင်တောင်တောင် ငေးတေးတေးလုပ်နေစဉ်

ကြွယ်။ ။'ဟောလူ၊ လက်မှတ်မထိုးဘူးလား၊ ထိုးမလား'
ဟု မေးသော်လည်း ဘာဘူသည် ဦးခေါင်းကိုသာ ယမ်းလျက် ရှိနေ၏။ ၎င်းတို့ သုံးယောက်နှင့် မနီးမဝေးရှိ ပက်လက်ကုလားထိုင်ပေါ်၌မူကား ရှိသည် ဘာကိုမျှ ဂရုမစိုက်သော အမူအရာမျိုးနှင့် ဝတ္ထုစာအုပ် ... အုပ်ကို ဖတ်လျက် ရှိ၏။ ဘာဘူကုလားသည် နားမလည်ယော...



www.burmeseclassic.com

www.burmeseclassic.com



ဦးခေါင်းကို ယမ်းပြသောအခါတွင် မောင်သန်းကြွယ်သည် မိမိ၏ အင်္ကျီအိတ်မှ တစ်စုံတစ်ခုသော လက်နက်ကိရိယာကို ထုတ်ယူလိုက်ရာ ဘာဘူကုလားသည် ထိုအရာကို မြင်သည်နှင့် တစ်ပြိုင်နက် မျက်လုံးများပြူးလောက်အောင် ကြောက်ရွံ့ထိတ်လန့်သော အမူအရာ ဖြစ်ပေါ်လာပြီးလျှင် မောင်သန်းကြွယ် လှမ်းပေးသော ကလောင်တံကို ယူ၍ စာရွက်ပေါ်တွင် လက်မှတ်ရေးထိုးလေ၏။

ထိုအခြင်းအရာကို ဦးစံရှား တွေ့မြင်ရလေလျှင် ဤလူများသည် ရိုးဖြောင့်သော အကြံအစည်နှင့် အလုပ်လုပ်သူများ မဟုတ်ကြောင်းကို သိရှိ၍ လျင်မြန်စွာ ဆုံးဖြတ်ခြင်း၊ လျင်မြန်စွာ အလုပ်လုပ်ခြင်း အစရှိသည့် ဝါသနာမျိုးရှိသော ဦးစံရှားသည် အင်္ကျီအိတ်မှ ခြောက်လုံးပြူးကို ထုတ်ပြီးလျှင် တစ်ခုတည်းသော ဓာတ်မီးကို ချိန်၍ ပစ်လိုက်ရာ တည့်တည့်မတ်မတ် ထိမှန်သဖြင့် မီးလုံးကွဲပြီးလျှင် တစ်ခန်းလုံး မှောင်မည်း၍ သွားလေ၏။

နောက်တစ်ခဏ၌ ဦးစံရှားသည် 'လာကြဟေ့ ငါ့လူများ' ဟု ခေါ်လျက် ပြတင်းပေါက်မှ ခုန်ဝင်၍ မောင်သန်းကြွယ်ရှိလောက်ရာသို့ မှန်း၍ လက်သီးနှင့် တအားကျုံးလိုက်ရာ မောင်သန်းကြွယ်၏ ပါးချိတ်ကို လှလှကြီး ထိသဖြင့် တုံးခနဲ လဲသွားလေ၏။ ၎င်းနောက် ဦးစံရှားသည် စားပွဲပေါ်မှ စာရွက်ကို ကောက်ယူ၍ ကုလားထိုင်ပေါ်တွင် ထိုင်လျက်ရှိသော ဘာဘူကုလားကို ပွေ့ယူကာ ပခုံးပေါ်၌ ထမ်းပြီးလျှင် ပြတင်းပေါက်မှ ခုန်ထွက်ခဲ့လေ၏။

ဦးစံရှားသည် တုတ်ခိုင်သော လူတစ်ယောက် မဟုတ်ပြားသော်လည်း ၎င်း၏ ကာယဗလအကြောင်းကို ကြုံဖူးသော လူဆိုးများ သိကြပြီး ဖြစ်သည့်အတိုင်း ဘာဘူကုလား၏ လေးလံစွာသော ကိုယ်ကို ခေါင်းအုံးတစ်လုံးခန့်မျှ ပမာဏမပြုဘဲ ထမ်းပိုးလျက် တံခါးလေးရှိရာသို့ ပြေးသွားလေရာ မိမိနောက်မှ 'ဒေါင်' ခနဲ 'ဒေါင်' ခနဲ မြည်သော



www.burmeseclassic.com

www.burmeseclassic.com



အသံများကို ကြားရ၍ ရှိုးခနဲ ရှိုးခနဲ ဖြစ်သွားပြီးလျှင် ဝင်းတံခါးကို 'ထောက်' ခနဲ 'ထောက်' ခနဲ ထိမှန်သော အသံများကို ဆက်ကာ ဆက်ကာ ကြားရလေ၏။ ထိုအခြင်းအရာသည်ကား ဒူးလေးနှင့် ပစ် ကြောင်းကို သိသော်လည်း ဦးစံရှားသည် နောက်သို့ တစ်ကြိမ်မျှ လှည့်၍ မကြည့်ဘဲ မခင်စိန်တို့၏ အိမ်ဘက်သို့ ပြေးလာခဲ့ရာ အိမ်တံခါးသို့ ရောက်သည်နှင့်တစ်ပြိုင်နက် အဆင်သင့် စောင့်လျက်ရှိသော မခင်စိန်နှင့် တွေ့လေ၏။

'ဟင် မခင်စိန် နိုးနေသလား'

'မြန်မြန်လုပ်ပါ ဦးစံရှား၊ မြန်မြန်လုပ်ပါ။ ရှင့်လူကို ဒီမှာ ထားလို့ မဖြစ်ဘူး။ ရှင့်ကားကို စက်နှိုးပြီး ညတွင်းချင်း ထွက်သွားကြပါ လေရှင်'

'မခင်စိန်ကော'

'အို ကျွန်မအတွက် မပူပါနဲ့၊ ရှင်တို့သာ လွတ်အောင်ပြေး ကြပါ'

အခြားသော အိမ်ကြီးမှာမူ မည်သည့်အသံမျှ မကြားရဘဲ တိတ် ဆိတ်စွာ ရှိနေလေရာ ဦးစံရှားသည် မခင်စိန် ထွန်းထားသော မီးခွက်၏ အရောင်တွင် ဘာဘူကုလား၏ လက်ဝဲလက်မကို ကြည့်မိသောအခါ လက်မ တစ်ဆစ်လုံးမှာ ငုတ်တို ဖြစ်မတတ် ပြားလျက် ရှိသည်ကို တွေ့ မြင်ရလေ၏။ ထိုအခါမှ မောင်သန်းကြွယ်၏ လက်၌ ကိုင်ထားသော သက်နက်မှာ ပလာယာ တစ်ချောင်းဖြစ်ကြောင်း။ ထိုသူသည် ကုလား၏ လက်မကို ပလာယာနှင့် ညှပ်၍ လက်မှတ်ကို အတင်းအကျပ် အထိုးခိုင်း ခြင်း ဖြစ်ကြောင်း၊ ညနေခင်းအချိန်က မိမိကြားလိုက်ရသော အသံမှာ လည်း ကုလား၏ လက်မကို ပလာယာနှင့် ညှပ်ခြင်း အတွက်ကြောင့် နာလွန်းသဖြင့် ဟစ်အော်လိုက်ခြင်း ဖြစ်ကြောင်းများကို တွေးတောမိလေ ၏။



www.burmeseclassic.com

www.burmeseclassic.com



ရင်းနောက် ဦးစံရှားသည် ဘာဘူကုလားကို မိမိ၏ တွံ့းစီတာပေါ်သို့ တင်၍ စက်နှိုးပြီးလျှင် ချက်ချင်းပင် နန္ဒဝန်အိမ်မှ ထွက်လာခဲ့လေ၏။

❖



www.burmeseclassic.com

www.burmeseclassic.com

## အခန်း လေး

နောက်တစ်နေ့နံနက်၌ ဦးစံရှားသည် အိပ်ရာမှ ထ၍ လက်ဖက်ရည် သောက်ပြီးလျှင် ဆေးတံကို ဖွာရင်း ဦးထွန်းကျော်နှင့် မောင်သန်းကြွယ် တို့အကြောင်းကို ဆင်ခြင် စဉ်းစားလေရာ နောက်ဆုံး ဆုံးဖြတ်ချက် မှာကား ၎င်းတို့ အကြံအစည်ကို မသိရသေးသမျှ ကာလပတ်လုံး ချက် တာဂျီဘာဘူကို မိမိနေအိမ်၌ ဆေးဝါးကုသပေးရန် ဖြစ်လေသည်။ အ ကယ်၍ ဦးစံရှားသည် ဘာဘူကုလားကို ၎င်း၏ နေအိမ်သို့ ပို့လိုက်ပါ မူ ဦးထွန်းကျော်တို့ လူစုသည် မိမိက တစ်စုံတစ်ရာ ထိထိရောက်ရောက် မဆောင်ရွက်နိုင်မီ ဘာဘူကုလားကို တစ်ဖန်ကျော့ကွင်းနှင့်ဖမ်း၍ ၎င်းတို့ အကြံအစည် ထမြောက်အောင် ဆောင်ရွက်နိုင်မည်ကို စိုးရိမ်သောကြောင့် ဖြစ်လေသည်။ သို့ဖြစ်၍ ဦးစံရှားသည် ဘာဘူကုလားကို မိမိ၏ လက် ဝယ်၌ ဖက်ထား၍ ထိုသူတို့၏ အကြံအစည်ကို သိရအောင် စုံစမ်းပြီး လျှင် ပျက်အောင် ဖျက်ရန် ရည်ရွယ်ခြင်း ဖြစ်လေသည်။ ဤအကြောင်း ကို ပုလိပ်အား တိုင်တန်းသည်ရှိသော် သူတို့၏ အကြံအစည်ကို သိရ တော့မည် မဟုတ်သည့်အပြင် ၎င်းတို့အပေါ်၌ အပြစ်ထင်ရှားလောက် အောင် သက်သေခံလည်း မရှိချေ။

၎င်းနောက် ဦးစံရှားသည် ယမန်နေ့ညက မိမိလုယူခဲ့သော စာရွက်ကို သတိရသဖြင့် ထုတ်၍ ကြည့်ရှုလေရာ စာရွက်မှာ တစ်ပိုင်း စုတ်လျက်ရှိနေ၍ ကျန်သော စာရွက်အပိုင်းတွင် ရေးသားပါရှိသော အင်္ဂလိပ် စာလုံးတို့မှာလည်း စာတစ်ရွက်လုံး၏ အဓိပ္ပာယ်ကို ဖွင့်သော



www.burmeseclassic.com

www.burmeseclassic.com



နိုင်လောက်အောင် စုံလင်ခြင်း မရှိချေ။ သို့ရာတွင် အောက်ဆုံး၌ အင်္ဂလိပ်ဘာသာဖြင့် ချက်တာဂျီ ဟူသော လက်မှတ်ကိုမူကား ထင်ရှားစွာ တွေ့ရလေ၏။

ဦးစံရှားသည် အိပ်ရာပေါ်တွင် ဒေးမှိုင်လျက်ရှိသော လူနာအား အဖြစ်အပျက်အကျိုးအကြောင်း မေးမြန်းပါသော်လည်း လူနာသည် တစ်စုံတစ်ရာမျှ နားမလည်သော အမူအရာဖြင့် ဦးခေါင်းကို ယမ်းခါလျက်သာလျှင် ရှိနေလေ၏။ ဦးစံရှားက စာရွက်ကို ပြသောအခါ၌မူ လူနာသည် ပြင်းထန်စွာ ထိတ်လန့်တုန်လှုပ်သော လက္ခဏာနှင့် တက်တော့မည်ကဲ့သို့ပင် ဖြစ်သွားလေ၏။

သို့ဖြစ်၍ ဦးစံရှားသည် မိမိနှင့် သိကျွမ်းသော ဆရာဝန်ကိုဘမောင်ကို တယ်လီဖုန်းနှင့်ခေါ်၍ လူနာကို ပြသလေရာ ဆရာဝန်သည် လူနာ၏ ရင်ဘတ်ကို တီးခေါက်စမ်းသပ်ကြည့်ရှုပြီးနောက် လူနာသည် ကိုကင်း၊ သို့မဟုတ် ဘိန်း အစရှိသည့် မူးယစ်စေတတ်သော ဆေးတစ်မျိုးမျိုး မိထားကြောင်း၊ ၎င်း၏ သဘောအရမှာ အသက်အန္တရာယ်အတွက် စိုးရိမ်ဖွယ်ရာ မရှိကြောင်း၊ အလွန်ဆုံး နှစ်ရက်သုံးရက်မျှ ကြာသောအခါတွင် အလိုအလျောက် လူကောင်းဖြစ်လာလိမ့်မည်ဟု ထင်မြင်ကြောင်းနှင့် ပြောလေ၏။ ဦးစံရှားက လက်မ၌ ရှိသော ဒဏ်ရာကို ပြသောအခါတွင် ဆရာဝန်သည် အံ့ဩသော မျက်နှာထားနှင့် အဖြစ်အပျက်ကို မေးမြန်း၏။ ဦးစံရှားက ပလာယာနှင့် ညှပ်မိသည် ထင်ကြောင်း ပြောပြရာတွင် ဆရာဝန်သည် မသင်္ကာသော အမူအရာနှင့် ဦးစံရှားအားကြည့်၍ လက်မကို ဆေးထည့်ပေးပြီးနောက် ခြေကြွခ ယူလျက် အိမ်ပေါ်မှ ဆင်းသွားလေ၏။

ဆရာဝန်သည် အိမ်ပေါ်မှ ဆင်းလာ၍ မိမိကားပေါ်သို့တက်မည်ပြုရာတွင် လူတစ်ယောက်သည် အနီးသို့ ချဉ်းကပ်၍

'ခင်ဗျား ဆရာဝန် မဟုတ်လား'



www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်ပါတယ်၊ ဘာကိစ္စလဲ'

'ဦးစံရှားတစ်ယောက် ဘယ်နယ်ရှိသလဲလို့ပါ ခင်ဗျာ'

'ဦးစံရှား ဘာမှ မဖြစ်ပါကလား'

'မနေ့ညက မတော်တဆ ခိုက်မိတယ် ကြားလို့ပါ ခင်ဗျာ'

'ဦးစံရှားက ကိစ္စမရှိဘူး။ သူ့ညေ့သည်ကတော့ တော်တော် ခံရမယ်ထင်တယ်'

'ဩော် သူ့မှာ ညေ့သည်နဲ့လား'

'ခင်ဗျား တက်ကြည့်ချေပါတော့လားဗျ'

ငင်းနောက် ဆရာဝန်သည် ကားပေါ်သို့တက်၍ မောင်းနှင် သွားလေရာ ထိုသူမှာမူ ဆရာဝန်၏ အကြံပေးချက်အတိုင်း အိမ်ပေါ်သို့ မတက်ဘဲ တယ်လီဖုန်းဆီသို့ သွား၍ ချာချီလမ်း 'ကိုးဒိုးကောနား' အမည်ရှိ နေအိမ်သို့ သတင်းပို့လိုက်၏။ သတင်းရသောသူသည် စိတ် ကျေနပ်သော အမူအရာနှင့် အိမ်ပြင်သို့ ထွက်လာ၍ ဒရိုင်ဘာအား ဗျူ ကားကို ထုတ်ခဲ့ရန် အမိန့်ပေးလေ၏။

ဆရာဝန်ပြန်သွားပြီးနောက် ဦးစံရှားသည် လူနာကို 'ကွေကာ အုတ်'နှင့် နွားနို့တိုက်လျက်ရှိစဉ် အစေခံ မောင်မျှားသည် အနီးသို့ ချဉ်းကပ်လာသဖြင့်

'ဘာလဲဟေ့ မောင်မျှား'

'ကျွန်တော် လူတစ်ယောက်ကို တယ်ပြီး မသင်္ကာဘူး ဆရာ'

'ဘယ်က လူလဲကွ'

'အိမ်ရှေ့က လမ်းဟိုဘက်မှာ ဒီအိမ်ဆီကို မယောင်မလည် လုပ်ပြီး ကြည့်နေတာ နာရီဝက်လောက် ရှိသွားပြီ'

ထိုအခါ ဦးစံရှားသည် ပြတင်းပေါက်ဆီသို့ ထသွား၍ အခန်း ညေးကွယ်လျက် လမ်းမအခြားဘက်သို့ မျှော်ကြည့်ရာတွင် လူ... ... သောက်သည် မိမိ၏ ဖိနပ်ကို ဖိနပ်ချုပ်ကုလားအား အချုပ်... ...



www.burmeseclassic.com

www.burmeseclassic.com



မိမိတို့ အိမ်ဘက်သို့ တစ်ချက်တစ်ချက် မျှော်ကြည့်နေသည်ကို တွေ့ရသော၏။

'ဟောပြီဟေ့၊ သူတို့ကလဲ တကယ်တမ်း ကိုင်ကုန်ပြီ။ ကျေနပ်တယ်ကွယ်။ ဒီလို လူမျိုးတွေနဲ့မှ ဝါက အလုပ်လုပ်ချင်တယ်' ဟု ပြောရင်း လူဆိုးများ မြင်ရသောအခါ၌ ကျောထဲစိမ့်၍ လာတတ်သော မျက်နှာထားရှိသည် ဦးစံရှား၏ မျက်နှာ၌ ထင်ရှားစွာ ဖြစ်ပေါ်လာပြန်သော၏။

ထိုနေ့ ၁၂ နာရီထိုးသည်နှင့်တစ်ပြိုင်နက် ဦးစံရှား၏ တိုက်ခန်းတံခါးကို ခေါက်သံကြားသည်နှင့် ဦးစံရှားသည် အစေခံ မောင်မျှားအား လူနာအနီးမှ တစ်မိနစ်မျှ မခွာရန် မှာထားပြီးလျှင် တံခါးကို ဖွင့်ပေးလိုက်ရာ ဦးထွန်းကျော်သည် အိမ်တွင်းသို့ ဝင်လာလေ၏။ ဦးထွန်းကျော်မှာ မိမိ၏ ထုံးစံအတိုင်း ပုဆိုးတောင်ရှည်၊ ရင်ဖုံးအင်္ကျီ၊ ခေါင်းပေါင်း အုပ်ပေါင်း၊ အရောင်တလက်လက်ထွက်နေသော ရှူးဖိနပ်အနက်သည်တို့ဖြင့် ကောင်းမွန်သပ်ရပ်စွာ ဝတ်ဆင်လျက်ရှိရာ လှေကားမှ တက်သွားသည်ကို မြင်ရသောသူများမှာ အရာရှိတစ်ယောက်သည် ဦးစံရှားထံ ကိစ္စတစ်ခုနှင့် လာရောက်တိုင်ပင်သည်ဟူ၍ မှတ်ထင်လောက်ပေ၏။

**ရှား။** ။ 'မမျှော်လင့်ဘဲနဲ့ တွေ့ရတာ ဝမ်းသာပါတယ်။ ဦးထွန်းကျော် ဘာဖြစ်လာပြန်ပြီလဲ။ မော်တော်ကား ပျက်ပြန်ပြီလား ခင်ဗျာ'

**ကျော်။** ။ (ကိုင်ထားသော တုတ်ကောက်ကို သေချာစွာ ချိတ်ထား၍) 'မပျက်ပါဘူး မိတ်ဆွေ'

**ရှား။** ။ 'ကိုသန်းကြွယ်တစ်ယောက်ကော ခင်ဗျာ။ ကျန်းကျန်းမာမာ ရှိပါစ'

**ကျော်။** ။ (လူခြေမပျက်ဘဲ) 'ကိုသန်းကြွယ်တစ်ယောက် မနေ့ညက မတော်တဆ ထိခိုက်သွားလို့တဲ့ဗျ'



www.burmeseclassic.com

www.burmeseclassic.com



ရှား။ ။ 'ဖြစ်ရလေခင်ဗျာ၊ နာနာကြည်းကြည်းတော့ မဟုတ်တန်ကောင်းဘူး ထင်ပါရဲ့'

ကျော်။ ။ 'ပါးချိတ်တော့ ရွဲ့သွားလေရဲ့။ သူ့ကို ထိုးတဲ့သူဟာ အတော် လက်သီးပြင်းတဲ့ သူဗျာ။ လက်ဖွေ့သတ်ဖူးတယ် ထင်တယ်'

ရှား။ ။ 'ဘာဖြစ်ကြသလဲ၊ ရန်ဖြစ်ကြလို့လား။ ကိုသန်းကြွယ်ကြည့်ရတာ လူအေးကပဲဗျာ။ ရန်ခိုက်ဒေါသ ဖြစ်တတ်ပုံ မရပါဘူး။

ကျော်။ ။ 'တော်ကြစို့ဗျာ၊ တိုက်ရိုက် စကားပြောကြစို့'

ရှား။ ။ (အံ့သြလေဟန်နှင့်) 'ဘာများ တိုက်ရိုက်ပြောစရာရှိလို့လဲဗျ'

ကျော်။ ။ 'ဦးစံရှားဟာ အမြော်အမြင်ရှိတဲ့ လူတစ်ယောက်လို့ ကျွန်တော်တို့ သဘောပိုက်ပါတယ်၊ ဒီတော့ကာ'

ရှား။ ။ 'ဒါထက် ဒီတစ်ပတ် မြင်းပွဲမှာ နှစ်ကောင်စွပ်အတွက် ဘယ်မြင်းနဲ့ ဘယ်မြင်းကို သဘောကျသလဲ ဦးထွန်းကျော်'

ကျော်။ ။ (စိတ်တိုလာသောအမူအရာနှင့်) 'ဒီဟာတွေ လုပ်မနေစမ်းပါနှင့်ဗျာ၊ တိုတိုတုတ်တုတ်ပြောကြစို့ရဲ့။ ကျုပ်မှာ အကြံအစည် တစ်ခုရှိတယ်။ မနေ့ညက ကျုပ်အကြံအစည်ကို ခင်ဗျားနှောင့်ယှက်တယ်။ ကျုပ်ဟာ ကိုယ့်အကြံအစည်ကို သူတစ်ပါး နှောင့်ယှက်လျှင် ခံတတ်တဲ့ လူမဟုတ်ဘူးဗျ။ ဓာတ်မီးကို ခြောက်လုံးပြူးနဲ့ပစ်ပုံထောက်ခြင်းအားဖြင့် ခင်ဗျားဟာ ရတ်တရက် ဉာဏ်တော်တော် သွားကြောင်း ထင်ရှားတယ်။ မောင်သန်းကြွယ်ရဲ့ ပါးချိတ်ရွဲ့သွားပုံထောက်ခြင်းအားဖြင့်လဲ ခွန်အားဗလကြီးကြောင်း ထင်ရှားတယ်။ ဒီလိုအရည်အချင်းမျိုးဟာ အရှားသားဖြစ်လေတော့ ခင်ဗျားက မနမြော်ပေမယ့် ကျုပ်က နမြောပါတယ်ဗျ၊ ဒီတော့ တဆိတ်လောက် ကျုပ်အကြံအစည်ကို ခင်ဗျား မနှောင့်ယှက်ပါနဲ့။ တောင်းပန်ပါရစေဗျာ'



www.burmeseclassic.com

www.burmeseclassic.com



ရှား။ ။ 'ကိုယ့်ဆရာကြီးက ဘိုင်စကုပ် သွားကြည့်ပြီး ဘိုင်စကုပ်ထဲက ဇာတ်လမ်းကို ကိုယ့်လာပြောနေတယ်ထင်ပါရဲ့'

ကျော်။ ။ 'မလုပ်ပါနဲ့ဗျာ ကိုစံရှား၊ ကျုပ်လိုချင်တဲ့ စာချုပ် တစ်ပိုင်းနဲ့ ကျုပ်လူကို ကျုပ် ပြန်ပေးပါဗျ'

ရှား။ ။ 'ခင်ဗျားလက်ထဲက ဘယ်သူက လုသွားလို့လဲ၊ အံ့ဩပါရဲ့ဗျား ဒါများတောင် ခင်ဗျား ခံနေသလား'

ကျော်။ ။ 'လေသေနတ်နဲ့ နှစ်ချက်ပစ်တာ သီသီကလေး လိုသွားတယ်။ ဘီအက်စ်အေ နံပါတ်တူးဟာ နံဘေးကို မှန်လျှင် ခြောက်လုံးပြူးလောက် ခရီးရောက်တယ်ဗျ'

ရှား။ ။ 'စိတ်ထင်တိုင်း မလုပ်နဲ့လေ၊ မကျေနပ်လျှင် ပုလိပ်ကို တိုင်ပါတော့လားဗျာ'

ကျော်။ ။ (ထိုင်ရာမှထလျက်) 'ကျုပ်ပစ္စည်းကို ကျုပ်ပြန်မပေးလိုဘူး ဆိုပါတော့ ဟုတ်စ'

ရှား။ ။ (ပြုံးလျက်) 'မိတ်ဆွေကြီး အထင်လွဲနေပြီ ထင်ပါရဲ့'

ကျော်။ ။ 'ကိုင်း ရှိစေဗျာ၊ ကျုပ်ပစ္စည်းများကို ဒီကနေ့ည ၆ နာရီအချိန်မှာ ချာချီလမ်း ကိုဖိုးကောနားဆိုတဲ့ အိမ်ကို ရောက်အောင် ပို့လျှင်ပို့ မပို့လျှင်'

ရှား။ ။ 'မပို့လျှင်'

ကျော်။ ။ 'မပို့လျှင် ခင်ဗျား သေပေတော့'

ရှား။ ။ 'ကြောက်စရာကြီးပါလားဗျာ။ နေပါဦးဗျ၊ သွားတော့မလား။ လက်ဖက်ရည်တစ်ခွက် သောက်သွားဦးလေဗျာ'

ကျော်။ ။ 'ဒီကနေ့ည ၆ နာရီမှာ ရောက်အောင် ပို့လျှင်ပို့၊ မပို့လျှင် ကျားပါးစပ်ထဲက ချေသူငယ်ဟာ အသက်ချမ်းသာဖို့ နည်းလမ်းရှိလျှင် ရှိမယ်။ ခင်ဗျားတော့ ချမ်းသာဖို့ မရှိဘူး။ ကြားလည်လား'





www.burmeseclassic.com

www.burmeseclassic.com



ထိုစကားကို ပြောပြီးသည်အဆုံးတွင် ထိုလူနှစ်ယောက်တို့သည် တစ်ယောက်၏ မျက်နှာကို တစ်ယောက် စေ့စေ့ကြည့်ကြလေရာ နှစ်ဦးလုံး၏ ကြည့်ပုံမှာ တစ်နည်းတစ်ဖုံစီ ကြောက်မက်ဖွယ်ရာ ကောင်းလှချေ၏။ သို့ရာတွင် ၎င်းတို့ နှစ်ဦးလုံးအနက် မည်သူကမျှ တွန့်ဆုတ်တိမ်းရှောင်ခြင်း မရှိချေ။ ၎င်းနောက်

ရှား။ ။ 'ပြောပုံဆိုပုံကဖြင့် တယ်ပြီး အာရှင်းပါပေ့ဗျာ။ ပြရုပ်ဥပမာကလေးတွေကလဲ တယ်ကောင်း'

ကျော်။ ။ 'သံတိပြုနော် ကိုစံရှား၊ သတိပြုလိုက်ပါ။ မြွေတွေ့တိုင်း မြက်လျှော်ချည်း မထင်လေနဲ့ဗျ'

ရှား။ ။ 'မြွေပွေးများကို အစွယ်ချိုးရတာ သာပြီးပျော်သေးတယ်ဗျ'

ကျော်။ ။ 'အစွယ်ငြိသွားမယ် သတိပြုပါ'

ဦးထွန်းကျော်ထွက်သွားပြီးနောက် ဦးစံရှားသည် စည်းစိမ်ရှိလှစွာသော ပက်လက်ကုလားထိုင်ပေါ်တွင် ခေါင်းအုံးများတင်၍ လဲလျောင်းကာ အိပ်လျက် ဆေးတံကို တစ်ဆုံပြီးတစ်ဆုံ ဆေးထည့်၍ သောက်ရင်း စိတ်ကူးလျက် ရှိနေ၏။ စီးပွားဥစ္စာနှင့် ပြည့်စုံ၍ လူကုံထံ တစ်ယောက်ဖြစ်သော ချက်တာဂျီဘာဘူကို လူမသိအောင် ခိုးယူပြီးနောက် လူမှန်းမသိအောင် ဆေးခပ်လျက် မိမိအလိုရှိသော စာချုပ်တစ်ခုကို လက်မှတ်ထိုးဖို့ စီမံနိုင်သော ဦးထွန်းကျော်သည် မိမိအား အချည်းအနှီး ခြိမ်းခြောက်ခြင်း မဟုတ်။ ဝန်ခံသည့်အတိုင်း ထမြောက်အောင် ဆောင်ရွက်မည့် လူတစ်ယောက်ဖြစ်ကြောင်းမှာကား ယုံမှားဖွယ်ရာ မရှိချေ။ ထိုသူသည် မိမိအိမ်တွင်း၌ ချက်တာဂျီဘာဘူ ရှိနေကြောင်းကိုလည်း သိ၏။ ယင်းသို့ ဖြစ်လျှင် ချက်တာဂျီဘာဘူကို အမြန်ဆုံးနည်းနှင့် ပြန်ရအောင် ကြိုးစားကြပေလိမ့်မည်။ သို့ဖြစ်၍ မိမိကသာ ချက်တာဂျီဘာဘူကို အမြန်ဆုံးနည်းနှင့် ဤအိမ်မှထုတ်၍ အခြားနေရာ၌ဝှက်ထားရန်



www.burmeseclassic.com

www.burmeseclassic.com



လိုပေလိမ့်မည် စသဖြင့် စဉ်းစားစိတ်ကူးနေရာမှ အကြံတစ်ခုရကာ အစေခံ မောင်မျှားအား ခေါ်လေ၏။ မောင်မျှားရောက်လာသောအခါ လမ်းပေါ်၌ စောင့်ကြည့်နေသော လူကို ပြတင်းပေါက်မှ အကြည့်နိုင်းရာ ရှိသေးကြောင်းနှင့် ပြောလေ၏။ ထိုအခါဦးစံရှားက တိုက်အပေါ်ထပ်၌ ရှိသော မိမိ၏ မိတ်ဆွေ ကိုသန်းဖေအား ခေါ်ငင်ရန် စေလွှတ်၍ ကိုသန်းဖေ ရောက်လာသောအခါတွင် ဦးစံရှားသည် ကိုသန်းဖေအား မှာထားရန် ရှိသမျှကို ခရေစေ့တွင်းကျ ဂနသေချာစွာ မှာကြားလေ၏။ နောက်ဆုံး၌ ကိုသန်းဖေက ဦးစံရှား စေခိုင်းသည့်အတိုင်း ကျနစွာ ဆောင်ရွက်ပါမည်ဟု ဝန်ခံကတိထားပြီးလျှင် တိုက်ပေါ်မှ ဆင်းသွားလေ၏။ ၎င်းနောက်

'ဟေ့ မောင်မျှား'

'ဆရာ'

'ငါ ပြောတာ သေသေချာချာ နားထောင်'

'ကောင်းပါပြီ ဆရာ'

'မင်းတို့ လင်မယား အထုပ်အပိုးနှင့်တကွ ဘူတာရုံကိုသွား။ မင့်အတွက် ပဲခူးလက်မှတ်တစ်စောင်ယူ။ မင်းကိုယ်တိုင်ပဲ ပဲခူးမြို့ကို မန္တလေးစာပို့ရထားနဲ့ လိုက်သွား။ ရထားထွက်ခါနီးမှာ မင့်မယားကို နောက်တစ်နေ့မှာ ပဲခူးလိုက်ဖြစ်အောင် လိုက်ခဲ့ဖို့ အသံကျယ်ကျယ်နဲ့ မှာသွား။ မင့်မယား ပြန်လာပစေ။ ပြန်လာပြီး သမိုင်းက ငါ့အိမ်ကို ရှင်းလင်းထားပေစေ၊ နားလည်လား'

မျှား။ ။ 'နားလည်ပါတယ်ဆရာ၊ ကျွန်တော်ပဲခူးမှာ ဘာလုပ်ရမလဲ'

ရှား။ ။ 'ပဲခူးရောက်တော့ နှစ်ရက်လုံးလုံး မင်းထင်ရာ လျှောက် လည်။ ညတိုင်းတော့ ဘိုင်စကုပ်ကြည့်။ နှစ်ရက်စေ့တော့ ပြန်လာခဲ့။ ရိပ်မိရဲ့လား'



www.burmeseclassic.com

www.burmeseclassic.com



မှုား။ ။ 'ရိပ်မိပါတယ်ဆရာ၊ အိမ်ရှေ့က စောင့်နေတဲ့ လူစု တွေ ကျွန်တော့်နောက်ပါအောင် လမ်းလွဲလွှတ်လိုက်တာပေါ့'

ရှား။ ။ 'ငါ့တပည့်တော်သားပဲ၊ မင့်မိန်းမက ပဲခူးကို တကယ် လို့ လိုက်ဖို့ မဟုတ်ဘူးနော်။ သမိုင်းကို သွားပြီး အိမ်ရှင်းထားရမယ်၊ ကြားရဲ့လား'

မှုား။ ။ နားလည်ပါတယ် ဆရာ'

ရှား။ ။ 'ကိုင်း ကောင်းပြီ၊ ရော့ စရိတ် ငွေတစ်ဆယ်'

မောင်မှုားတို့ လင်မယား ထွက်လေလျှင် ဦးစံရှားသည် ဦးထွန်းကျော်ထံမှ ရခဲ့သော စာရွက်အပိုင်းလေးကို စာအိတ်တွင်ထည့်၍ စာအိတ်ပေါ်မှ မိမိငွေထည့်ထားသော ဘဏ်တိုက်၏ လိပ်ကို ရေးလေ၏။ ၎င်းနောက် ဦးစံရှားသည် စာရွက်တစ်ရွက်ကိုယူ၍ စာတစ်စောင်ကို ရေးပြန်ရာ ထိုစာကို ရေးသည်တွင် ရှင်ပျသော လက္ခဏာနှင့် မကြာခဏ ပြုံးလျက် ရှိ၏။ ထို့နောက် ဦးစံရှားသည် ၎င်းစာကို စာအိတ်တွင်ထည့်၍ ပိတ်ပြီးမှ စာအိတ်ကို မိမိ၏ အင်္ကျီအိတ်၌ ထည့်ထားလိုက်လေ၏။

ထိုနေ့ ၄ နာရီခွဲအချိန်ခန့်တွင် ကိုသန်းဖေသည် တက္ကစီ တစ်စီးနှင့် ဆိုက်ရောက်လာ၍ ၎င်းနှင့်အတူ အရက်မှူးတစ်ယောက်လည်း ပါလာ၏။ ကိုသန်းဖေသည် အရက်မှူးကို ဆွဲလျက် လှေကားပေါ်မှ တင်သွားလေ၏။ နေဝင်ချိန်မှစ၍ ဦးစံရှား၏ တိုက်ခန်းအတွင်း၌ လှုပ်လှုပ်ရှားရှား ရှိနေကြပြီဖြစ်ရာ လမ်းမှ စောင့်ကြည့်သော သူသည် မိမိ တွေ့မြင်သမျှကို စိတ်ထဲ၌ မှတ်သားလေ၏။

ထို့နောက် ၉ နာရီ၊ ၁၀ နာရီထိုးသော်လည်း ဦးစံရှား၏ တိုက်ခန်း၌ ထူးခြားသော အခြင်းအရာ မဖြစ်ပေါ်ဘဲ ရှိခဲ့ရာ တစ်တိုက် လုံးမှာ တိတ်ဆိတ်စွာ ရှိနေလေ၏။ ၁၁ နာရီခွဲသည်နှင့်တစ်ပြိုင်နက် ဦးစံရှားသည် မီးဖိုဘက်မှ ချောက်ခနဲ မြည်သံကြားသဖြင့် မိမိ မျှော်လင့်သည့်အတိုင်း ဖြစ်ချေပြီဟူသော အမူအရာမျိုးနှင့် လူနာရှိရာ ခုတင်သို့



www.burmeseclassic.com

www.burmeseclassic.com



ထသွားပြီးလျှင် ခေါင်ခြုံလျက်ရှိသော လူနာအား 'ထပါဦး ချက်တာကျိ၊ ဂျင်ဂျာ ဘိယာကလေး တစ်ခွက်လောက် သောက်စမ်းပါ ဦး။ ထပါလေ။ ဒီလို လုပ်မနေပါနဲ့' သည်ဖြင့် ချော့မော့ကာ ပြောဆိုလျက် ရှိစဉ် လူ ၄ ယောက်တို့သည် နောက်ဖေးတံခါးမှ ဝင်လာကြ၍ တစ်ယောက်သောသူသည် ဘီ–အက်စ်–အေ နံပါတ်တူးလေသေနတ်နှင့် ဦးစံရှား၏ ရင်ဝကို ချိန်ရွယ်လျက်

'မအော်နဲ့နော် ပစ်လိုက်မယ်။ လေသေနတ်ပေမယ့် မသေဘူး ထင်ပါနဲ့။ အသံမမြည်ဘဲနဲ့ သေတတ်တဲ့ သေနတ်ဆိုတာ ခင်ဗျား ကြားဖူးတယ် မဟုတ်လား' ဟု ခြိမ်းခြောက်ပြောဆိုလေ၏။

ဦးစံရှားမှာမူ ဒေါသအမျက် ခြောင်းခြောင်းထွက်သော လက္ခဏာနှင့် နဖူးပြင်၌ရှိသော အကြောများသည် ပြိုင်းပြိုင်းထလျက် ရှိ၏။

ရှား။ ။ 'တယ်စော်ကားတဲ့ လူတွေပါကလား'

တစ်ယောက်။ ။ 'စကားမများနဲ့ တိတ်တိတ်နေ၊ ပစ်လိုက်မယ်'

'ကိုင်း ဆိုင်ရာ ဆိုင်ရာ လုပ်ကြဟေ့'

ထိုအခါ တစ်ယောက်သောသူသည် ခုတင်ပေါ်၌ ရှိသော သူ၏ ပါးစပ်၌ အဝတ်များဆို့၍ နှစ်ယောက်သည် ဦးစံရှား၏ ပါးစပ်ကို အဝတ်များနှင့် ဆို့ကြလေ၏။ ၎င်းနောက် နှစ်ယောက်သော သူသည် ခုတင်ပေါ်မှ လူကို အိမ်ရှေ့သို့ ဆွဲထုတ်သွားရာ တစ်ယောက်သည် ဦးစံရှားအား သေနတ်နှင့် ချိန်ရွယ်လျက် 'လိုက်ခဲ့၊ တိတ်တိတ်နော်၊ မအော်နဲ့၊ ပစ်လိုက်မယ် နားလည်လား' ဟု ပြော၍ ဦးစံရှားအား အိမ်ရှေ့သို့ ခေါ်ထုတ်သွားလေ၏။

အိမ်ရှေ့လှေကားကို ဆင်းမိသည်နှင့်တစ်ပြိုင်နက် ကားတစ်စီးသည် လှေကားရင်းသို့ ဆိုက်ရောက်လာရာ လူဆိုးများသည် ဦးစံရှားနှင့် ၎င်းအဖော်ကို ကားပေါ်သို့ တင်၍ မောင်းနှင်သွားကြလေ၏။ ဦးစံရှား



www.burmeseclassic.com

www.burmeseclassic.com



သည် ထောင့်တွင် ထိုင်လျက်ပါလာသော မိမိ၏ အဖော်ကို ကြည့်လိုက်ရာ ထိုသူသည် ပါးစပ်တွင် ဆို့ထားသော အဝတ်ကို ဖြုတ်ပစ်ရန် အတန်အတန် ကြိုးစားပြီးနောက် မရသည်နှင့် လက်လျှော့၍ ငြိမ်ဝပ်စွာ လိုက်လာလေ၏။

နာရီပြန် တစ်ချက်အချိန်ခန့်တွင် မော်တော်ကားသည် ချာချီလမ်း 'ကိုဇီးကောနား' အမည်ရှိ အိမ်ကြီးသို့ ဆိုက်ရောက်၍ လူဆိုးများသည် ဦးစံရှား၏ အဖော်ကို အိမ်ထဲသို့ ဆွဲသွင်းသွားကြရာ ဦးစံရှားမှ ခြေလှမ်းမှန်မှန်နှင့် ဣန္ဒြေမပျက် လိုက်သွားလေ၏။

အိမ်ရှေ့ဧည့်ခန်း၌ ထိုင်မိကြပြီးနောက် မကြာမီအတွင်း ဦးထွန်းကျော်နှင့် ရီရီတို့သည် အခန်းတွင်းသို့ ဝင်လာကြရာ

ကျော်။ ။ 'ဘယ့်နှယ်လဲ ကိုစံရှား။ ကျုပ်ကို မနှောင့်ယှက်ပါနဲ့လို့ သတိပေးလျက်နဲ့ ခေါင်းမာချင်တဲ့လူ။ ယခုတော့ ဘယ့်နှယ်ရှိစ‌ျာ' ဟု ပြောလျက် ဦးစံရှား၏ အင်္ကျီအိတ်ကို နှိုက်ကြည့်ရာ စာအိတ်ကို တွေ့သဖြင့် ထုတ်ယူလေ၏။ ၎င်းနောက် ဆက်လက်၍

ကျော်။ ။ 'သြော် ကိုယ့်လူက ကျုပ်စာချုပ်ကို ဘဏ်တိုက် ပို့ထားမယ်လို့ကိုး။ ဟော့ ရီရီ၊ သူ့ပါးစပ်က အဝတ်ကို ဖြုတ်ပြီး ဆက်ပြန်ကြိုးကို ဖြေပေးလိုက်ပါကွယ်' ဟု ပြောသဖြင့် ရီရီလည်း ခိုင်းစေသည့်အတိုင်း ပြုလုပ်ပေးလေ၏။

ရှား။ ။ 'ခင်ဗျားတို့ လုပ်ပုံ လွန်လွန်းလှချည့်ကလား ဦးထွန်းကျော်'

ကျော်။ ။ 'လွန်လွန်းတယ်လို့ ဘယ်မှာ ရှိမလဲ ဆရာကြီး၊ ခင်ဗျားကြောင့် ကျုပ်အစက သတိပေးတယ် မဟုတ်ဘူးလား' ဟု ပြောရင်း ဦးထွန်းကျော်သည် ပြုံးရွှင်သော မျက်နှာနှင့် ဦးစံရှားစာအိတ်ကို ဖွင့်ကြည့်လေ၏။

ထိုခဏ၌ လှေကားဆီမှ ဆူဆူညံညံ အသံများ ကြားရ‌ေ‌သ‌ဖြင့်



www.burmeseclassic.com

www.burmeseclassic.com



လူတစ်ယောက်သည် ပြင်းစွာ အမျက်ထွက်သည့်ဟန်နှင့် လက်များကို မြှောက်ယမ်းကာ အခန်းတွင်းသို့ ဝင်လာ၍ 'မင်းတို့က ငါ့ကို ဘာ ကောင်ထင်လို့ ဒီလိုလုပ်ရတာလဲကွ။ ရာဇဝတ်အုပ် ဖိုးထူးဆိုတာ ငါမှန်း မသိဘူးလားကွ' ဟု ဟစ်အော် ကြိမ်းမောင်းလေ၏။ ဦးထွန်းကျော် မှာ အံ့ဩသော မျက်နှာထားနှင့် ကြောင်တောင်ငေးလျက် ကြည့်နေလေ ၏။ ထိုသူ၏ လက်ဝဲဘက်လက်မှာမူ အဝတ်များစည်းလျက် မင်နီ များ ဆွတ်ဖျန်းထားသည်ကိုလည်း တွေ့မြင်ရ၏။

**ကျော်**။ ။ 'ဟော့ကောင်တွေ၊ မင်းတို့ ဘယ်သူ့ခေါ်လာ သလဲ'

**တစ်ယောက်**။ ။ 'သူ့အိမ်ထဲက ခုတင်ပေါ်မှာ တွေ့တဲ့ လူကို ခေါ်လာတယ်ဆရာ'

**ရှား**။ ။ (ပြုံးရယ်လျက်) 'ခင်ဗျားတို့ မှားကုန်ပြီ ထင်တယ်။ ဒီဟာက ကျုပ်မိတ်ဆွေ ရာဇဝတ်အုပ် ကိုဖိုးထူးဗျ။ ညနေက တဆိတ် လွန်သွားလေတော့ အမူးပြေအောင် ခုတင်ပေါ်မှာ ကျုပ်သိပ်ထားတယ်။ ခင်ဗျားတို့ လိုချင်တာက သူမဟုတ်ဘူး မှတ်တယ်'

**ကျော်**။ ။ (ဦးစံရှားအား စားတော့မည်ကဲ့သို့ မျက်နှာ ထားမျိုးနှင့် ကြည့်လျက်) 'ခင်ဗျား တယ်ရှုပ်တဲ့ လူတစ်ယောက်ပဲ ချက်တာကျီကော'

**ရှား**။ ။ 'ခင်ဗျားလက်က စာရင်းကို ကြည့်ပါဦးလေ'

ဦးထွန်းကျော်သည် ချက်တာကျီ၏ လက်မှတ်ပါရှိသော စာချွန် မိုင်းထင်မှတ်၍ စာအိတ်မှ စက္ကူကို ဖတ်ကြည့်ရာ အောက်ပါအတိုင်း တွေ့ရှိရလေ၏။

| | |
|---|---|
| ရာဇဝတ်အုပ်ကျ ကိုဖိုးထူးကိုဒ့ားခ | ၅ိ |
| သူ၏ အရက်ဖိုး | ၈ိ– ၈ဲ |
| မင်နီတစ်ဘူး | ၁ ပဲ |



www.burmeseclassic.com

www.burmeseclassic.com



စုစုပေါင်း ၁၃– ၉ ပဲ

ရှား။ ။ 'ဒီငွေများကို ခင်ဗျားပေးရလိမ့်မယ် ဦးထွန်းကျော်'

ဦးထွန်းကျော်မှာ မည်သို့မျှ ပြန်မပြောနိုင်ဘဲ အံကြိတ်ကာဖြင့် ဦးစံရှားအား ငေးကြည့်နေရာ ရီရီမှာမူ အားရရွှင်လန်းသော အမူအရာနှင့် ဟက်ဟက်ပက်ပက် ရယ်မောလျက် ရှိလေ၏။

ကျော်။ ။ (မျက်စောင်းထိုးလျက်) 'ရီရီ'

ရီ။ ။ 'ဘာဖြစ်သလဲ၊ ကျွန်မက ဒီလို ဉာဏ်သွားတဲ့လူတော့ သိပ်ပြို ကျေနပ်တယ်'

ကျော်။ ။ 'တော်ကွယ်ဟော့'

ရီရီလည်း ဆိတ်ဆိတ်နေလိုက်လေ၏။

ကျော်။ ။ 'ခင်ဗျား တက်ခက်တဲ့ လူတစ်ယောက်ပဲ ကိုစံရှား'

ရှား။ ။ 'လွယ်ပါတယ်လို့ အစက ကျုပ်တာဝန်ခံသလား'

ကျော်။ ။ (ရာဇဝတ်အုပ်ကျအား မေးငေါ့လျက်) 'ဟော့ ဒီလူကို ခေါ်သွားပြီး အိပ်ရာမှာ သိပ်ထားလိုက်ကြကွယ်။ မနက်မှ ငါ ကြည့်စီမံမယ်'

ထူး။ ။ 'အောင်မယ် စီမံမယ်လေး ဘာလေးနဲ့' ဟု ပြော၍ စကားမဆုံးမီ ဦးထွန်းကျော်သည် ဖိုးထူးအား တစ်ချက်လှမ်း၍ ကြည့်လိုက်ရာ အတော်အတန် သတ္တိကောင်းသော ကိုဖိုးထူးသည် ဦးထွန်းကျော်၏ မျက်နှာထားကို မြင်သည်နှင့် တစ်ပြိုင်နက် ကြက်သေ သေလျက် ဦးစံရှားကိုသာ လှမ်း၍ ကြည့်နေတော့၏။

ရှား။ ။ 'လိုက်သွားလိုက်ပါ ကိုဖိုးထူး၊ သူတို့လက်ထဲမှာရှိတဲ့ အခါ သူတို့စကားကို နားထောင်ပြီး ငြိမ်ငြိမ်အိပ်နေဗျာ'

ကိုဖိုးထူးနှင့် အခြားသူများ ထွက်သွားကြသောအခါ

ကျော်။ ။ 'နေပါဦး ကိုစံရှားရဲ့၊ ချက်တာရှိကို ခင်ဗျား



www.burmeseclassic.com

www.burmeseclassic.com



ဘယ်မှာ ဝှက်ထားသလဲ'

ရှား။ ။ 'ဒီလူ ခက်နေပါပြီ။ ကျုပ်ကိုပဲ တစွဲတည်း စွဲနေတော့တာပဲ'

ထိုခဏ၌ ဦးထွန်းကျော်သည် စိတ်ကို မချုပ်တည်းနိုင်တော့သည်ဖြစ်၍ ဦးစံရှား၏ မျက်နှာကို လက်သီးနှင့် ထိုးတော့မည်ကဲ့သို့ ပြုလေရာ ဦးစံရှားလည်း လက်သီးများကို ကျစ်ကျစ်ပါအောင် ဆုပ်ထားလေ၏။

ရှား။ ။ 'မလုပ်နဲ့လေ ဆရာကြီး၊ လူပုံကလေး သနားကမားနဲ့ ကျုပ် လက်သီးမိသွားရင် အမာရွတ် ထင်ကျန်လိမ့်မယ်'

ထိုအခါ အမျက်ထွက်ခဲ့လှစွာသော ဦးထွန်းကျော်သည် သတိရသဖြင့် စိတ်ကို ချုပ်တည်းလျက်

ကျော်။ ။ 'ခင်ဗျားဟာ စကားနဲ့ အေးအေးပြောလို့ ရမယ့် လူတစ်ယောက် မဟုတ်ဘူး ထင်တယ်'

ရှား။ ။ 'လူဆိုးမှန်သမျှကတော့ ကျုပ်ကို ခေါင်းမာတယ်လို့ စွပ်စွဲကြမြဲပဲ'

ကျော်။ ။ 'ဒီကနေ့ည ကျုပ် အလုပ်လုပ်ပုံကို ကြည့်ရင် ကျုပ်ဟာ ကလေးကစားသလို မလုပ်တတ်ဘူးလို့ ခင်ဗျား သိလောက်ပြီ'

ရှား။ ။ 'သင့်ပါရဲ့ ခင်ဗျား လုပ်ပုံ'

ရီရီလည်း ရယ်မောလေ၏။

ကျော်။ ။ 'တိတ်တိတ်နေကွယ် ရီရီ၊ ကိုစံရှားကို နှနှနှင့် မရလျှင် ကြမ်းကြမ်းကလေး လုပ်ပေးမှ ထင်တယ်'

ရှား။ ။ 'ဒီလိုတော့ မရဘူးလေ၊ ကျုပ်ကို သေအောင် သတ်လို့လဲ ခင်ဗျားမှာ အကျိုးမရှိဘူး။ သတ်ပြန်လို့ ရှိရင်လဲ မနက် ဒီကမေးလား မြန်းလားနဲ့ ခင်ဗျားမှာ အပိုသက်သက် အလုပ်တွေ များကုန်



www.burmeseclassic.com

www.burmeseclassic.com



လိမ့်မယ်'

ဦးထွန်းကျော်သည် ဦးစံရှား၏ မျက်နှာကို စေ့စေ့ကြည့်ကာ အတန်ကြာအောင် စဉ်းစားစိတ်ကူးနေပြီးနောက် ရီရီ့ဘက်သို့ လှည့်၍

ကျော်။ ။ 'ဒီကနေ့ည သူ့ကို ဒီမှာ သိပ်ကြစို့ကွယ်'

ရီ။ ။ 'တောင်ဘက်က အခန်း အားသားကပဲ၊ ကျွန်မ လိုက်ပြလိုက်မယ်'

ကျော်။ ။ 'အေး ကောင်းပြီ၊ ဒါထက် ကိုစံရှားတစ်ခု သတိပြုလိုက်နော်။ ခင်ဗျားဟာ ယခုအဖို့မှာ ကျုပ်တို့ လဏ်တွင်းလုံးလုံးကြီး ရောက်နေပြီ။ ဒီတော့ ယီးတီးယားတား ယောင်ချာချာတော့ မလုပ်လေနဲ့။ လူတစ်ယောက်ကို သတ်ဖို့ ကျုပ်မှာ အလွယ်ကလေးရယ်။ နားလည်လား'

ရှား။ ။ 'နားလည်ပါတယ်။ အကျိုးရှိမယ်ဆိုရင် သတ်ဖို့ ဦးလေးပါဘူး။ ကျုပ် သိပါတယ်။ ကျုပ် မရှိရင် ခင်ဗျားလိုချင်တာကို ဘယ့်နှယ်လုပ်ပြီး ရှာမလဲ'

ကျော်။ ။ 'ဒါတော့ မှန်တယ်။ ကိုင်း ကိုင်း ညဥ့်နက်ပါပြီ၊ အိပ်ချေပါဦးတော့'

ဦးစံရှားသည် မိမိအား လမ်းပြသော ရီရီနှင့်အတူ အိမ်၏ အပေါ်ထပ်သို့ တက်သွားလေရာ တစ်အိမ်လုံးမှာ လုံခြုံစွာ ပိတ်ဆို့ထားပြီးဖြစ်ကြောင်းကိုလည်း တွေ့မြင်ရ၏။ ဦးစံရှား အိပ်ရန်ဖြစ်သော အခန်းဝသို့ ရောက်သောအခါ

ရီ။ ။ 'မမိုက်ပါနဲ့ ရှင်ကြီးရယ်၊ သူလိုချင်တာ ပေးလိုက်ပါ။ ရှင်က ဦးထွန်းကျော်အကြောင်းကို မသိသေးဘူးနော်'

ရှား။ ။ 'အလို လူကိုလာပြီး တရားချနေပြန်ပါပြီ'

ရီ။ ။ 'ကျွန်မက ရှင့်ကို ကရုဏာရှိလို့ ပြောတာပါရှင်၊ သူ့လု သူ့ပြန်အပ်ပြီး လွတ်ရာ ကျွတ်ရာ ရှင်ထွက်သွားလိုက်ပါရှင်'



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောရာမှ ရိရိသည် မျက်နှာထားတစ်မျိုးပြောင်း၍ 'မနက် ၈ နာရီမှာ လက်ဖက်ရည်သောက်ကြမယ်' ပြောလိုက်ပြန်ရာ ဦးစံရှားသည် ရိရိ၏ မျက်နှာထားနှင့် အသံပြောင်းလဲခြင်းကို သတိပြုမိသဖြင့် နောက်သို့ လှည့်ကြည့်လိုက်ရာတွင် ဦးထွန်းကျော်သည် လှေကားထိပ်၌ ရပ်လျက် ဆေးပြင်းလိပ်ကိုသောက်ကာ မိမိတို့ နှစ်ယောက်အား စောင့်ကြပ် ကြည့်ရှုနေသည့်အဖြစ်ကို တွေ့မြင်ရလေ၏။

❖



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ၄း

ထိုညဉ့်၌ ဦးစံရှားသည် ခုတင်ပေါ်၌ ပက်လက်လှန်ကာ လွန်ခဲ့သော အဖြစ်အပျက်များကို ပြန်လည် တွေးတောလျက်ရှိစဉ် ဤအိမ်၏ အကြောင်းကို စုံစမ်းလိုသောစိတ် ဖြစ်ပေါ်၍လာလေ၏။ ထိုခဏ၌ တစ်ခုသော အခန်းမှာ နာရီကြီးတစ်လုံးသည် ၃ ချက်ထိုးလျက် ရှိလေ၏။ ဦးစံရှားသည် တစ်အိမ်လုံး ဆိတ်ငြိမ်သည့်တိုင်အောင် ၁၅ မိနစ်ခန့် စောင့်ဆိုင်းပြီးနောက် အိပ်ရာမှထ၍ မိမိ၏ အိပ်ခန်းပြင်ဘက်သို့ ထွက်လာခဲ့ရာ တစ်အိမ်လုံးမှာ မှောင်မည်းလျက် ရှိသည်ကို တွေ့ရလေ၏။ ၎င်းနောက် ဦးစံရှားသည် အိမ်ပေါ်မှ ခြေသံမကြားအောင် ဆင်းလာခဲ့၍ မိမိ အိမ်ပေါ်သို့ တက်သွားစဉ်က မြင်ခဲ့ရသော အခန်းတစ်ခန်း၏ ကန့်လန့်ကာကို လက်ဖြင့် ဖယ်ရှားလိုက်ရာ 'ရှူး' ခနဲ မြည်သော အသံကို ကြားရသဖြင့် တွန့်ဆုတ်ကာ ရပ်နေလေ၏။ ထိုအသံသည် လူ၏ အသံမဟုတ်နိုင်ချေ။ ဦးစံရှားသည် ဖောင်တိန်အရွယ်ခန့်မျှရှိသော လက်နှိပ်ဓာတ်မီးကလေးကို ရှပ်အင်္ကျီအိတ်မှ ထုတ်ယူ၍ ကန့်လန့်ကာကို လက်ဖြင့် ဖြည်းညှင်းစွာ ဖယ်ရှားလျက် လက်နှိပ်ဓာတ်မီးဖြင့် ထိုးကြည့်ရာတွင် မြွေဟောက်တစ်ကောင်သည် ကန့်လန့်ကာ၏ အခြားဘက်၌ ပါးပြင်းထောင်ကာ တရှူးရှူးနှင့် မြည်လျက်ရှိသည်ကို တွေ့ရသဖြင့် ထူးဆန်းသော အိမ်သူအိမ်သားများပေတည်း[illegible] အောက်မေ့မိ၏။ ထို[illegible] ၌ လှေကားဆီမှ လူတစ်ယောက်၏ [illegible]တိုးရယ်မောသံကို ရုတ်[illegible] ကြားရလေရာ ရယ်မောသူသည် [illegible]းစံရှားအား လှောင်[illegible]လိုသော

www.burmeseclassic.com



လက္ခဏာ ရှိသည်ဟု ဦးစံရှား ထင်မှတ်မိ၏။ ဦးစံရှားမှာ မိမိအား ဖြိမ်းခြောက်ခြင်းဟူသမျှကို ကြောက်ရွံ့ခြင်းလည်း မရှိ၊ စိတ်၌ ထိခိုက်ခြင်းမျှလည်း မရှိချေ။ သို့ရာတွင် မိမိအား လှောင်ပြောင် ပြက်ရယ်ပြုခြင်းကိုမူ ဦးစံရှားသည် အခါခပ်သိမ်း သည်းမခံနိုင်အောင် ဖြစ်တတ်၏။ ယင်းသို့ ဖြစ်ရကား ဦးစံရှားသည် မိမိအား လှောင်ပြောင် ရယ်မောသောသူကို သိစေရမည်ဟု စိတ်ထဲတွင် ကြုံးဝါးလျက် ရယ်သံကြားရာသို့ ခြေလှမ်းကျဲကျဲနှင့် ရွေ့သွားလေ၏။ လှေကားသို့ ရောက်လျှင် ရယ်သံသည် လှေကားထိပ်ဆီမှ လာလျက်ရှိရာ ဦးစံရှားသည် လှေကား တစ်များကို တစ်ကြိမ်လျှင် ၃ ထစ် ၄ ထစ်မျှ ကျော်လွှားခုန်တက်သွား၍ လှေကားထိပ်သို့ ရောက်သည်နှင့် တစ်ပြိုင်နက် လူတစ်ယောက်ကို စမ်းမိလေ၏။ ဦးစံရှားမှာ သာမည လူနှစ်ယောက်ပေါင်းထက် ကြီးမားသော ခွန်အားရှိလေရာ ထိုသူမှာလည်း သာမည ခွန်အားမျိုးမကချေ။ သို့ရာတွင် ထိုသူသည် ဦးစံရှား၏ လက်ဝယ်၌ ကလေးသူငယ်မျှသာလျှင် ဖြစ်လေရာ ဦးစံရှားသည် ထိုသူ၏ လက်တစ်ဖက်ကို မိမိ၏ လက်ဝဲလက်ဖြင့် ကိုင်စမ်းပြီးနောက် လက်ယာလက်သည် လည်ပင်းဆီသို့ တရွေ့ရွေ့ သွားလေ၏။ လည်ပင်းကို ကိုင်မိသောအခါ ဦးစံရှားသည် ဂျပန်ဆရာကြီး တစ်ယောက်ထံမှ သင်ကြားထားသော နည်းအရ ဦးခေါင်းကို လက်တစ်ဖက်နှင့် ဖေး၍ တစ်ဖက်နှင့် မေးစေ့ကို ကိုင်စမ်းပြီးလျှင် ဦးခေါင်းကို နောက်သို့ လှန်ချိုးလိုက်ရာ ဂျွတ်ခနဲ မြည်၍သွားလေ၏။

ရှား။ ။ 'ရယ်ဦးလေကွာ၊ နောက်တစ်ခါ လူတွေ့တိုင်း မရယ်လေနဲ့၊ ဒီထက် တစ်လက်မလောက်ပိုပြီး တွန်းလှန်လိုက်ရင် မင့် လည်ပင်းကျိုးသွားမယ် နားလည်လား'

ထိုသူမှာမူ မည်သို့မျှ ပြန်မပြောနိုင်ဘဲ ကြမ်းပေါ်၌ ခွေလျက် ကျနေရာ ဦးစံရှားသည် ထိုညအဖို့ တော်လောက်ပြီဟု အောက်မေ့၍ မိမိ၏ အခန်းသို့ ပြန်လာပြီးလျှင် အိပ်ရာ၌ ဝင်အိပ်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်နေ့ နံနက်၌ ဦးစံရှားသည် အိပ်ရာမှထ၍ အိမ်အောက်ထပ်ရှိ ဧည့်ခန်းသို့ ဆင်းလာသောအခါ ဦးထွန်းကျော်သည် လက်ဖက်ရည်ပြင်ထားသော စားပွဲ၌ ထိုင်လျက်ရှိသည်ကို တွေ့ရလေ၏။ ထိုသူ၏ ထိုင်နေပုံကို မြင်ရခြင်းအားဖြင့် လည်ပင်းနာနေသည့် လက္ခဏာရှိကြောင်း ဦးစံရှား ရိပ်မိလေ၏။

ကျော်။ ။ 'ကိုင်းဗျာ ကိုစံရှား၊ လက်ဖက်ရည်သောက်ရအောင်'

ရှား။ ။ 'ခင်ဗျားလည်ပင်း ဘာဖြစ်တာလဲ'

ကျော်။ ။ 'အုံးလွဲလို့ ထင်ပါရဲ့ဗျာ၊ ကောင်းကောင်း မလှည့်နိုင်ဘူး'

ရှား။ ။ 'အုံးလွဲတာဟာ တယ်ပြီး အခံရခက်တာမျိုးပဲ။ လှုတိုင်း ကလဲ ရယ်ချင်တယ်။ ဒါထက် နေရာတကာတိုင်း ရယ်ရင် ဘေးတွေ့ တတ်တာမျိုးလားဗျ'

ကျော်။ ။ 'နေရာတကာတိုင်း သိချင်တတ်တာမျိုးဟာလဲ ဘေးတွေ့တတ်တာမျိုးပဲ။ မနေ့ညက ခင်ဗျားကို ကျုပ်သတ်မိတော့မလို့ နည်းနည်း လိုတယ်'

ထိုသူနှစ်ယောက်တို့သည် တစ်ယောက်ကိုတစ်ယောက် စေ့စေ့ ကြည့်လျက်နေကြ၏။

ရှား။ ။ 'ကျုပ်ကလဲ ဒီလိုပဲ ပြောချင်တယ်။ တစ်လက်မ လောက်ကလေး ပိုပြီး တွန်းလှန်လိုက်ရင် ဦးထွန်းကျော် စခန်းသိမ်းသွား ပြီပဲ'

ကျော်။ ။ 'အခန်းထဲက ခင်ဗျားထွက်လာတဲ့ အချိန်က စပြီး ခင်ဗျားအသက်ဟာ ကျုပ်လက်ထဲ ရောက်နေတယ်။ ကျုပ် တစ်ခါ ထည်း စိရင်လိုက်ရင် ကျုပ်လည်ပင်း ဒီလို မဖြစ်ရဘူး'

ရှား။ ။ (လက်ဖက်ရည်ခွက်ကို မွှေရင်း) 'ဟုတ်ပါလိမ့်မယ်။



www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံးတော့ တစ်လက်မလောက် ပိုပြီး မတွန်းခဲ့မိတာ ကျုပ်မှားတာပဲ ထင်တယ်။ ခင်ဗျားတို့ လုပ်ပုံနဲ့ ဆိုရင် တစ်နေ့နေ့တော့ ကျုပ်လက်စွမ်း ပြမိလိမ့်မယ်ထင်တယ်။ ဒါထက် ကိုသန်းကြွယ်တစ်ယောက်ကောဗျ။

ကျော်။ ။ 'မြို့ထဲမှာ လာလိမ့်မယ်။ အလို ဟောဟိုက ကားတစ်စီး ဝင်လာပါလား'

ရှား။ ။ 'ဟုတ်တယ် ကျုပ်ကားပဲ။ မနက် ၈ နာရီ ဒီအိမ်ကို လိုက်ခဲ့ဖို့ မနေ့ညကတည်းက ကျုပ် မှာပစ်ခဲ့တယ်'

ကျော်။ ။ 'အာဂလူပါတကား၊ ဒါဖြင့် ကျုပ်ကို လာဖမ်းလိမ့်မယ်ဆိုတာ ခင်ဗျား သိပြီးပြီပေါ့'

ရှား။ ။ 'ဒါတွေလောက်တော့ နားကျေနေတဲ့ လူကလားဗျာ'

ကျော်။ ။ 'နေဦး၊ လက်ဖက်ရည်သောက်ပြီးတော့ သွားတာပေါ့။ ကျုပ်ပြောစရာကလေး ပြောပါရစေဦး။ ခင်ဗျားဟာ ဟိုဘက်အိမ်က မိန်းကလေးစကားကို နားဝင်ပြီး ကျုပ်တို့ အကြံအစည်ကို နှောင့်ယှက်မယ်လို့ ကြံတယ်။ ဟုတ်စ ကိုစံရှား။ ကိုစံရှား စဉ်းစားပါနော်။ ခင်ဗျားဟာ တစ်ပဲ နှစ်ပြား အလုပ်လုပ်တဲ့ လူတွေအပေါ်မှာ စော်လုပ်ပြီးလာခဲ့တာ မှန်တယ်။ သို့သော် ကျုပ်တို့ကို ခင်ဗျား မရဘူးဗျ။ ဒီတော့ စောစောက လျှော့လိုက်ပါဗျာ။ ခင်ဗျားကို သနားသဖြင့် ကျုပ်တောင်းပန်ပါတယ်'

ရှား။ ။ 'ပြီးပြီလား၊ ကိုင်း ကျုပ်ကို အလှည့်ပေးဦး။ မလုပ်ကောင်းဘဲနဲ့ ချမ်းသာပေါက်ရှာတဲ့ လူဆိုတာ သူတစ်ပါး ပစ္စည်းကို မတရားသဖြင့် ရအောင် ကြံစည်ဝံ့မြဲမို့ ကြံကြပါတော့၊ ကိစ္စမရှိပါဘူး။ သို့သော် ကိုယ့်ကို ဘေးအန္တရာယ် တစ်စုံတစ်ရာ မပေးတဲ့ လူတစ်ယောက်ကို အိမ်ခေါ်ပြီး လက်မကို ပလာယာနဲ့ ညှပ်လား ဘာလား လုပ်ခြင်းဟာတော့ ခင်ဗျားတို့ လူတစ်စု ရက်စက်လွန်းအားကြီး ထင်တယ်၊ ဦးထွန်းကျော်။ သို့သော် ဒါကို ထားလိုက်ဦး၊ ကျုပ် တင်ပြ သတိပေး



www.burmeseclassic.com

www.burmeseclassic.com

လိုက်မယ်။ ကျုပ်ကိုတော့ ခင်ဗျားတို့နဲ့ ရန်သူမို့လို့ တတ်နိုင်တဲ့အခါမှာ ကိုင်ချင်သလိုကိုင် လုပ်ချင်သလိုလုပ်၊ ကျုပ် ကျေနပ်တယ်။ သို့သော် ဟိုဘက်အိမ်က ကလေးမကိုတော့ လက်ဖျားနဲ့မှ ခင်ဗျားတို့ မတို့လိုက်ပါနဲ့။ ကလေးမမှာ ခင်ဗျားတို့ လက်ချက်ကြောင့် လက်သည်းခွံကလေးလောက် ပွန်းသွားလို့ ရှိခဲ့ရင် ခင်ဗျားကို ကျုပ် တစ်နည်းနည်းနဲ့ မိအောင် ဖမ်းပြီး အစိုးရလက်ကို မပို့ဘူး၊ ကျုပ်လက်နဲ့ ခင်ဗျားကို လည်ပင်းညှစ်သတ်မယ် နားလည်လား'

တရားခံများအား မည်သည့်အခါကမျှ လက်ဖျားနှင့် မထိခဲ့ဘူးသော ဦးစံရှားသည် မခင်စိန်၏ အမှုကျခါမှ ဤကဲ့သို့သော စကားမျိုးကို ထွက်ဆိုနိုင်ခြင်းမှာ ဦးစံရှားသည် မခင်စိန်အပေါ်၌ မည်ကဲ့သို့သော စိတ်သဘောမျိုးထားလျက် ရှိကြောင်းကို ဖတ်ရှုသူတို့ တွေးတောနိုင်ကြမည် ဖြစ်ပေသည်။ ၎င်းနောက် ဦးစံရှားသည် စိတ်ကို ချုပ်တည်းနိုင်သဖြင့် ဒေါသသံ အလျှင်း မပါတော့ဘဲ

ရှား။ ။ 'ကိုင်း သွားလိုက်ဦးမယ် ဦးထွန်းကျော်။ ခင်ဗျားနဲ့ ကျုပ်နဲ့ မကြာခင် တွေ့ကြဦးမယ် ထင်ပါရဲ့'

ကျော်။ ။ 'မကြာခင်ပါပဲ ကိုစံရှား၊ မကြာခင် တွေ့ကြရပါလိမ့်မယ်'

ဦးစံရှားသည် အိမ်ထဲမှ ထွက်လာ၍ မိမိ၏ ကားမောင်းသမားအား

ရှား။ ။ 'ဟိုဘက်အိမ်ရှေ့ လမ်းပေါ်က စောင့်နေဟေ့။ ငါ ဟိုဘက်က အိမ်ကို ခဏကလေး ဝင်လိုက်ဦးမယ်'

ထို့နောက် ဦးစံရှားသည် ဝင်းနှစ်ဝင်းကို ဆက်ကူးသော တံခါးကလေးမှ ဖြတ်ကူး၍ နန္ဒဝန်အိမ်ဘက်သို့ သွားလေရာ ဝက်သက်ရောဂါနှင့်တူသော မေတ္တာစိတ်သည် ကြီးပြင်းလာသော သူတို့၌ သာ၍ပြင်းထန်မြဲ ဖြစ်သည့်အတိုင်း လူပျိုကြီး ဦးစံရှားမှာလည်း ရင်များနှင့်



www.burmeseclassic.com

www.burmeseclassic.com



စစ်ဆေးပိုင်မိ မခင်စိန်၏ မျက်နှာကို ဝဝကြည့်ခဲ့ဦးအံ့ဟူသော အကြံနှင့် လျှောက်လာခဲ့လေ၏။

မခင်စိန်မှာ ကိုးစီးကောနားအိမ်ဘက်သို့ သတိပြု၍ ကြည့်နေမြဲ ဖြစ်သည့်အတိုင်း ဦးစံရှား ဖြတ်ကူးလာသည်ကို မြင်သောအခါတွင် ရွှင်လန်းဝမ်းမြောက်သော မျက်နှာထားနှင့် အိမ်ရှေ့သို့ ထွက်၍ ကြိုဆိုလေ၏။

**စိန်။** ။ 'ဦးစံရှား၊ ဘယ်တုန်းက ဟိုအိမ်ရောက်နေသလဲ'

**ရှား။** ။ 'မနေ့ညကတည်းက သူတို့ဖမ်းသွားလို့ ပါသွား ရသေးတော့ မခင်စိန်'

**စိန်။** ။ 'ဒါကြောင့် မနေ့ညက ကျွန်မ ကားသံကြားတာကိုး'

**ရှား။** ။ 'မခင်စိန် မအိပ်သေးဘူးလား'

**စိန်။** ။ 'အမှန်ပြောရမှာဖြင့် ဦးစံရှားကို ကျွန်မတို့ ဓာတ်ရှပ်ကြီးထဲ ဆွဲသွင်းမိတဲ့အတွက် သောကမအေး စိတ်တနွေးနွေးနေလို့ အိပ်မပျော်ပါဘူးရှင်'

**ရှား။** ။ 'ဒီက လူအတွက်တော့ မစိုးရိမ်ပါနဲ့ မခင်စိန်။ ကျုပ်မှာတော့ သားအနွရာယ်တွေ တွေ့ရလွန်းလို့ အံ့ခွနေပါပြီ'

**စိန်။** ။ 'နို့ပေမယ်လို့ ကိုယ့်အတွက်နဲ့ ပတ်သက်ပြီး'

'ဦး ထပြီလား မခင်စိန်၊ ကျုပ်တို့မိတ်ဆွေ ဦးစံရှားက သူ့အဖော်ခေါ်လာပြီး ကျုပ်တို့အိမ်မှာ ပစ်ထားခဲ့မယ်လို့ မှတ်တယ်။ မလုပ်ပါနဲ့ဗျာ၊ လူတွေ များလွန်းလို့ မကျွေးနိုင်ပါဘူး'

ယင်းကဲ့သို့ စကားပြောလိုက်သောသူမှာ ဦးထွန်းကျော်ပင် ဖြစ်လေရာ ၎င်းနောက်၌ကား ရာဇဝတ်အုပ် ကိုဖိုးထူးသည် မျက်နှာသယ်ထားသော ရေကို လက်ကိုင်ပဝါနှင့် သုတ်ကာ လိုက်ပါလာလေ၏။

ဦးစံရှားမှာ ဦးထွန်းကျော်အပေါ်၌ နဂိုကပင် မေတ္တာရှိရသည့်အတွက် မခင်စိန်နှင့် စကားပြောနေရာ၌ ဝင်ရောက် နှောင့်ယှက်ခြင်းကို



www.burmeseclassic.com

www.burmeseclassic.com



တွေ့ရသောအခါ၌မူ လည်ပင်းကို ယမန်ညဥ့်က တစ်ခါတည်း ကျိုးအောင် မချိုးခဲ့မိသည့်အတွက် နောင်တရနေမိပြန်၏။

ရှား။ ။ 'သူ့အတွက် ဘိကို စာရင်းရှင်းပေးလိုက်ပြီလား'

ကျော်။ ။ 'ခုတော့ မပေးလိုက်သေးဘူး။ သို့သော် စိတ်သာချ၊ ကျုပ် သေတမ်းစာထဲမှာ ရေးပစ်ခဲ့မယ်။ ဦး မထသေးဘူးလား'

စိန်။ ။ 'မထသေးဘူး'

ကျော်။ ။ 'ကိစ္စမရှိဘူး၊ ဒါဖြင့် သူ့အိပ်ခန်းထဲကို ကျုပ်ဝင်တွေ့ချေတော့မယ်။ သွားတော့နော် ကိုစံရှား'

ငင်းနောက် ဦးထွန်းကျော်သည် အိမ်ပေါ်သို့ တက်သွားလေ၏။

စိန်။ ။ 'ဒါထက် ချက်တာကျီဘာဘူဟာကောရှင်'

ရှား။ ။ 'စိတ်ချပါ၊ သူတို့ မတွေ့နိုင်တဲ့နေရာကို ကျုပ်ပို့ထားလိုက်ပါပြီ'

စိန်။ ။ 'ဘယ်မှာလဲရှင်'

ရှား။ ။ 'သမိုင်းမှာ'

ထို့နောက် ဦးစံရှားသည် အကြောင်းကြီးငယ်ရှိက မိမိထံ တယ်လီဖုန်းနှင့် ဆက်၍ ပြောကြားရန် မှာထားပြီးလျှင် နန္ဒဝန်အိမ်မှ ထွက်လာခဲ့ရာ ကိုဖိုးထူးလည်း နောက်မှ လိုက်ပါလာလေ၏။

❖

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ခြောက်

လှူစလမ်း (ဆိပ်ကမ်းသာလမ်း) ရှိ မိမိနေအိမ်သို့ ဆိုက်ရောက်သောအခါ ဦးစံရှားသည် ကိုဖိုးထူးအား ကားပေါ်၌ စောင့်ထားခဲ့၍ အိမ်ပေါ်သို့ တက်ပြီးလျှင် ၁၀ိတန် ငွေစက္ကူတစ်ချပ်ကို ယူခဲ့၍ ကိုဖိုးထူးအား ပေးလျက်

ရှား။ ။ 'ရော့ ကိုဖိုးထူး၊ မနေ့ညက ကျုပ်အလုပ်ကို ကူညီတဲ့ အတွက် စျေးသုံးဖို့ ယူသွားဦး'

ကိုဖိုးထူးသည် အလုပ်ပြုတ်နေသည့်အခါ၌ ရရှိသော ငွေ ၁၀ိ ကို ဝမ်းမြောက်ဝမ်းသာ အိတ်ထဲသို့ထည့်၍ မည်သည့်ကိစ္စနှင့်မဆို မိမိအား ခိုင်းစေရန်အကြောင်းနှင့် မှာထားပြီးလျှင် ထွက်သွားလေ၏။ ၎င်းနောက် ဦးစံရှားသည် ဒရိုင်ဘာအား ကားကို ကားရုံသို့ သွင်းရန် အမိန့်ပေး၍ အိမ်ပေါ်သို့ တစ်ဖန် တက်သွားပြီးလျှင် ထိုနေ့ထုတ် 'သူရိယ' သတင်းစာ ကို ကောက်ယူဖတ်ရှုရာ အောက်ပါ ထူးဆန်းသော သတင်းကို တွေ့ရ လေ၏။

### တွံတေးမြို့ လူသတ်မှုအကြောင်း

'ကျွန်ုပ်တို့ သတင်းစာတွင် ယခင်က ဖော်ပြခဲ့ဖူးသည့် တွံတေးမြို့ စျေးအနီး၌ တွေ့ရှိရသော အလောင်းမှာ ဒိုင်ဘာဘူ ချက်တာကျီ၏ စာရေး ဂို့ရှ်ဖြစ်သည်ဟူ၍ ထင်မိကြောသိရ



www.burmeseclassic.com

www.burmeseclassic.com



ကြောင်း၊ စိန်ဘာဘူ ချက်တာဂျီသည် လွန်ခဲ့သော လအတွင်းက ကာလကတ္တားမြို့မှ ရန်ကုန်မြို့သို့ ပြောင်းရွှေ့၍ မဂိုလမ်းတွင် စိန်တိုက်ကြီးဖွင့်လှစ်လျက်ရှိရာ ကွယ်လွန်သူ ဂို့ရှ်မှာ အိန္ဒိယပြည်မှ လိုက်ပါလာခဲ့သော စာရေးဖြစ်သည်ဟူ၍ သိရှိရကြောင်း၊ ကွယ်လွန်သူ ဂို့ရှ်မှာ ဘာဘူချက်တာဂျီ စေခိုင်းသောကိစ္စတစ်ခုနှင့် တွံတေးမြို့သို့ သွားရောက်ခြင်းဖြစ်သည်ဟု ကြားသိရကြောင်း၊ ဂို့ရှ်ကို သတ်သောသူသည် ဂို့ရှ်နှင့်အတူ ပါသွားသော အဖိုးငွေ ၅၀၀၀ိ ကျော်တန် စိန်များနှင့် ရွှေလက်ပတ်နာရီကိုပါ ဖြုတ်ယူသွားကြသည် ဖြစ်သောကြောင့် သတ်ဖြတ်ခြင်းအကြောင်းရင်းမှာ ရန်ငြိုး ရှိသောကြောင့် မဟုတ်၊ ပစ္စည်းအတွက်သက်သက်ဖြစ်သည်ဟု စုံစမ်းသိရှိရကြောင်း၊ စိန်ဘာဘူချက်တာဂျီမှာမူ မကြာမီအခါက နာဖျားမကျန်းမာ ရှိခဲ့သော်လည်း ယခုအခါ၌ ကောင်းစွာ ကျန်းမာပြီဖြစ်၍ ကျွန်ုပ်တို့သတင်းထောက်၏ မေးခွန်းများကို ဖြေဆိုနိုင်ပြီဖြစ်ကြောင်း၊ ဂို့ရှ်ကို သတ်သော သူများသည် အလောင်းကို သူတစ်ပါးမမှတ်မိစေခြင်းငှာ မျက်နှာကို ဓားဖြင့် လှီးဆွ ခုတ်ဖြတ်ကြသည် မှန်သော်လည်း ရှပ်အင်္ကျီ အိတ်တွင်း၌ ထည့်ထားသော စာတစ်စောင်ကို မျက်စိလျှမ်းသွားသဖြင့် မယူမိဘဲ ချန်ထားခဲ့ရာတွင် ပုလိပ်တို့သည် မည်သူမည်ဝါ၏ အလောင်းဖြစ်ကြောင်းကို ခြေရာခံမိကြသည်ဖြစ်ကြောင်း ဤအမှု၌ စုံထောက် အင်စပိတ်တော် ဦးထွန်းလှကိုယ်တိုင် လိုက်လံစုံစမ်းလျက်ရှိသဖြင့် မကြာမီ သဲလွန်စရလိမ့်မည်ဟု မျှော်လင့်ကြကြောင်း;'

ဦးစံရှားသည် ချက်တာဂျီ၏ အကြောင်းကို ဖတ်ရသောအခါတွင် များစွာ ယုံမှားခြင်းဖြစ်လျက် ရှိ၏။ မိမိသည် ချက်တာဂျီကို



www.burmeseclassic.com

www.burmeseclassic.com



သမိုင်းသို့ လှူဒါန်းရန်ဝက်စွာ ပို့ထားပါလျက် သတင်းထောက်၏ မေးခွန်းများကို ဖြေဆိုလျက် ရှိသည်ဆိုခြင်းမှာ မည်ကဲ့သို့ ဖြစ်နိုင်ချေသနည်းဟု တွေးတော၍ မရနိုင်အောင် ရှိ၏။ သို့ဖြစ်၍ ဦးစံရှားသည် တယ်လီဖုန်းကို ကောက်ယူ၍ သမိုင်းမြို့၌ ချက်တာရိုဘာဘူကို စောင့်ရှောက်လျက်ရှိသော မိမိမိတ်ဆွေ ကိုသန်းဖေထံ အကျိုးအကြောင်း မေးမြန်းရာ ကိုသန်းဖေက ယခု စကားပြောနေသောခဏ၌ ချက်တာရိုဘာဘူသည် ခုတင်ပေါ်၌ ရှိနေကြောင်း ပြန်ကြားပြောဆိုလေ၏။

ထိုအခါ ဦးစံရှားသည် သတင်းထောက်၏ မေးခွန်းများကို ဖြေဆိုသည်ဆိုသော ချက်တာရိုမှာ ချက်တာရို အစစ် မဟုတ်နိုင်၊ အတုသာလျှင် ဖြစ်ရမည်။ အကယ်၍ အတုဖြစ်ခဲ့လျှင်လည်း အခြားသူ မဟုတ်နိုင်၊ ဦးထွန်းကျော်၏ ဂိုဏ်းသား တစ်ယောက်သာလျှင် ဖြစ်ရမည်ဟု တွေးတောမိ၏။ ယင်းသို့ တွေးတောမိသည်နှင့်တစ်ပြိုင်နက် ဦးစံရှားသည် မိမိကိုယ်ကို ရုပ်ဖျက်ပြီးနောက် လမ်းလျှောက်တုတ်ကောက်ကို ကောက်ယူ၍ တိုက်ပေါ်မှ ဆင်းလာပြီးလျှင် မဂိုလမ်း (ရွှေဘုံသာလမ်း) သို့ လျှောက်လာလေ၏။ ချက်တာရိုဘာဘူ တည်းခိုနေထိုင်သော တိုက်သို့ ရောက်သောအခါ လှေကားတွင် ဒရဝမ်နှင့် တွေ့၍ ဒရဝမ်က တက်ရန် ခွင့်မပြုနိုင်ကြောင်းနှင့် ငြင်းဆန်လျက် ရှိ၏။ အကြောင်းကို မေးမြန်း သောအခါ သတင်းစာတိုက်မှ သတင်းထောက်များ မကြာခဏ လာရောက် နှောင့်ယှက်သောကြောင့် မည်သူမျှ မတက်စေရဟု အမိန့်ပေးထားကြောင်းနှင့် သိရှိရ၏။ ထိုအခါ ဦးစံရှားက ဒရဝမ်ကုလားအား ဦးထွန်းကျော်ဆပ်ထံမှ စေလွှတ်လိုက်သော လူတစ်ယောက် လာရောက်သည်ဟု ချက်တာရိုဘာဘူကို သွားရောက်ပြောကြားရန် စေခိုင်း၍ ငါးကျပ်တန် စက္ကူတစ်ချပ် လက်ဆောင်ထိုးလိုက်ရာ ဒရဝမ်သည် ငွေမျက်နှာကြောင့် မှာသည့်အတိုင်း ပြောပါမည်ဟု ဝန်ခံလျက် တိုက်ပေါ်သို့ တက်သွားလေ၏။



www.burmeseclassic.com

www.burmeseclassic.com



တစ်ခဏမျှ ကြာသောအခါ ဒရဝမ်သည် တိုက်ပေါ်မှ ဆင်းလာ၍ ချက်တာဂျီဘာဘူက တွေ့ရန် သဘောတူကြောင်း ပြောပြပြီးလျှင် ဦးစံရှားအား တိုက်ပေါ်သို့ ခေါ်သွားလေ၏။ ဒုတိယအထပ်သို့ ရောက်သောအခါ ဒရဝမ်သည် တံခါးကို ဖွင့်ပေး၍ ဦးစံရှားအား ဝင်စေရာ ဦးစံရှားသည် အခန်းထဲသို့ ဝင်ပြီးနောက် တံခါးကို ပိတ်ထားလိုက်လေ၏။ ၎င်းနောက် တစ်ခုသော ပက်လက်ကုလားထိုင်မှထ၍ မိမိအား ခရီးဦးကြိုပြုလျက်ရှိသော သူကို ဦးစံရှား မြင်ရသောအခါ မျက်လုံးများ ထိုပင် ပွတ်၍ ကြည့်မိ၏။ အကြောင်းမူကား ထိုသူသည် မိမိဝှက်ထားသော ချက်တာဂျီဘာဘူနှင့် တစ်သဝေမတိမ်းအောင် တူညီလှပေသောကြောင့်တည်း။ ဦးထွန်းကျော်၏ ဂိုဏ်းသားများမှာ လူဦးရေ အတော်အတန် များပြားမည်ဟူ၍ ဦးစံရှား ခန့်မှန်းမိသော်လည်း ကုလားလူမျိုးများပင် ပါဝင်လျက် ရှိနေကြောင်းကိုမူ စိတ်ကူးမရမိချေ။ ချက်တာဂျီ ယောင်ဆောင်သော ကုလားသည် ချက်တာဂျီ၏ အရုပ်အမောင်း ချက်တာဂျီ၏ မျက်နှာ၊ ချက်တာဂျီ၏ ကိုယ်ဟန်အမူအရာလည်း ရှိပေ၏။

လား။ ။ 'ခင်ဗျားကို ကျုပ် မသိပါလား။ ခင်ဗျား ဘယ်သူလဲ'

ရှား။ ။ 'ကျုပ်တို့ ဂိုဏ်းသားများဟာ တစ်ယောက်ကို တစ်ယောက် သိတယ်လို့ ဘယ်တုန်းက ထုံးစံရှိသလဲ။ ဒါထက် ခင်ဗျားဟာ ချက်တာဂျီနဲ့ သိပ်တူသဗျာ။ ကျုပ်တောင် အထင်မှားမိတယ်'

လား။ ။ (သဘောကျဟန်နှင့် ရယ်မောလျက်) 'ငွေများများ ရမယ်ဆိုလို့ ကျုပ်လုပ်ရတယ်။ အားကြိုးကြောက်ဖို့ ကောင်းတယ်'

ရှား။ ။ 'ကျုပ်တို့ဆရာက အလုပ်ကောင်းကောင်း လုပ်ရင် ငွေ ကောင်းကောင်းပေးတယ်။ ကောင်းကောင်း မလုပ်ရင်'

ဦးစံရှားသည် စကားကို ဆုံးအောင် မပြောဘဲ လည်ပင်းကို



www.burmeseclassic.com

www.burmeseclassic.com



လက်ညှိုးနှင့် ရစ်၍ ပြလေ၏။

လား။ ။ 'ဂိုရ်ကို သတ်တဲ့အကောင် အားကြီးမိုက်တယ်။ ခြေရာပျောက်ဖို့ အမိန့်ပေးတယ်။ သူက အိတ်ထဲက စာကို ချန်ထားခဲ့တယ်'

ရှား။ ။ 'တွဲတေးက အမှုဟာလား။ ဒီဟာ ဆွာမိလက်ရာ မဟုတ်လား'

လား။ ။ 'ဒီဟာ ကျုပ်တို့ ကုလား မဟုတ်ဘူး။ ကုလား ဒီလို မလုပ်ဘူး။ ခင်ဗျားတို့ အားကြီးဖျင်းတယ်။ ဟို စုံထောက်ကောင်ကို သတ်ပြီးပြီလား'

ရှား။ ။ 'ဘယ်သူလဲ စံရှားလား'

လား။ ။ 'စံရှားလား၊ စံထားလား မသိဘူး'

ရှား။ ။ 'ယခုတော့ မသတ်ရသေးဘူး။ သို့သော်လဲ ကျုပ်တို့ ဆရာကြီး စိမ်ရင် မကြာခင် ဒီအကောင် သေဖို့ပါပဲ'

လား။ ။ 'ကျုပ် ဒီမှာ ကြာကြာမနေနိုင်ဘူး။ သတင်းထောက်တွေ ခဏခဏ လာပြီး မေးကြတယ်။ ချက်တာဂျီကို မြန်မြန်ကြီး တွေ့အောင် ရှာကြရမယ်'

ရှား။ ။ 'ဆရာကြီး အထူးကြိုးစားနေပါတယ်။ စိတ်ချပါ'

လား။ ။ 'စိတ်ချတာ ကိစ္စမရှိဘူး။ ပုလိပ်ဘက်က စုံစမ်းတာကိုလဲ ကြောက်ရသေးတယ်။ ဆရာကြီးက ကျုပ်ကို ဘာမှာလိုက်သလဲ'

ဦးစံရှားသည် စားပွဲပေါ်၌ တင်ထားသော မိမိ၏ တုတ်ကောက်ကို ကောက်ယူမည် ပြုလေရာ ထိုသူသည် ရုတ်တရက် သက်ဘမကျ ဖြစ်လာသည်နှင့် တံခါးရှိရာသို့ တစ်ချက်တည်း ခုန်လွှားပြီးလျှင် တံခါးကို ကျောနှင့်မှီကာ ဦးစံရှားဘက်သို့ လှည့်လေ၏။

လား။ ။ 'ခင်ဗျား ဘယ်သူလဲ' ဟု မေးပြောဆိုဆိုနှင့်



www.burmeseclassic.com

www.burmeseclassic.com



အင်္ကျီအိတ်မှ မောင်းချခား တစ်စင်းကို ထုတ်ကာ ဆုပ်ကိုင်ထားလေ၏။

ရှား။ ။ '(ထိုသူ၏ အရိပ်အကဲကို မျက်တောင် မခတ်ဘဲ ကြည့်လျက်) 'ခင်ဗျားပြောတဲ့ စုံထောက်ကောင်ဆိုတာ ကျုပ်ပေါ့။ လက်ထဲက ဘာများလဲ။ သွားကြားထိုးတံလား။ မလုပ်နဲ့လေ၊ မတော်တဆ ခိုက်မိပြုမိရှိပါ့မယ်'

ထိုသူသည် တံခါးကို ကျောခိုင်းလျက် ခပ်ကုန်းကုန်း အနေအထားဖြင့် ချောင်းလျက်ရှိရာ ဦးစံရှားသည် ပြောရင်း ဆိုရင်းနှင့် ထိုသူ၏အနီးသို့ တဖြည်းဖြည်း ချဉ်းကပ်လေ၏။ ဂျပန်သိုင်းဆရာကြီး၏ လက်အောက်၌ သင်ကြားစဉ် သိုင်းဆရာကြီးက အရေးတကြီး မှာထားခဲ့သော အချက်တစ်ခုမှာ ဤသို့သော ကိစ္စမျိုး၌ မိမိ၏ ရန်သူကို တတ်နိုင်သမျှ စိတ်အာရုံပြောင်းစေရန် ကြိုးစား၍ မိမိအားမှု ရန်သူ မည်သည့်နည်းနှင့်မျှ တခြားသို့ စိတ်ရောက်အောင် မပြုလုပ်နိုင်စေရန် ဖြစ်လေသည်။ သို့ဖြစ်၍ ဦးစံရှားသည် ရန်သူအား စေ့စေ့ကြည့်လျက် ရန်သူ၏ စိတ်အာရုံ ပြောင်းလဲစေခြင်းငှာ စကားတတွတ်တွတ် ပြော၍ အနီးသို့ တဖြည်းဖြည်း ချဉ်းကပ်လေ၏။

ရှား။ ။ 'ခင်ဗျားတော့ ဒုက္ခပဲ၊ ဆရာကြီးလုပ်တဲ့ လူက ကိုယ့်တာဝန်ကိုယ် ကျေပွန်အောင် မလုပ်တဲ့ လူများကို ဘယ်လို စီရင်သလဲ၊ သည်ပင်းကို ဖြတ်တယ် ဟုတ်စ။ အင်း တစ်နေ့တော့ ခင်ဗျားကို သည်ပင်းပြတ်ကလေးနဲ့ မြင်ရချည်သေးရဲ့ဗျာ'

ထိုခဏ၌ ရန်သူကုလားသည် မိမိခံရလတ္တံ့သော အဖြစ်ဒဏ်ကို တွေးတောမိသည်ဖြစ်၍ ဦးစံရှား၏ မျက်နှာကို စိုက်လျက်ကြည့်နေရာမှ တစ်ခဏတာကလေးမျှ မျက်လုံးကို နံဘေးသို့ ရှောင်လွှဲမိရာ ထိုတစ်ခဏအတွင်း၌ ဦးစံရှားသည် သမင်ကို ခုန်၍ ဖမ်းသော ကျား၏ အလျင်မြန်ခြင်းဖြင့် လွှားခနဲ ခုန်လိုက်လေ၏။ နောက်တစ်ခဏ၌ ဦးစံရှား၏ လက်ဝဲဘက်လက်သည် မောင်းချခား ကိုင်ထားသော ထိုသူ၏လက်



www.burmeseclassic.com

www.burmeseclassic.com



ယာဘက် လက်ကောက်ဝတ်ကို မြဲမြံစွာ ဆုပ်ကိုင်၍ လက်ယာလက်ဖြင့် လည်ပင်းကို ညှစ်ပြီးလျှင် တံခါးဆီသို့ တွန်းမှီထားလေ၏။ ၎င်းနောက် ဦးစံရှား၏ လက်ယာ လက်ချောင်းများသည် လည်ချောင်းပေါ်၌ ခွန်အားတိုးသည်ထက် တိုးလာ၍ အသက်ရှုပေါက်ဖြစ်သော လေလမ်းကို တိုး၍ တိုး၍ ဖျစ်ညှစ်ရာတွင် ထိုသူသည် မျက်လုံးများပေါက်ထွက်မတတ် ပြူးလာ၍ အားလပ်လျက်ရှိသော လက်ဝဲလက်သည် ဦးစံရှား၏ မျက်နှာရှိရာသို့ ယောင်ယမ်းကာ ထိုးပုတ်လေ၏။ သို့ရာတွင် ဦးစံရှားမှာ အလွန်တရာ လက်တံကောင်းလှသော လူတစ်ယောက် ဖြစ်ရကား ထိုသူ၏ လက်သီးသည် မျက်နှာနှင့် တစ်လက်မခန့် ဝေးလျက်ရှိလေ၏။ နောက်ဆုံး၌ ထိုသူသည် အသက်မရှုနိုင်သည့်တိုင်အောင် လည်ပင်းအစ်လှသည်ဖြစ်၍ လက်ယာဘက်လက်၌ ဆုပ်ကိုင်ထားသော မောင်းချဓားသည် ကြမ်းပေါ်သို့ လွတ်ကျပြီးလျှင် တစ်ကိုယ်လုံး ပျော့ခွေသွားလေ၏။

ထိုအခါ ဦးစံရှားသည် မောင်းချဓားကို ခြေဖြင့် ယက်ယူ၍ လည်မျို၌ ညှစ်ထားသော လက်ကို လျှော့လိုက်ပြီးလျှင် ထိုသူကို ကြမ်းပေါ်သို့ လှဲချလိုက်လေ၏။

ရှား။ ။ 'ဘယ့်နှယ်ရှိစ ငါ့လူ၊ ငါ့ကိုများ မောင်းချဓားကလေးဘာကလေးနဲ့၊ ဟင်း မင်း ဆရာကြီးကိုတော့ မင်း တတ်နိုင်သမျှ ကြိုးစားတဲ့အကြောင်း သူကျေနပ်အောင် မင်း လည်ပင်းက အမှတ်ကို ပြရစ်မယ်တော့။ ကိုင်း ငါသွားမယ်ဟေ့'

၎င်းနောက် ဦးစံရှားသည် မိမိ၏ တုတ်ကောက်ကို ကောက်ယူ၍ 'မင်းဓားကိုတော့ လက်သည်းလှီးရအောင် ငါ ယူသွားပြီဟေ့' ဟု ပြောကာ ထွက်တော့မည်ပြုရာတွင် ထိုလူသည် ကြမ်းပေါ်မှ လူးလှိမ့်ကာ ထမည်ပြုသော်လည်း မထနိုင်သဖြင့် လည်ပင်းကို နှိပ်ကာ ကျန်နေရစ်ခဲ့လေ၏။



www.burmeseclassic.com

www.burmeseclassic.com



ဦးစံရှားသည် တိုက်ပေါ်မှ ဆင်းလာ၍ မိမိ၏ နေအိမ်သို့ ပြန်လာပြီးလျှင် မူလရုပ်အသွင်အတိုင်းဖြစ်အောင် အဝတ်များ လဲလှယ်ပြီးနောက် တူးဆီတာကားနှင့် သမိုင်းသို့ ထွက်လာခဲ့လေ၏။ ချက်တာဂျီကို ဝှက်ထားရာဖြစ်သော နေအိမ်မှာ ဦးစံရှားပိုင် အိမ်ဖြစ်လေရာ ကျယ်ဝန်းစွာသော ခြံကြီးအတွင်း မကြီးမငယ် သပ်ရပ်စွာ ဆောက်လုပ်ထားသော အိမ်ဖြစ်၍ အရွယ်ကြီးရင့်သောအခါ၌ အပျင်းပြေ ဥယျာဉ် စိုက်ပျိုးရန် ကြံရွယ်ချက်နှင့် ဆောက်လုပ်ထားခြင်း ဖြစ်လေသည်။

ချက်တာဂျီကို စောင့်ကြည့်ရန် တာဝန်ပေးထားသော ဦးစံရှား၏ မိတ်ဆွေ ကိုသန်းဖေသည် ခရီးဦးကြိုပြု၍ မိမိ၏တာဝန်ကို ကောင်းစွာဆောင်ရွက်ကြောင်းဖြင့် ပြောဆိုပြီးလျှင် လူနာကို ပြသရာ ချက်တာဂျီမှာ မည်သူမည်ဝါဟူ၍ မှတ်မိလောက်အောင် သတိကောင်းစွာ မရသေးသော်လည်း ထူထူထောင်ထောင် ရှိခဲ့လေပြီ။ ၎င်းနောက် ဦးစံရှားသည် ကိုများ၏ ဇနီး မစံမယ်ကိုခေါ်၍ မိမိတို့အတွက် ညစာချက်ပြုတ်ရန် အမိန့်ပေးရာတွင် မစံမယ်က လူတစ်ယောက်သည် ခပ်စောစောအချိန်က မီးဖိုသမံတလင်းကို ပြင်ဆင်ရန်အတွက် ဦးစံရှားက လွှတ်လိုက်ကြောင်းနှင့် ပြော၍ အသင့်အတင့် ပြင်ဆင်ပေးသွားကြောင်းနှင့် ပြောပြလေ၏။ ဦးစံရှားမှာ ထိုသူကို မိမိစေလွှတ်လိုက်ခြင်း မဟုတ်သဖြင့် ဦးထွန်းကျော်သည် ဉာဏ်ပေတည်းဟု ဆင်ခြင်တွေးတောမိရာတွင် ဦးထွန်းကျော်တို့လူစုသည် ချက်တာဂျီအား ဝှက်ထားရာ နေရာ သိသွားချေပြီတကားဟု များစွာ စိုးရိမ်ခြင်း ဖြစ်မိ၏။ အကယ်၍ ဦးထွန်းကျော်သည် ဤအိမ်၌ ချက်တာဂျီ ရှိကြောင်း သိခဲ့သည်ဖြစ်ပါမူ အရာရာမျိုး၌ ဖင့်နွဲ့ ဆိုင်းတွခြင်းတည်းဟူသော ဝါသနာမရှိသူ တစ်ယောက်ဖြစ်သည့်အတိုင်း ယနေ့ညချိန်လျှင် ဖမ်းဆီးရန် အားထုတ်မည့် အကြောင်းကိုလည်း တွေးတောမိ၏။ သို့ဖြစ်၍ ဦးစံရှားသည် ထမင်းချက် မိန်းမကြီးအား လူ လေးယောက်အတွက် ညစာချက်ပြုတ်ရန် မှာထားပြီးလျှင် မော်တော်ကားနှင့် [illegible]



www.burmeseclassic.com

www.burmeseclassic.com



ထွက်သွား၍ ရာဇဝတ်အုပ်ကျ ဦးဖိုးထူးနှင့် မိတ်ဆွေကိုအုန်းဖေတို့ကို တင်ဆောင် ခေါ်လာခဲ့လေ၏။

ထိုညသို့ ဦးစံရှားသည် မိတ်ဆွေ သုံးယောက်တို့နှင့်အတူ ဦးစီး ထမင်းစားသောက်ကြ၍ ကိုဖိုးထူး၏ အကြိုက်ဖြစ်သော ဝီစကီ တစ်ပုလင်းကို ဆိုဒါပုလင်းအပြည့်အစုံနှင့်တကွ စားပွဲပေါ်တွင် တည်ခင်း ပြီးလျှင် ဤညသည် အထူးအရေးကြီးသောည ဖြစ်သောကြောင့် တစ်လှည့် ချင်း နှစ်ယောက်ကျ မအိပ်ဘဲ စောင့်နေရန်လိုကြောင်းကို ပြောပြလေ၏။

ထူး။ ။ (ဝီစကီနှင့် ဆိုဒါကို ကျိုက်ချပြီးနောက်) 'စောင့်ရတာ တော့ စိတ်ချပါ ဦးစံရှားရယ်။ ခင်ဗျားတို့ အိပ်ကြပါ။ ကျွန်တော် တစ်ယောက်တည်း စောင့်ပါမယ်။ ဝီစကီသာ လုံလောက်အောင် ပေး ထားပါ'

ရှား။ ။ 'စိတ်ချပါ ဆရာကြီး၊ နောက်တစ်ပုလင်း ရှိပါသေး တယ်။ သို့သော်လဲ သိပ်မမူးစေနဲ့ဗျနော်၊ အိပ်ငိုက်ကုန်မယ်'

ထူး။ ။ 'ခင်ဗျားတို့တော့ မဆိုနိုင်ဘူး၊ ကျွန်တော်တော့ ဝီစကီ များများ ဝင်လေ မျက်လုံးကျယ်လေဗျ'

ဆေး။ ။ 'ကျွန်တော်တို့ဖို့တော့ လက်ဖက်ရည်ကလေးနဲ့နဲ ဝယ် ထားဗျ'

အုန်း။ ။ 'ကျွန်တော်တော့ လက်ဖက်ရည်ကြမ်းရရင် တော်ပါပြီ'

ရှား။ ။ 'ကျွန်တော်တော့ အချဉ်စားမှ မျက်လုံးကျယ်တတ် တယ်ဗျာ၊ ရှောက်သီးသုပ်ဖို့ ခိုင်းဦးမှပဲ၊ အလို၊ ပြောတွင်းဆိုတွင်း သတိ လစ်ခနဲ ဖြစ်သွားလေဗျာ'

ထူး။ ။ 'ဝီစကီကလေးကို ဆိုဒါမထည့်ဘဲ နဲနဲကျိုက်ချလိုက် တာဗျာ၊ အလို ဟုတ်တယ်ဗျို့၊ ကျုပ်လဲပဲ ကျုပ်လဲပဲ'

အုန်း။ ။ 'ဗွား ဗွား သမ်းလိုက်လေဗျာ ဘာဖြစ်ပါလိမ့်



www.burmeseclassic.com

www.burmeseclassic.com



ယေ။ ။ 'ခင်ဗျားတို့ ခင်ဗျားတို့'

ငှင်းနောက် လူလေးယောက်တို့သည် ပက်လက်ကုလားထိုင်ပေါ်၌ပင် အသီးသီး ငိုက်မျဉ်းရာမှ အိပ်ပျော်ခြင်းသို့ ရောက်ကြလေကုန်၏။ မစံမယ်မှာလည်း ညှော်ခန်းမှ လူများကို ထမင်းကျွေးပြီးနောက် အစေခံမိန်းမတို့၏ ထုံးစံအတိုင်း ဟင်း အကပ်အသပ်ကလေးကို အိုးလှူး၍ စားရာမှ လက်ကိုမျှ မဆေးကြောနိုင်ဘဲ မီးဖိုချောင်၌ အိပ်ပျော်လျက် ရှိလေ၏။

ငှင်း ညဉ့် ၁၂ နာရီအချိန်ခန့်တွင် ဘတ်စ်ကားတစ်စီးသည် အိမ်ဝင်းထဲသို့ ဝင်လာ၍ အိမ်ရှေ့၌ ရပ်ပြီးလျှင် လူလေးယောက်တို့သည် ကားပေါ်မှ ဆင်းသက်လေ၏။ ထိုအခါ လူတစ်ယောက်သည် အိမ်နောက်ဆီမှ ပြေးထွက်လာ၍ ကားပေါ်မှ ဆင်းသူတစ်ယောက်က

'ဘယ့်နှယ်လဲဟေ့၊ မောင်မှတ်'

'အားလုံးနေရာကျတယ် ဆရာ'

'အိပ်ကုန်ကြတာ ဘယ်လောက်ကြာပြီလဲဟေ့'

'၉ နာရီလောက်ကတည်းကပဲ ဆရာ'

'ဟန်ကျသကွယ်၊ ကိုင်းလာကြဟေ့'

ငှင်းနောက် ငါးဦးသော သူတို့သည် အိမ်တွင်းသို့ ဝင်သွားကြလေရာ အိမ်ရှေ့ညှော်ခန်းတွင် ပက်လက်ကုလားထိုင်အသီးသီးနှင့် အိပ်ပျော်လျက်ရှိသော လူလေးယောက်တို့ကို တွေ့မြင်ရလေ၏။ ထိုအခါ ခေါင်းဆောင်လုပ်သော သူသည် ဦးစံရှား၏ ကုလားထိုင်အနီးသို့ ချဉ်းကပ်၍ မျက်နှာကို စေ့စေ့ကြည့်လျက် 'ငါ့ပါးချိတ်ကော်သတ်တဲ့ အကောင်ခင်းပဲနော်' ဟု ပြော၍ ရင်ဝကို ဖနောင့်နှင့် ပေါက်လေရာ ဦးစံရှားမှာမူ ချွန့်ရုံမျှပင် မလှုပ်နိုင်ချေ။ 'နေဦးကွယ်၊ မင်းတော့ ဒီလိုအခါမှာ မလုပ်သေဘူး၊ သတိရတော့ မြော်နေအောင် တစ်ခါတော့ လုပ်ပေးဦးမယ်' ဟု ပြော၍ အိပ်ခန်းထဲသို့ ဝင်သွားလေ၏။ ခုတင်ပေါ်၌ကား ချင်းပါအကျီ



www.burmeseclassic.com

www.burmeseclassic.com



ဘာဘူသည် အိပ်ပျော်လျက်ရှိရာ မောင်သန်းကြွယ်သည် မိမိ၏ တပည့်များအား ဘာဘူကုလားကို ကားပေါ်သို့ ပွေ့တင်ရန် အမိန့်ပေးလေ၏။ ၎င်းနောက် မောင်သန်းကြွယ်နှင့် တပည့်များသည် ကားပေါ်သို့ တက်ကြ၍ မော်တော်ကားသည် ရန်ကုန်ဘက်သို့ မောင်းနှင်၍ သွားလေ၏။

❖



www.burmeseclassic.com

www.burmeseclassic.com

# အခန်း ခုနစ်

နောက်တစ်နေ့နံနက်၌ ဆွမ်းခံသော ကိုရင်များနှင့် ကျောင်းသားကလေးများသည် အိမ်ရှေ့မှရပ်၍ 'ဆွမ်းတော်ဖို့၊ ဆွမ်းတော်ဖို့' ဟု အော်ဟစ်ကာ ပြောကြငြားသော်လည်း ဦးစံရှား၏ အိမ်သူအိမ်သားများသည် လှုပ်ရှားခြင်း မရှိသဖြင့် စိတ်ပျက်စွာနှင့် ထွက်သွားကြလေ၏။ ၎င်းနောက် နွားနို့ကုလား ရောက်လာ၍ 'နွားနို့ မမ' ဟု ဟစ်အော်ပြောသော်လည်း တိတ်ဆိတ်လျက်ပင် ရှိနေ၏။ ၉ နာရီအချိန်ခန့်တိုင် ရောက်သောအခါမှ ရေသည် ကုလားရောက်လာ၍ မီးဖိုချောင်၌ ရေဝင်၍ လောင်းရာတွင် ထမင်းပွဲတန်းလန်းနှင့် အိပ်ပျော်လျက်ရှိသော မစံမယ်ကို တွေ့သဖြင့် သင်္ကာမကင်းသည်နှင့် လှုပ်၍ နှိုးလေ၏။ မစံမယ်သည် ထိုအခါမှ လန့်နိုး၍ မျက်လုံးများကို ပွတ်ပြီးလျှင် လက်ဆေး မျက်နှာသစ်ပြီးနောက် အိမ်ရှေ့၌ ပက်လက်ကုလားထိုင်ကိုယ်စီနှင့် အိပ်နေသော သူများကို တစ်ယောက်ပြီး တစ်ယောက် လှုပ်နှိုးလေ၏။

ဦးစံရှားသည် အိပ်ရာမှ နိုးလာပြီးနောက် ယမန်ညဉ့်က အဖြစ်အပျက်များကို ပြန်လှန်တွေးတောရာတွင် မိမိတို့အားလုံးမှာ ဆေးမိကြခြင်းဖြစ်သည့် အကြောင်းကို တွေးတောမိ၏။ ၎င်းနောက် မစံမယ်အား ယမန်နေ့က မီးဖိုချောင်တွင် သမံတလင်း ပြင်သော သူအကြောင်းကို မေးမြန်းရာ ထိုသူသည် မီးဖိုပေါ်၌ တည်ထားသော ကြက်သားဟင်းအိုးအနီးတွင် သမံတလင်းပြင်လျက် ရှိကြောင်း၊ မစံမယ်မှာလည်း အခြားချက်ပြုတ်ရန် ကိစ္စများကို ဆောင်ရွက်နေရသဖြင့် ထိုသူအား စောင့်ကြည့်



www.burmeseclassic.com

www.burmeseclassic.com



နေရန် အချိန်မရကြောင်းနှင့် ပြန်ပြောလေ၏။ ယင်းသို့ ဖြစ်ရကား ထိုသူသည် မိမိတို့ စားသောက်မည့် ကြက်သားဟင်းထဲတွင် မူးစေတတ်သည့် ဆေးတစ်မျိုးမျိုး ခတ်ထားခဲ့ကြောင်း ထင်ရှားစေ၏။

ဦးစံရှားသည် ထိုင်ရာမှ ရုတ်တရက်ထ၍ အိပ်ခန်းထဲသို့ ဝင်ကြည့်ရာ ချက်တာကျိဘာဘူ မရှိတော့သည့် အကြောင်းကို တွေ့ရသဖြင့် နှုတ်ခမ်းကိုက်ကာ ဆင်ခြင်တွေးတောလျက် ရှိ၏။

ဆေး။ ။ 'ဘယ့်နှယ်လဲ ဆရာ၊ ချက်တာကျိကော'

ရှား။ ။ 'ဘယ်က ရှိတော့မှာလဲဗျာ။ ကိုင်း သို့သော် ဒီတစ်လှည့် သူတို့က အရေးသာသွားလို့ရှိမှ နောက်တစ်ပတ် ကျုပ်တို့ အလှည့်ဖြစ်စေရမှာပေါ့ဗျာ' ဟု ပြော၍ တယ်လီဖုန်းသို့ သွားပြီးလျှင် ငါးမိနစ်ခန့် စကားပြောလျက် ရှိလေ၏။

ငင်းနောက် ဦးစံရှားသည် မူးဝေခြင်းပြေပျောက်စေတတ်သော ဆေးများကို မိမိနှင့်တကွ အဖော်များကိုပါ သောက်စေပြီးနောက် မစံမယ်အားလည်း ညဦးက ဟင်းများကို အားလုံး သွန်ပစ်ပြီးလျှင် လူ ၆ ယောက်အတွက် နံနက်စာ ချက်ပြုတ်ရန် စေခိုင်းလေ၏။ ဦးစံရှားသည် ညီသူ့အားမျှ စကားမပြောဘဲ ပက်လက်ကုလားထိုင်ပေါ်၌ ထိုင်ကာ ဆေးတံသောက်ရင်း အကြံထုတ်လျက်ရှိရာ နာရီဝက်ခန့် ကြာသောအခါတွင် ကောလိပ်ကျောင်းသား နှစ်ယောက်တို့သည် တူးဆိတာ ကားကလေးတစ်စီးနှင့် ဆိုက်ရောက်လာကြလေ၏။

ကောလိပ်ကျောင်းသား နှစ်ယောက်တို့မှာ မြေပိုင်ရှင်၏ သားများ ဖြစ်ကြ၍ တစ်ယောက်မှာ စိနိယာ ဘီအေ၊ တစ်ယောက်မှာ စီနီယာ အိုင်အေ အတန်းတွင် အသီးသီး ပညာသင်ကြားလျက်ရှိကြရာ ... ထောက် ဦးစံရှားနှင့် အသိအကျွမ်း ဖွဲ့ပြီးလျှင် ၎င်းနိုင်းစေသမျှကို ဒေါ်လန်တီယာ အပျော်အမှုထမ်းအဖြစ်နှင့် ဆောင်ရွက်ကြ...များ ဖြစ်လေသည်။ ကျောင်းသား နှစ်ယောက်တို့သည် ထက်မြက်သော ဉာဏ်



www.burmeseclassic.com

www.burmeseclassic.com



ရည် ဉာဏ်စွမ်း ရှိကြသည့်အပြင် ရဲစွမ်းသတ္တိနှင့်လည်း ပြည့်စုံသူများ ဖြစ်ကြသဖြင့် ဦးစံရှားသည် အတော်အတန် စွန့်စားရ၍ ပျော်ရွှင်ဖွယ် ကောင်းသော ကိစ္စများတွင် ၎င်း ညီအစ်ကိုနှစ်ယောက်တို့၏ အကူအညီ ကို တောင်းခံလေ့ ရှိသည်။

'ဘယ့်နှယ်လဲ ဦး၊ ကျွန်တော်တို့နဲ့ တန်တဲ့အလုပ် ပေါ်လာ ပြန်ပြီလား'

'မောင်တို့နဲ့ သိပ်ပြီး အံကျတဲ့ အလုပ်တစ်ခု ပေါ်လာတယ်'

'ဆိုပါအုံး ဦးရယ်'

'ဒီကနေ့ည ၁၀ နာရီထိုးသည်နှင့် တစ်ပြိုင်နက် မောင်တို့ ညီအစ်ကိုနှစ်ယောက်နဲ့ ယောဒိက မိတ်ဆွေ သုံးယောက်က ချာချီလမ်း 'ကိုဓိုးကောနား' ဆိုတဲ့ အိမ်ရှေ့မှာ ကားတစ်စီးနဲ့ ခပ်ထွေထွေဟန်လုပ် ပြီး သီချင်းတွေ သံကုန်ဟစ်ဆို၊ နောက်ပြီးတော့ ဝင်းတံခါးကို ဝင်တိုက် ပြီးတဲ့နောက် အိမ်ရှင်ကို တောင်းပန်လိုတဲ့ သဘောနဲ့ အိမ်ဝင်းထဲ ဝင် သွားပြီ အိမ်ရှင်ကို တစ်နည်းနည်းနဲ့ ၁၀ မိနစ်လောက်ကြာအောင် အလုပ်ပေးထားကြရမယ်'

'စိတ်ချပါ ဦး၊ နို့ ဦးကကော'

'ကျုပ်ကတော့ အဲဒီအိမ်ထဲမှာ အလုပ်ရှိတာပေါ့'

'ဦးတစ်ယောက်တည်း တော်ပါ့မလား ဦးရယ်၊ မောင်သွင်ပဲ ဒီလူစုနဲ့ သွားပါစေလား။ ကျွန်တော် ဦးနဲ့ လိုက်ခဲ့မယ်'

'မလိုပါဘူး မောင်လွင်၊ သို့သော် အိမ်ကိုသေချာအောင် နေ့ လယ်ကတည်းက သေသေချာချာ သွားကြည့်ထားကြနော်'

'စိတ်ချပါ ဦးရယ်'

'ကားအတွက်က လိုသေးတယ်၊ မောင်တို့ကားကလေး မသုံး ဆန့်လဲ မဆန့်ဘူး။ တက္ကစီတစ်စီးကို နာရီပိုင်းနဲ့ ငှားကြပေတော့ နာရီလောက်ကစပြီး ငှားရင် တော်ပါပြီ။ မောင်းတော့ မောင်သွင်



www.burmeseclassic.com

www.burmeseclassic.com



ခေါင်းတာပေါ့။ ဈေး ရောင်းပေးဖို့ ငွေ ၂ဝ ယူသွားကြ။ နောင်ကားပျက် သဘောက်ကိုတော့ ဦး ကြည့်ပြီး လျော်လိုက်ပါ့မယ်'

'ကောင်းပါပြီ ဦးရယ်'

ထိုည ၉ နာရီ ၄၅ မိနစ်အချိန်တွင် ဦးစံရှားသည် မိမိ၏ ကူးဆီတာတားကို ချာချိုလမ်း သစ်ပင်များ အုပ်နေသော ချောင်တစ်ခုတွင် ထားခဲ့၍ ကိုဓိးကောနားအိမ်ဆီသို့ ခပ်သုတ်သုတ် လျှောက်သွားလေ၏။ အထက်ကောင်းကင်၌ကား မိုးတိမ်များနှင့် မည်းလျက်ရှိရာ ဦးစံရှား၏ အကြံအစည်ကို ကူညီအားပေးဘိသကဲ့သို့ ရှိနေ၏။ ကိုဓိးကောနားအိမ်မှာ အပေါ်ထပ် အိပ်ခန်းတစ်ခန်းနှင့် အောက်ထပ် ဧည့်ခန်းမှ တစ်ပါးမီးရောင် မရှိချေ။ ဦးစံရှားသည် သစ်သားဝင်းထရံကို ကျော်လွှား၍ ခြေသံမကြားအောင် သစ်ပင်များအကြားမှ လျှောက်သွားပြီးလျှင် အိမ်၏ အခြေအနေကို လှည့်ပတ်ကြည့်ရှုရာ ဧည့်ခန်းနှင့် . ကပ်လျက်ရှိသော အခန်းတစ်ခန်းမှ လူအများ စကားပြောနေကြသံကို ကြားရသဖြင့် ဦးထွန်းကျော်၏ လူဆိုးတပည့်များ စုဝေးရာ အခန်းပေတည်းဟု သိရှိရ၏။

'ချက်တာဂျီ ရှိခဲ့ရိုးမှန်လျှင် အိမ်ပေါ်က အိပ်ခန်းမှာ ရှိမှာပဲ' ဟု ဦးစံရှား စဉ်းစားမိ၏။ ၎င်းနောက် ဦးစံရှားသည် နှင်းဆီရုံ နှစ်ရုံ၏ အကြားတွင် ထိုင်ကာ စောင့်ဆိုင်းလျက်ရှိရာ နန္ဒဝန်အိမ်ဘက်မှမူ အပေါ်ထပ် ပြတင်းပေါက်အနီး၌ မိန်းကလေးတစ်ယောက်၏ အသွင်ကို ရိပ်ခနဲ မြင်လိုက်ရပြီးနောက် ကွယ်ပျောက်၍ သွားလေ၏။

ဦးစံရှားမှာ ဘေးဥပဒ်အန္တရာယ်ကို စိုးရိမ်ဖွယ်ရာရှိသော ကိစ္စအမျိုးမျိုးတို့၌ ကြိမ်ဖန်များစွာ တစ်ယောက်တည်း ချောင်းမြောင်းစောင့်ဆိုင်းရဖန် များလှခဲ့ပြီ ဖြစ်သောကြောင့် အနည်းငယ်မျှ တုန်လှုပ်ခြင်း မရှိဘဲ အေးမြတည်ငြိမ်စွာသော စိတ်ဖြင့် နားစွင့်ကာ စောင့်နေလေ၏။

လက်ပတ်နာရီကို ကြည့်၍ ၁၀ နာရီထိုးသည်နှင့် တပြိုင်နက် အဝေးဆီမှ လူအမြောက်အမြား တေးသီချင်းဆိုသံကို သဲ့သဲ့မျှ ကြားရပြီး



www.burmeseclassic.com

www.burmeseclassic.com



နောက် အသံသည် နီး၍ နီး၍ လာလေရာ အိမ်ရှေ့သို့ ရောက်သောအခါ၌ ရွှေပြည်ကြီး သီချင်းကို လူလေးငါးယောက် သံပြိုင်ဆိုသံကြားရပြီးလျှင် ဒိုင်းခနဲ တိုက်လိုက်သော အသံကြီးကို ကြားလိုက်ရလေ၏။ ထိုအခါ မောင်သွင်၏ အသံဖြင့်

'အစ်ကို လုပ်မှဖြင့် ဒီလိုချည်းပဲ၊ မူးနေရင် မမောင်းပါနဲ့လို့ ကျွန်တော် အပြောသားနဲ့ဗျာ။ ဗွတ်ကြီးလုပ်တာကိုး'

'ဖြစ်မိမှတော့ မတတ်နိုင်ဘူးကွယ်၊ စတီယာရင်က ရမ်းသွားတာကိုးကွ၊ မသကာ တောင်းပန်ရရုံပေါ့ကွယ်'

'တောင်းပန်ရရုံနဲ့ ကျေအေးရင် ကောင်းပါရဲ့။ တံခါးကို ကျိုးသွားပြီ ထင်တယ်'

ဦးစံရှားသည် နှင်းဆီရုံများအတွင်းမှ နားစွင့်လျက်ရှိရာ လူလေးငါးယောက်တို့သည် အိမ်ရှေ့သို့ ထွက်လာ၍ ဝင်းတံခါးဆီသို့ ပြေးသွားကြလေ၏။ ၎င်းနောက် လူနှစ်ယောက်ထွက်လာပြန်၍ ဦးစံရှားအနီးမှပွတ်လျက် အိမ်ဘေးရှိ တဲကလေးထဲသို့ ဝင်ပြေးကြလေ၏။ ထိုခဏ၌ ဝင်းတံခါးဆီမှ ဆူဆူညံညံနှင့် ရှိနေရာ ဦးစံရှားသည် ထပ်မံစောင့်ဆိုင်းခြင်း မပြုတော့ဘဲ ဝပ်နေရာမှ ထ၍ နောက်ဖေးလှေကားမှ အိမ်ပေါ်သို့ လျင်မြန်စွာ တက်သွားလေ၏။

အပေါ်ထပ်၌ မီးရောင်လင်းလျက်ရှိသော အခန်းမှာ ဦးစံရှားအိပ်ခဲ့ဖူးသော အခန်းပင်ဖြစ်လေရာ ဦးစံရှားသည် လမ်းကို သိပြီးဖြစ်သဖြင့် မီးရောင်ရှိရာ အိပ်ခန်းသို့ လျင်မြန်စွာ လျှောက်လာခဲ့လေ၏။ ဦးစံရှားသည် ပိတ်ထားသော အခန်းတံခါးကို ဖွင့်လိုက်သောအခါ ခုတင်ပေါ်၌ အိပ်လျက်ရှိသော ချက်တာဂျီ ဘာဘူကို တွေ့မြင်ရလေရာ ခုတင်၏ ခြေရင်းဘက်၌မူကား လူတစ်ယောက်သည် နံဘေး၌ ချထားသော ခြောက်လုံးပြူးတစ်လက်ကို ရုတ်တရက် ကောက်ယူ၍ ဦးစံရှားအား ချိန်ရွယ်ရန် ပြင်ဆင်လေ၏။ သို့ရာတွင် တစ်စက္ကန့်အချိန်ခန့် နောက်ကျ



www.burmeseclassic.com

www.burmeseclassic.com



ခဲ့လေပြီ။ အကြောင်းကိုဆိုသော် ဦးစံရှားသည် အခန်းတံခါးကို တွန်း၍ ဖွင့်စဉ်ကပင် အိမ်ရှေ့ဆောင်ယူလာခဲ့သော ဝေကဲသာရည်ထည့်ထားသည့် ပြတ်ကို ခြောက်လုံးပြူးသေနတ် လက်တွင် ဆုပ်ကိုင်ကာ ချိန်လျက်ရှိရာ အဆောင်သည် ခြောက်လုံးပြူးကို လှမ်း၍ ကောက်လိုက်သောခဏ၌ပင် ပြတ်ထဲ၌ ပါရှိသော ဝေကဲသာရည်များသည် ထိုသူ၏မျက်လုံးနှာခေါင်းမှစ၍ တစ်မျက်နှာလုံး အနံ့အပြား ထိုးဝင်လျက် ရှိပေသောကြောင့်တည်း။

ထိုသူသည် သေနတ်ကို လွှတ်ချ၍ သည်းမခံနိုင်အောင် စပ်လှသော မျက်နှာကို လက်ဝါးနှစ်ဖက်နှင့်အုပ်ကာ တခွီးခွီးနှင့် ရှိနေစဉ် ဦးစံရှားသည် ချက်တာဂျီကို ကောက်ယူ၍ ပခုံးပေါ်သို့ တင်ပြီးလျှင် လာခဲ့သော လမ်းအတိုင်း နောက်ဖေးလှေကားမှ ဆင်းလာခဲ့လေ၏။

အိမ်ရှေ့ဝင်းတံခါး၌ကား မောင်လွင်သည် အိမ်ရှင် ဦးထွန်းကျော်အား အရက်သံပါပါနှင့် တောင်းပန်လျက်ရှိရာ ညီဖြစ်သူ မောင်သွင်နှင့် အခြားသူတို့ကမူ ကားမောင်းရမ်းသော မောင်လွင့်အပြစ်ဆိုကာ ဆူညံစွာ ရှိနေကြလေ၏။

ဦးစံရှား၏ အကြံမှာ ချက်တာဂျီဘာဘူကို နန္ဒဝန်အိမ်ဘက်သို့ ထုတ်သွား၍ ထိုမှတစ်ဖန် မိမိ၏ ကားဝှက်ထားရာ အရပ်သို့ ထမ်းယူတင်ဆောင် မောင်းနှင်ပြေးရန် ဖြစ်လေသည်။ ဦးစံရှားမှာ လူဆိုးများလက်၌ ရှိသော လူတစ်ယောက်ကို လုယူရသည်မှာ လွယ်ကူလွန်းလှသဖြင့် စိတ်ထဲ၌ ရယ်မောချင်သလိုပင် ဖြစ်မိ၏။ သို့ရာတွင် ထိုစိတ်ကူးမှာကား စောလွန်းလှချေ၏။ ဦးစံရှားသည် ချက်တာဂျီကို ထမ်းလျက်ပင် ဝင်းနှစ်ဝင်း ခြားကူးသော တံခါးကို ဖွင့်တော့မည်ပြုသည်တွင် မိမိ၏ နောက်မှ လျှို့ဝှက်စွာ လာနေသော ခြေသံများကို ကြားရသည်နှင့် တံခါးကို ဖွင့်ရန် အချိန်မရဘဲ စောင်းငဲ့ကာ ကြည့်မိလေ၏။ ထိုခဏ၌ ကလေးခန့် ပမာဏရှိသော ခွေးကြီးတစ်ကောင်သည် အိမ်ဘေးရှိ ကလေးဆီ



www.burmeseclassic.com

www.burmeseclassic.com



မှ မိမိထံ ပြေးလာရာ ထိုအခါမှ ယခင်က မိမိအနီးမှ ပွတ်လျက်ပြေး သွားသော လူနှစ်ယောက်တို့၏ အကြံအစည်ကို ရိပ်မိလေ၏။ ထိုသူတို့ သည့်အိမ်ရှေ့မှ ဆူညံခြင်းအတွက် မသင်္ကာသည်နှင့် ခွေးကြီးကို လွှတ် လိုက်ခြင်း ဖြစ်လေသည်။ ဦးစံရှားသည် လက်တစ်ဖက်နှင့် ဆွဲတံခါး ချိတ်ကို ရှာသော်လည်း မတွေ့နိုင်ဘဲ ရှိရာ ခုန်လွှား၍ ကျော်ရန်မှာလည်း လေးလံသော ချက်တာဂျီ၏ ကိုယ်ကြီးအတွက်ကြောင့် မဖြစ်နိုင်ချေ။ ခွေးကြီးလည်း သူစိမ်းနံ့ရသည်နှင့် ရှူးရှူးရှားရှား တံခါးဆီသို့ အတင်း ပြေးလာရာ ဦးစံရှားမှာ လွတ်မြောက်ရန် နည်းလမ်းမရှိသည်နှင့် ချက်တာ ဂျီကို တံခါးအနီး ချထား၍ ခွေးကြီးဘက်သို့ လှည့်လေ၏။

ခွေးကြီးသည် သူစိမ်းတစ်ယောက်ဖြစ်ကြောင်း သိသည်နှင့် အစ်ပြိုင်နက် ဦးစံရှား၏ လည်မျိုကို ခုန်၍ ဟပ်လိုက်ရာ ဦးစံရှားသည် ဘယ်ဝဲလက်ဖြင့် လည်ပင်းကို ကာကွယ်လျက် လက်ယာလက်ဖြင့် ကော် လာကို ကိုင်ဖမ်းလိုက်လေ၏။ ခွေးကြီးသည် အင်္ဂလိပ်ခွေးမျိုးဖြစ်သဖြင့် အလွန်တရာ ကြီးမားသန်စွမ်းလေရကား ကော်လာ၌ ဖမ်းကိုင်ထားသော လက်ချောင်းများကို ပြုတ်ထွက်မတတ် ရုန်းခါလေ၏။

သို့ရာတွင် ဦးစံရှားမှာ ကိုယ်ကာယ၏ သန်စွမ်းခြင်းထက် လက်ချောင်းများက ခိုင်မြဲခြင်းသည် သာလွန်ထင်ရှားသူ ဖြစ်လေရကား ကိုင်ထားသော ကော်လာကို မလွှတ်ဘဲ ခွေးကြီး၏ ဦးခေါင်းကို လက်ဝဲ လက်ဖြင့် ကိုင်ဖမ်းလေ၏။ ထိုအတောအတွင်း၌ ဦးစံရှား၏ စိတ်ထဲတွင် ဗန်းသိုင်းဆရာကြီးထံမှ သင်ကြားခဲ့သော အတတ်သည် ခွေး၏ လည် ပင်းကို ချိုးလိုက်ရာ၌ အသုံးပြုနိုင်ချေမည်လောဟု တွေးတောမိ၏။ မည်သို့ပင်ဖြစ်စေ စမ်းသပ်၍ ကြည့်အံ့ဟူ၍လည်း ဆုံးဖြတ်မိ၏။ သို့ဖြစ်၍ ဦးစံရှားသည် အကြောက်အကန် ရုန်းကန်ဖယ်ရှားလျက်ရှိသော ခွေးကြီး ၏ ဦးခေါင်းကို လက်ဝဲဘက်လက်နှင့် ဆုပ်ကိုင်၍ လက်ယာလက်သည် လည်ပင်းတစ်လျှောက် ဖြည်းညင်းစွာ ရွေ့လာခဲ့ပြီးလျှင် နှုတ်သီးအား



www.burmeseclassic.com

www.burmeseclassic.com



အောက်မှ မလျက် နောက်သို့ တွန်းလှန်ကာ တအားနှိမ်ချိုးလိုက်သော အခါတွင် ဂျွတ်ခနဲ မြည်သော အသံကို ကြားလိုက်ရ၏။ နောက်တစ်ကြိမ် ထိုနည်းအတူ တစ်ကိုယ်လုံးဖိ၍ တွန်းလှန်လိမ်ချိုးလိုက်သောအခါ၌မူ ယခင်ကထက် ပြင်းပြစွာသော အသံကြီး ဖြစ်ပေါ်လာပြီးနောက် ခွေးကြီးသည် ဦးစံရှား၏ လက်ထဲတွင် ပျော့ခွေကာ ရှိနေလေ၏။ ဦးစံရှားသည် ခွေးကြီးကို မြေပေါ်သို့ပစ်ချ၍ ခြေကုန်လက်ပန်းဖြစ်ပြီးလျှင် မောဟိုက် စွာဖြင့် မြက်ခင်းပေါ်တွင် ထိုင့်မည်ပြုသောအခါ ဦးထွန်းကျော်နှင့် တပည့် ခြောက်ယောက်တို့သည် ဦးစံရှားအား ဝိုင်းရံကာ နေကြလေ၏။

ကျော်။ ။ 'တော်ပါ့ဗျာ ကိုစံရှား၊ တယ်တော်။ ကြည့်လို့လဲ ကောင်းပါပေ့ဗျာ'

ရှား။ ။ 'ဒီလူစုက ဘာလုပ်ကြမလို့လဲဗျ'

ကျော်။ ။ 'ခင်ဗျားကို အိမ်ထဲခေါ်ဖို့ သက်တော်စောင့်တွေပါဗျာ။ ခင်ဗျာ့လူချာတွေလဲ ပြန်သွားကုန်ကြပြီ။ ၇ ယောက်နဲ့ တစ်ယောက်ပါဗျာ။ ကလန်ကဆန် မလုပ်ပါနဲ့တော့။ သာသာကြည်ကြည်သာ လိုက်ခဲ့ပါတော့။'

ဦးစံရှားသည် စွတ်အတွင်းထွက်ရန် အကြံဖြစ်လေသော်လည်း ၇ ယောက်နှင့်တစ်ယောက် ဖြစ်နေသဖြင့် အကြံကို လျှော့၍ ဦးထွန်းကျော်နှင့်အတူ အိမ်တွင်းသို့ ဝင်လိုက်သွားရာ တပည့်များလည်း တံခါးအနီး၌ရှိသော ချက်တာဂျီဘာဘူကို မွေ့ယူသွင်းလာခဲ့ကြလေ၏။

❖



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ၅ ရှစ်

ညှိခန်းတွင်းသို့ ရောက်သောအခါ ဦးထွန်းကျော်သည် စားပွဲဝိုင်းကြီး တစ်ခုတွင် ဝိုင်းဖွဲ့ကာ ထိုင်လျက်ရှိကြသော လူစုအနက်တွင် ဦးစံရှား အား တစ်ခုသော ကုလားထိုင်၌ ထိုင်စေရာ ဦးစံရှားသည် ထိုလူစု၏ မျက်နှာကို တစ်ယောက်စီကြည့်ရှု အကဲခတ်မိလေ၏။ ဦးထွန်းကျော်သည် စားပွဲကြီး၏ ထိပ်၌ ထိုင်၍ ၎င်း၏ လက်ယာဘက်၌ မောင်သန်းကြွယ် ထိုင်လျက် ရှိ၏။ မောင်သန်းကြွယ်သည် အလွန်တရာ မှန်းထားလှသော မျက်နှာထားနှင့် ဦးစံရှားအား စားတော့မလို ကြည့်လျက် ရှိ၏။ ၆ ယောက်မျှသော အခြားလူများအနက် အချို့မှာ အညာသားဂိုက်ဖြစ်၍ အချို့မှာ ယောင်းနွမ်းသော အဝတ်အစားနှင့် ကြမ်းတမ်းသော အမူအရာ ကို ထောက်သဖြင့် အောက်တန်းစား လူမျိုးများဖြစ်ကြောင်း ထင်ရှား၏။ အချို့မှာလည်း ခေါင်းပေါင်းအုပ်ပေါင်း၊ ရင်ဖုံးအင်္ကျီ၊ ပုဆိုးရှည်၊ ရွှေမျက် မှန် စသည်ဖြင့် သိုက်မြိုက်စွာ ဝတ်ထားသည်ဖြစ်၍ အရာရှိများဟူ၍ပင် ထင်ရလောက်ပေ၏။

မောင်သန်းကြွယ်၏ အနီး၌ကား ဗိုလ်ကေစုတ်ဖွားနှင့် မျက်နှာ ထားဆိုးဆိုး လူတစ်ယောက်ရှိရာ ၎င်း၏ အနီး၌ စုတ်ချွန်းချွန်း မျက်နှာ ရှိသော လူတစ်ယောက် ထိုင်လျက် ရှိ၏။ ဦးစံရှား၏ အနီး၌မူ ပါးပြင် တွင် လက်လေးသစ်ခန့်ရှိသော အနာရွတ်နှင့် မျက်ထောင့်နီသော လူတစ် ယောက် ထိုင်လျက်ရှိရာ ထိုသူမှာ လူပြတ်သော လမ်းတွင် တွေ့သော် ထောက်နိုင်သမျှ ရှောင်ကွင်း၍ သွားကြမည့် လူစားမျိုး ဖြစ်ပေသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျန်သော လူများမှာမူကား ထူးခြားသော အထိမ်းအမှတ် မရှိသည့် သာမည လူစားမျိုးသာလျှင် ဖြစ်ချေသည်။

**ကျော်။** ။ (ဦးစံရှားအား မေးငေါ့လျက်) 'ဟောဒါက စုံထောက်ကြီး ဦးစံရှားဆိုတာပါဗျာ။ ခုတင်က လူစု ပေါက်လာတာဟာ သူ့လက်ချက်ပေါ့'

**ရှား။** ။ (လူစုကို ပေါင်းကျုံး၍ ကြည့်လျက်) 'ခင်ဗျာ့အိမ်က မြေပြောက်ရော၊ ခွေးရော၊ ဘာရော တိရစ္ဆာန်ရုံကလေး ဖြစ်နေပြီတော့ ဦးထွန်းကျော်'

**အစောရွှတ်နှင့်လူ။** ။ 'သယ် တယ်စော်ကားတဲ့လူပါက လား။ ဒီလူကို ဘာကြောင့် ခင်ဗျားတို့ မစီရင်ဘဲ ထားကြသလဲ'

**ရှား။** ။ 'ခင်ဗျားလူပုံကို ကျုပ် မြင်ကတည်းက လူတစ်ဖက် သားကို စီရင်ချင်တတ်တဲ့လူမှန်း ကျုပ် ရိပ်မိပါတယ်။ ဒီလိုမလုပ်နဲ့လေ၊ ကိုသန်းကြွယ်လို ဣန္ဒြေရရနေမှပေါ့။ ခင်ဗျာ့ပါးချိတ် ဘယ့်နှယ်နေသေး သလဲ ကိုသန်းကြွယ်'

**ကြွယ်။** ။ (ဦးစံရှားအား ဂရုမစိုက်ဘဲ) 'သူ့ကို ကျုပ် မနေ့ညကတည်းက စီရင်ဖို့ ကြံသေးတယ်။ သို့သော်လဲ ကျုပ် လက်ချက် မှန်း မသိသေးတုန်းမို့ မစီရင်ဘဲ ထားခဲ့တာ။ အခုတော့ နေရာကျပြီကော ဗျာ'

ဦးစံရှားသည် မောင်သန်းကြွယ်၏ စကားသွား အဓိပ္ပာယ်ကို ရိပ်မိသဖြင့် စိတ်ထဲ၌ စိမ့်ခနဲ ဖြစ်သွားသော်လည်း အမူအရာအားဖြင့် အနည်းငယ်မျှ မပြချေ။

**ရှား။** ။ 'မနေ့ညက ကိုယ့်လူပါသကိုး။ ကျုပ် သတိရခိုက်မှာ ကြုံရင် ခင်ဗျားပါးချိတ်ကို ဟိုဘက်ဒီဘက်ညီအောင် လုပ်ပေးလိုက်ရလား ဗျ'

**ဗိုလ်ကောစုတ်ဖွားနှင့်လူ။** ။ 'တယ်ပြီးပမာခန့်တဲ့'လူတစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက်ပါလား။ နေကြစမ်း။ ကျုပ် လက်ဦးစမ်းပါရစေ' ဟု ပြောလျက် ဦးစံရှား၏ အနီးသို့ ချဉ်းကပ်လာလေရာ ဦးစံရှားမှာမူ ထိုသူအား အနည်းငယ်မျှ ပမာဏ မပြုသော အမူအရာနှင့် ဆေးတံထဲသို့ ဆေးထည့်ကာ ဗျာခြွေမပျက် ထိုင်နေလေ၏။ ထိုသူသည် ဦးစံရှား၏ ပါးကို ချရန် လက်ကို မြှောက်လိုက်ရာတွင် ဦးစံရှားသည် ဆေးတံကို ရုတ်တရက် သွတ်ချ၍ လက်ဝဲလက်ဖြင့် မိမိ၏ ဦးခေါင်းပေါ်သို့ မြှောက်ကာ ကာကွယ်လျက် လက်ယာလက်သည် ထိုသူ၏ ရင်ဝကို တအားကျုံးလိုက်လေရာ ကား ထိုသူသည် အမြစ်မှ ခုတ်လှဲလိုက်သော ထန်းပင်ကဲ့သို့ ကုလားထိုင် အလွတ်တစ်လုံးပေါ်သို့ ပက်လက်လန် လဲကျသွားပြီးလျှင် ပြင်းထန်သော အရှိန်ကြောင့် ကျွမ်းပြန်ကာ ကျသွားလေ၏။ ထိုအခါမှ ဦးစံရှားသည် ဆေးတံကို ကောက်ယူ၍ မီးညှိကာ ဖွာလျက်နေလေ၏။

**ကျော်။** ။ 'သူ့ကို ယီးတီးယားတား သွားမလုပ်နဲ့ ကိုထွန်းမောင်ရဲ့။ ဒီလူက တော်တော်လက်မြန်တယ်။ ကျုပ် စီမံပါ့မယ်ဆို ချက်နဲ့ ဆားမြည်းချင်လိုက်တဲ့လူဗျာ'

ဗိုလ်ကေစုတ်ဖွားနှင့်လူသည် သာ၍ စုတ်ဖွားခြင်း ဖြစ်လာသော ဗိုလ်ကေကြီးနှင့် မိမိကုလားထိုင်သို့ ပြန်၍ ထိုင်လေ၏။

**ရှား။** ။ (အရေးမကြီးလှသော အမူအရာနှင့်) "စီမံမယ် ဆိုတာ ဘယ်တော့လဲဗျာ ဦးထွန်းကျော်'

**ကျော်။** ။ 'တကယ်လို့ ဒီနေ့ည ခင်ဗျား ရှုံးသွပ်ပြီး သွားဘူးဆိုလျှင် နက်ဖြန်မနက်မှာ ခင်ဗျားကို ကျုပ်တို့ စီရင်ရလိမ့်မယ်။ သို့သော် ဒီကနေ့ည ကံစွပြီးရင်လဲ ပြီးလောက်ပါတယ် ထင်ပါရဲ့ဗျာ။ ဒီလိုဆိုရင် ကျုပ်တို့မှာ အလုပ်နည်းတာပေါ့'

ထိုခဏ၌ မျက်နှာစုတ်ချွန်းနှင့်လူသည် ဦးစံရှားအတွက် စိုးရိမ်သော အမူအရာနှင့် ဦးစံရှား၏ ဘက်သို့ မျက်နှာလှည့်၍ ကြည့်လိုက်သာ



www.burmeseclassic.com

www.burmeseclassic.com



**ရှား။** ။ 'ဒီဆရာကြီး တညင်းသီးတွေ စားထားတယ် ထင်တယ်။ ဟိုဘက်လှည့်ဗျာ၊ နံလွန်းလို့ သေရချည်ရဲ့'

ဦးစံရှား၏ တုန့်လှုပ်ခြင်းကင်းသော အမူအရာကို တွေ့မြင်သောအခါ မောင်သန်းကြွယ်သည် ဒေါပွသော လက္ခဏာနှင့်

**ကြွယ်။** ။ 'အခုတော့ ခင်ဗျား ရွှတ်တွတ်တွတ် လုပ်နိုင်ပါတယ်လေ။ တော်တော်ကြာတော့ လုပ်နိုင်သေးလား ကြည့်စမ်းပါ'

**ဗိုလ်ဘောစုတ်ဖွားနှင့်လူ။** ။ (ဦးထွန်းကျော်အား ကြည့်လျက်) 'တော်လောက်ပါပြီ ဆရာကြီး၊ ကျွန်တော့်အရှိက် လက်သီးနဲ့ ထိုးတဲ့လူကို စီရင်ဖို့ အချိန်တော်လောက်ပါပြီ'

**ကျော်။** ။ 'မှန်တယ်၊ ကိုင်း ကိုစံရှား၊ ကျုပ်တို့အထဲမှာ ခင်ဗျားကို သနားတဲ့ လူတစ်ယောက်မှ မရှိဘူး။ ကျုပ်တို့မှာလဲ အစည်းအဝေး တိုင်ပင်စရာ အလုပ်ရှိသေးတယ်။ ရှုးမလား သေမလား ဆိုတာ မနက်ကျမှ ကျုပ်တို့ သိရတော့မှာပဲ။ ကိုင်း ထပေတော့ဗျ။ အိမ်ပေါ်တက်ဖို့ ပြင်ပေတော့' ဟု ပြောလျက် ဦးထွန်းကျော်သည် စားပွဲပေါ်၌ တင်ထားသော ခေါင်းလောင်းကလေး တစ်လုံးကို ထိုးလိုက်လေ၏။

ဦးစံရှားသည် စိတ်တွင်း၌ ဖြစ်ပေါ်လျက်ရှိသော စိုးရိမ်ပူပန်ခြင်းကို အနည်းငယ်မျှ ထုတ်၍ မပြဘဲ သာမည ဧည့်သည်တစ်ယောက်သည် အိပ်ရာသို့ ဝင်ရန် ပြင်ဆင်သည့် အမူအရာမျိုးနှင့် ထိုင်ရာမှ ထလေရာ ဦးထွန်းကျော်ပင်လျှင် ထိုသူ၏ အေးမြသော စိတ်ထားကို မချီးမွမ်းဘဲ မနေနိုင်အောင် ရှိလေ၏။ မောင်သန်းကြွယ်မှာမူကား အနည်းငယ်မျှ သနားကြင်နာသော လက္ခဏာမရှိဘဲ မိမိ၏ ပါးချိတ်ကို စောင်ရှဲ့အောင် ပြုလုပ်သော ရန်သူတစ်ယောက်ကို စိတ်တိုင်းကျ စီရင်ရတော့မည် တကားဟု အားရွှင်လန်းသော အမူအရာနှင့် ကြည့်ပေ၏။

**ရှား။** ။ 'ကိုင်း ကိုင်း၊ လွတ်လွတ်လပ်လပ် စည်းဝေးရစ်ကြဗျား ကျုပ်တော့ အိပ်ချေဦးမယ်။ ဟိုညက ကျုပ်အိပ်သွားတဲ့ အခန်းထဲလားဗျ'



www.burmeseclassic.com

www.burmeseclassic.com



ကျော်။ ။ 'မဟုတ်ဘူးဗျ၊ ဒီတစ်ခါတော့ ခင်ဗျားအတွက် သက်သက် ပြင်ဆင်ထားတဲ့ အခန်းမှာ အိပ်ရလိမ့်မယ်။ လှေကားပေါ် တက်သွားပေတော့။ ထိပ်ရောက်တော့ ကျုပ်လူတစ်ယောက် လိုက်ပြလိမ့်မယ်' ဟု ပြောလျက် ဦးထွန်းကျော်သည် ခပ်ပြုံးပြုံးမျက်နှာထားနှင့် လှေကားသို့ တက်သော တံခါးဖွင့်ပေးပြီးလျှင် တံခါးအနီး၌ ရပ်လျက်ရှိရာ ဦးစံရှားသည် အပေါက်မှ ထွက်တော့မည်ပြုသည်နှင့် တစ်ပြိုင်နက် မီးများသည် အားလုံး ငြိမ်းသွား၍ တစ်အိမ်လုံး မှောင်လျက် ရှိလေ၏။

ဦးစံရှားသည် တံခါးဝ၌ မှောင်မိုက်ကြီးထဲတွင် ရပ်လျက်ရှိစဉ် ထိုညဥ့်အဖို့ ဘေးဥပါဒ်အန္တရာယ်များသည် ထိုအချိန် အစပြုသည် အကြောင်းကို သိရှိသဖြင့် စင်စစ် သတ္တိကောင်းသော လူတို့၏ ထုံးစံအတိုင်း အရေးကြီးလေလေ တုန်လှုပ်ခြင်း ကင်းလေလေ ဖြစ်လျက် ကြည်လင်အေးမြသော ဦးခေါင်းဖြင့် အကြံထုတ်လျက် ရှိလေ၏။ အခန်းတွင်း၌ရှိသော လူများသည် အနည်းငယ်မျှ အသံမပြုဘဲ ဆိတ်ငြိမ်စွာ ရှိနေကြလေရာ အိမ်ရှေ့လမ်းပေါ်၌ကား မော်တော်ကားတစ်စင်းသည် တဘော်ဘော်နှင့် ဟွန်းသံပေးလျက် မောင်းနှင်သွားသည်ကို ကြားလိုက်ရ၏။

ဦးစံရှားသည် သတိကောင်းစွာထားလျက် အခန်းပေါက် စမ်းသပ်ကာ တဖြည်းဖြည်း ထွက်လာစဉ် လူတစ်ယောက်သည် မိမိ၏ အနီးမှ ပွတ်လျက် ရှောင်သွားသည်ကို သိလိုက်ရသည်နှင့် တစ်ပြိုင်နက် လက်မောင်းကို ကိုင်ဖမ်းလိုက်လေ၏။ ကိုင်ဆွဲခြင်းခံရသော လူသည် ဦးစံရှား၏ လက်မှလွတ်ရန် ရုန်းကန်တွန်းဖယ်ခြင်း ပြုပါသော်လည်း ကလေးတစ်ယောက်သည် လူကြီး၏ လက်မှ လွတ်ရန် ခဲယဉ်းဘိသကဲ့သို့ ခဲယဉ်းလျက် ရှိ၏။ ဦးစံရှားသည် ထိုသူ၏ လည်ကုပ်နှင့် ခါးကို လက်တစ်ဖက်စီနှင့် ကိုင်ဖမ်း၍ မိမိ၏ ဦးခေါင်းပေါ်သို့ ကိုင်မြှောက်ပြီးလျှင် လှေကားရှိရာသို့ လွှောက်သွားလေ၏။ ဦးစံရှား၏ အကြံမှာ



www.burmeseclassic.com

www.burmeseclassic.com



ဦးထွန်းကျော်တို့ လူစုသည် မှောင်မိုက်ထဲ၌ မိမိအား ထိခိုက်အောင် တစ်စုံတစ်ရာ ပြုလုပ်ခဲ့ပါလျှင် ထိုသူကို ဒဏ်ခံအဖြစ်နှင့် ထားရန်အတွက် ဖြစ်လေသည်။ ဦးထွန်းကျော်၏ စကားကို ထောက်ချင့်ရခြင်းအားဖြင့် မိမိအား အိပ်ခန်းတွင်း၌ ထိတ်စေလောက်အောင် တစ်မျိုးတစ်မည် စီမံထားလိမ့်မည်ဟု တွေးမိ၏။ မည်သို့ပင်ဖြစ်စေ စိတ်ကိုသက်သက် ခြောက်လှန့်ရန်အတွက် ရည်ရွယ်သော ကိရိယာတန်ဆာမျိုး ဖြစ်ခဲ့လျှင် တုန်လှုပ်ခြင်း မဖြစ်စေရန်ကိုလည်း စိတ်ကို တင်းထားလေ၏။

ဦးစံရှားသည် ထိုသူကို ဦးခေါင်းပေါ်သို့ မြှောက်လျက် လှေကားမှ တက်လာ၍ တစ်ထစ်၊ နှစ်ထစ်၊ သုံးထစ်သို့ ရောက်သောအခါ ဦးထွန်းကျော်၏ အသံဖြင့် 'တက်လေ၊ တက်လေ၊ ဟုတ်ပြီ တက်ပါ' ဟု ပြောလိုက်သံကို ကြားလိုက်ရ၏။ ထို့နောက် လေးထစ်ကိုကျော်လွန်၍ ပဉ္စမအထစ်ကို ခြေဖြင့် နင်းမိသည်နှင့် တစ်ပြိုင်နက် လေးလံစွာသော အရာဝတ္ထုတစ်ခုသည် ဦးစံရှား၏ လက်တွင် ဆုပ်ကိုင်ထားသော လူ၏ ခန္ဓာကိုယ်ကို ပြင်းထန်စွာသော အရှိန်ဖြင့် ထိမှန်လေရာ ထိုသူသည် ဦးစံရှား၏ လက်မှ လွတ်၍ လှေကားတစ်လျှောက် တလိမ့်ခေါက်ကွေး ကျသွားလေ၏။ ထိုအခါ မောင်သန်းကြွယ်၏ အသံဖြင့်

**ကြွယ်။** ။ 'တယ်ခက်တဲ့ လူကိုဗျ၊ ဘယ့်နှယ်ကြောင့် တစ်ခါတည်း အဆုံးစီရင်လိုက်ရသလဲဗျာ။ မီးဖွင့်ကြည့်စမ်းပါဦး'

ထိုခဏ၌ တစ်စုံတစ်ယောက်သော သူသည် မီးကို ဖွင့်လိုက်ရာတွင် ၎င်းမျှော်လင့်ထားသည့်အတိုင်း ဦးစံရှားအလောင်းကို မတွေ့ရဘဲ မိမိတို့ အဖော်တစ်ယောက်၏ အလောင်းကို တွေ့ကြရလေ၏။

ဦးစံရှားမှာမူ ပျောက်ကွယ်၍သွားလေပြီ။ အကြောင်းမူကား ဦးစံရှားသည် မိမိ၏ လွတ်မြောက်ရေးအတွက် အချိန်တစ်မိနစ်မျှ တက် ပိုမို၍ မရသည့်အဖြစ်ကို သိရှိသည်နှင့် အိမ်ပေါ်သို့ လှေကား သုံးထစ် ကျော် ခုန်တက်သွား၍ ရှေးဦးစွာ တွေ့ရာ အခန်းကို ကြည့်ရာ ကံ



www.burmeseclassic.com

www.burmeseclassic.com



ကောင်းထောက်မသဖြင့် လူတစ်ယောက်မျှ မရှိကြောင်း တွေ့ရလေ၏။ ထိုအခါ ဦးစံရှားသည် ပြတင်းပေါက်ကို ဖွင့်၍ အောက်သို့ ငုံ့ကြည့်သောအခါ အနည်းဆုံး ၁၇ ပေခန့် အမြင့်ရှိသည်ကို တွေ့ရလေ၏။ ထိုမှ တစ်ဖန် အပေါ်သို့ မော်ကြည့်ပြန်ရာတွင် တံစက်မြိတ်စွန်းသည် ပြတင်းပေါက်မှ ကိုးပေခန့်မျှသာ ရှိကြောင်း တွေ့ရ၏။ သို့ဖြစ်၍ ဦးစံရှားသည် အနည်းငယ်မျှ ဆုတ်ဆိုင်းခြင်း မရှိဘဲ ပြတင်းပေါက်ပေါ်သို့ တက်၍ ရပ်ပြီးလျှင် အထက်သို့ လှမ်းလိုက်သောအခါ အိမ်မိုးစွန်းနှင့် နှစ်ပေမျှသာ ကွာကြောင်း တွေ့ရှိရ၏။ နောက်တစ်ခဏ၌ ဦးစံရှားသည် ပြတင်းပေါက်အောက်နှုတ်ခမ်းကို ခြေကန်ကာ အားယူလျက် အမိုးစွန်းသို့ ခုန်ဆွဲလိုက်ရာ ကောင်းစွာကိုင်တွယ်မိသဖြင့် တွဲလဲခိုလျက် ရှိနေ၏။ ဦးစံရှားမှာ ဖော်ပြခဲ့ပြီးသည့်အတိုင်း ကာယဗလနှင့် ပြည့်စုံသူတစ်ယောက်ဖြစ်သည့် အပြင် ကိုယ်လက်သန်စွမ်းမှုအတွက် အထူးလေ့ကျင့်ထားသူတစ်ယောက် ဖြစ်ရကား မိမိ၏ ကိုယ်ကို တစ်ကြိမ် နှစ်ကြိမ် လွှဲပြီးနောက် အမိုးပေါ်သို့ ကော့၍ ထိုးလိုက်ရာတွင် လူတစ်ကိုယ်လုံး အပေါ်သို့ ရောက်သွားလေ၏။

ထိုခဏ၌ အခန်းတွင်းသို့ ပြေးဝင်လာသော ခြေသံကို ကြားရ၍ 'ဒီအပေါက်က ခုန်ချပြေးတယ် ထင်တယ်။ ဟေ့ အောက်ကလူများ ဒီဆီမှာ ရှာကြဟေ့' ဟု ပြောသံကိုလည်း ကြားရလေ၏။

ထိုအချိန်၌ လမင်းသည် ကောင်းကင်၌ ထန်းတစ်ဖျားခန့် အမြင့်သို့ ရောက်၍ ကြည်လင်သော အရောင်ဖြင့် ထွန်းလင်းလျက် ရှိသော်လည်း ဦးစံရှား ရှိနေသော အမိုးစွန်းမှာ အိမ်၏ အနောက်ဘက်၌ ရှိသဖြင့် မှောင်ကျလျက် ရှိနေ၏။ ဦးစံရှားသည် အမိုးပေါ်တွင် ဝမ်းလျားမှောက်လျက် အိမ်ဝင်းထဲ၌ လှုပ်လှုပ်ရွရွ သွားနေကြသော လူများ၏ အပြုအမူကို ကြည့်ရှုလျက် ရှိစဉ် ဦးထွန်းကျော်၏ အသံဖြင့်

ကျော်။ ။ 'ဟေ့ အဲဒီဘက်မှာ မရှိပါဘူးကွယ်တို့အလာ



www.burmeseclassic.com

www.burmeseclassic.com



ကား အချိန်ကုန်လှတယ်'

ကြွယ်။ ။ (ဒေါပွသောအသံဖြင့်) 'လက်ထဲရောက်ပြီးမှ ဒီလိုနဲ့ ဆုံးရတော့မှာလားဗျာ'

ကျော်။ ။ 'မဆုံးပါဘူး မိတ်ဆွေ။ တွေ့တော့ တွေ့ဦးမှာပေါ့။ တော်တော် ကြံရည် ဖန်ရည် ကောင်းတဲ့လူတစ်ယောက်ပါပေ့ဗျာ'

ကြွယ်။ ။ (ရှုံးမှုမှမ်းခြင်းကို မကြားလိုသော အနေနှင့်) 'ခွေးမသားထွန်းမောင် မိုက်လို့ပါဗျာ။ ထိုင်ရာက မထပါနဲ့လို့ မှာထားလျက်နဲ့ သူသွားပြီး ကမြင်းတဲ့အတွက် ဒီလိုဖြစ်ကုန်ရတာပါ'

BURMESE CLASSIC

ထိုအခါမှ ဦးစံရှားသည် မိမိဖမ်းယူ မြှောက်ကိုင်ထားသော သူမှာ ဗိုလ်ကောစုတ်ဖွားနှင့် လူဖြစ်ကြောင်း သိရှိရလေ၏။ ဦးထွန်းကျော်သည် လက်ဆွဲမီးအိမ်များကို ယူခဲ့စေ၍ အိမ်ဝင်းအတွင်း၌ လှည့်ပတ်ကာ ရှာဖွေလျက် ရှိကြစဉ် တစ်ယောက်သော သူသည် ဦးထွန်းကျော်ထံ ချဉ်းကပ်၍ 'သူ့ကားကို လမ်းထောင့်က သစ်ပင်အောက်မှာ တွေ့ခဲ့တယ် ဆရာ' ဟု ပြောရာတွင် ဦးထွန်းကျော်က 'ဒါဖြင့် နေကြဦးပေါ့၊ ဟိုဘက် အိမ်ကို ငါ သွားပြီး ကြည့်စမ်းချေဦးမယ်' ဟု ပြော၍ နန္ဒဝန်အိမ်ဘက်သို့ ကူးသွားလေ၏။

အတန်ငယ်ကြာသောအခါ ဦးထွန်းကျော်မှာ ကိုဇီးကော့နား အိမ်ဘက်သို့ ပြန်ကူးလာ၍ မိမိ၏ တပည့်များအနက် နှစ်ယောက်ကို ဦးစံရှား၏ ကားအနီး မှောင်ရိပ်မှ စောင့်နေရန် အမိန့်ပေး၍ ကျန်လူများကို အိပ်ရာသို့ ဝင်စေ၏။ ၎င်းနောက် ဦးထွန်းကျော်နှင့် မောင်သန်းကြွယ်တို့သည် ငါးမိနစ်ခန့်မျှ ရပ်တန့်ကာ စကားပြောနေကြပြီးနောက် အိမ်တွင်းသို့ ဝင်သွားကြလေရာ ဦးစံရှားသည် နာရီကိုကြည့်သဖြင့် တစ်နာရီခွဲတိတိ ရှိကြောင်း တွေ့ရှိရလေ၏။ ဦးစံရှားမှာ အမိုးပေါ်၌ လဲလျောင်းလျက်ရှိစဉ် ထိုညဥ့်အတွက် ထိုလူစု၏ လက်မှ လွတ်ကင်းရာ ရပေပြီဟု အသက်ရှူချောင်လာသည်နှင့် တစ်ပြိုင်နက် ဖြစ်တတ်သော ထုံးစံ



www.burmeseclassic.com

www.burmeseclassic.com



အတိုင်း ဆေးတံသောက်ချင်သော စိတ်သည် သည်းမခံနိုင်မတတ် ဖြစ်ပေါ်လာခဲ့လေ၏။

❖



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ကိုး

ဦးစံရှားသည် အမိုးပေါ်၌ ၁၅ မိနစ်ခန့်မျှ မလှုပ်မရှားဆိတ်ငြိမ်စွာ လဲလျောင်းနေပြီးနောက် အိမ်မိုး၏ အခြေအနေကို ကြည့်ရှုရာ အမိုးမှာ အုပ်ကြွပ်မိုးဖြစ်၍ လည်ပေါ်ကြီးထည့်ထားသော အိမ်မိုးမျိုးဖြစ်ကြောင်း တွေ့ရှိရလေ၏။ လည်ပေါ်၏ ပတ်လည်၌ကား အလင်းရောင်ဝင်စေရန် အတွက် မှန်များတပ်ထားသည်ဖြစ်ရာ ထိုညဉ့်၌ မှန်များသည် ထိန်ထိန်လင်းလျက် ရှိသောကြောင့် အောက်တည့်တည့်၌ရှိသော အခန်းတွင် မီးထွန်းလျက်ရှိကြောင်း သိရှိ၏။ ထိုအခါ ဦးစံရှားသည် လည်ပေါ်မှန်မှ အောက်သို့ ချောင်းမြောင်းကြည့်ရှုလိုသော စိတ်ဆန္ဒ ဖြစ်ပေါ်လာ၏။ ဦးစံရှား၏ နောက်ပိတ်ဖိနပ်များမှာ လှေကားထိပ်၌ ချွတ်ပစ်ထားခဲ့သဖြင့် ခြေထောက်သက်သက်ဖြင့် နေသော်ငြားလည်း အုပ်ကြွပ်မိုးဖြစ်သောကြောင့် မတော်တဆ အုတ်ကြွပ်တစ်ချပ်မျှ ကွဲခဲ့ပါလျှင် အိမ်အောက်မှလူများ သိသွားကြမည်ကို စိုးရိမ်ရ၏။ အကယ်၍ ခြေချော်သဖြင့် အောက်သို့ ကျခဲ့ပြန်ပါလျှင်လည်း လည်ပင်းမကျိုးသည့်တိုင်အောင် ခြေကျိုးမည်ကား မုချမလွဲတည်း။ သို့ပါသော်လည်း ဦးစံရှားသည် တစ်စုံတစ်ခု ပြုလိုသော အခါ၌ အနှောင့်အယှက်များကို ပမာဏ မပြုတတ်သော ထုံးစံအတိုင်း အုတ်ကြွပ်မိုးပေါ်တွင် လေးဖက်တွားလျက် လည်ပေါ်ရှိရာသို့ တရွေ့ရွေ့ တက်သွားလေ၏။

လည်ပေါ်သို့ လက်ဖြင့် ကိုင်ဆွဲမိ၍ မှန်တစ်ချပ်သို့ မျက်နှာနှင့် ကပ်လျက် အောက်သို့ ချောင်းကြည့်လိုက်သောအခါ တစ်ခုသော အခန်း၌



www.burmeseclassic.com

www.burmeseclassic.com



ဦးထွန်းကျော်သည် စာတစ်အုပ်ကို ဖတ်လျက်ရှိရာ မောင်သန်းကြွယ်မှာမူ ကြွက်လှေ့ှာက်ပေါ်၌ရှိသော ဆေးပုလင်းများကို တစ်ခုပြီးတစ်ခု ကောက်ယူကြည့်ရှုလျက် ရှိသည်ကို တွေ့မြင်ရ၏။ အခန်းထဲ၌ကား ဥရောပတိုက်သားများ ရေချိုးသော သွပ်ကန်ကြီးတစ်ခုသည် ရေအပြည့်ထည့်ထားရာ ၎င်းအနီး၌ ဗိုလ်ကေစုတ်ဖွားနှင့် မောင်ထွန်းမောင်၏ အလောင်းသည် စင်းစင်းကြီး ရှိနေလေ၏။ မောင်သန်းကြွယ်သည် ပုလင်းငယ်တစ်ခုမှ အရည်များကို သွပ်ကန်ထဲသို့ လောင်းထည့်လိုက်သောအခါ ရေသည် ကြည်လင်လျက်ရှိရာမှ ညိုမှိုင်းမှိုင်း ညစ်ပုပ်ပုပ် အရောင် ဖြစ်လာလေ၏။ ၎င်းနောက် မောင်သန်းကြွယ်သည် အခြား ပုလင်းငယ်တစ်လုံးမှ ဆေးမှုန့် အနည်းငယ်ကို သွပ်ကန်ထဲသို့ လောင်းချပြန်ရာတွင် ရေသည် ရှဲခနဲ မြည်လျက် ပွက်ပွက်ဆူ၍ ထလာလေ၏။ ဦးထွန်းကျော်မှာမူ ထိုအခြင်းအရာကို အလျှင်း ဂရုမစိုက်ဘဲ ဆေးပြင်းလိပ်ကို ခဲလျက် စာအုပ်ကိုသာ ဖတ်နေလေ၏။

BURMESE CLASSIC

ကြွယ်။ ။ 'မဟုတ်သေးပါဘူး ရီရီ၊ သူ့အဖို့ ဒီည ရည်ရွယ်ထားတာ၊ ထွန်းမောင်က ဝင်ပြီး သူ့ဒဏ်ခံသွားတယ် ရီရီရဲ့'

ကျော်။ ။ 'စံရှားကောင်က ဒီကနေ့ည တစ်ပန်းသာသွားပြန်လို့ ကိုသန်းကြွယ်က စိတ်ပေါက်နေတယ် ရီရီရဲ့'

ရီ။ ။ (ရွှင်ပျသော မျက်နှာနှင့်) 'ဟုတ်ကဲ့လား၊ ဒီလူလုပ်ခဲ့ ကျွန်မဖြင့် သိပ်သဘောကျတယ်၊ ပြောစမ်းပါဦး ကိုကို'

ထိုအခါ ဦးထွန်းကျော်သည် ညဥ့်ဦးက အဖြစ်အပျက်ကို အကျဉ်းရုံး၍ ပြောပြလေ၏။

ရီ။ ။ (ရယ်မောလျက်) 'ဘုဏ်ပိုင်လိုက်ပါပေ့ရှင်။ ဒီလူဟာ ကျွန်မတို့ အသင်းသားဖြစ်ရင် သိပ်ပြီး နေရာကျမယ်။ ဒါထက် ကိုဘထွန်း အစ်သောက် ကျွန်မ တွေ့ခဲ့တယ်'

ကျော်။ ။ 'အလို မန္တလေးက သူ့ဘယ်တုန်းက ရောက်



www.burmeseclassic.com

www.burmeseclassic.com



သလဲ'

ရီ။ ။ 'ညနေက ရောက်သတဲ့။ ကိုကို့ကို မန္တလေးမြို့ ဂရင်းဟိုတယ် အစည်းအဝေးအတွက် ခေါ်ဖို့ လာသတဲ့'

ကျော်။ ။ 'ဒါဖြင့် ဘာကြောင့် ဒီကို တိုက်ရိုက်မလာသတဲ့လဲ'

ရီ။ ။ 'သူ့ကိစ္စကလေး ရှိသေးလို့ နက်ဖြန်မှ လာမလို့တဲ့'

ကျော်။ ။ 'ဒီကနေ့ ရီရီဆောင်ရွက်ခဲ့ပုံကို ပြောပြစမ်းပါဦး'

ရီ။ ။ 'ကျွန်မကို ပိုးနေတဲ့ ကိုဘရွှေက သူ့အမေကြီးရော၊ ကျွန်မရော ဂလုပ်ရဲ့ ဘိုင်စကုပ်ကို ခေါ်သွားတယ်။ ပွဲကတော်ကြီးက ကျွန်မကို မြင်မြင်ချင်း သမီးအရင်းလို ချစ်ပါတယ် ခင်ပါတယ်နဲ့ ပွေ့လားဖက်လားတောင် လုပ်သေးတယ် ကိုကို'

BURMESE CLASSIC

ကြွယ်။ ။ 'စိန်တွေတော်တော်များများ ဝတ်ထားတယ်မဟုတ်လား'

ကျော်။ ။ 'ဒီလူတစ်ယောက်က သူ့ စိန်လောက်ပဲ ဂရုစိုက်ဖော်ရတာပဲကိုး'

ရီ။ ။ 'ဝတ်ထားပါတယ် စိတ်ချပါ။ ရှေ့ စနေနေ့ညမှာ သူ့သား ဘီအေအောင်လို့ သူတို့ တိုက်ရှေ့မှာအောင်ဘညို ဇာတ်ပွဲ ကမလို့တဲ့။ ကျွန်မ လာဖြစ်အောင် လာပါတဲ့ရှင်။ ဖိတ်လိုက်သေးတယ်'

ကြွယ်။ ။ 'နေရာကျလိုက်လေ ရီရီ၊ ကျုပ်အကြံ အောင်တော့မှာပဲ'

ကျော်။ ။ 'ဘရွှေငနဲကကော တော်တော်များ စွဲရဲ့လား'

ရီ။ ။ 'ဒီအကောင်မ အစွမ်းကုန်ကြံလိုက်ရင် မစွဲဘဲ နေနိုင်တဲ့ယောက်ျား ဘယ်မှာ ပေါ်ဖူးသေးလို့လဲ ကိုကို' ဟု ပြောလျှက် မီမီ၏ အရိပ်ကို ကိုယ်လုံးပေါ်မှန်ကြီးထဲသို့ လှည့်၍ ကြည့်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



ကြွယ်။ ။ 'ဦးထွန်းကျော် ဘယ်တော့ မန္တလေးလိုက်ရမလဲ'

ကျော်။ ။ 'ဂရင်းဟိုတယ် အစည်းအဝေးက သန်ဘက်ခါ ညဆိုတော့ နက်ဖြန်ခါ လိုက်ရတော့မှာပေါ့။ ဒါထက် ဘရွှေတို့ သားအမိကို မင်းအကြောင်း ဘယ်ပုံပြောထားသလဲ ရီရီ'

ရီ။ ။ 'မိမဲ့ဖမဲ့ ဖြစ်လေတော့ သူဌေးတိုက်တစ်တိုက်မှာ လက်နှိပ်စက် စာရေးမကလေးအဖြစ်နဲ့ ကိုယ့်ဝမ်းကိုယ်ခဲ ကိုယ့်ဟာကိုယ် ထိန်းကျောင်းရတဲ့ မိန်းကလေးတစ်ယောက်ပေါ့ ကိုကို'

ကြွယ်။ ။ (လက်ပတ်နာရီကို ကြည့်လျက်) 'ကိုင်း နာရီ ပြန် နှစ်ချက်ကျော်သွားပြီ၊ အိပ်ကြမှထင်တယ်'

ကျော်။ ။ 'အိပ်လို့ ဘယ့်နှယ်ဖြစ်မလဲ ကိုသန်းကြွယ်၊ နက်ဖြန် ကျုပ်သွားရမှာဖြစ်လေတော့ ချက်တာကျီ ကိစ္စကို ပြီးအောင် စီမံဦးမှပေါ့'

ကြွယ်။ ။ 'ဒါဖြင့် လုပ်လေဗျာ၊ ဘယ်ပုံ စီမံမလဲ'

ကျော်။ ။ 'သူ့ကို ဒီအခန်းထဲခေါ် ဆေးထိုးလိုက်ပြီး လက်မှတ်ထိုးအောင် လုပ်ကြတာပေါ့'

ကြွယ်။ ။ 'လုပ်မှာဖြင့်လဲ လုပ်ကြစို့ဗျာ'

ငင်းနောက် ဦးထွန်းကျော်နှင့် မောင်သန်းကြွယ်တို့သည် အခန်းတွင်းမှ ထွက်သွားကြလေရာ ရီရီသည် ထိုင်ရာမှ ထ၍ ကိုယ်လုံးပေါ်မှန်ကြီးထဲ၌ ပေါ်နေသော မိမိ၏အရိပ်ကို ကျေနပ်သော အမူအရာနှင့် ကြည့်လျက် ကျန်ရစ်နေလေ၏။ ဦးစံရှားမှာမူ ၎င်းတို့ ပြောဆိုသော စကားများကို တစ်လုံးမကျန် မှတ်သား၍ ချက်တာကျီ လက်မှတ်ထိုးအောင် လုပ်မည်ဟူသော စကား၏ အဓိပ္ပာယ်ကို တွေးတောလျက် ရှိလေ၏။ ထိုသူတို့သည် ချက်တာကျီ၏ လက်ချောင်းများကို ပလာယာနှင့် ညှပ်ခြင်းအားဖြင့် လက်မှတ်ထိုးအောင် ပြုခဲ့သည်ရှိသော် လူတစ်ဖက်သားအား



www.burmeseclassic.com

www.burmeseclassic.com



နှိပ်စက်ညှဉ်းပန်းခြင်းကို မရှုရက်အောင် ရှိသော ဦးစံရှားသည် မည်ကဲ့သို့ ကယ်ဆယ်ရန် တတ်နိုင်ပါမည်နည်းဟူ၍လည်း တွေးတောစိတ်ကူးမိ၏။

တစ်ခဏကြာသောအခါ ဦးထွန်းကျော်နှင့် မောင်သန်းကြွယ်တို့သည် ချက်တာဂျီကို တွဲလျက် အခန်းတွင်းသို့ ဝင်လာကြပြီးလျှင် အလယ်၌ ရှိသော ကုလားထိုင်ပေါ်တွင် ထိုင်စေလျက် တစ်ဖက်တစ်ချက်မှ ညှပ်၍ ထိုင်ကြလေ၏။ ရိရိမှာမူ မလှမ်းမကမ်းရှိ ကုလားထိုင်တစ်လုံးမှ အရေးမကြီးသော အမူအရာနှင့် စောင့်၍ ကြည့်နေလေ၏။ ချက်တာဂျီမှာမူ ဦးစံရှား၏ လက်တွင်း၌ ရှိစဉ်အခါကနှင့် ခြားနားခြင်း မရှိဘဲ ယိုးတီးယောင်တောင်နှင့်ရှိသော အမူအရာနှင့် ကုလားထိုင်ပေါ်တွင် ထိုင်နေလေ၏။

မောင်သန်းကြွယ်သည် ကြွက်လျှောက်ပေါ်၌ တင်ထားသော ဆေးထိုးပြွတ်တစ်ချောင်းကို လှမ်းယူ၍ ပုလင်းငယ်တစ်လုံးမှ ဆေးရည်အပြည့်စုပ်ယူလေရာ ဦးထွန်းကျော်ကမူ ချက်တာဂျီ၏ လက်ဝဲဘက်လက်မောင်းမှ ရှပ်အင်္ကျီလက်ကို လှန်ပေးလေ၏။ ၎င်းနောက် မောင်သန်းကြွယ်သည် ချက်တာဂျီ၏ လက်မောင်းကို ပြွတ်နှင့်ထိုးပေး၍ မျက်နှာကို စောင့်ဆိုင်းအကဲခတ်လျက် ရှိကြ၏။ တစ်ခဏမျှကြာလတ်သော် ချက်တာဂျီသည် ရှေ့တည့်တည့်သို့ စိုက်ငေးလျက် ကြည့်နေရာမှ ဟိုမှ ဤမှ စောင်းငဲ့ကြည့်ရှုပြီးလျှင် နဖူးကို လက်ဝါးနှင့် ပွတ်သပ်လေ၏။ ၎င်းနောက် ချက်တာဂျီသည် ထိုင်ရာမှထ၍ ထိုသူနှစ်ယောက်၏ မျက်နှာကို စေ့စေ့ကြည့်ပြီးလျှင် ကုလားထိုင်ပေါ်သို့ ပြန်ထိုင်လေ၏။

**ကျော်**။ ။ 'ဘယ့်နှယ်လဲ ချက်တာဂျီ၊ သတိရပြီလား'

**ဂျီ**။ ။ 'ကျွန်ုပ် ဘယ်မှာလဲ'

**ကျော်**။ ။ 'ကိုဇီးကောနားအိမ်ကို ခင်ဗျား ရောက်တယ်'

**ဂျီ**။ ။ 'ကျွန်ုပ်ကို ခင်ဗျားတို့ ဘာလုပ်မလဲ'



www.burmeseclassic.com

www.burmeseclassic.com



ကျော်။ ။ 'ခင်ဗျားကို ကျုပ်တို့ ဘာမှ မလုပ်ဘူး၊ ကျုပ်တို့ လိုချင်တဲ့စာရွက်ကလေးကို ခင်ဗျား လက်မှတ်ထိုးလိုက်ရင် ပြီးရော'

ဂျီ။ ။ 'ကျွန်ုပ် သတိရပြီ၊ မထိုးဘူး။ လက်မှတ်မထိုးဘူး ဝက်'

ကျော်။ ။ 'ဒီလို မလုပ်ပါနဲ့လေ။ မထိုးရင် ထိုးတဲ့နည်း ကျုပ်တို့ လုပ်ရပါလိမ့်မယ်'

ဂျီ။ ။ 'ကျွန်ုပ်ထိုးသော်လဲ နောက်တော့ ငြင်းမှာပေါ့၊ ခင်ဗျားတို့ ဘာလုပ်မလဲ'

ကျော်။ ။ 'ခင်ဗျား ဘာငြင်းနိုင်တော့မလဲ ချက်တာဂျီ လက်မှတ်ထိုးပြီးတဲ့နောက် ခင်ဗျား ခုတင်ကလို ပြန်ဖြစ်အောင် ကိုသန်းကြွယ်က လုပ်ပေးမှာပေါ့'

ဂျီ။ ။ 'စုဝက်၊ လုပ်ချင်သလိုလုပ်။ ကျုပ် မထိုးဘူး'

ထိုအခါ မောင်သန်းကြွယ်သည် ကြွက်လျှောက်ပေါ် တင်ထားသော ပလာယာကို လှမ်းယူ၍

ကြွယ်။ ။ 'ခေါင်းမာတဲ့လူများအဖို့ အင်မတန် အသုံးဝင်တဲ့ လက်နက်ကလေးပဲ။ ချက်တာဂျီ ဟိုတစ်ခါတုန်းက လက်နက်ကြောင့် ခင်ဗျားထိုးတဲ့ လက်မှတ်ဟာ ဟိုခွေးမသားကြောင့် ပျောက်သွားတယ်။ ဒီတစ်ခါလဲ ခင်ဗျားမထိုးဘဲ ငြင်းနိုင်ပါ့မလား' ဟု ပြောလျက် ပလာယာ နှင့် အနီးသို့ ချည်းကပ်လေ၏။ ချက်တာဂျီမှာ ချောင်၌ ပိတ်လှောင်မိသော ယုန်သူငယ်ကဲ့သို့ သနားစဖွယ် မျက်နှာထားနှင့် တစ်ကိုယ်လုံး တုန်ကာ ကြည့်နေစဉ် မမျှော်လင့်သော အခြင်းအရာတစ်ခုသည် ရုတ်တရက် ဖြစ်ပေါ်လာလေ၏။ အခန်းတွင်း၌ ရှိနေသူများသည် အိမ်မိုးပေါ် မှ မိုးကြိုးသံကဲ့သို့ ဂျွမ်းခနဲ မြည်သံကို ရုတ်တရက် ကြားရသဖြင့် အပေါ်သို့ မော့ကြည့်ကြရာတွင် 'ဟေ့ ချက်တာဂျီ၊ ပါးချိတ်ကို ကော်ပြီး ထားလိုက်ပါလား။ လက်မှတ်တော့ မထိုးလေနဲ့ကွ။ ဘယ်နည်းနဲ့မှ



www.burmeseclassic.com

www.burmeseclassic.com



မထိုးလေနဲ့’ ဟု မှန်ကွဲပေါက်မှ ဦးခေါင်းပြူကာ ပြောနေသော ဦးစံရှား၏ အသံကို ကြားကြရလေ၏။

❖



www.burmeseclassic.com

www.burmeseclassic.com

## အခန်း တစ်ဆယ်

အခန်းတွင်း၌ ရှိသော သူများသည် အိမ်မိုးပေါ်၌ ရှိနေသော ဦးစံရှားကို မြင်ကြရသော် ၎င်းအား မိမိတို့ လက်တွင်းသို့ ရောက်အောင် ဖမ်းရန် အကြံအစည်နှင့် အိမ်အောက်သို့ ဆင်းပြေးကြလေရာ ရီရီသည်လည်း ၎င်းတို့နှင့်အတူ လိုက်ပါသွားသဖြင့် ချက်တာဂျီ တစ်ယောက်တည်းသာလျှင် အခန်းတွင်း ကျန်နေရစ်လေ၏။ ထိုအခါ ဦးစံရှားသည် မှန်ကွဲပေါက်မှ ဦးခေါင်းပြူလျက် ချက်တာဂျီ ကြားနိုင်လောက်ရုံမျှသော အသံဖြင့် 'အခန်းပြင်ထွက်သွား၊ လက်ယာဘက်ချိုး၊ ရှေ့တံခါးကိုဖွင့် ဟိုဘက်က အိမ်ကိုကူးသွား၊ မခင်စိန်ကို ခေါ်လိုက်၊ ကြားရဲ့လား'

ချက်တာဂျီမှာ နားပင်လည်သော်လည်း အံ့သြခြင်း မပြေပျောက်နိုင်ဘဲ ယောင်တောင်တောင် ရှိနေရာတွင်

ရှား။ ။ 'ဟော့လူ၊ မြန်မြန်လုပ်လေ။ သွားပါတော့။ ဒီအိမ်မိုးပေါ်မှာ ကျုပ်ရှိတယ်လို့ မခင်စိန်ကို ပြောလိုက်။ လုပ်ပါ၊ သွားပါ မြန်မြန်'

ချက်တာဂျီသည် အခန်းတွင်းမှ ထွက်သွားသောအခါ ဦးစံရှားမှာ နန္ဒဝန်အိမ်ဘက်သို့ ချက်တာဂျီတစ်ယောက် ချောမောစွာ ဆိုက်ရောက်ခဲ့ကိုသာလျှင် ဆုတောင်း မျှော်လင့်လျက် ရှိလေ၏။

ထိုအချိန်၌ကား အရှေ့ကောင်းကင်မှ လိမ္မော်ရောင်ပြေးလျက်ရှိရာ ဦးစံရှားသည် လူဆိုးများ၏ လက်သို့ မိမိမရောက်မီ လမ်းသွားလမ်းလာများ ပေါ်ပေါက်လာဖို့ကိုလည်း မျှော်လင့်လျက် ရှိ၏။ ဦးစံရှားသည် လည်ပေါ်ကိုမှီကာ အမိုးပေါ်တွင် ခြေဆင်းလျက် ထိုင်နေသော



www.burmeseclassic.com

www.burmeseclassic.com



လိုလှသော ဆေးတံကို အကျီအိတ်မှ ထုတ်ယူပြီးလျှင် မီးညှိကာ အားရပါးရ ရှူရှိုက်ရင်း နှောင်ရေးကို မျှော်တွေးဆဲ ခြင်မိလေ၏။ ယင်းကဲ့သို့ စဉ်းစားရင်း ဦးစံရှားသည် အကြံတစ်ခုရသည်နှင့် ဇင်းအကြံအတိုင်း မြူလုပ်မည်ကြံဆဲတွင် ဦးထွန်းကျော်နှင့် တပည့်များသည် လှေကားတစ်စင်းကို ယူလာ၍ အိမ်နံဆားသို့ ကပ်ကာ ထောင်လျက်ရှိကြ၏။ ထိုခဏ၌ ဦးစံရှားသည် ငယ်စဉ်က မိမိရဖူးသော သီချင်းတစ်ပုဒ်ကို ကျယ်စွာသော အသံဖြင့် သီဆိုစပြုလေ၏။ ဦးထွန်းကျော်၏ အကြံမှာ အခြားသူတစ်ဦးတစ်ယောက်မျှ မသိမီ ဦးစံရှားကို လက်ရဖမ်းဆီးရန် ဖြစ်လေရကား ဦးစံရှား၏ ကျယ်လောင်သော တေးသီချင်းသံကို ကြားရသောအခါတွင် တီးတိုးရေရွတ် ကျိန်ဆဲလျက် တပည့်များအားလည်း လှေကားကို လျင်မြန်စွာ ထောင်ကြစေရန် အမိန့်ပေးလျက် ရှိ၏။ နေမင်းသည် အရှေ့တောင်းကင်မှ ထွက်ပြူမည့်ဆဲဆဲတွင် ဦးစံရှားသည် ယခင်ကထက်ပင် ကျယ်လောင်သော အသံဖြင့် အံစွမ်းကုန်ညှစ်၍ သီဆိုလေရာ အသိုက်များမှထခါစဖြစ်သော ငှက်များသည် လန့်၍ ပျံကြလေ၏။

နွားနို့သည် ကုလားတစ်ယောက်သည် လမ်းပေါ်မှ လျှောက်လာစဉ် ထူးဆန်းသော အခြင်းအရာကို တွေ့မြင်ရသဖြင့် ရပ်တန့်ကြည့်ရှုလေမိ၏။ ထိုအခါ လှေကားကို ထောင်သော လူများသည် လှေကားထိပ်မှ အမိုးပေါ်သို့ ရောက်အောင် မတက်နိုင်ဘဲရှိကာ လှေကားတိုနေသည့် အဖြစ်ကို သိရှိကြရလေ၏။ ဦးထွန်းကျော်သည် မြေကြီးပေါ်မှရပ်ကာ လှေကားထိပ်၌ရှိသော သူ၏ အစွမ်းညံ့ဖျင်းခြင်းကို ကြိမ်းမောင်းရေရွတ်လျက်ရှိစဉ် စောစောစီးစီး ကားတစ်စီးနှင့် ထွက်လာသူ ဘိုနှစ်ယောက်တို့သည် လမ်းပေါ်တွင် ကားကို ရပ်တန့်၍ ကြည့်နေကြလေ၏။ နောက်တစ်ခဏ၌ တစ်ညဉ့်လုံး လည်ပတ်ကာ အချိန်ကုန်စေခဲ့၍ ခပ်ငေးငေးတွေနှင့် အိမ်သို့ ပြန်လာသော လူတစ်ယောက်သည် လမ်းပေါ်မှရပ်၍ ကြည့်ပြန်လေ၏။ ဦးစံရှားမှာမူ ရပ်နားခြင်းမရှိဘဲ အိမ်ခေါင်မိုးပေါ်မှ ကျယ်



www.burmeseclassic.com

www.burmeseclassic.com



လောင်ဖွာသောအသံဖြင့် တေးချင်းတစ်ပုဒ်ကို ထပ်ကာထပ်ကာ သီဆိုလျက် ရှိရာ ဦးထွန်းကျော်မှာလည်း ထပ်ကာထပ်ကာ တီးတိုးရေရွတ်လျက်ရှိ၏။ အိမ်ရှေ့၌ ရပ်၍ ကြည့်နေကြသော ပရိသတ်လူထုမှာလည်း တဖြည်းဖြည်း တိုး၍ လာလေ၏။

ဦးစံရှားသည် အိမ်ရှေ့၌ ပရိသတ်တိုးလာသည်ကို မြင်သဖြင့် တေးချင်းဆိုရပ်ကာ ရယ်မောမိလေရာ နောက်တစ်ခဏ၌ ရယ်မောခြင်းသည် ယတိပြတ် ရပ်စဲ၍သွားလေ၏။ အကြောင်းဆိုသော် မောင်သန်းကြွယ်သည် အိမ်၏အပေါ်ထပ်မှ လှေကားထောင်၍ လည်ပေါ်ရှိရာသို့ တက်ပြီးလျှင် မှန်ခွဲထားသော အပေါက်မှ ခြောက်လုံးပြူးသေနတ်နှင့် ဦးစံရှားအား ချိန်ရွယ်လျက် ရှိပေသောကြောင့်တည်း။ (မောင်သန်းကြွယ်မှာ ယူနီဘာစီတီရန်ပုံငွေအတွက် အလှူငွေထည့်ဝင်နိုင်သော မြေပိုင်ရှင်တစ်ယောက်၏သား ဖြစ်သောကြောင့် ခြောက်လုံးပြူးလိုင်စင်ရရန်အတွက် ခဲယဉ်းခြင်း မရှိချေ။)

မောင်သန်းကြွယ်ရှိနေသော နေရာမှာမူ အိမ်ရှေ့၌ ရှိသော ပရိသတ်ကို မမြင်နိုင်သောကြောင့် မိမိ၏ အပြုအမူကို သူတစ်ပါး မသိ မမြင်နိုင်ဟု အောက်မေ့၍ ဦးစံရှားအား ပစ်လားခတ်လား ပြုလုပ်မည်ကို ဦးစံရှား စိုးရိမ်ရ၏။ သို့ဖြစ်၍ ဦးစံရှားသည် အိမ်ရှေ့၌ လူအများ ရောက်နေကြောင်းကို မောင်သန်းကြွယ်သိအောင် ပြုလုပ်ဖို့ အရေးကြီး၏။

ရှား။ ။ 'အလို ကိုသန်းကြွယ် ရောက်နေသလား၊ ပစ်လားခတ်လားတော့ မလုပ်ပါနဲ့နော်။ အိမ်ရှေ့မှာ လူတွေ ရှိတယ်။ မယုံရင် ဦးထွန်းကျော်ကို ကျုပ် လှမ်းပြီး စကားပြောပြမယ်။ ကြည့်နေနော်'

မောင်သန်းကြွယ်၏ သံသယမကင်း ဖြစ်ပေါ်လာသော မျက်နှာအားကို ဦးစံရှား မြင်ရသဖြင့် ဆက်လက်၍

ရှား။ ။ 'ကျုပ်သေတာ အရေးမကြီးပါဘူး။ သို့သော်လဲ ခင်ဗျား လူသတ်မှုဖြစ်နေဦးမယ်။ ဦးထွန်းကျော်ကလဲ သဘောတူမယ် မထင်ဘူး။



www.burmeseclassic.com

www.burmeseclassic.com



နေဦး၊ ခင်ဗျား ဒီမှာရှိကြောင်း ဦးထွန်းကျော်ကို ပြောလိုက်ဦးမယ်'

ဦးစံရှားသည် ခက်ခဲသော အပြုအမူပေါင်း များစွာတို့ကို ပြုလုပ်ခဲ့ဖူးသော်လည်း ခြောက်လုံးပြူးနှင့် ချိန်ရွယ်လျက်ရှိသော လူတစ်ယောက်ကို ကျောခိုင်းရခြင်းသည်ကား အခက်အခဲဆုံးသော အလုပ်တစ်ခုဟူ၍ အောက်မေ့မိ၏။ သို့ရာတွင် အနည်းငယ်မျှ ဣန္ဒြေမပျက်စေဘဲ ဦးထွန်းကျော်ရှိရာဘက်သို့ လှည့်၍

ရှား။ ။ 'ဦးထွန်းကျော်၊ အို ဦးထွန်းကျော်၊ ဟောဒီမှာ ခင်ဗျား မိတ်ဆွေ ကိုသန်းကြွယ် ရောက်နေတယ်။ ခင်ဗျားလူက ကျုပ် တေးချင်းဆိုတာကို မကြိုက်လေတော့ ကျုပ်ကို စီရင်မယ်လို့ လုပ်နေတယ်။ တကယ်ဆိုရင် အိမ်ရှေ့မှာလဲ လူတွေ ရောက်ကုန်ပြီ။ သူကတော့ မသိရှာဘူးဗျ။ ပြောပြလိုက်ပါဦးဗျာ'

ဦးစံရှားသည် ဦးထွန်းကျော်၏ ဒေါပွသော မျက်နှာထားကို မြင်ရသဖြင့် ဟစ်အော်ရယ်မောလိုလှ၏။ သို့ရာတွင် ဦးထွန်းကျော်သည် အမျက်ကို ချုပ်တည်း၍ တည်ငြိမ်သော အသံဖြင့်

**ကျော်။** ။ 'ကိုသန်းကြွယ်လားဗျို့၊ ခင်ဗျားရောက်နေပြီလား'

**ရှား။** ။ 'ထူးလေ ကိုသန်းကြွယ်၊ ခင်ဗျာ့ကို မေးနေတယ်'

**ကြွယ်။** ။ 'ရောက်နေတယ်ဗျို့၊ ဘာဖြစ်သလဲ'

**ကျော်။** ။ 'ဘာမှတော့ မဖြစ်ပါဘူးဗျာ၊ သို့သော် အိမ်ရှေ့မှာ ပရိသတ်တွေ ရောက်နေတယ်။ ဒီတော့ ခင်ဗျား ဘာမှ လုပ်ဖို့ မရှိဘူးဗျို့။ ဘာမှမလုပ်နဲ့တော့ ကိုသန်းကြွယ်'

**ရှား။** ။ 'ဟော ကြားရဲ့လား၊ ဘာမှ မလုပ်နဲ့တော့တဲ့'

**ကြွယ်။** ။ 'ခင်ဗျားတော့ နေနှင့်ဦးဗျာ၊ တစ်နေ့တော့ သိစေမယ် စိတ်သာချ။ တယ်မကြာစေရဘူး'

**ရှား။** ။ 'ကျုပ်ကို ဒီလို ကြိမ်းတဲ့လူတွေ ထောင်နန်းစံနေကြ



www.burmeseclassic.com

www.burmeseclassic.com



တာ ဘယ်နှစ်ယောက်ရှိပြီလဲ။ ခင်ဗျားကတော့ တော်တယ်။ ကျုပ်ကို စီရင်ပြီး အလောင်းကို ဖျောက်ဖျက်ပစ်ဖို့ နည်းရှိတယ် ဟုတ်စ'

ကြွယ်။ ။ 'ခင်ဗျားကို အရှင်လတ်လတ် ဆေးရည်ထဲ ထည့်မယ် ကြားရဲ့လား'

နောက်တစ်ခဏ၌ မောင်သန်းကြွယ်သည် လှေကားဖြင့် ကြမ်းပေါ်သို့ ဆင်းသွားလေ၏။

'ဗျို့ဆရာကြီး၊ ခင်ဗျား ဘယ့်နှယ် ဒီရောက်နေသလဲ' ဟု လမ်းပေါ်မှ အော်ဟစ်၍ မေးသံကြားသဖြင့် ဦးစံရှားသည် အသံကြားရာသို့ ငုံ့ကြည့်လိုက်သောအခါ ရာဇဝတ်အုပ်ကျ ကိုဖိုးထူးနှင့်တကွ ကောလိပ်ကျောင်းသား မောင်သွင်၊ ကိုသန်းဖေ၊ ကိုအုန်းဖေတို့ ရောက်နေကြကြောင်းကို ဝမ်းမြောက်ဝမ်းသာ တွေ့မြင်ရလေ၏။

ရှား။ ။ 'ကိုယ့်လူစု ရောက်နေကြမင့်ကိုး။ လှေကား မြန်မြန်ထောင်ကြပါဗျာ။ ခြေထောက်တွေ ကျဉ်လို့ ညောင်းလှပါပြီ'

ထူး။ ။ 'မောင်လွင်နဲ့ ခင်ဗျားလူတော့ဖြင့် ခင်ဗျာ ကားကလေးနဲ့ သွားနှင့်ကြပြီ။ ကျွန်တော်တို့ လူစုပဲ ကျန်တော့တယ်'

ဦးစံရှားသည် မောင်လွင်မှတစ်ပါး မိမိ၏ လူအားလုံးကို လမ်းပေါ်၌ တွေ့မြင်ရသည်ဖြစ်သောကြောင့် မောင်လွင်နှင့် သွားသောသူသည် ဘယ်သူဖြစ်လေသနည်းဟု တွေးတောလျက် ရှိ၏။ သို့ရာတွင် ထို အကြောင်းကို မြေကြီးပေါ်သို့ ဆင်းမိသောအခါတွင် ချက်ချင်းပင် သိရှိရ၏။

အုန်း။ ။ 'စိတ်မပူပါနဲ့ ဦးစံရှား ခင်ဗျား။ မောင်လွင်က ချက်တာဂျီကို ခင်ဗျားကားနဲ့ တင်ပြီး လွှစွလမ်း(ဆိပ်ကမ်းသာလမ်း) ကို မောင်းနှင့်ပါပြီ'

အရာရာမျိုး၌ အတွေးအဆကောင်းလှသော ဦးစံရှားမှာ ချက်တာဂျီကို သတိမရသဖြင့် ထည့်သွင်းရေတွက်ခြင်း မပြုသည့်အတွက်



www.burmeseclassic.com

www.burmeseclassic.com



အကြောင်းမျိုးစုံကို သိရှိရသောအခါတွင် ရည်ရွယ်ချက်အတိုင်း ထမြောက်ချေပြီတကားဟု များစွာ ဝမ်းမြောက်ခြင်း ဖြစ်ခဲ့လေ၏။ ဦးစံရှားသည် မိမိအား မျက်စောင်းထိုးကာ ကြည့်လျက်ရှိသော ဦးထွန်းကျော်နှင့် မောင်သန်းကြွယ်တို့အနီး ချဉ်းကပ်၍

ရှား။ ။ 'ဘယ့်နှယ်ရှိစ ဆရာတို့၊ နောက်ဆုံးတော့ ခင်ဗျားတို့လူ ကျုပ်လက်ထဲကို ပြန်ရောက်ပြန်ပြီ မဟုတ်လား၊ လက်လျှော့လိုက်ပါလိုက်ကြပါတော့ဗျာ။ ကြီးကြီးကျယ်ကျယ် မကြံစည်ချင်ကြပါနဲ့။ ကတ်ကြေးကိုက်ကလေး ခါးပိုက်နှိုက်လောက်ကလေးနဲ့သာ ခင်ဗျားတို့ တော်ပါတော့တယ်။ စိတ်မကျေသေးရင်လဲ တွေ့ကြသေးတာပေါ့ ဦးထွန်းကျော်။ တစ်ခုတော့ သတိပေးလိုက်မယ်။ မန္တလေးသွားပြီး တောက်တီးတောက်တဲ့တွေများ လုပ်မလာခဲ့ပါနဲ့ဗျာ' ဟု ပြောလျက် မိမိ၏ လူများနှင့်အတူ နန္ဒဝန်အိမ်ဘက်သို့ ကူးသွားလေရာ ဦးထွန်းကျော်နှင့် မောင်သန်းကြွယ်တို့မှာ လက်ဝါးထဲတွင် ပွတ်၍ခြေလိုသော မျက်နှာထားမျိုးနှင့် အကြောင်သား ငေးကျန်နေရစ်ခဲ့ကြလေ၏။

ဦးစံရှားမှာမူကား ဦးထွန်းကျော်တို့ လူစုသည် အစည်းအရုံးကောင်းပါလျက်နှင့် မိမိလိုခံတပ်အနီးတွင် အထင်အရှားရှိနေသော ရန်သူကြီးကို မည်သို့မျှ ပြုရန် မတတ်နိုင်ဘဲ လက်ပိုက်ကာ ကြည့်နေကြရသည့်အတွက် ပခုံးနှစ်ဖက် လှုပ်သည့်တိုင်အောင် ခပ်ကျိတ်ကျိတ် ရယ်မောကာ လျှောက်လာလေ၏။

ကိုအုန်းဖေတို့ လူစုကမူကား မိမိတို့သည် လွန်ခဲ့သော ညဦးက ဦးစံရှား နည်းလမ်းညွှန်ပြလိုက်သည့်အတိုင်း ဆောင်ရွက်ကြပြီးနောက် အိမ်သို့ ပြန်၍ စောင့်နေကြကြောင်း၊ ဦးစံရှား ပြန်မလာသေးသည့်အတွက်ကြောင့် တစ်ညလုံး မအိပ်ကြဘဲ စည်းဝေးတိုင်ပင်နေကြကြောင်း၊ မိုးမလင်းမီ အိမ်မှ ထွက်လာ၍ ကိုဇီးကောနားအိမ်သို့ ရေးရှမျှော်နှင့်လာခဲ့ရာ နန္ဒဝန်အိမ်ရှေ့သို့ ရောက်သောအခါ၌ ချက်တာကျီသည် မခင်စိန်ကို



www.burmeseclassic.com

www.burmeseclassic.com



နှီးလျက်ရှိသည်ကို တွေ့ကြရကြောင်း၊ သို့ဖြစ်၍ လမ်းထောင့်သစ်ပင် အောက်တွင် တွေ့ရှိရသော ဦးစံရှား၏ တူးဆီတာကားပေါ်သို့ ချက်တာ ဂျီတင်၍ မောင်လွင်အား လွှစ္စလမ်းသို့ မောင်းနှင်ရန် လွှတ်လိုက်ကြောင်း များနှင့် ပြောပြလေ၏။

နန္ဒဝန်အိမ်သို့ ရောက်ကြသောအခါ မခင်စိန်သည် အိမ်ရှေ့မှ ဆီးကြိုလျက်ရှိရာ ၎င်း၏ ဖခင်မှာမူ အိပ်ရာမှ မထသေးချေ။ မခင်စိန်သည် ဦးစံရှား၏ မိတ်ဆွေများ ဆိုက်ရောက်လာကြောင်းကို မြင်နှင့်ပြီးဖြစ်သဖြင့် မိမိနေအိမ်သို့ ဝင်ကြမည့်အကြောင်းလည်း ရိပ်မိသည်နှင့် ကော်ဖီနှင့် မုန့်များကို အသင့်ပြင်ဆင်ထားနှင့်လေ၏။ ကော်ဖီသောက်ကြပြီးနောက် ဦးစံရှားသည် မိတ်ဆွေများကို ဧည့်ခန်းတွင်ထားခဲ့၍ မခင်စိန်နှင့် တိုင်ပင် ရန် ရှိသည်နှင့် အတွင်းခန်းသို့ အတူဝင် သွားကြလေရာ မိတ်ဆွေများ လည်း မဲ့ရွဲ့ကာ ကျန်ရစ်ကြလေ၏။

စိန်။ ။ 'စောစောစီးစီး ဦးစံရှား အသံလိုလို တေးချင်းဆိုသံ ကြားတော့ ကျွန်မက ဘယ်နည်းနဲ့မှ ဦးစံရှား အသံမဟုတ်နိုင်ပါဘူးလို့ အောက်မေ့မိသေးတယ်။ နို့ပေမယ့် ချက်တာဂျီက ဦးစံရှား ရောက်နေ ကြောင်း ပြောထားနှင့်လေတော့ လူတွေ နိုးအောင် တမင် လုပ်တာပဲ ထိုးလို့ စဉ်းစားမိပါတယ်။ ဒါထက် အိမ်အမိုးပေါ်ကို ဘယ်ပုံဘယ်နည်းနဲ့ ရောက်ရသလဲရှင့်၊ တဆိတ်ပြောစမ်းပါဦး'

ထိုအခါ ဦးစံရှားသည် ချက်တာဂျီကို လုယူရန် ကြံစည်ပုံများကို လည်းကောင်း၊ ခွေးအိုကြီး လိုက်သဖြင့် ကာကွယ်ရပုံများကို လည်း ကောင်း၊ စက်ခလုတ် တပ်ဆင်ထားသော လှေကားထစ်ကို နင်းမိသဖြင့် အမိုးပေါ်ရှိသော လူဆိုးတစ်ယောက်သည် မိမိဒဏ်ကို ခံသွားရပုံများကို လည်းကောင်း၊ လူဆိုးများ မရောက်လာမီ ပြတင်းပေါက်မှ အိမ်မိုးပေါ်သို့ တွယ်တက်ရပုံများကိုလည်းကောင်း၊ ချက်တာဂျီကို နှိပ်စက်ရန် ပြင်ဆင် ကြဆဲတွင် လည်ပေါ်မှ မှန်ကိုခွဲ၍ ဦးခေါင်းပြူကာ ရုတ်တရက် ဟစ်အော် အသံပြုလိုက်သဖြင့် ချက်တာဂျီထွက်သွားနိုင်ရပုံများကို လည်းကောင်း



www.burmeseclassic.com

www.burmeseclassic.com



ခပ်ပေါ့ပေါ့နှင့် ရယ်မောပြောပြရာတွင် ဦးစံရှား၏ အသက်သေးအန္တရာယ် အတွက် စိုးရိမ်ရသော နေရာများ၌ မခင်စိန်အသက်မရှူနိုင်ဘဲ မျက်နှာ ပျက်၍ ပျက်၍ သွားလေ၏။ ဦးစံရှားမှာ မခင်စိန်က မိမိအတွက် ဤမျှလောက် စိုးရိမ်ကြီးခြင်း အထိမ်းအမှတ်များကို မြင်ရသောအခါ၌ စွန့်စားရကျိုး နပ်ပြီဟု၍ အောက်မေ့မိ၏။

**စိန်။** ။ 'ကျွန်မ ရေးလိုက်တဲ့ စာအတွက်ကြောင့် ဦးစံရှား သေးအန္တရာယ်တွေနဲ့ တွေ့ရတော့တာပဲ။ မတော်တဆ ဦးစံရှားမှာ တစ်စုံ တစ်ခု ဖြစ်ခဲ့လို့ ရှိရင် ကျွန်မကိုယ်ကို ကျွန်မ အပြစ်တင်လို့ ဆုံးနိုင် တော့မယ် မဟုတ်ပါဘူးရှင်'

**ရှား။** ။ 'မခင်စိန်အတွက်လိုဟာ မဆိုထားနဲ့၊ သာမည လူများ အတွက်ကိုတောင် အသက်ကို စွန့်ခဲ့ရတာ ဘယ်နှကြိမ်ရှိပြီလဲ မခင်စိန်။ ဒီဟာမျိုးတော့ ကျုပ်တို့မှာ တွေ့နေကျဖြစ်နေလို့ ရိုးနေပါပြီ။ ဘာမှ မပူပါနဲ့'

**စိန်။** ။ 'ဦးစံရှားက မပူပါနဲ့ ဆိုပေမယ့် ကျွန်မက မပူဘဲ မနေနိုင်ရိုးလားရှင်။ ဒါထက် ကျွန် တစ်ခုစဉ်းစားမိတယ်၊ ဦးစံရှား နားထောင်မလား'

**ရှား။** ။ 'ဒီကိစ္စကို ဒီတွင် ရပ်ဖို့မှတစ်ပါး ဘာကိုပဲ ပြောပြော ကျုပ် နားထောင်ပါ့မယ်'

မခင်စိန်သည် မိမိဉာဏ်စွမ်းရှိသလောက် အသုံးပြု၍ ဦးစံရှား အား ဤကိစ္စကို ဤမျှတွင်ရပ်ရန် တောင်းပန်ပါသော်လည်း ဦးစံရှားက မိမိအား ထမင်းမစားဘဲ ၇ ရက်နေရန် တောင်းပန်လျှင်လည်း နားထောင် မည်။ လူဆိုးမှန်းသိလျက်နှင့် သွားသင့်ရာ ထောင်တန်းသို့ မရောက်အော မိ လက်လျှော့ရန် တောင်းပန်ခြင်းကိုမူ မည်သည့်နည်းနှင့်မျှ နားထောင် နိုင်ရန် နည်းလမ်းမမြင်သဖြင့် ဝမ်းနည်းကြောင်းနှင့် ပြန်ပြောလေ၏။ မခင်စိန်သည် နာမည်ကြီးလှသော ဦးစံရှား၏ သတ္တိကို မှိတ်ထဲ၌ ချီးမွမ်း



www.burmeseclassic.com

www.burmeseclassic.com



နှစ်သက်လျက် ဆက်လက်၍ တောင်းပန်ခြင်း မပြုတော့ချေ။ နောက်ဆုံး၌

ရှား။ ။ 'သို့သော် တစ်ခုတော့ စိမ်ခဲ့ရလိမ့်မယ် မခင်စိန်။ ဒီလူစုဟာ မနိုင် နိုင်ရာကိုင်မယ်ဆိုပြီး မခင်စိန်ကို နှောင့်ယှက်လား၊ ဒုက္ခပေးလား ပြုလုပ်မှာကို ကျုပ် စိုးရိမ်တယ်။ ဒီတော့ ကျုပ် လူတစ်ယောက်ကို မခင်စိန်ဖို့ ထားခဲ့မယ်။ ကိုယ်တိုင်လဲ သတိဝီရိယနဲ့နေ၊ အကြောင်းရှိရင်လဲ ချက်ချင်း သတင်းပို့ပေတော့။ ဒါထက် ကျုပ် ဒီကနေ့ မန္တလေးကို လိုက်ရလိမ့်မယ် မခင်စိန်'

စိန်။ ။ (ညှိုးငယ်သောမျက်နှာနှင့်) 'ကျွန်မကို ပစ်ထားခဲ့တော့မလားရှင်'

ရှား။ ။ 'စိတ်ချပါ မပူပါနဲ့၊ ကျုပ်လူတွေ တစ်ပုံကြီး ရှိပါတယ်။ ကျုပ်လဲ တယ်ကြာမယ် မထင်ပါဘူး၊ တစ်ရက် 'နှစ်ရက်လောက်နဲ့ ထိစ္စပြီးမယ်လို့ ထင်ပါတယ်'

ငင်းနောက် ဦးစံရှားသည် အိပ်ချင်ပြုလျက်ရှိကြသော မိတ်ဆွေတစ်စုရှိရာ ဧည့်ခန်းသို့ ထွက်လာ၍ ရာဇဝတ်အုပ်ကျ ကိုဖိုးထူးအား ခင်စိန်ကို စောင့်ကြပ်ကြည့်ရှုရန် အပ်နှံထားပြီးနောက် ကျန်သော မိတ်ဆွေများနှင့်အတူ လွှစ္စလမ်း(ဆိပ်ကမ်းသာလမ်း) သို့ မော်တော်ကားနှင့် ဆောင်းနှင်လာကြလေ၏။

❖



www.burmeseclassic.com

www.burmeseclassic.com

## အခန်း တစ်ဆယ့်တစ်

လှည်းလမ်း(ဆိပ်ကမ်းသာလမ်း) သို့ ရောက်ကြသောအခါ ကောလိပ်ကျောင်းသား မောင်လွင်သည် ညှော်ခန်း၌ သတင်းစာတစ်စောင်ဖတ်ကာ ဆောင့်ဆိုင်းလျက်ရှိရာ ချက်တာဂျီမှာမူ အိပ်ခန်းတွင်းရှိ ခုတင်ပေါ် လဲလျောင်းလျက်ရှိသည်ကို တွေ့ကြရလေ၏။ ဦးစံရှားသည် အစေခံ မောင်များအား မိမိတို့အတွက် နံနက်စာချက်ပြုတ်ရန် အမိန့်ပေးပြီးနောက် ချက်တာဂျီနှင့် ဦးထွန်းကျော်တို့၏ ဆက်သွယ်ပုံကို ချက်တာဂျီအား မေးမြန်းစုံစမ်းအံ့ဟု ချက်တာဂျီကို နှိုးလေ၏။ စိန်ဘာဘူသည် မျက်လုံးဖွင့်ကြည့်ပြီးနောက် ရှေးယခင်က နည်းအတိုင်း ယောင်တောင်တောင်အမူအရာမျိုးနှင့် မျက်စိပေကလပ် ပေကလပ်နှင့် ကြည့်နေလေ၏။ ထိုအခါမှ ဦးစံရှားသည် ဆေးထိုးပေးလိုက်သော သတ္တိကြောင့်သာလျှင် ခေတ္တမျှသာ သတိရလာခြင်းဖြစ်၍ ရှင်းရှင်းမပျောက်သေးသော ချက်တာဂျီအဖြစ်ကို စဉ်းစားမိလေ၏။

ဦးစံရှားမှာ ဦးထွန်းကျော်တို့၏ အကြံအစည်ကို သိနိုင်စေခြင်းငှာ မန္တလေးမြို့ ဂရင်းဟိုတယ် အစည်းအဝေးသို့လည်း သွားရောက်ရန်ရှိလေ၏။ ချက်တာဂျီကို ဤအိမ်၌ ထားခဲ့ပြန်လျှင်လည်း လူဆိုးတို့က ပြန်ရအောင် ကြိုးစားကြမည်မှာ ဧကန်မလွဲဖြစ်၏။ ဦးစံရှားသည် ညှော်ခန်းအတွင်း၌ ဆေးတံကို ဖွာရင်း စကြံလျှောက်ကာ အကြံထုတ်လျက်ရှိရာ ပြတင်းပေါက်မှ လမ်းဘက်မျှော်ကြည့်လိုက်သောအခါ လူတစ်ယောက်သည် လမ်းဘေး၌ ဆိုက်ကပ်ထားသော ကားတစ်စီးအနီးတွင် မယောင်

www.burmeseclassic.com



မလည်နှင့် တောင်ကြည့် မြောက်ကြည့် ကြည့်နေသည်ကို တွေ့မြင်ရသဖြင့် ဦးထွန်းကျော်၏ လူဖြစ်ကြောင်း ရိပ်မိလေ၏။

နံနက်စာ စားသောက်ကြသောအခါ ဦးစံရှားသည် ဆေးတံကို ဖွာရင်း

ရှား။ ။ 'ကိုင်း နားထောင်ကြ၊ ကျုပ်အကြံအစည်ကို ပြောပြမယ်၊ ကျုပ် မန္တလေးကို သွားဖို့ ကိစ္စရှိတယ်၊ ချက်တာဂျီကို ဒီအိမ်မှာ ထားခဲ့လို့လဲ မဖြစ်ဘူး၊ ကေန္တ သူတို့ ဒီကနေ့ည ပြန်ရအောင် လုပ်ကြ ရလိမ့်မယ်'

အုန်း။ ။ 'ကျွန်တော် တစ်ခုပြောပရစေ ဆရာ၊ ယခု အဖြစ်အပျက်တွေကို အလုံးစုံ ပုလိပ်ဘက်ကို ပြောပြပြီး ချက်တာဂျီကို ဌာနာမှာ အပ်ထားခဲ့ရင် မကောင်းပေဘူးလား ဆရာ'

ရှား။ ။ 'ခင်ဗျားက အခွင့်ခံနေတဲ့ ပုလိပ်အရာရှိဖြစ်လေတော့ အဆိတ်ရှိ ပုလိပ်ကိုသာ အားကိုးတာကိုး၊ ကိုအုန်းဖေ ခင်ဗျားဟာ အစိုးရ စုံထောက်တစ်ယောက်ဖြစ်လျက် အခွင့်နဲ့နေတဲ့အခါမှာ ပညာတိုးအောင်ဆိုပြီး ကျုပ်နဲ့ ပေါင်းသင်းနေတယ် မဟုတ်လား။ ကျုပ်ဝါသနာကိုလဲ ခင်ဗျား သိတယ်။ ကျုပ်က နောက်ဆုံး မလွဲသာတဲ့အခါကျတော့မှ ဖြစ်စေ၊ အလုံးစုံ ကိစ္စပြီးစီးလို့ ဖမ်းဖို့လိုတဲ့အခါကျမှဖြစ်စေ ပုလိပ်အကူအညီကို ကျုပ်တောင်းလေ့ ရှိတယ် မဟုတ်လား။ ဒီပြင် တစ်ကြောင်းကလဲ ဒီအမှုမှာ မခင်စိန်ရဲ့ အဖေကြီးဟာ ဘယ်အထိ ပါတယ်ဆိုတာ ကျုပ်လဲ မပြောနိုင်ဘူး၊ မခင်စိန်လဲ မပြောနိုင်ဘူး။ ဒီတော့ကာ ပုလိပ်ကို အားလုံး ချထိုက်တယ်ဆိုရင် ဒီလူကြီးကို ကျုပ်ကာကွယ်ဖို့ မတတ်နိုင်ပေဘူးဗျ။ ဥပဒေလမ်းရှိတဲ့အတိုင်း သူ့ထိုက်နဲ့ သူ့ကံ ဖြစ်ရလိမ့်မယ်။ ပုလိပ်အကူအညီတောင်းဘဲ ကျုပ်ဟာကျုပ် သက်သက် ဆောင်ရွက်တယ်ဆိုတော့ ကာကွယ်ထိုက်တဲ့ လူကို ကျုပ်ကာကွယ်နိုင်တယ် မဟုတ်ဘူးလား'

အုန်း။ ။ 'တစ်ခု မေးပါရစေ ဆရာ။ ရာဇဝတ်ပြစ်မှု



www.burmeseclassic.com

www.burmeseclassic.com



ကျူးလွန်တဲ့ လူတစ်ယောက်ကို ကျူးလွန်ကြောင်း သိလျက်နဲ့ ကာကွယ်ရင် နည်းလမ်းကျပါ့မလား ဆရာ'

ရှား။ ။ 'ခင်ဗျားတို့နဲ့ ကျုပ်နဲ့ မတူဘူးဗျ။ ခင်ဗျားတို့က အစိုးရလခကို ယူထားတဲ့ လူတွေ၊ ရာဇဝတ်ကောင်ကို မိရင် ဖမ်းဖို့ဟာ ခင်ဗျားတို့ ဝတ္တရား ဖြစ်တယ်။ ကျုပ်မှာတော့ ဒီလို မဟုတ်ဘူးဗျ။ ဘယ်သူ့ လခကိုမှ ကျုပ်မစားဘူး။ အမှုကိုလိုက်တာတောင် ကျုပ်ခရီး စရိတ်နဲ့ ကျုပ်လိုက်တယ်။ ဒီတော့ ကျုပ်က ဘယ်သူ့ကို ပဋိညာဉ် ပေးထားတာရှိလို့ ဖမ်းဖို့ရမှာလဲ။ ကျုပ်မှာတော့ ကျုပ်ကို ငှားတဲ့ လူရဲ့ အကျိုးကိုသာ ဦးစားပေး ကြည့်နိုင်မယ် ကိုအုန်းဖေ'

အုန်း။ ။ ကျေနပ်ပါပြီ ဆရာ'

ရှား။ ။ 'ခင်ဗျားလဲ အခွင့်နဲ့ နေတုန်းဖြစ်လို့ ဘယ်သူ့ကိုမှ ဖမ်းဖို့ ဆီးဖို့ တာဝန်မရှိဘူး။ ဒီလို မဟုတ်လား'

အုန်း။ ။ 'မှန်ပါတယ်ဆရာ'

ရှား။ ။ 'ကိုင်း ရှေ့ဦးစွာ ချက်တာကျီကို ဒီအိမ်က ထုတ်ဖို့ စီမံရလိမ့်မယ်။ ကျုပ်တို့အထဲမှာ ချက်တာကျီနဲ့ အရပ်အမောင်းချင်း ဘယ်သူဟာ အတူဆုံးလဲ ဆိုတော့ မောင်လွင် အတူဆုံးပဲဗျ။ မောင်လွင် မှာ ကုလားထဲက မိတ်ဆွေ ရှိရဲ့လား'

လွင်။ ။ 'ရှိပါတယ် ဦးရယ်။ မိုတီလာဆိုတာ ကျွန်တော်တို့နဲ့ ကျောင်းနေဖက်ပါ။ ကျောင်းထွက်သွားတာ မကြာသေးပါဘူး'

ရှား။ ။ 'သူ ဘယ်လမ်းမှာ နေသလဲ'

လွင်။ ။ 'ကရိုလမ်း (ဗိုလ်မြတ်ထွန်းလမ်း) မှာ နေပါတယ်'

ရှား။ ။ 'ကောင်းပြီ၊ မောင်လွင်က သူ့အိမ်ကို သွား။ ခေါင်းပြီးခြံ ကုလားမလိုဝတ်၊ နောက်ပြီးတော့ တက္ကစီတစ်စီးငှားပြီး မိုတီလာနဲ့ အတူ ဒီအိမ်ကို လာခဲ့ကြပေတော့'

ထိုမျှလောက် ပြောလိုက်လျှင် မိတ်ဆွေများသည် ဦးစံရှား၏



www.burmeseclassic.com

www.burmeseclassic.com



ကြံရွယ်ချက်ကို ရိပ်မိသည်နှင့် ရယ်မောကာ ချီးမွမ်းကြလေ၏။

**ရှား။** ။ (ဆက်လက်၍) 'ပြန်ထွက်တဲ့အခါမှာတော့ ချက်တာဂျီကို မောင်လွင် ဝတ်ခဲ့တဲ့ ကုလားမဝတ်နဲ့ ဝတ်ပြီး မိုတီလာနဲ့ တွဲထုတ်ရမှာကိုး။ ဒီအခါကျတော့ ကိုအုန်းဖေ တစ်ယောက် အပိုထည့်လိုက်မယ်။ ကိုအုန်းဖေက ချက်တာဂျီကို ခင်ဗျားအိမ်မှာ ဝှက်ထားပေတော့။ သို့သော် ချက်တာဂျီကို ထုတ်တဲ့အခါ မိုတီလာကတွဲပြီး ထုတ်ရမှာ ဖြစ်လေတော့ မောင်လွင်က မိုတီလာနဲ့အတူ ခေါင်းမြီးခြုံကုလားမယောင် ဆောင်လာကတည်းက ကားပေါ်က အဆင်း တိုက်ပေါ်တက်တဲ့အခါမှာ လူတွဲပြီး တက်ခဲ့ပေစေနော်'

**လွင်။** ။ 'ကောင်းပါပြီ ဦးခင်ဗျား'

**ရှား။** ။ 'ကိုင်း မောင်လွင် သွားပေတော့'

မောင်လွင်သည် တိုက်ပေါ်မှ ဆင်းသွား၍ တစ်နာရီခန့်မျှ ကြာသောအခါတွင် ဦးစံရှား မှာထားလိုက်သည့်အတိုင်း ခေါင်းမြီးခြုံကုလားမအသွင် ဝတ်ဆင်၍ မိုတီလာဆိုသူနှင့် တွဲလျက် တိုက်ပေါ်သို့ တက်လာကြလေ၏။ ၎င်းနောက် မိတ်ဆွေတစ်စုတို့သည် တစ်စုံတစ်ရာ ငြင်းဆန် ကန့်ကွက်ခြင်း မပြုဘဲ ယောင်တောင်တောင်နှင့် ငြိမ်ဝပ်စွာ ခံနေသော ချက်တာဂျီကို ခေါင်းမြီးခြုံကုလားမအဝတ်များဖြင့် ဝတ်ဆင်ပေးကြလေ၏။ ထိုအတောအတွင်း မောင်လွင်သည် လမ်းပေါ်၌ စောင့်ကြည့်လျက် ရှိသော လူဆိုးအသင်းသားအား ပြတင်းပေါက်မှ ချောင်းမြောင်းကြည့်ရှုရာ ထိုသူသည် ၎င်း၏ ကားနှင့် မနီးမဝေးတွင်ရှိသော စာပုံနှိပ်တိုက်တစ် တိုက်၌ ပုံနှိပ်လုပ်ငန်းများ မေးမြန်းစုံစမ်းနေသည့် လက္ခဏာနှင့် အချိန်ဖြုန်းလျက် ရှိသည်ကို တွေ့မြင်ရလေ၏။

ဦးစံရှား၏ နေအိမ်မှာ တရုတ်၊ ကုလား၊ ကပြား၊ အင်္ဂလိပ်စသည်၍ လူမျိုးပေါင်းစုံ ဝင်ထွက်သွားလေ့ ရှိသည်ဖြစ်သောကြောင့် ခေါင်းမြီးခြုံကုလားမ လင်မယားနှစ်ယောက် တက်လာခြင်းတည်းဟူသော



www.burmeseclassic.com

www.burmeseclassic.com



အခြင်းအရာမှာ ထူးခြားလှသည် မဟုတ်သဖြင့် စောင့်နေသော လူဆိုးသည် အထူးဂရုစိုက်ချေ။

ထိုအတောအတွင်း ချက်တာဂျီနှင့် အလုံးအရပ်တူသော မောင်လွင်သည် ချက်တာဂျီ ချွတ်လိုက်သော အဝတ်များကို လဲလှယ်လျက်ရှိ၏။ ထိုက်သင့်သောအချိန် ကုန်လွန်စေပြီးနောက် မိုတီလာသည် ခေါင်းမြီးခြုံကုလားအသွင် ဝတ်ဆင်ထားသော ချက်တာဂျီကို တွဲလျက် လည်းကောင်း၊ မောင်သွင်သည် ချက်တာဂျီ၏ အဝတ်များကိုဝတ်ဆင်ထားသော မောင်လွင်ကို တွဲလျက်လည်းကောင်း တိုက်ပေါ်မှ ဆင်းလာကြသောအခါ စာပုံနှိပ်တိုက်မှ စောင့်နေသော လူဆိုးသည် ပျာယီးပျာယာ ထွက်လာ၍ မိမိ၏ ကားဆီသို့ ခပ်သုတ်သုတ် လျှောက်သွားပြီးလျှင် စက်နိုးထားလေ၏။ ချက်တာဂျီ၏ အဝတ်ကို ဝတ်ဆင်ထားသော မောင်လွင်သည် မိမိ၏ မျက်နှာကို လူဆိုးစောင့်နေသော လမ်းဘက်သို့ မလှည့်ဘဲ အခြားဘက်သို့ ခပ်လွှဲလွှဲ ပြုလုပ်ထားလေ၏။ တိုက်ရှေ့သို့ ရောက်ကြသောအခါ မိုတီလာတို့အတွဲသည် ကိုအုန်းဖေနှင့်အတူ တက္ကစီပေါ်သို့ တက်ကြလေရာ မောင်လွင်နှင့် မောင်သွင် ညီအစ်ကို နှစ်ယောက်တို့မှာမူ ဦးစံရှား၏ တူးဆီတာကားပေါ်သို့ တက်ကြလေ၏။ ၎င်းနောက် ချက်တာဂျီအစစ်ပါသော တက္ကစီသည် စောင့်နေသော လူဆိုးအနီးမှပွတ်၍ မြောက်ဘက်သို့ မောင်းနှင်လာခဲ့ရာ ချက်တာဂျီအတုဖြစ်သော မောင်လွင်တို့၏ ကားလေးမှာမူကား တောင်ဘက်သို့ မောင်းနှင်သွားလေ၏။ စောင့်နေသော လူဆိုးသည်လည်း စက်နိုးပြီးဖြစ်သော မိမိ၏ကားကို မောင်လွင်တို့၏ နောက်သို့ မိအောင်မောင်းနှင်၍ လိုက်လေ၏။

မောင်သွင်သည် မိမိ၏ကားကို အလွန်လျင်မြန်စွာ မမောင်းနှင်ဘဲ ခပ်မှန်မှန်ခရီးဖြင့် အနောက်ဘက်သို့ ချိုးပြီးလျှင် ကြည့်မြင်တိုင်ဘက်သို့ လာခဲ့ရာ နောက်မှလိုက်သော လူဆိုးမှာမူ ချဉ်းကပ်ဖို့ရန်ရည်ရွယ်ချက် မရှိဘဲ မျက်ခြည်မပြတ်စေရန်သာလျှင် မလှမ်းမကမ်းမှသာ လိုက်



www.burmeseclassic.com

www.burmeseclassic.com



လာခဲ့လေ၏။ ထိုသူသည် မိမိလိုက်လျက်ရှိကြောင်းကို မသိစေလိုဟန် သက္ကဏာရှိသည် ဖြစ်သောကြောင့် မောင်သွင်ကလည်း မသိလေဟန်နှင့် မှန်မှန်သာ မောင်းနှင်၍ နောက်သို့ တစ်ကြိမ်တစ်ခါမျှ လှည့်ခြင်း မပြုချေ။

ကူရှင်ကျောင်းကို ကျော်လွန်၍ အနောက်ဘက်သို့ မောင်းနှင်သွားကြသောအခါ ဟုမ်းလမ်းအနီးသို့ ရောက်ကာလ၊ ကုန်တင် မီးရထားတစ်စင်းသည် ကမ်းနားဘက်မှ ဟုမ်းလမ်းဘူတာဘက်သို့ ခုတ်နှင်လာသဖြင့် တံခါးပိတ်သော ပေါ်တယ်ကုလားသည် တံခါးကို ပိတ်တော့မည် ဆဲဆဲ ရှိနေလေ၏။ ထိုအခြင်းအရာကို တွေ့မြင်ရသော မောင်လွင်သည် ကားကို ခပ်သုတ်သုတ် မောင်းလာ၍ စေ့လုဆဲဆဲရှိနေသော တံခါးနှစ်ချပ်အကြား လွတ်ရုံကလေးမျှကို မောင်းထွက်လာခဲ့ရာ လူဆိုး၏ ကားမှာမူ မထွက်နိုင်တော့ဘဲ တံခါး၏ အခြားဘက်၌ ကျန်နေရစ်လေ၏။ နောက်တစ်ခဏ၌ မီးရထားကြီးသည်လည်း ရှည်လျားစွာသော ကုန်တွဲများနှင့် ခုတ်နှင်လာလေရာ လူဆိုးသည် ဒေါပွလှသော အမူအရာနှင့် ကြည့်နေပြီးနောက် ကားကို အလုံဘက်သို့ ချိုး၍ ဆူပါပင်လမ်းတစ်လျှောက် ကြီးစွာသော အရှိန်နှင့် မောင်းသွားသဖြင့် ဘတ်စ်ကားဒရိုင်ဘာများ၏ ဆဲရေးတိုင်းထွာခြင်းကိုပင် ခံရသေး၏။ ဒုတိယတံခါးသို့ ရောက်သောအခါ လူဆိုးသည် မှောက်လုမတတ်ဖြစ်သွားအောင် ကြီးစွာသော အရှိန်နှင့် ကွေ့ပြီးနောက် သံလမ်းကို ဖြတ်ကျော်၍ အခြားသော လမ်းဖြင့် လိုက်သွားလေ၏။ ထိုသူ၏ စိတ်၌ကား တူဆီတာကားသည် မိမိလိုက်နေကြောင်း မသိသဖြင့် မှန်မှန်သာလျှင် မောင်းနှင်မည်ဖြစ်သောကြောင့် ကြည့်မြင်တိုင်သို့ မရောက်မီ မီကောင်းပါသေးသည်ဟု အောက်မေ့မိ၏။

ဗိုက်တဟောလ်ဟိုတယ်ရှေ့သို့ ရောက်သောအခါ လူဆိုးသည် ဦးခံရှား၏ တူးဆီတာကား ဆိုက်ရပ်ထားသည်ကို မြင်သည်နှင့် စက်ခြောက်စမ်းသာ ဆိုက်ရပ်ပြီးနောက် ဟိုတယ်အတွင်းသို့ မောကြီးမောကြီး



www.burmeseclassic.com

www.burmeseclassic.com



နှင့် ဝင်သွားလေရာ တစ်ခုသော စားပွဲ၌ အေးအေးဆေးဆေး အမူအရာ နှင့် ဘီယာသောက်လျက် ရှိနေကြသော ညီအစ်ကိုနှစ်ယောက်ကို အံ့ဩ စွာ တွေ့မြင်ရလေ၏။ အကြောင်းမူကား ချက်တာဂျီ၏ အဝတ်နှင့်လူ သည် ချက်တာဂျီ မဟုတ်ကြောင်း သိရှိရသောကြောင့်ပေတည်း။

**လွင်**။ 'ဘာလဲမိတ်ဆွေ၊ ဒီစားပွဲမှာ အကျယ်ကြီးပါ၊ လာပါ ဗျ ခင်ဗျားလိုက်ရတာ မောလှရော့မယ်၊ ဘီယာလေးများ သောက်ပါဦး'

**ထိုသူ**။ ။ (နှုတ်ခမ်းကိုကိုက်လျက်) 'ဒီတစ်ခါ ခင်ဗျားတို့ က အရေးသာပေတာဗျာ'

**သွင်**။ (ပြုံးရယ်လျက်) 'မိတ်ဆွေက ကျုပ်အစ်ကိုကို ချက်တာ ဂျီ မှတ်လို့ လိုက်နေတယ် မှတ်တယ်၊ ဒီလိုပြောပါတော့ဗျာ၊ ခုနင်က ခင်ဗျား အနားကပွတ်ပြီး မောင်းသွားတဲ့ကားထဲမှာ ပါသွားတာ ချက်တာ ဂျီပေါ့ဗျ'

**ထိုသူ**။ ။ 'ခေါင်းမြီးခြုံကုလားမဟုတ်လား'

**သွင်**။ ။ 'အစစ်ပေါ့ဗျ'

ထိုသူသည်မည်သို့မျှ ပြန်မပြောတော့ဘဲ မိမိ၏ကားပေါ်သို့ ပြန်တက်၍ အရှိန်ပြင်းစွာ မောင်းနှင်သွားလေရာ ကောလိပ်ကျောင်းသား ညီအစ်ကိုနှစ်ယောက်တို့မှာ ဦးစံရှား၏ လက်ထောက်လုပ်ရခြင်းသည် ပျော်ရွှင်ဖွယ်ရာ ကောင်းလှချေတကားဟု ရယ်မောကာ ကျန်ရစ်နေကြလေ၏။

❖



www.burmeseclassic.com

www.burmeseclassic.com

## အခန်း တစ်ဆယ့်နှစ်

ဦးစံရှားသည် မိမိ၏တပည့်မိတ်ဆွေ ငါးဦးတို့အနက် ရာဇဝတ်အုပ်ကျ ဖိုးထူးကို မခင်စိန်၏ နေအိမ်၌ လည်းကောင်း၊ အခွင့်နှင့်နေသော ထောက် အင်စပက်တော် ကိုအုန်းဖေကို ချက်တာဂျီနှင့် လည်းကောင်း၊ ကောလိပ်ကျောင်းသား မောင်လွင်နှင့် မောင်သွင်တို့ကို ချက်တာဂျီယောင် ဆောင်လျက် လည်းကောင်း ထားခဲ့ပြီးနောက် တိုက်အပေါ်ထပ်၌ နေထိုင် သူ ကိုသန်းဖေကို မိမိနှင့်အတူ ခေါ်ဆောင်၍ မန္တလေးမြို့သို့ ထွက်ခွာ သွားလေ၏။ ဒုတိယတန်းတွဲများ၌ ဦးထွန်းကျော်ကို ကြည့်သော်လည်း မမြင်သည်နှင့် မော်တော်ကားနှင့် သွားနှင့်ပြီဟူ၍ ဦးစံရှား ခန့်မှန်းမိ၏။ ရထားရာတွင် ပဲခူးဘူတာသို့ ဆိုက်ရောက်၍ ထမင်းစားခန်းသို့ ဝင်ကြသော အခါ၌မူ ဦးထွန်းကျော်သည် ဘိုဝတ်ဘိုစားနှင့် ပထမတန်းတွဲတစ်တွဲ မှ ဆင်းလာ၍ ပထမတန်းစားသောက်ခန်းတွင်းသို့ ဘိုတစ်ယောက်နှင့် အတူ ဝင်သွားကြသည်ကို တွေ့မြင်လိုက်ရ၏။ ဦးထွန်းကျော်နှင့်အတူ ပါ၍ ဆင်းသွားသော ဘိုကြီးအား သေချာစွာ ကြည့်ရှုသောအခါ ၎င်းမှာ ဘိုကြီးမဟုတ်၊ စတီးဘရားသား ကုမ္ပဏီမန်နေဂျာ ဖြစ်ကြောင်း သိရှိရ၏။ ဦးထွန်းကျော်မှာ အထက်တန်းစား, ဘိုကြီးများနှင့် မိတ်ကျွမ်းတဝင် ရှိသော အခြေအနေသို့တိုင် ရောက်အောင် ပေါင်းသင်း ဆက်ဆံနိုင် သည်ကို ထောက်သဖြင့် ခေတ်ကာလ ပညာဗဟုသုတ၌ အတော်ပင် ထက်တန်းကျကြောင်းကို ဦးစံရှား ကိုယ်တိုင် ဝန်ခံရပေ၏။

ဦးထွန်းကျော်မှာ နဂိုအားဖြင့် အသားဖြူလှ၍ ပေါ[illegible]သော



www.burmeseclassic.com

www.burmeseclassic.com



နှာတံ၊ မြင့်မားသော အရပ်အမောင်းရှိသဖြင့် ဘိုဆန်ဆန်နှင့် ခန့်ညား
သော ကိုယ်ဟန် အမူအရာလည်း ရှိလေရကား ကပြားဝတ်လုံတော်ကြီး
တစ်ယောက်ဟူ၍ပင် မှတ်ထင်ရလောက်ပေသည်။ ထို့ပြင် ဦးထွန်းကျော်
အား မြန်မာလိုသက်သက် အဝတ်အစားဖြင့်သာလျှင် တွေ့မြင်ဖူးသူတို့
သည် ကိုင်ဇာဘုရင်နှင့် ရိုးစွဲလိုက်မတတ် ထောင်လျက်ရှိသော နှုတ်ခမ်းမွေး
ကြီးကို ရိတ်သိမ်း၍ နေရောင်ကာ မျက်မှန်အမည်းကြီး တပ်ထားသည့်
ကပြားပုံဖမ်းနေသော လူတစ်ယောက်ကို မြင်ရသော အခါတွင် ဦးထွန်း
ကျော်ပင် ဖြစ်သည်ဟု အတပ်မစွဲနိုင် ရှိနေပေ၏။ ဦးစံရှားမှာမူ ကိုယ်တိုင်
ရုပ်ပြောင်းလဲခြင်းအတတ်၌ ကျွမ်းကျင်၍ သူတစ်ပါးတို့ ရုပ်ပြောင်းလဲခြင်း
ကိုလည်း ဖမ်းလေ့ရှိသူ တစ်ယောက်ဖြစ်သဖြင့် ဦးထွန်းကျော်ကို မြင်
သည်နှင့် တစ်ပြိုင်နက် ရိပ်မိသော်လည်း မိမိရိပ်မိကြောင်းကို အမူအရာအား
ဖြင့် မပြဘဲ ဦးထွန်းကျော်ကိုယ်တိုင်မှာ မိမိအား ဦးစံရှားက ရိပ်မိသည်
မရိပ်မိသည်ကို ယုံမှားခြင်း ဖြစ်လျက်ရှိ၏။

လမ်းခရီး၌ ထူးခြားသော အခြင်းအရာ တစ်စုံတစ်ရာမျှ မဖြစ်
ဘဲ မန္တလေးသို့ ဆိုက်ရောက်သွားကြရာ ဦးစံရှားနှင့် ကိုသန်းဖေတို့သည်
ကျောက်သွေးတန်းရှိ မိတ်ဆွေတစ်ယောက်အိမ်လမ်းရှိ ဂရင်းဟိုတယ်သို့
သွားရောက်စုံစမ်းကြလေ၏။ အကြီးအမှူးဖြစ်သော ဘတ္တလာကို ခေါ်၍
ဦးစံရှားသည် ၁၀ိ တန် ငွေစက္ကူ တစ်ချပ်ကို ၎င်းလက်ထဲသို့ ထည့်
ပြီးနောက် သိလိုသောအချက်များ စုံစမ်းမေးမြန်းရာတွင် မစ္စတာ ရောဘတ်
ဆင်အမည်ရှိ ဘိုကပြားတစ်ယောက်သည် မကြာမီက ဆိုက်ရောက်
လာ၍ ယခုအချိန်၌ ဟိုတယ် အထက်ထပ်ရှိ ၎င်း၏ အခန်းထဲတွင်
နေကြောင်း၊ ထိုသူသည် ၎င်းဟိုတယ်၌ တစ်ညမျှသာ အိပ်မည်ဟု
ပြောထားကြောင်း၊ ညစာအတွက်မှာ လူလေးယောက်အတွက် ပြင်ဆင်
ထားရန် အမိန့်ပေးထားကြောင်း၊ ထိုနေ့မှာ ဘက္ကရီအစ်နေ့ဖြစ်သောကြောင့်
အချို့သော စားပွဲထိုးများကို အားလပ်ခွင့် ပေးထားသည့်အတွက် ...



www.burmeseclassic.com

www.burmeseclassic.com



မှာ အပိုဆိုက်ရောက်လာသော ဧည့်သည်များအတွက် စားပွဲထိုးရှာဖို့ အလုပ် ရှိနေသေးသဖြင့် စကားကြာရှည်ပြောရန် အချိန်မရှိကြောင်းနှင့် ပြောဆိုကာ ထွက်ခွာသွားမည်အပြုတွင် ဦးစံရှားသည် ၁ဝိတန် ငွေစက္ကူ တစ်ချပ်ကို အိတ်ထဲမှထုတ်ပြန်၍ လက်ထဲတွင် ကိုင်လျက် ၎င်းကုလား နှင့် ဆက်လက် တီးတိုး တိုင်ပင်ကြလေ၏။

၎င်းညဥ့် ၇ နာရီထိုးသည်နှင့်တစ်ပြိုင်နက် ဘိုလိုဝတ်ထား သော ဦးထွန်းကျော်သည် ဟိုတယ်အပေါ်ထပ်မှ ဆင်းလာ၍ လူ လေး ယောက် အတွက် ညစာပြင်ဆင်ထားသော အခန်းငယ်အတွင်းသို့ ဝင်၍ စောင့်နေရာ တစ်ခဏမျှ ကြာသောအခါ ကုလားလူမျိုး တစ်ယောက်နှင့် မြန်မာလူမျိုး နှစ်ယောက်တို့သည် ကားတစ်စီးနှင့် ဆိုက်ရောက်လာ၍ အတွင်းလာ၏ ညွှန်ကြားချက်အရ ဦးထွန်းကျော် စောင့်နေသော အခန်း ငယ်အတွင်းသို့ ဝင်သွားကြလေ၏။

ဆိုက်ရောက်လာသော ဧည့်သည်သုံးယောက်တို့အနက် ကုလား လူမျိုးမှာမူ ရန်ကုန်မြို့ မင်တိုမင်ရှင် ဟိုတယ်၌ ဦးထွန်းကျော်နှင့် ယခင်က အကြိမ် စည်းဝေးရာတွင် ပါဝင်ခဲ့ဖူးသော အထည်ကုန်သည်ကြီး ဟာဂျီ အာမက်ဖြစ်လေရာ မြန်မာလူမျိုး နှစ်ယောက်တို့မှာ ခွဲရေးတွဲရေး နှစ်ဖက် အနက် တွဲရေးဘက်မှ မြိုင်မြိုင်ကြီး တရားဟောလျက် ရှိသော နိုင်ငံရေး တရားဟော ဆရာနှစ်ယောက် ဖြစ်လေသည်။

ထိုသူလေးယောက်တို့သည် ညစာထမင်းစားသောက်ရင်း မိမိတို့ အသီးသီး ဆောင်ရွက်ခဲ့ပြီးသော လုပ်ငန်းအစီအစဉ်တို့ကိုပင် ဆွေးနွေး သောက်ရှိရာ ဟာဂျီအာမက်ကမူ ကိုယ်တိုင် ဆောင်ရွက်ခဲ့သော အလုပ် အတန်ကို ပြောပြရန် မရှိဘဲ၊ ထိုသူတို့၏ ပြောစကားများကို အားရ ဝမ်းသာသော အမူအရာနှင့် ကြားနာမှတ်သားလျက် ရှိလေ၏။ ၎င်း နောက် ဦးထွန်းကျော်သည် ရန်ကုန်မြို့၌ မိမိဆောင်ရွက်ခဲ့ပြီးသော အလုပ် များနှင့် ဆောင်ရွက်ရန် စီမံထားသော အလုပ်များအကြောင်းကို အသေး



www.burmeseclassic.com

www.burmeseclassic.com



အာမက်အား ပြောပြလျက်ရှိစဉ် စားပွဲထိုးကုလားသည် ပုလောင်လှစွာသော စွပ်ဟင်းရည်များကို ညှော်သည်များရှေ့၌ တည်ခင်းရင်း ဦးထွန်းကျော် ပြောသော စကားများကို နားစိုက်မိသဖြင့် စားပွဲခြေထောက်ကို ခြေနှင့်တိုက်မိ၍ အငွေ့တခြောင်းခြောင်း ရှိသော စွပ်ပြုတ်ဟင်းရည်များသည် ဦးထွန်းကျော်၏ လည်ကုပ်နှင့် အင်္ကျီအကြားသို့ တစ်ပန်းကန်လုံး ဖိတ်ဝင်စီးဆင်းသွားလေ၏။

ဦးထွန်းကျော်သည် သည်းမခံနိုင်လောက်အောင် ပူလောင်ရသည့်နှင့် ကုလားထိုင်ခုံမှထ၍ လက်သီးနှင့် ထိုးအုံ့ဟု စားပွဲထိုးကုလား၏ လည်ကုပ်ကို ကိုင်ဖမ်းလေရာ စားပွဲထိုးသည် မိမိ၏ ဘေးအန္တရာယ်ကို မြင်သည်နှင့် လက်အောက်မှ ငုံ့လျှိုးတိမ်းရှောင်ကာ ထွက်ပြီးလျှင် အပြင်သို့ ထွက်ပြေးလေ၏။

ဒေါပွလျက်ရှိသော ဦးထွန်းကျော်သည် ဘတ္တလာကိုခေါ်၍ အဖြစ်အပျက်ကို ပြောပြတိုင်တန်းလေရာ ဘတ္တလာက ထိုနေ့သည် ဘတ္တရီး အစ်နေ့ ဖြစ်သောကြောင့် မဟာမေဒင်ဘိုင်ကုလားများကို အားလပ်ခွင့် ပေးထားသည်နှင့် တွေ့မိတွေ့ရာ ဘိုင်တစ်ယောက်ကို ဆွဲငင်ထားရမ်းမိခြင်း ဖြစ်ကြောင်း၊ ထိုကဲ့သို့ မတော်တဆ ဖြစ်ပွားရသည့်အတွက်လည်း ဝမ်းနည်းပါကြောင်း၊နှင့် ပြောဆိုတောင်းပန်လေ၏။

ကျုံးထိပ်ရှိ အာဠဝီတံတားအနီး၌ စကြံလျှောက်ကာ စောင့်နေသော ဦးစံရှားသည် ဂရင်းဟိုတယ်ဘက်သို့ မကြာမကြာ မျှော်ကြည့်လျက်ရှိရာ ဘိုင်ကုလားအသွင် ဝတ်ဆင်ထားသော ကိုသန်းဖေသည် ဦးစံရှားရှိရာသို့ လျှောက်လာ၍ ဟိုတယ်အတွင်း၌ ဖြစ်ပွားခဲ့သော အခြင်းအရာများကို ပြောပြလျက် နှစ်ယောက်သား ရယ်မောကြလေ၏။ ၎င်းနောက် ကိုသန်းဖေက မိမိကြားသိခဲ့ရသော အဖြစ်အပျက်များအနက်တွင် ငွေသိန်းငါး မြို့ ချာချိုလမ်း (ကိုယ့်မင်းကိုယ့်ချင်းလမ်း) ကိုဇီးကောနားအိမ်အပေါ်ထပ်ရှိ မီးခံသေတ္တာထဲ၌ သိမ်းထားသော စာအုပ်ကြီးကို တိုးတိတ်ဆိတ် ...



www.burmeseclassic.com

www.burmeseclassic.com



ယူခြင်းသည် အရေးအကြီးဆုံး ဖြစ်ကြောင်းနှင့် ပြောပြလေ၏။

ကိုသန်းဖေသည် ကိုင်းတန်းရပ်၌ရှိသော ၎င်း၏ မိတ်ဆွေတစ်ဦး၏ နေအိမ်၌ ထိုညဉ့်အိပ်လိုကြောင်းနှင့် ပြောသဖြင့် ဦးစံရှားသည် မြင်းရထားတစ်စီးကို ခေါ်၍ နှစ်ယောက်အတူ စီးသွားကြလေ၏။ ကိုသန်းဖေ လာစဉ်က မယောင်မလည်နှင့် နောက်မှ လိုက်လာ၍ မြင်းရထားနောက်မြီးခိုလျက် ကပ်ပါလာသော သူငယ်လေးတစ်ယောက်ကိုမူ နှစ်ဦးလုံးက သတိမထားမိချေ။ ကိုင်းတန်းရပ်သို့ ရောက်၍ မြင်းရထားဆိုက်သောအခါတွင် ရထားနောက်မြီးမှ ပါလာသော သူငယ်သည် နောက်မြီးမှ ဆင်း၍ မှောင်ရိပ်တွင် ခိုနေပြီးလျှင် ဦးစံရှားတစ်ယောက်တည်းနှင့် ဆက်လက်မောင်းပြန်သောအခါ၌ ထိုသူငယ်သည် နောက်မြီးခိုမြဲတိုင်း ခိုလျက် လိုက်ပါ၍ နေအိမ်သို့ ရောက်ခါနီးတွင် ဦးစံရှားသည် စုံထောက်တို့၏ ထုံးစံအတိုင်း မိမိနောက်မှ ခြေရာခံ၍ လိုက်လာသူများ ပါလေသလောဟု ကျောဘက်ရှိ ပြတင်းပေါက်ကို ရုတ်တရက် ဖွင့်ကြည့်ရာ သူငယ်လေးတစ်ယောက်ကိုသာ မြင်သည်နှင့် မန္တလေးမြို့မှ သူငယ်တို့၏ ထုံးစံကို သိပြီးဖြစ်သောကြောင့် မအံ့ဩလှချေ။ ကျောက်သွေးတန်းရှိ ဦးစံရှား၏ တည်းအိမ်သို့ ရောက်သဖြင့် မြင်းရထားရပ်သောအခါတွင် နောက်မြီးမှ သူငယ်သည် ရုတ်တရက် ဆင်းပြေး၍ လမ်းအတိုင်း ဆက်လက်သွားမည့် အနေမျိုးနှင့် ဦးစံရှား၏ တည်းခိုအိမ်ကို မယောင်မလည် မှတ်သားပြီးလျှင် အာဠဝီလမ်းဘက်သို့ သွားသော မြင်းရထားတစ်စီးကို နောက်မြီးခို၍ လိုက်ပြန်လေ၏။

ထိုညဉ့်၌ ဦးစံရှားသည် မိမိအတွက် ပြင်ဆင်ပေးထားသော အိပ်ခန်းအတွင်းသို့ ဝင်၍ အိပ်ရန် ကြိုးစားပါသော်လည်း ရန်ကုန်၌ ထားခဲ့ရသော မခင်စိန်ကို စိတ်မချသည်က တစ်ကြောင်း၊ ကိုဓိကောနား အိမ်တွင်းရှိ ဦးထွန်းကျော်တို့၏ စာအုပ်ကြီးကို ခိုးယူရန် အကြံထုတ်နေရသည်က တစ်ကြောင်း၊ ဦးထွန်းကျော်တို့ လူစုနှင့် နောင် ဆက်ဆံ[illegible]၍



www.burmeseclassic.com

www.burmeseclassic.com



ဉာဏ်ပြိုင်ကြဦးမည့် အရေးက တစ်ခကြောင်းကြောင့် ရုတ်တရက် အိပ်မပျော်နိုင်ဘဲ တလူးလူး တလိမ့်လိမ့်နှင့် ရှိနေလေ၏။ နာရီပြန် တစ်ချက်ကျော်လွန်သဖြင့် မှေးခနဲ ဖြစ်သွားလတ်သော်၊ ဦးစံရှားသည် ဗိုခနဲ အသံကို ကြားလိုက်သည်နှင့် ခြင်ရှိလေသလောဟု ပင့်တင်ထားသော ဇာခြင်ထောင်ကို ချမည်ပြုလေ၏။ နောက်တစ်ခဏ၌ ဦးစံရှားသည် အခန်းတွင်း၌ လူတစ်ယောက် လှုပ်ရှားသံကဲ့သို့ ကြားလိုက်ရသည်နှင့် ခေါင်းအုံးအောက်၌ထားသော လက်နှိပ်ဓာတ်မီးကို နှိုက်ယူလေရာ တစ်ခန်းလုံးမှာလည်း မှောင်လျက်ရှိနေ၏။ ထိုအခါ ဇာခြင်ထောင်ကို ဘုတ်ခနဲ ဖြည်းညင်းစွာ တစ်စုံတစ်ခုနှင့် ထိမှန်သော အသံလိုလို ကြားရပြန်လေရာ ဦးစံရှား၏ စိတ်ထဲ၌ တစ်စုံတစ်ယောက်သော သူသည် မိမိ၏ အခန်းတွင်းသို့ ရောက်နှင့်ပြီးဖြစ်၍ မိမိအား ရန်ရှာလိုသည်ဖြစ်ပါမူ ထိုသူက သာလျှင် မိမိရှိနေရာကို သိ၍ မိမိကမူ ထိုသူရှိရာအရပ်ကို မှန်းဆရန် မတတ်နိုင်သည်ဖြစ်သောကြောင့် မျက်စိမြင်သောသူနှင့် ဖက်ပြိုင်၍ သတ်ပုတ်ရသော သူကန်းတစ်ယောက်ကဲ့သို့ ဖြစ်နေရကြောင်းကို စဉ်းစားမိ၏။ သို့ဖြစ်၍ ဦးစံရှားသည် လက်နှိပ်ဓာတ်မီးကို ဆုပ်ကိုင်ကာ ခုတင်ပေါ်မှ ရုတ်ခနဲ ဆင်းပြီးလျှင် လက်နှိပ်ဓာတ်မီးကို လူနှင့် ဝေးဝေးခွာလျက် ခလုတ်ကို နှိပ်လိုက်၏။ ထိုခဏ ဗိုခနဲ အသံကို ကြားရပြန်သည်နှင့် ဦးစံရှားသည် တစ်ခန်းလုံး စေ့သည်တိုင်အောင် မီးရောင်ဖြင့် လှည့်ပတ်ထိုးလေရာ အရာခပ်သိမ်းတို့မှာ အိပ်ရာသို့ ဝင်စဉ်က မိမိ တွေ့မြင်ခဲ့ရသည့်အတိုင်း ရှိနေသည်ကိုပင် တွေ့ရှိရလေ၏။

ဦးစံရှားသည် ကြမ်းပြင်တစ်လျှောက် စေ့အောင် မီးရောင်ထိုးပြီးနောက် အခန်းထောင့်၌ရှိသော ဗီရိုကြီးပေါ်သို့ လက်နှိပ်ဓာတ်မီးဖြင့် ထိုးလိုက်သောအခါ ဗီရိုအစွန်းပေါ်၌ မေးတင်ကာ ကြည့်နေသော မျက်နှာကို ရိပ်ခနဲ မြင်လိုက်ရ၏။ ထိုအခါ လက်နှိပ်ဓာတ်မီးကို မလှုပ်မရှားဘဲ တည်ငြိမ်စွာ ထိုးကြည့်ရာတွင် ထိုသူ၏ ပါးစပ်မှ ပလွေကဲ့သို့



www.burmeseclassic.com

www.burmeseclassic.com



ရှိသော ပြောင်းလုံးကလေးတစ်လုံး တပ်လျက်ရှိသည်ကို တွေ့ရလေ၏။ ထိုအခြင်းအရာကို မြင်သည်နှင့် တစ်ပြိုင်နက် ဦးစံရှားသည် လက်နှိပ်ဓာတ်မီးကို ငြိမ်းလိုက်၍ ဂီခနဲ မြည်သော အသံကို ကြားရပြန်လေ၏။ ဗဟုသုတ အမျိုးစုံ ဆည်းပူးခဲ့သော ဦးစံရှားမှာ ပလွေနှင့် တူသော အရာသည် ပြောင်းတံတစ်ချောင်းဖြစ်၍ အဆိပ်လူးထားသော မြားတံများကို ၎င်းပြောင်းတံဖြင့် မှုတ်ထုတ်ခြင်း ဖြစ်တန်ရာသည်ဟု တွေးတောမိ၏။

မီးရောင်မရှိသည့်နောက် ဦးစံရှားသည် ဗီရိုအနီးသို့ ခြေသံမကြားအောင် ချဉ်းကပ်၍ ဗီရိုကျောဘက်သို့ လက်နှစ်ဖက်ဖြင့် ကိုင်ဖမ်းပြီးလျှင် ကြမ်းပြင်ပေါ်သို့ ဆွဲလှည့်လိုက်ရာတွင် ဒုန်းခနဲ မြည်သော အသံကြီး ဖြစ်ပေါ်သဖြင့် အိမ်ရှင်လင်မယားတို့မှာ လျှော့လှုပ်ခြင်း ဖြစ်လေသလောဟု တွေးတော၍ အိပ်ရာမှ လူးလဲကာ ထလာကြလေ၏။ ထိုအခါ ဦးစံရှားသည် ဓာတ်မီးခလုတ်ကို နှိပ်လိုက်သဖြင့် တစ်ခန်းလုံးထိန်ထိန်လင်းလျက်ရှိစဉ် ကုလားကလေးတစ်ယောက်သည် ကြမ်းပေါ်၌ အလျားမှောက်လဲနေသည်ကို တွေ့မြင်ရလေ၏။ ထိုသူမှာ ဗီရိုကြီးလဲသွားစဉ်က ဗီရိုပေါ်၌ ပါသွားသဖြင့် ကြမ်းပြင်ကို နဖူးနှင့် ဆောင့်မိသော ဒဏ်ရာကြောင့် မူးမေ့လျက် ရုတ်တရက် မထနိုင်ဘဲ ရှိနေလေ၏။

အိမ်ရှင် လင်မယားအဖို့မှာ ဧည့်သည်၏ အခန်းမှ ဒုန်းခနဲ ကြားရသော အသံကြောင့် ၎င်းအခန်းဆီသို့ ပြေးလာကြလေရာ ဦးစံရှားသည် မိမိ၏ အခန်းတံခါးကို ဖွင့်ပေးလိုက်သောအခါတွင် လင်မယားနှစ်ယောက်တို့သည် အခန်းတွင်းသို့ ဝင်လာကြလေ၏။ အိမ်ရှင်ယောက်ျားသည် ကြမ်းပေါ်၌ လဲနေသော ကုလားပုကလေးနှင့် မှောက်လျက်လဲနေသော ဗီရိုကို တွေ့မြင်ရသဖြင့် အံ့အားသင့်လျက် ရှိစဉ် ဦးစံရှားသည် ကုလားပု၏ လက်တွင် ဆုပ်ကိုင်လျက်ပင် ရှိသေးသော ပြောင်းတံကို ဖြတ်ယူကြည့်ရှုလေ၏။ အိမ်ရှင်များမှာမူ ကုလားပုသည် မည်သူမည်သော



www.burmeseclassic.com

www.burmeseclassic.com



အကြံအစည်နှင့် ၎င်းတို့၏ အိမ်တွင်းသို့ ဝင်လာကြောင်းကို မတွေးနိုင်အောင် ရှိကြသော်လည်း ဦးစံရှားမှုကား ကုလားပုသည် ဦးထွန်းကျော်က ခေါ်လွှတ်သောသူဖြစ်ကြောင်း၊ မိမိမှာ အိပ်မပျော်သေးဟု ထင်ရကြားသော်လည်း တစ်ချက်တစ်ချက် မေးခနဲ ပျော်သွားသည့်အတွက်ကြောင့် ကုလားပုသည် ပြတင်းပေါက်မှ ဝင်လာသည်ဖြစ်စေ၊ သို့တည်းမဟုတ် အိပ်ခန်းသို့ မိမိမဝင်မီအခါကပင် ဝင်နေနှင့်၍ ဗီရိုပေါ်သို့ တက်ပြီးလျှင် အောင့်နေခြင်းဖြစ်စေ ဖြစ်ရမည်ဟု တွေးတောမိ၏။ ဗီရိုပေါ်သို့ တက်နေခြင်းကိုထောက်သော် ဒုတိယတွေးချက်သည် ဟုတ်မှန်ဖွယ်ရာ အကြောင်းရှိသည်ဟူ၍လည်း ယူဆမိ၏။

အိမ်ရှင်မိန်းမသည် လေးပေခန့်မျှသာ အရပ်ရှိသော ကုလားပုကို ကြောက်မက်ဖွယ်သော အခြင်းအရာတစ်ခုဟူ၍ မမှတ်ထင်ကြားသော်လည်း ထူးဆန်းသော သူစိမ်းတစ်ယောက်သည် အချိန်မဲ့ညဥ့်အခါ၌ မိမိတို့ နေအိမ်အတွင်းသို့ ဝင်နေခြင်းကိုပင် များစွာ ထိတ်လန့်တုန်လှုပ်မိသဖြင့် လင်ယောက်ျား၏ ခါးကို ဖက်ကာ လူပုကို ငုံ့လျှိုး၍ကြည့်ဆဲတွင် လူပုသည် ကြမ်းပေါ်မှ လူးလဲ၍ ထပြီးနောက် လင်မယားနှစ်ယောက်တို့၏ ခြေထောက်ကြားမှ ငုံ့လျှိုးဖြတ်သန်းပြီးလျှင် ပြတင်းပေါက်မှ ခုန်ချလိုက်လေ၏။ ဦးစံရှားသည် ပြတင်းပေါက်မှ ချက်ချင်းငုံ့ကြည့်လိုက်သောအခါ အိမ်အမြင့်မှာ ၇ ပေခန့်မျှသာ မြင့်သည် ဖြစ်သောကြောင့် ကုလားပုသည် နာကျင်ခြင်း မရှိဘဲ ဖုတ်ဖက်ခါ၍ ထပြေးလေ၏။ ထိုအခြင်းအရာမှာ အလွန်ပင် လျင်မြန်လှစွာ ဖြစ်ပျက်လေရကား လက်သွက်လှသော ဦးစံရှားပင်လျှင် မည်သို့ပြုရန်ကို စိတ်ကူးမရမီ ကုလားပုသည် မှောင်ရိပ်ထဲသို့ ပြေးနှင့်လေပြီ။

၎င်းနောက် ဦးစံရှားသည် ယခင်က ဗိုခနဲ မြည်သော အသံကလေးများအကြောင်းကို စုံစမ်းလေရာ ကြက်မွေးတပ်ထားသော မြားကလေးများသည် ခေါင်းအုံး၌ တစ်စင်း၊ ခြင်ထောင်၌တစ်စင်း၊ တံခါး



www.burmeseclassic.com

www.burmeseclassic.com



၌ တစ်စင်း၊ မိမိ၏ အင်္ကျီလက်၌ပင် တစ်စင်း အသီးသီး စိုက်လျက် ရှိသည်ကို တွေ့ရှိရလေ၏။ မြားတံကလေးများမှာ လေးသစ်ခန့်မျှ အလျား ရှိ၍ အဖျား၌ ညိုမည်းလျက်ရှိရကား အဆိပ် သုတ်လိမ်းထားကြောင်း မှာ ယုံမှားဖွယ်ရာ မရှိချေ။ သို့ဖြစ်၍ ဦးထွန်းကျော်သည် မိမိတည်းခို သော အိမ်ကို သိရုံမျှမက ထိုညဥ့်၌ပင် ကိစ္စပြီးအောင် စီမံထားသည်ကို ဦးစံရှား သိရှိရသဖြင့် အတော်ပင်တွင်ကျယ်အောင် အလုပ်လုပ်သူ တစ် ယောက်ဖြစ်သည်တကားဟု စိတ်ထဲ၌ ချီးမွမ်းမိလေ၏။ ဦးစံရှားသည် အိမ်ရှင်လင်မယားတို့အား ဦးထွန်းကျော်၏အကြောင်းကို ထုတ်ဖော်၍ မပြောဘဲ စုံထောက်တို့မည်သည်မှာ လူဆိုးများနှင့် ဆန့်ကျင်ဘက် အလုပ် လုပ်ရသူများ ဖြစ်သဖြင့် ရန်သူပေါများကြောင်းနှင့်သာလျှင် သိမ်းရုံး ပြောဆိုခဲ့လေသည်။

ဦးစံရှားနှင့် ကိုသန်းဖေတို့သည် နောက်တစ်နေ့ စာပို့ရထား နှင့်ပင် ရန်ကုန်သို့ ပြန်လာခဲ့ကြရာ ဦးထွန်းကျော်မှာလည်း ယခင်က နည်းတူပင် ဘိုလိုဝတ်လျက် ပထမတန်းစီး၍ တစ်ရထားတည်း လိုက် ပါလာခဲ့လေ၏။ သာစည်ဘူတာသို့ ဆိုက်ရောက်သောအခါ ဦးစံရှားသည် ဦးထွန်းကျော်နှင့် တွေ့လိုသည်ဖြစ်၍ ပထမတန်းစားသောက်ခန်းသို့ ဝင် သွားလေရာ ဦးထွန်းကျော်သည် မျက်နှာထားရွှန်းရွှန်းနှင့် ထိုင်ရာမှ ထ၍

**ကျော်**။ ။ 'လာဗျ၊ လာဗျ၊ ဦးစံရှား ဒီစားပွဲမှာ ထျယ် ပါတယ်၊ လာထိုင်ကြပါ'

ဦးစံရှားနှင့် ကိုသန်းဖေတို့ ထိုင်မိကြသောအခါ

**ကျော်**။ ။ 'မိတ်ဆွေကြီးက မန္တလေး ရောက်ခဲ့တယ် မှတ်တယ်၊ ဘာကိစ္စများလဲဗျ'

**ရှား**။ ။ (စေ့စေ့ကြည့်လျက်) 'ခင်ဗျားတို့ လုပ်တာ[illegible] တွေ ကြည့်ရအောင် လိုက်ခဲ့တာပါဗျာ'



www.burmeseclassic.com

www.burmeseclassic.com



ကျော်။ ။ (မျက်နှာထားချိုချိုနှင့်) 'ဘာများတွေ့ခဲ့မြင်ခဲ့ရသလဲဗျ။ ဒီက မိတ်ဆွေကလဲ ဘိုင်ကုလားလို ရုပ်ပြောင်းထားလိုက်တာ တော်တော်လေးကိုပဲ'

ရှား ။ 'ခင်ဗျားကျော်မှာ စွပ်ပူလောင်တာ မပျောက်သေးရင် ကျွန်တော့်မှာ ဘာမ်းပါတယ်လေ ယူမလား'

ကျော်။ ။ 'တော်ပါပြီ၊ ခင်ဗျားဘာမ်း ခင်ဗျား သိမ်းထားပါ၊ တော်တော်ကြာတော့ ခင်ဗျား မျက်နှာလိမ်းဖို့ လိုပါလိမ့်မယ်၊ ဒါထက် ဦးစိန်ရှားတို့ ဘယ်အရပ်က တည်းခဲ့သလဲဗျ'

ရှား၊ ။ 'ဒါတွေ လုပ်မနေပါနဲ့ ဆရာကြီး၊ ခင်ဗျား တပည့်ကျော်က ပေးလိုက်တဲ့ မြားတံကလေးလေးတွေတောင် ကျုပ် ယူခဲ့ပါလာခဲ့သေးတယ်၊ တယ်ပြီး တပည့်ပေါတဲ့ လူတစ်ယောက်ပါပေဗျာ။ တစ်လံရှည်တဲ့ လူလဲပါရဲ့၊ တစ်ညိုလောက်သာသာလဲ ပါရဲ့၊ ဘယ်ဆီကများ ဘယ်လို တွေ့ထားတဲ့လူတွေလို့ မပြောတတ်ပါဘူးဗျာ'

ကျော်။ ။ 'လောကမှာ လူကောင်းနဲ့ လူဆိုး ဘယ်သင်းက ပေါသလဲဗျ၊ ခင်ဗျားမှာ တပည့်တစ်ယောက်ရှိရင် ကျုပ်မှာ ဆယ်ယောက်ရှိပြီးသား မှတ်ပါ'

ရှား။ ။ 'မှန်ပါတယ်ဆရာကြီး၊ သို့သော် ဒီပြင် လူအတွက်တော့ ကျုပ်တာဝန်မခံဘူး၊ ခင်ဗျားနဲ့ ကိုသန်းကြွယ် နှစ်ယောက်အတွက်တော့ လူဆိုးစခန်း မြန်မြန်သိမ်းအောင် ကျုပ်စီမံရမယ် ဦးထွန်းကျော်'

ကျော်။ ။ 'ခင်ဗျားပြောပုံကြားရတော့ ဟိုတစ်နှစ်က လေမှောက်ပြီး ရေမွန်းသေရှာတဲ့ အင်စပိတ်တော် မောင်ထွန်းဦးကလေး သွားပြီး သတိရတယ်ဗျ'

ရှား။ ။ (ကြက်သီးထယောင်ပြုလျက်) 'တွေးကြည့်လိုက်ရင် စပ်လှတယ်ဗျာ၊ ဒီဆေးကို ခင်ဗျားတို့သုံးတာ ဘယ်နှခါ ရှိပြီလဲဗျ'

ကျော်။ ။ 'ဘယ်နှခါရှိရှိ ခင်ဗျားဖို့တော့ လုံလောက်



www.burmeseclassic.com

www.burmeseclassic.com



အောင် ချန်ထားပါတယ်ဗျာ၊ စိတ်သာချပါ'

ညစာစားပြီးကြသောအချိန်၌ ဦးစံရှားနှင့် ဦးထွန်းကျော်တို့သည် မိမိတို့၏ တွဲအသီးသီးသို့ တက်၍ လိုက်ပါသွားကြလေ၏။

❖



www.burmeseclassic.com

www.burmeseclassic.com

## အခန်း တစ်ဆယ့်သုံး

ဦးစံရှားနှင့် ကိုသန်းဖေတို့သည် ရန်ကုန်မြို့သို့ ဆိုက်ရောက်ကြ၍ လွှစ္စလမ်း (ဆိပ်ကမ်းသာလမ်း) ရှိ ဦးစံရှား၏ နေအိမ်သို့ ရောက်ကြသောအခါ တောလိပ်ကျောင်းသား မောင်သွင်သည် ဦးစံရှားတို့အား တိုက်ခန်းတွင်းမှ ဆောင့်မျှော်လျက် ရှိ၏။

**သွင်။** ။ 'ဦးတို့ ရောက်လာလိုက်တာ အဆင်သင့်လိုက်တာ ဦးရယ်၊ နန္ဒဝန်အိမ်မှာ ဘာဖြစ်ကြတယ် မသိဘူး။ တစ်ခုခုတော့ ဖြစ်ဟန်တူတယ် ဦးရေ့'

**ရှား။** ။ 'ဘာများထူးလို့လဲ မောင်သွင်'

**သွင်။** ။ 'လွန်ခဲ့တဲ့ တစ်နာရီလောက်က ဦးဖိုးထူးဆီက တယ်လီဖုန်းဆက်လိုက်တယ် ဦးရဲ့၊ ဒီတော့ ကျွန်တော် သွားနားထောင်တော့ ဦးဖိုးထူးဟာ ကျွန်တော်နဲ့ စကားပြောနေရင်း၊ ဘယ်သူက ဝင်ပြီး နှောင့်ယှက်တယ် မဆိုနိုင်ဘူး။ ခွေးမသားတွေ လာကြပြန်ပြီလား ဆိုသလို ကြားလိုက်ရပြီး တစ်ခါတည်း ရပ်သွားလေရဲ့၊ ကျွန်တော်က ထပ်ပြီး ခေါ်သော်လဲ ဘာမှ ထူးဖော် မရဘူးဦးရဲ့'

**ရှား။** ။ 'ဒီတော့ ဘယ့်နှယ်လုပ်မလဲ'

**သွင်။** ။ 'ကိုကိုက သူလိုက်သွားချေဦးမယ်ဆိုပြီး လိုက်သွားလိုက်တာ တစ်နာရီလောက်ရှိသွားပြီ၊ ခုထက်ထိ ဘာမှ မကြားရသေးဘူး ဦးရဲ့'

ဦးစံရှားသည် စားပွဲပေါ်၌ မိမိ၏နာမည်ဖြင့် ဘပ်လျက် တင်



www.burmeseclassic.com

www.burmeseclassic.com



ထားသော စာတစ်အိတ်ကို တွေ့သည်နှင့်

ရှား။ ။ 'ဒီစာရတာ ဘယ်လောက်ကြာပြီလဲ မောင်သွင်'

သွင်။ ။ 'ကိုကို သွားပြီးနောက် နာရီဝက်လောက်ကြာတော့ ရတယ် ဦးရဲ့'

ဦးစံရှားသည် စာကိုဖောက်ဖတ်ရာ အောက်ပါအတိုင်း တွေ့ရှိရ၏။

သနားလျှင် ချက်ချင်းလာပါ။

ဦးစံရှားသည် တူးဆီတာ ကားကို ချက်ချင်းထုတ်ခဲ့ရန် မောင်များအား အမိန့်ပေးပြီးနောက် ဒေါ်မပွစဖူး ဒေါ်ပွသော အမူအရာနှင့် 'မိန်းကလေးကိုများ တဆိတ်လေးလောက် ထိခိုက်အောင် ဒင်းတို့ လုပ်ဝံ့ရင် ဒင်းတို့ တစ်မြို့လုံးကို ငါကိုယ်တိုင် လည်ပင်းချိုးသတ်မယ်' ဟု ကြုံးဝါးလေ၏။

ဖေ။ ။ 'မခင်စိန် လက်ရေး ဟုတ်ကဲ့လား ဦးစံရှားရယ်'

ရှား။ ။ 'ဟုတ်ပါတယ်ဗျာ၊ သူ့ အသတ်ကလေးတွေ ကျုပ်မှတ်မိပါတယ်။ သူ့လက်ရေးအစစ်ပါ ကိုသန်းဖေရဲ့'

ဖေ။ ။ 'ဒါဖြင့် ဘယ့်နှယ်လုပ်ပါ'

ရှား။ ။ 'ဘယ့်နှယ်လုပ်ရမလဲဗျ၊ ခုချက်ချင်း လိုက်ရုံပေါ့'

ဖေ။ ။ 'ဒါဖြင့် ကျွန်တော်လဲ လိုက်ခဲ့မယ်ဗျာ'

သွင်။ ။ 'ကျွန်တော်လဲ လိုက်မယ် ဦးရ'

ရှား။ ။ 'မောင်သွင်တော့ ငယ်လဲ ငယ်သေးတယ်၊ အိမ်မှာလဲ တစ်ယောက်ယောက် လူစောင့်ရှိဦးမှ တော်မယ်၊ ဒီတော့ မောင်နေရစ်၊ ကျုပ်နဲ့ ကိုသန်းဖေနဲ့ သွားကြမယ်'

စွန့်စားခြင်းကို အလိုရှိသဖြင့် ဦးစံရှားထံ တပည့်ခံလျက် ရှိသော မောင်သွင်မှာ လူကြီး၏အမိန့်ကို မဖီဆန်ဝံ့သည် ဖြစ်သောကြောင့် စိတ်ပျက်စွာ အိမ်စောင့်ရစ်ရလေရာ ဦးစံရှားနှင့် ကိုသန်းဖေတို့သည်



www.burmeseclassic.com

www.burmeseclassic.com



တိုက်ပေါ်မှ ဆင်းပြေးကြလေ၏။ လွှစ္စလမ်း(ဆိပ်ကမ်းသာလမ်း) မှ ချာချီလမ်း (ကိုယ်ခံမင်းကိုယ်ချင်းလမ်း) သို့ ထိုနေ့က ဦးစံရှား မောင်းနှင်သွားသော စံချိန်မှာ ကမ္ဘာ့စံချိန်မဟုတ်ကြားသော်လည်း ရန်ကုန်မြို့ စံချိန်ဟု ဆိုလောက်ပေသည်ဖြစ်ရာ လမ်းစောင့်ပုလိပ်များသည် ဦးစံရှားကို မသိခဲ့ပါက အိုဗာစပီနှင့် တရားစွဲကြမည် မလွဲ ဖြစ်ချေ၏။

နန္ဒဝန်အိမ်သို့ ရောက်ကြသောအခါ ဦးစံရှားသည် ကားကို အိမ်ရှေ့တွင် ရပ်တန့်၍ အိမ်တွင်းသို့ ပျာယီးပျာယာနှင့် ဝင်သွားကြလေရာ အိမ်တွင်း၌ကား လူတစ်ယောက်မျှ မရှိသည့်ပြင် ညှော်ခန်းနှင့် ထမင်းစားခန်းရှိ အိမ်ထောင်ပစ္စည်းများသည် ဖရိုဖရဲ ကြဲပြန့်လျက်ရှိသည်ကို တွေ့ကြရလေ၏။ အိမ်ပေါ်သို့ တက်ကြည့်ကြသောအခါ၌လည်း လူတစ်ယောက်မျှ မရှိချေ။

ထိုခဏ၌ မိန်းမတစ်ယောက် ဝေဒနာပြင်းစွာ ခံရသဖြင့် နာကျင်ဟန်ရှိသော အသံနှင့် စူးစူးဝါးဝါး ဟစ်အော်လိုက်သော အသံကို ကိုဗီးကောနား အိမ်ဘက်မှ ရုတ်တရက် ကြားရလေလျှင် ဦးစံရှားသည် မိုးမမြင် လေမမြင်ရှိသော မျက်နှာထားနှင့် အသံကြားရာ ကိုဗီးကောနား အိမ်ဘက်သို့ ချက်ချင်းပင် ပြေးသွားလေ၏။ အရာရာမျိုး၌ သတိကောင်းလှကြောင်းနှင့် ဦးစံရှား၏ ချီးမွမ်းခြင်းကို ခံရဖူးသော ကိုသန်းဖေသည် အဟုန်ပြင်းစွာနှင့် ပြေးလျက်ရှိသော ဦးစံရှားကို မျှော်ကြည့်လျက်ရှိရာမှ ဦးခေါင်းကိုခါလျက် အိမ်ရှေ့တွင် ဆိုက်ထားသော တူးဆီတာကားပေါ်သို့ ခုန်တက်ပြီးလျှင် မြို့ဘက်သို့ မောင်းနှင်သွားလေ၏။

နေရာတကာတိုင်း၌ အမြော်အမြင်ကြီးလှသော ဦးစံရှားသည် မိမိ ချစ်ခင်ကြင်နာလျက်ရှိသော မခင်စိန်၌ ပြင်းထန်စွာ နာကျင်သော ဝေဒနာ ဆိုက်ရောက်သဖြင့် မကြားဝံ့ မနာသာရှိအောင် ညည်းညူ… ဟစ်သံကို ကြားရသောအခါ၌ကား မိမိ၏ အသက်သေားအတွ… တစ်… တစ်ရာမျှ သတိမရတော့ဘဲ မိန်းကလေးအား ကယ်ဆယ်ရသည့် …



www.burmeseclassic.com

www.burmeseclassic.com



ရွှယ်ချက် တစ်ခုတည်းဖြင့် ခုန်လွှားပြေးသွားလျက် ရှိ၏။ အိမ်အနီးသို့ ရောက်သဖြင့် အပေါ်ထပ်သို့ မော်ကြည့်လိုက်သောအခါ ကြီးစွာသော ထိတ်လန့်ကြောက်ရွံ့ခြင်းဖြင့် ပြတင်းပေါက်အနီးမှ မျှော်ကြည့်ကာ ရှိနေသော မခင်စိန်ကို တွေ့မြင်ပြန်လေရကား 'လာပြ၊ မခင်စိန်၊ လာပြီ' ဟု အသံပေးလျက် ရှေးကထက်ပင် လျှင်မြန်စွာ ပြေးပြန်လေ၏။ မခင်စိန်မှာမူ တစ်စုံတစ်ယောက်သောသူက နောက်မှ ရုတ်တရက် ဆွဲခေါ်လိုက်ဘိသကဲ့သို့ ပြတင်းပေါက်မှ ချက်ချင်း ကွယ်ပျောက်သွားလေ၏။

အိမ်ရှေ့သို့ ရောက်သောအခါ ဦးစံရှားသည် ပိတ်ထားသော တံခါးကို ကိုယ်လုံးရိုက်၍ ဖွင့်လိုက်ရာ တံခါးပွင့်သွား၍ အတွင်းသို့ ရောက်သွားသည်နှင့် တစ်ပြိုင်နက် အလွန်တရာ တောက်ပြောင် ထိန်လင်းလှသော အလင်းရောင်တစ်ခုသည် ဦးစံရှား၏ မျက်နှာသို့ တည့်တည့်ကြီး တိုးဝင်လျက် ရှိ၏။ ဦးစံရှားမှာ လင်းထိန်လှသော အလင်းရောင်အတွက် ကြောင့် ခေတ္တမျှ သူကန်းကဲ့သို့ ဖြစ်သွား၍ မျက်လုံးများကို လက်ဝါး နှစ်ဖက်နှင့် ပွတ်လျက်ရှိစဉ် လေးလန်စွာသော အရာဝတ္ထုတစ်ခုသည် ပြင်းထန်သော အရှိန်ဖြင့် ဦးစံရှား၏ ဦးခေါင်းကို ထိုးဝင်ထိခိုက်လေရ အား မျက်လုံးထဲ၌ မီးပွဲပြသကဲ့သို့ မြင်လိုက်ရပြီးလျှင် ထိုနေရာ၌ပင် ဆိုးလဲ့သွားလေ၏။

'လွှယ်လိုက်လေဗျာ၊ ဒီလောက်တောင် လွှယ်မယ်လို့များ ထင် ဆောင် မထင်မိပေဘူး' ဟု ပြောလျက် မောင်သန်းကြွယ်သည် သတိ မေ့ဘဲ လဲလျက်ရှိသော ဦးစံရှားအား ကြည့်လျက်ရှိ၏။

ကျော်။ ။ 'လွယ်တာတော့ ဟုတ်ပါပြီဆရာ၊ ကိုယ်က အရေးသာတဲ့အခါမှာ မြန်မြန်ကိစ္စပြီးအောင် စီမံလိုက်ကြစို့ရဲ့'

ကြွယ်။ ။ 'ဦးထွန်းကျော်ကလဲ မတော်တာဗျာ၊ သတိ ရောတုန်းကို စီရင်လိုက်လို့ ဘာအကျိုးရှိမှာတုန်းဗျ၊ ဒီကောင် ကျွန်တော် တို့ကို နှစ်နာအောင် လုပ်တာ ဘယ်နှခါရှိပြီလဲ၊ စီရင်မှာတော့ စီရင်ရ



www.burmeseclassic.com

www.burmeseclassic.com



ဆရာကြီး၊ သို့သော်လဲ ဒီလို သတိမရတုန်းမှာတော့ ဘုမသိ ဘမသိနဲ့ မလုပ်ပါရစေနဲ့ဗျာ၊ သေသေချာချာ ကျကျနန အရသာခံစမ်းပါရစေ ဦးထွန်းကျော်ရဲ့။ ရော့ ဟောဒါက အမြည်းကလေး ပေးနှင့်တာကွ' ဟု ပြောလျက် မောင်သန်းကြွယ်သည် ဦးစံရှား နံကြားကို နောက်ပိတ်ဖိနပ်နှင့် နှစ်ချက်ဆင့်၍ ကန်လေ၏။

**ကျော်။** ။ 'သူ့ကို ခင်ဗျား ဘယ်ပုံ စီရင်ချင်သလဲ'

**ကြွယ်။** ။ 'ဟိုအကောင် နှစ်ကောင်ကို ကြိုးနဲ့တုပ်ထားခဲ့ပြီး နက်ဖြန် ကျွန်တော် ပြန်ရောက်တော့မှ စီရင်မှာပေါ့ဗျ။ သို့သော်လဲ နက်ဖြန် သူခံစားရမယ့် ဒုက္ခဝေဒနာကို ယခုက ကြိုတင်ပြီးသိထားနှင့်ရအောင်ဟာ တစ်ဆိတ်လောက် နှိုးပေးလိုက်ဦးမယ်ဗျာ၊ ဟော့လူတွေ ဒီအကောင်ကို ငါ့အခန်းထဲ ချီသွင်းခဲ့ကြဟေ့၊ တစ်ယောက်က ကြိုးတစ်ချောင်းယူခဲ့'

လူဆိုးများသည် သတိမရသေးဘဲ မူးမေ့လျက်ရှိသော ဦးစံရှားအား တစ်ခုသော အခန်းသို့ ချီရွေ့သွင်းကြသောအခါ ၎င်းအခန်းအတွင်း ကြိုးများကိုယ်စီနှင့် တုပ်နှောင်ထားသော ကောလိပ်ကျောင်းသား မောင်လွင်နှင့် ရာဇဝတ်အုပ်ကျ ကိုဖိုးထူးတို့သည် အံ့သြစွာနှင့် ကြည့်နေကြလေ၏။ ၎င်းနောက် လူတစ်ယောက်သည် ခိုင်ခံ့လှသော မနီလာလျှော်ကြိုးတစ်ချောင်းကို ကိုင်လျက် အခန်းတွင်းသို့ ဝင်လာ၍ ဦးစံရှားအား ကုလားထိုင်တစ်လုံးတွင် မြဲခိုင်ကျပ်တည်းစွာ တုပ်နှောင် ဖွဲ့ချည်လေရာ ဦးထွန်းကျော်နှင့် မောင်သန်းကြွယ်တို့လည်း အနီးမှ စောင့်၍ ကြည့်နေကြလေ၏။ ယင်းသို့ရှိစဉ် မောင်သန်းကြွယ်သည် ကြာပွတ်စာတစ်ချောင်းကို ကောက်ယူ၍ မောင်လွင်၏ အနီးသို့ ချဉ်းကပ်လျက် 'ဟေ့ ခွေးကောင်ကလေး၊ ဒီတစ်ခါ မင်းအော်လား ဟစ်လား လုပ်ဝံ့သေးရဲ့လားဟာ မျက်နှာ ကြာပွတ်ရာကြီးနဲ့ လူပုံကသာပြီး ချောသကွယ်၊ ဒီတစ်ခါ မင်း အော်ရင် ကြာပွတ်ရာ တစ်စင်းက နှစ်စင်းဖြစ်သွားစေမယ်ဘေ



www.burmeseclassic.com

www.burmeseclassic.com



ကြားလား'

**လွှင်**။ ။ (ပမာမခန့်သော မျက်နှာထားနှင့်) 'ဦးစံရှား ထိုးထား လို့ ခင်ဗျား မေးရွံ့နေတာ ပျောက်ပြီလား'

**ကြွယ်**။ ။ 'မင့်အကောင် ဒီတစ်ခါ ထိုးနိုင်သေးရဲ့လား တိုမှာ ကြည့်ပါဦး'

**လွှင်**။ ။ 'လူယုတ်မာတို့ တစ်သက်မှာ ခင်ဗျားတို့ ဦးစံရှား နဲ့တစ်ခန်းထဲ အတူနေပြီး ဒီတစ်ခါပဲ ပြောဝံ့ ဆိုဝံ့ ရှိတာပါဗျာ၊ ကျုပ် သိပါတယ်'

ထိုကဲ့သို့ ပမာမခန့် ပြောခြင်းကို မောင်သန်းကြွယ် ကြားရ သောအခါ နဖူး၌ ရှိသော အကြောများထောင်၍ ထသည့်တိုင်အောင် ဒေါပွပြီးလျှင် လက်တွင်ကိုင်ထားသော ကြာပွတ်နှင့် မောင့်လွှင်၏ တစ် ကိုယ်လုံးနှင့် မျက်နှာကို တစ်ချက်ပြီးတစ်ချက် ဆင့်၍ ဆင့်၍ ရိုက်လေ ရာ ခြောက်ချက်ရိုက်မိသောအခါတွင် မောင်လွှင်၏ မျက်နှာမှ သွေး များ ဖြာလျက် ယိုစီး၍ ထွက်သော်လည်း အသည်းကောင်း၍ စိတ်ကြီး သော မောင်လွှင်လည်း တစ်ခွန်းဖလေမျှ ညည်းညူခြင်း မပြုဘဲ မျက်စိကို ဖြဲလျက် မောင်သန်းကြွယ်ကို ရဲရဲကြီး စိုက်ကြည့်နေလေ၏။ ထိုအခါ ဦးထွန်းကျော်က 'တော်ပါတော့ ကိုသန်းကြွယ်၊ ဒီကနေ့အဖို့ တော် လောက်ပါပြီ' ဟု ဝင်ရောက် ကန့်ကွက်ပြောဆိုရာ မောင်သန်း ကြွယ်မှာ ဒေါသမပြေနိုင်သေးသည်ဖြစ်၍ ဦးထွန်းကျော်ကိုပင် ရိုက်နှက် တော့မည်ကဲ့သို့ ပြုသေး၏။ သို့ရာတွင် ထိုသို့ မပြုလုပ်မိ သတိရသဖြင့် စိတ်ကို ချုပ်တည်း၍ ကြာပွတ်ကို အခန်းထောင့်သို့ ပစ်လျက်

'ဟုတ်ပေသားပဲလေ၊ ခွေးမနောက်ပိတ်ခွေးကို ဆုံးမလို့ အလ ကားပါပဲ၊ ဆရာကြီးလုပ်တဲ့ အကောင်ကို စီရင်မှ တော်မယ်' ဟု ဆို၍ ဦးစံရှားဘက်သို့ လှည့်ပြီးလျှင် 'ကိုင်း ချည်လို့ တုပ်လို့ ပြီး ပြီလားဟေ့' ဟု မေးလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ဦးစံရှားမှာ ကောက်ညှင်းထုပ် ထုပ်ထားသကဲ့သို့ တစ်ကိုယ်လုံး ကျပ်တည်းစွာ ချည်တုပ်လျက်ရှိရာ မောင်သန်းကြွယ်သည် ကုလားထိုင်ပေါ်တွင် ဦးခေါင်းငိုက်စိုက်နှင့် သတိမရရှိနေသော ဦးစံရှားအား ကြည့်လျက်

'ကိုင်း တော်လောက်ပြီပေါ့၊ သတိရလာအောင် သတိကလေး ပေးလိုက်ကြဦးစို့' ဟု ပြော၍ ရေအနည်းငယ်ရှိသော ဖန်ခွက်အတွင်းသို့ ဆေးမှုန့်အနည်းငယ် ထည့်လိုက်လေ၏။ ရေသည် ပွက်ပွက်ဆူ၍ ထလာသောအခါ မောင်သန်းကြွယ်သည် ဖန်ခွက်ကိုယူ၍ ဦးစံရှား၏ နှာခေါင်းအောက်၌ တည့်တည့်ထားလိုက်သည်တွင် အခိုးအငွေ့များသည် ဦးစံရှား၏ နှာခေါင်းကို ဝင်သဖြင့် ဦးစံရှားသည် မျက်လုံးများကို ဖွင့်၍ ကြည့်လေ၏။ ၎င်းနောက် ဦးစံရှားသည် ထိုမှဤမှ ငေးကြည့်၍ ကုလားထိုင် အသီးသီးတွင် တုပ်နှောင်ထားသော ကိုဖိုးထူးနှင့် မောင်လွင်တို့ကို မြင်သဖြင့် မိမိကိုယ်ကို ငုံ့ကြည့်လိုက်သောအခါတွင်မှ အဖြစ်အပျက် အလုံးစုံကို သတိရဟန် ရှိလေသည်။

**ကြွယ်။** ။ (လျှောင်ပြောင်သော မျက်နှာထားနှင့် ဖန်ခွက်ကို ချထား၍) 'ဘယ့်နှယ်လဲ မိတ်ဆွေ နေလို့ ကောင်းပါစဗျာ'

**ရှား။** ။ 'ကောင်းလာပါပြီ၊ ဩော် ဩော် ဦးထွန်းကျော်ရော ရှိနေပါကလား၊ မန္တလေးကိစ္စက ဘယ့်နှယ်ဗျ၊ နေရာကျရဲ့လား'

ထိုအခါ မောင်သန်းကြွယ်က 'နေရာကျကျ မကျကျ ခင်ဗျားနဲ့ ဘာဆိုင်သလဲ၊ စွာချင်လှတဲ့ အရေး ပေါဒီမှာ' ဟု ပြော၍ ဦးစံရှား၏ ပါးစပ်ကို လက်ဝါးနှင့်ပိတ်၍ ဖြန်းခနဲ မြည်အောင် ရိုက်လိုက်၏။

ဦးစံရှားသည် မောင်သန်းကြွယ်အား အတန်ကြာအောင် စိုက်ကြည့်၍ 'ကျုပ်ကို ဒီလို လုပ်ဝံ့တဲ့လူဟာ ခင်ဗျား ပထမဦးဆုံးပဲ မဟုတ်ပါဘူးဗျာ၊ ဒီအကြောင်းကို ကျုပ် ဘယ်တော့မှ မမေ့ပါဘူး ကိုသန်းကြွယ်' ဟု ခပ်အေးအေး ပြောရန် ကြိုးစားသော်လည်း ဦးစံရှားသည် တုန်လှုပ်



www.burmeseclassic.com

www.burmeseclassic.com



ရှိ၏။

ကြွယ်။ ။ 'ပထမ တစ်ခုတည်း စွဲရတာ ဖျင်းခြောက်ခြောက် ရှိလှတယ်၊ ဒုတိယအတွက်လဲပဲ ကျုပ်ပဲ ဖြစ်အောင် ယောဒီမှာ တစ်ချက်ဗျား' ဟု ပြောလျက် ဦးစံရှား၏ ပါးကိုတစ်ချက်ထပ်၍ ချပြန်၏။ ဦးစံရှားကမူ မည်သို့မျှ ပြန်မပြောဘဲ စေ့စေ့သာလျှင် ကြည့်နေလေ၏။

ကြွယ်။ ။ (တပည့်တစ်ယောက်၏ ဘက်သို့လှည့်၍) 'ဟော့ ခင်စိန် သွားခေါ်လိုက်စမ်းကွယ်၊ ဒီခဏလောက် လာပါလို့ ပြောချေစမ်းပါ'

ဦးစံရှားသည် မိမိအား ရိုက်နှက်ခြင်းထက်ပင် မောင်သန်းကြွယ်က မခင်စိန်အား ရိုင်းပျစွာ ခေါ်ငင်ခြင်းကို နာကြည်းဟန် လက္ခဏာနှင့် အံကြိတ်ကာ ရှိနေလေ၏။ သို့ရာတွင် နှုတ်မှမူ တစ်ခွန်းမျှ ပြောဆိုခြင်း မပြုဘဲ ဆိတ်ငြိမ်စွာ စောင့်ဆိုင်းလျက် ရှိ၏။

မခင်စိန်သည် မျက်နှာထား ဆိုးလှစွာသော လူဆိုးတစ်ယောက်နှင့်အတူ လိုက်လာ၍ ဦးစံရှားကို မြင်ရသောအခါတွင် သနားစဖွယ် မျက်နှာထားနှင့် ဦးစံရှားအား ကြည့်လျက်

စိန်။ ။ 'အလကားပဲ လိုက်လာတယ်ရှင့်၊ ကျွန်မလက်ရေး မဟုတ်ဘူးဆိုတာ ရှင် မသိဘူးလား'

ရှား။ ။ 'မသိရပေဘူး မခင်စိန်'

ကြွယ်။ ။ 'စုံထောက်ဆိုပြီး တယ်ညံ့သေးတာကိုး၊ သမီးအရေးခိုင်းလို့ မရရင် အဖေလုပ်တဲ့လူကို အရေးခိုင်းတာပေါ့ဗျ၊ သားအစ ရေးဆိုတာ တူမြဲ မဟုတ်လားဗျ၊ ဒီအပေါ်မှာ ကျုပ်ယောက္ခမလောင်းကြီးဟာ လက်ရေးအတုခိုးတဲ့ နေရာမှာ တစ်ဖက်ကမ်းခတ် တတ်တဲ့ အတိုးကြီးဗျ'

ထိုခဏ၌ မခင်စိန်၏ ဖခင်သည် ဒယီးဒယိုင်နှင့် အခန်းတွင်း



www.burmeseclassic.com

www.burmeseclassic.com



သို့ ဝင်လာ၍ 'ဘာပြောတယ် မောင်သန်းကြွယ်၊ တစ်ဖက်ကမ်းခတ်တယ် ဟုတ်လား၊ တစ်ဖက် မဟုတ်ဘူး နှစ်ဖက်တောင် ဟိုဘက်ဒီဘက် ခတ်သေးတယ်မောင်၊ ဦးလေးက ဦးလေး လေး လေး လေးက'

**ကြွယ်။** ။ (စကားဖြတ်၍) 'ဟောဟိုမှာ ခင်ဗျားသမက်လောင်း မြင်ရလား'

**လူကြီး။** ။ 'ဘာ ဘာကြောင့် ကြိုးတွေနဲ့ ချည် ချည်ထားသလဲ'

**ကြွယ်။** ။ 'ခင်ဗျားက သမက်လောင်းကို သနားလို့လား'

**လူကြီး။** ။ 'သနားလို့ မဟုတ်ပါဘူး သူ သူ သူက'

**ကျော်။** ။ 'ဟော့ ရှုပ်ပါတယ်၊ အဘိုးကြီးကို တစ်ခွက်လောက် ထပ်ပြီး တိုက်လိုက်ကြပါ။ မူးပြီး အိပ်မှ အေးမယ့်လူကြီးပါ'

**လူကြီး။** ။ 'ငါက ဘယ်တော့များ မူး မူး မူးတဲ့ သူလဲကွ'

**စိန်။** ။ 'ဖေဖေ သွားပါတော့ ဖေဖေရယ်၊ ဖေဖေ့အတွက် ကျွန်မ ရှက်လှချေရဲ့'

**လူကြီး။** ။ 'နင်က ရှက် ရှက် ရှက် တယ်ဟုတ်လား ဒါဖြင့် ငါသွားမယ်၊ တစ်ယောက်၊ နှစ်ယောက်၊ သုံးယောက်တောင် ပါကလား၊ ကြိုးတွေနဲ့ချည်လို့၊ နေရာကျလိုက်လေကွယ်၊ ဟီ ဟီ ဟီ' ဟု ရယ်မောလျက် ထွက်သွား၍ တံခါးအနီးသို့ ရောက်သောအခါ မမီသော တံခါးကို လှမ်းကိုင်လိုက်သဖြင့် ကြမ်းပေါ်သို့ ခွေလဲကျသွားလေ၏။

**စိန်။** ။ (မောင်သန်းကြွယ်ဘက်သို့ လှည့်လျက်) 'ခွေးလူပဲ၊ ရှင့်ကြောင့် ဖေဖေ ဒီလိုဖြစ်တာပဲ'

**ကြွယ်။** ။ 'စိတ်ချပါကွယ်၊ ကျုပ်တို့ လက်ထပ်ပြီးတော့ အဖေကြီး မရှုပ်ရအောင် အရှုံးထောင် ပို့ထားလိုက်ပါမယ် မခင်စိန်'



www.burmeseclassic.com

www.burmeseclassic.com



**စိန်**။ ။ (စိန်းစိန်းကြည့်လျက်) 'ရှင့်ကိုလား လက်ထပ်မှာ။ ကိုယ့်ကိုယ် ဆယ်ပြန်သတ်သေမယ်၊ ရှင့်ကိုတော့ မယူဘူး'

**ကြွယ်**။ ။ (လက်ပတ်နာရီကိုကြည့်လျက်) 'အချိန်မရှိဘူး၊ အပိုစကားတွေ ပြောမနေကြစို့နဲ့။ ကိုင်း ဦးစံရှား ကျုပ်တို့ မသွားခင် တစ်ခုပြောခဲ့ချင်တယ်၊ ခင်ဗျားကို နက်ဖြန် ကျုပ်တို့ ပြန်လာတော့မှ စီရင်မယ်၊ အခုချက်ချင်း စီရင်ဖို့ အချိန်မရဘူး၊ ကျုပ်က ခင်ဗျားကို ကျကျနန စီရင်ချင်တဲ့အတွက် သုတ်သီး သုတ်ပျာ မလုပ်ခဲ့ချင်ဘူး။ နက်ဖြန် ကျုပ်ပြန်လာတော့မှ လောကဓာတ် ပညာနဲ့ ပတ်သက်ပြီး ခင်ဗျားကို ကျုပ်တို့ စမ်းကြည့်ချင်တယ်၊ တဆိတ်တော့ နာကျင်မယ် ပေါ့လေဗျာ၊ သို့သော် တစ်ဦးက တစ်ဦးကို အနာခံရတာမျိုးပဲ၊ သို့သော် စိတ်တော့ ဖြောင့်ဖြောင့်သာထားပါဗျာ။ မခင်စိန်အတွက်တော့ ဘာမှ စိုးရိမ်ပါနဲ့၊ ကျုပ်တစ်ယောက်လုံး ရှိရစ်ပါသေးတယ်၊ မဟုတ်ဘူးလား ခင်စိန်'ဟု ပြောလျက် မောင်သန်းကြွယ်သည် အမှတ်မဲ့ရပ်နေသော ခင်စိန်ကို ရုတ်တရက် ပွေ့ဖက်နမ်းရှုပ်လေ၏။ ထိုအခါ ဦးစံရှားသည် မိမိအား ချည်တုပ်ထားသော အနှောင်အဖွဲ့မှ လွတ်ကင်းအောင် ရုန်းကန်သလောက် ကြိုးများသာလျှင် တကျွိကျွိမြည်လေ၏။

**ကြွယ်**။ ။ 'မိန်းမလုပ်တဲ့လူကိုတော့ ယောဒီလိုနမ်းပြီး ယောကျ်ားလုပ်တဲ့လူကို ယောဒီလို ချရတာ အကောင်းဆုံးပဲ' ဟု ပြောလျက် ဦးစံရှား၏ ပါးကို တစ်ချက်ပြီးတစ်ချက် ထပ်ခါထပ်ခါ ချလေရာ မခင်စိန်မှာ မရှုရက်သည်ဖြစ်၍ မျက်နှာကို လက်ဝါးဖြင့် အုပ်ကာ ငိုသိုလေ၏။

**ကျော်**။ ။ 'တော်လောက်ပါပြီ ကိုသန်းကြွယ်။ ကျုပ်တို့ သွားဖို့ ကိစ္စကလဲ ရှိသေးတယ်၊ ဟော့ ဘာသင်း။ မခင်စိန်ကို အိမ်ပေါ် ခေါ်သွားကွယ်'

မောင်သန်းကြွယ်မှာ လက်ပန်းကျသဖြင့် ဦးစံရှား၏ ပါးကျင်



www.burmeseclassic.com

www.burmeseclassic.com



မောဟိုက်ကာ ရပ်ကြည့်နေလေ၏။ ထိုနောက်မှ

**ကြွယ်။** ။ 'ဒီဟာ အမြည်းလောက်ကလေး ရှိသေးတယ်ဗျ။ နက်ဖြန်ကျတော့ ခင်ဗျား-က နာလွန်းလို့ အော်လေလေ၊ ကျုပ်က နှိပ်စက်လေလေ၊ နောက်မအော်နိုင်အောင် ခင်ဗျားလျှာကို လှီးထုတ်ပစ်မယ်။ ကြားရဲ့လား' ဟု ပြော၍ တပည့်များကိုခေါ်ပြီးလျှင် 'ဒီကောင်တွေကို ကြိုးမဖြေကြနဲ့ ကြားလား၊ အော်လား ဟစ်လားလုပ်ကြရင် ကြာပွတ်နဲ့သာ ပိတ်ပြီး ရိုက်ကြဟေ့။ နည်းနည်းမှ မညှာကြနဲ့ နားလည်လား' ဟု ပြောရာ ပါး၌ အမာရွတ်ရှိသော သူ 'စိတ်ချပါ ဆရာ၊ နှိပ်စက်တဲ့နေရာမှာ ပထမတန်း ထားလိုက်ပါ' ဟု ပြောလေ၏။

❖



www.burmeseclassic.com

www.burmeseclassic.com

## အခန်း တစ်ဆယ့်လေး

လူအားလုံးထွက်သွားကြသဖြင့် အခန်းတွင်း၌ သုံးယောက်တည်း ကျန်ရစ်နေသောအခါ

ရှား။ ။ 'ခုပုံဖြင့် ဒီကနေ့ည ကျုပ်တို့လူစု တော်တော် အူရှင်ကြရမလို ဖြစ်နေပြီ။ ကိုဖိုးထူးကော ခင်ဗျားအကြောင်း ပြောစမ်းလေ ဗျာ'

ထူး။ ။ 'ဆရာထားခဲ့တဲ့အတိုင်း စောင့်နေရစ်တော့၊ ဒီကနေ့ နေ့လယ်လောက်မှာ ဘာမပြော ညာမပြောနဲ့ လူ ခြောက်ယောက် ဝင်လာပြီး ကျွန်တော့်ခေါင်းကို ရိုက်ခဲ့လိုက်တာ ဒီကုလားထိုင်ပေါ်မှာ ချည်ပြီး တုပ်ပြီးသားဖြစ်တော့မှ သတိရတော့တာပဲ ဆရာ'

ရှား။ ။ 'မောင်လွင်ကော'

လွင်။ ။ 'ကျွန်တော်တော့ ဦးဖိုးထူး တယ်လီဖုန်းသံရပ်သွားတော့ တစ်ခုခုဖြစ်ပြီထင်ပြီး ကျွန်တော့်ကားနဲ့ လိုက်လာခဲ့တာ။ ဒီရောက်တော့ အပေါက်က စောင့်ပြီး ခေါင်းရိုက်တာပါပဲ ဦးရယ်'

ရှား။ ။ 'မျက်နှာက ဒဏ်ရာကကော'

လွင်။ ။ 'ဒါက မိပြီးတဲ့နောက်မှာ ပမာမခန့် ပြောလို့ ရိုက်တာခင့်ဗျ'

ရှား။ ။ 'သန်းကြွယ် လက်ရာပေါ့ ဟုတ်စ။ ဒီအကောင်[illegible] အခွင့်သာလို့ ကျုပ်လက်ထဲ ဖမ်းမိရင် ရှိသမျှ ကြွေးတွေ အ[illegible] ဆေရမယ်'ဟု ပြောလျက် ဦးစံရှားသည် အခြားသူများ အ[illegible]



www.burmeseclassic.com

www.burmeseclassic.com



ရယ်မောလိုက်လေ၏။

**ရှား**။ ။ 'ဒါထက် ကိုသန်းဖေတစ်ယောက် ကျုပ်နဲ့အတူတူ ပါလာတယ်၊ ခင်ဗျားတို့ မမြင်ကြဘူးလား'

**ထူး**။ ။ 'မမြင်မိပါဘူး ဆရာ'

**ရှား**။ ။ 'ဒါဖြင့် သူ့ကို တစ်ချက်တော့ အားထားစရာပဲ။ ကိုအုန်းဖေ တစ်ယောက်ကလဲ ချက်တာဂျိကို စောင့်နေရလို့ ဘာမှ လုပ်နိုင်မယ် မထင်ဘူး'

**လွင်**။ ။ 'ဒါထက် ကျွန်တော်တို့ကို သူတို့ ဘယ့်နှယ်များ လုပ်မယ်ထင်သလဲ ဦး' ဟု မေး၍ ဦးစံရှား၏ မျက်နှာထားကို မြင် ရသောအခါ မောင်လွင်သည် ထပ်လောင်း မေးမြန်းခြင်း မပြုတော့ချေ။

ညဦးအချိန်ရောက်၍ ခေတ်မီးထွန်းပြီးသောအခါတွင် မျက်နှာ၌ အမာရွတ်ရှိသောသူသည် ပေါင်မုန့်နှင့် ရေတစ်ချိုင့်ကို ယူလာ၍ တစ်ယောက်စီ ခွဲ့ကျွေးလေရာ အကျဉ်းသမားသုံးယောက်တို့မှာ အာသာ ပြေရုံမျှ အနည်းငယ်စီ စားသောက်ကြလေ၏။ ပြီးစီးသောအခါ၌

**ရှား**။ ။ 'ကိုယ့်လူ ဒီအလုပ်လုပ်တာ ငွေဘယ်လောက်ရသလဲ'

**အမာရွတ်**။ ။ 'ငွေရတာ အရေးမကြီးပါဘူး။ ခင်ဗျားတို့လို အထက်တန်းစားလူစုတွေကို နှိပ်စက်ရရင် ကျေနပ်တာပဲ'

**ရှား**။ ။ 'နှိပ်စက်ရတာတော့ ဟုတ်ပါရဲ့။ ငွေရရင်လဲ တစ်သက် လုံး ချောင်ချိတာပေါ့ဗျာ'

**ရွတ်**။ ။ 'ငွေကိုတော့ မလိုချင်တဲ့လူ ဘယ်ရှိမလဲ ဆရာကြီး'

**ရှား**။ ။ 'ကျုပ်အင်္ကျီအိတ်ထဲက သားရေအိတ်ထဲမှာ ငွေစက္ကူ ၁၀၀ဝ တန် ငါးချပ် ပါတယ်'

**ရွတ်**။ ။ 'ဒါဖြင့် ကျုပ်ဆီ အပ်ထားပါလား၊ သူတို့ငွေ့ရင် ယူမယ့်အတူတူပဲ'

**ရှား**။ ။ 'ဒီ ငွေ ၅၀ဝဝ ကို ခင်ဗျားပေးရင် ကျုပ်ကို ခင်ဗျား



www.burmeseclassic.com

www.burmeseclassic.com



လွှတ်မလား'

**ရွှတ်**။ ။ (စဉ်းစားပြီးမှ) 'ပေးရင် လွှတ်မှာပေါ့ဗျ'

ထိုအခါ အမာရွတ်နှင့်လူသည် ဦးစံရှားအနီးသို့ ချဉ်းကပ်၍ စမ်းသပ်ကြည့်ရှုလေရာ ကိုဖိုးထူးနှင့် မောင်လွင်တို့သည် အံ့ဩစွာနှင့် ကြည့်နေကြ၏။ ဦးစံရှားက ထိုသူသည် မိမိ၏ ငွေကို ရသောအခါ မိမိအား လွှတ်မည် မဟုတ်ကြောင်း သိ၏။

**ရှား**။ ။ 'ကျုပ်ငွေအိတ်ကို လိုချင်ရင် အထက်ပိုင်းက ကြိုးကို ဖြေဦးမှပေါ့ဗျ'

ဦးစံရှားအား ကြိုးနှစ်ချောင်းဖြင့် ချည်နှောင်ထားသည်ဖြစ်ရာ ခါးအထက်မှစ၍ လက်များကို တစ်ချောင်းသော ကြိုးဖြင့် ချည်၍ ခါးအောက်မှစ၍ ခြေထောက်များကို အခြားကြိုးတစ်ချောင်းဖြင့် ချည်ထား၏။ အမာရွတ်နှင့်လူသည် မသက်သာဖြင့် ဆိုင်းငံ့လျက် ရှိ၏။ ထိုသူ၏ စိတ်၌ အထက်ပိုင်းကြိုးများကို ဖြုတ်ပေးစေကာမူ လက်နက် တစ်စုံတစ်ရာ မရှိဘဲ အောက်ပိုင်း၌ တုပ်နှောင်ထားသော လူတစ်ယောက်သည် မိမိအား မည်သို့မျှ မတတ်နိုင်ဟူ၍ စဉ်းစားမိ၏။ ဤကိစ္စကို အခြားသူ တစ်ယောက်အား ခေါ်၍ အတူတကွ ဆောင်ရွက်သည်ရှိသော ထိုသူအား မိမိရသော ငွေကို ခွဲဝေ၍ ပေးရမည်ဟူ၍လည်း စဉ်းစားမိ၏။ ဦးစံရှားသည် ထိုသူ၏ ဆိုင်းဖင့်သော အပြုအမူကို တွေ့မြင်ရသော အခါ မိမိ၏ အကြံအစည် ထမြောက်ပါဦးတော့မည်လောဟု ချွေးတလုံးလုံးနှင့် ရှိနေ၏။

နောက်ဆုံး၌ ထိုသူသည် ဦးစံရှား၏ ကုလားထိုင်နောက်သို့ သွား၍ ချည်ထားသော ကြိုးကို လက်ဖြင့်စမ်းသပ်ရာ ဦးစံရှားသည် မိမိ၏ အဖော်များအား လှမ်းကြည့်လေ၏။

**ရှား**။ ။ 'ခင်ဗျားအဖော်တွေ မမြင်စေနဲ့နော်၊ နို့မိုရင် ခင်ဗျား ... ခွဲပြီး ပေးရလိမ့်မယ်'



www.burmeseclassic.com

www.burmeseclassic.com



ထိုသူသည် ကြိုးတစ်ပိုင်းတစ်စ ဖြေလျက်ရှိရာမှ တံခါးဆီသို့သွား၍ အခြားသူများ မမြင်နိုင်စေခြင်းငှာ တံခါးကို ပိတ်ထားလိုက်၏။ ထိုနောက် ဦးစံရှား၏ ကုလားထိုင်နောက်သို့ ပြန်သွား၍ အထုံးအဖွဲ့များကို ဖြေပြန်လေရာ ဦးစံရှားမှာမူ မိမိ၏ မျက်နှာကို ထိုသူ မမြင်နိုင်သည်ဖြစ်၍ မိမိ၏ အဖော်များအား လှမ်းကြည့်လေ၏။ အဖော်နှစ်ယောက်တို့မှာမူ ဦးစံရှား၌ အကြံအစည်တစ်ခုရှိကြောင်း ရိပ်မိကြသည်ဖြစ်၍ အသက်မရှူမိဘဲကြည့်နေကြလေ၏။

နောက်ဆုံး၌ အထက်ပိုင်းတွင် ချည်ထားသော ကြိုးသည် ပြုတ်ကျ၍ အမာရွတ်နှင့်လူသည် နောက်သို့ ခုန်လွှားဖယ်ရှားလိုက်၏။ အကြောင်းမူကား ထိုသူသည် ဦးစံရှား၏ ရှည်လျားသန်စွမ်းသော လက်လှမ်းအတွင်း၌ နေရခြင်းကို စိတ်မချနိုင်သောကြောင့် ဖြစ်ချေသည်။

**ရွတ်**။ ။ 'ခင်ဗျား သားရေအိတ် ပစ်ချလိုက်လေ'

**ရှား**။ ။ 'မရဘူးဆရာ၊ ခြေထောက်က ကြိုး မဖြေဘဲနဲ့ တစ်ပြားမှ ကျုပ်မပေးနိုင်ဘူး'

ထိုခဏ၌ ဦးစံရှားသည် အိတ်ထဲမှ သားရေအိတ်ကို ထုတ်ယူ၍ လက်ဝဲဘက်လက်ထဲ၌ မမြဲတမြဲ ကိုင်လျက် ရှိ၏။

**ရွတ်**။ ။ 'ခင်ဗျားငွေကို အရင်ပေး၊ ငွေရတော့ ခင်ဗျားကြိုးကို ကျုပ် ဖြေပေးမယ်'

ထိုအခါ ဦးစံရှား၏ ရှေ့မှ စောင့်ကြည့်နေသော မောင်လွင်သည် ဦးစံရှားအား သတိပေးတော့မည်အပြုတွင် အမာရွတ်နှင့် လူသည် ဦးစံရှား၏ နောက်သို့ ရုတ်တရက် ချဉ်းကပ်၍ ပခုံးပေါ်မှ ကျော်ပြီးလျှင် သားရေအိတ်ကို ဖျတ်ခနဲ လုယူလိုက်ရာ ဦးစံရှား၏ အကြံကား ထမြောက်ခဲ့လေပြီ။

မောင်လွင်သည် ဦးစံရှား၏ အကူအညီအဖြစ်နှင့် ၎င်း၏ လက်အောက်တွင် အမှုထမ်းခဲ့သဖြင့် ထူးဆန်းသော အခြင်းအရာများစွာ



www.burmeseclassic.com

www.burmeseclassic.com



တို့ကို တွေ့မြင်ခဲ့ရဖူးသော်လည်း ဦးစံရှား၏ ကြီးမားသော ခွန်အားကို အံ့ဩဘဲ မနေနိုင်အောင် ရှိနေ၏။ ဦးစံရှားသည် ထိုသူ၏ လက်ကောက်ဝတ်ကို လက်ယာဘက်လက်နှင့် သံညှပ်သဖွယ် မြဲမြံစွာ ဆုပ်ကိုင်ထား၍ ဟစ်အော်စပြုနေသော ထိုသူ၏ ပါးစပ်ကို ကျပ်တည်းစွာ ပိတ်ထားပြီးလျှင် လက်ယာလက်သည် တဖြည်းဖြည်း လိမ်၍ လိမ်၍ ညှစ်လေ၏။ နောက်ဆုံး၌ ချွတ်ခနဲ မြည်သံကြား ရ၍ ထိုသူသည် နာကျင်လှသော ဝေဒနာကြောင့် မူးမေ့ပျော့ခွေသွားရာတွင် ဦးစံရှားသည် မိမိအင်္ကျီအိတ်မှ မောင်းချများတစ်စင်းကို ထုတ်ယူ၍ အောက်ပိုင်းတွင်ချည်ထားသော ကြိုးကို ဖြတ်လေ၏။ ရှင်းရှင်း ကျွတ်လွတ်သောအခါမှ ဦးစံရှားသည် မိမိ၏ ကြိုးဖြင့် ထိုသူကို ချည်တုပ်၍ သတိရလာသောအခါတွင်လည်း မအော်ဟစ်နိုင်စေရန် ထိုသူ၏ ပါးစပ်ကို ၎င်း၏ ရှပ်အင်္ကျီနှင့် ဆို့ထားလေ၏။ ၎င်းနောက် ဦးစံရှားသည် မောင်လွင်နှင့် ကိုဖိုးထူးတို့ကို အနှောင်အဖွဲ့မှ လွတ်စေ၍ ထိုသူနှစ်ယောက်တို့သည် ဝမ်းမြောက်ဝမ်း;သာ အညောင်းဆန့်လျက် ရှိကြလေ၏။

ထို့နောက် သုံးယောက်သားတို့သည် ချက်ချင်းထွက်၍ မသွားသေးဘဲ မခင်စိန်ကို ရှာဖွေရန်အတွက် တစ်အိမ်လုံး လှည့်လည်ကြည့်ရှုကြလေရာ အိမ်ကြီးမှာ တိတ်ဆိတ်စွာ ရှိလေ၏။ အောက်ထပ်ရှိ အခန်းတစ်ခန်းသို့ ရောက်သောကာလ တံခါးအောက်မှ မီးရောင်လင်းထွက်နေသည်ကို တွေ့မြင်ကြရ၍ အခန်းတွင်းမှ လူတစ်ယောက်က ပြန်ပြောသော အသံကို ကြားကြရလေ၏။

ဦးစံရှားသည် ရှေ့ဆုံးမှ ခေါင်းဆောင်လျက် အခန်းတံခါးကို ဗြုန်းခနဲ ဖွင့်၍ အခန်းဝမှ ရပ်ပြီးလျှင် 'မလုပ်နဲ့နော်၊ လှုပ်ရင်ပစ်လိုက်မယ်' ဟု ပြောလျက် ဆေးတံကို ခြောက်လုံးပြူးပမာကိုင်၍ ချိန်ထွယ်လေရာ အခန်းတွင်းရှိသော လူနှစ်ယောက်တို့သည် အံ့အားသင့်ဟန်ဖြင့် ငေး၍ကြည့်ပြီးနောက် ဟက်ဟက်ပက်ပက် ရယ်မောကြလေ၏။

www.burmeseclassic.com

www.burmeseclassic.com



အကြောင်းမှုကား ထိုသူနှစ်ယောက်တို့မှာ ကိုသန်းဖေနှင့် မောင်သွင်တို့ ဖြစ်သောကြောင့်ပေတည်း။

ကိုသန်းဖေသည် ဦးစံရှား၏ အရမ်းမဲ့ ပြေးသွားခြင်းကို သဘော မတူနိုင်သည်ဖြစ်၍ တားဆီးရန် အချိန်မရှိ။ မျက်စိမှိတ်၍လည်း မလိုက် လိုသည်နှင့် ဦးစံရှား၏ တူးဆီတာကားနှင့် မောင်းလာခဲ့ပြီးလျှင် မောင်သွင် ထံ ပြန်ရောက် တိုင်ပင်လေ၏။ ၎င်းနောက် ထိုသူနှစ်ယောက်တို့သည် မိမိတို့ နှစ်ယောက်တည်းနှင့် လူဆိုးတစ်ပြုလုံး၏ လက်မှ ဦးစံရှားတို့ လူစုကို လုယူရန် မတတ်နိုင်သည့်အဖြစ်ကို သိရှိကြသဖြင့် ကိုအုန်းဖေထံ သွား ရောက်တိုင်ပင်ကြပြန်လေ၏။ ကိုအုန်းဖေမှာ အခွင့်နှင့်နေသော အစိုးရ စုံထောက် အင်စပိတ်တော်တစ်ယောက်ဖြစ်သည့်အတိုင်း မိမိ၏ မိတ်ဆွေ ဌာနအုပ်ထံသို့ သွားရောက်ကြပြီးလျှင် ဦးစံရှားအား လူဆိုး များက မတရားသဖြင့် ချုပ်နှောင်ထားကြောင်းနှင့် ပြောပြလေ၏။ ထိုအခါ ဌာနာအုပ်သည် ဆယ်ယောက်ခန့်မျှသော ပုလိပ်သားများကို ဘတ်စ် ကားတစ်စီးနှင့် တင်ဆောင်၍ ကိုအုန်းဖေနှင့်အတူ လိုက်ပြီးလာကြရာ ကိုဇီးကောနား အိမ်အနီးသို့ ရောက်ကာလ ပုလိပ်အရာရှိများနှင့် ကို အုန်းဖေတို့သည် လမ်းထောင့်မှ ဘတ်စ်ကားဖြင့် စောင့်နေကြ၍ ကိုသန်း ဖေနှင့် မောင်သွင်တို့ကို စုံစမ်းရန်အတွက် လွှတ်လိုက်ခြင်း ဖြစ်လေသည်။

ကိုသန်းဖေနှင့် မောင်သွင်သည် ကိုဇီးကောနားအိမ်အတွင်း သို့ လျှို့ဝှက်ဝင်ရောက်လာကြ၍ တစ်အိမ်လုံး တိတ်ဆိတ်စွာ ရှိနေသည် ကို တွေ့ရသဖြင့် အခန်းများကို တစ်ခန်းပြီးတစ်ခန်း စေ့စေ့အောင် ဝင် ရောက်ရှာဖွေလျက် ရှိစဉ် ဦးစံရှားတို့ လူစုနှင့် ပက်ပင်း တွေ့ဆုံမိကြ ခြင်း ဖြစ်လေသည်။ ကိုသန်းဖေသည် ပုလိပ်အရာရှိများအား အရေး က အချက်ပေးရန်အတွက် ဝီစီကို မှုတ်လိုက်ရာ ကိုအုန်းဖေနှင့် ပုလိပ် များသည် ဝင်းအတွင်းသို့ ပြေးဝင်လာကြလေ၏။

၎င်းနောက် ၁၇ ယောက်မျှသော ဦးစံရှားတို့ လူစုအနက် စုံ

www.burmeseclassic.com

www.burmeseclassic.com



ထောက် အင်စပိတ်တော် ကိုအုန်းဖေနှင့် ဌာနာအုပ်တို့မှာ ခြောက်လုံးပြူး ပါသူများဖြစ်သဖြင့် (ဦးစံရှား၏ ခြောက်လုံးပြူးမှာမူ မူးလဲစဉ်အခါက ရန်သူလက်တွင်းသို့ ရောက်ခဲ့လေပြီ။) ရှေ့ဆုံးမှ ခေါင်းဆောင်လျက် ကိုဖိုးကောနားအိမ်ကြီးကို တစ်ခန်းပြီးတစ်ခန်း ရှာဖွေကြလေရာ ဦးစံရှားမှာ မိမိတို့လူစု အလုံးအရင်းနှင့် ဤအိမ်ကြီးကို ပိုင်ပိုင်နိုင်နိုင် ရှာခွင့်ရသဖြင့် ဝမ်းမြောက်မိ၏။

အောက်ထပ်၌ စေ့သဖြင့် အပေါ်ထပ်သို့ တက်ကြမည်ပြုသောအခါတွင် ဦးစံရှားသည် စက်ခလုတ်ဆင်ထားသော ပဋ္ဌမလှေခါးထစ်ကို သတိပေးသေး၏။ သို့ရာတွင် ထိုအခါ၌မူ စက်ခလုတ်မှာ အသင့်ပြင်ဆင်မထားသည်ဖြစ်သောကြောင့် လူတစ်စုသည် တစ်စုံတစ်ရာမျှ ထူးထူးခြားခြား မတွေ့ရဘဲ အပေါ်ထပ်သို့ ဆိုက်ရောက်ကြလေ၏။

အပေါ်ထပ်သို့ ရောက်ကြသည်နှင့် တစ်ပြိုင်နက် တစ်ခုသော အခန်းတံခါးသည် ရုတ်တရက် ပွင့်လာ၍ လူတစ်ယောက်သည် ဦးခေါင်းထို ပြူ၍ ကြည့်လေရာ မျှော်လင့်သည့်အတိုင်း မိမိ၏ လူစုမဟုတ်ဘဲ ပုလိပ်သား တစ်စုကို မြင်သည်နှင့် အံ့အားသင့်လျက် ရှိ၏။ ထိုအခါ ၎င်းလူသည် အခန်းတံခါး ရုတ်တရက် ပြန်ပိတ်မည်အပြုတွင် ကိုအုန်းဖေ၏ ခြေထောက်သည် တံခါးကို ခံထားလိုက်၍ ၎င်း၏ ခြောက်လုံးပြူးသည် ထိုသူ၏ ရင်ဝကို တေ့လျက် ရှိ၏။

**အုန်း**။ ။ 'မဆူနဲ့နော်၊ နှိပ်လိုက်မယ် မြင်လား'

ထိုအတောအတွင်း၌ ဦးစံရှားသည် ထိုသူ၏ အနီးမှ ပွတ်၍ အခန်းတွင်းသို့ ဝင်ပြီးလျှင် အံ့သြဝမ်းမြောက်စွာနှင့် ကုလားထိုင်တစ်လုံးမှ ထလာသော မခင်စိန်၏ လက်နှစ်ဖက်ကို မိမိ၏ လက်နှစ်ဖက်ဖြင့် အားရပါးရ ဆုပ်ကိုင်ထားလေ၏။ မခင်စိန်မှာမူ အံ့သြဝမ်းမြောက်ခြင်း၏ အရှိန်ကြောင့် မိမိ၏ လက်ကို ရုပ်သိမ်းရန် သတိမရချေ။

**စိန်**။ ။ 'ဖြစ်ရလေ ဦးစံရှားရှင်၊ ရှင့်မျက်နှာကို ဖူးလိုသောင်



www.burmeseclassic.com

www.burmeseclassic.com



လို့ပါလား၊ အင်မတန် မိုက်ရိုင်းတဲ့ သေနင်းကြွယ်ပါပဲရှင်'

**ရှား။** ။ (သွားဖြဲလျက်) 'နဂိုအရုပ်ဆိုးပြီး လူမို့ ပိုလို့တော့ အရုပ်မဆိုးနိုင်ပါဘူး ထင်ပါရဲ့ မခင်စိန်'

**စိန်။** ။ 'ကျွန်မ မျက်စိထဲဖြင့် လှတဲ့လူထက်တောင် ကြည့်ကောင်းသေးတယ်လို့ ထင်တယ်'

ထိုအတောအတွင်း ပုလိပ်အရာရှိနှင့် ဦးစံရှား၏ မိတ်ဆွေများသည် နာမည်ကျော် လူပျိုကြီး ဦးစံရှားနှင့် မခင်စိန်တို့၏ အပြုအမူကို စိတ်ထဲ၌ ကျိတ်ကာ ပြုံးလျက် ရှက်မည်စိုးသည်နှင့် ကြမ်းသို့ ငုံ့သူကငုံ့၊ အမိုးသို့ မျှော်သူကမျှော်၊ ပြတင်းပေါက်မှ အပြင်သို့ ငေးသူငေးနှင့် ရှိနေကြလေ၏။

**ရှား။** ။ 'မခင်စိန် အဖေကြီးကော'

**စိန်။** ။ 'တစ်ခန်းခန်းမှာ ရှိပါလိမ့်မယ်ရှင်၊ ဒီအဖေကြီးအတွက်ကြောင့် ကျွန်မ ခက်တော့တာပဲ'

**ရှား။** ။ (ကိုအုန်းဖေဘက်သို့လှည့်၍) 'ကားဘယ်နှစီးပါကြသလဲ'

**အုန်း။** ။ 'ဘတ်စ်ကားတစ်စီးနဲ့ ခင်ဗျာ့ တူးဆီတာပါတယ်'

**သွင်။** ။ 'ကျွန်တော့်ကားလဲ သူတို့ ယူမသွားရင် ရှိပါလိမ့်မယ်'

**ရှား။** ။ 'ကောင်းပြီ။ မောင်သွင်က မခင်စိန်ကို ကျုပ်ကားနဲ့ တင်ပြီး ကျုပ်အိမ်ကို ခေါ်သွားနှင့်ပါ။ ပုလိပ်နှစ်ယောက်က နောက်တစ်စီးပေါ် ထိုင်ပြီး လိုက်ပါစေ'

မခင်စိန်သည် အံ့အားသင့်သော အမူအရာနှင့် ဦးစံရှားအား ငေးကြည့်နေသည်တွင်

**ရှား။** ။ 'ဘာကြည့်သလဲ မခင်စိန်၊ ဒီအိမ်မှာ ဒီကရှေ့ကို



www.burmeseclassic.com

www.burmeseclassic.com



ခင်စိန်နေလို့ မဖြစ်တော့ဘူး၊ အဘိုးကြီးကို တွေ့အောင် ရှာပြီး မောင်သွင်က မောင်တို့ကားနှင့် တင်ပြီး ကျုပ်အိမ်ကို ပို့ရလိမ့်မယ်၊ အိမ်ရောက်တော့ ပုလိပ်နှစ်ယောက် အစောင့်ထားခဲ့ပြီး မောင်တို့ ပြန်လာခဲ့ကြ'

မခင်စိန်သည် ငြင်းဆန်ခြင်း မပြုတော့ဘဲ မောင်လွင်နှင့် အတူ အိမ်ပေါ်မှ ဆင်းသွားကြလေရာ ပုလိပ်နှစ်ယောက်တို့လည်း ဌာနအုပ်၏ အမိန့်အရ လိုက်သွားကြလေ၏။

ဦးစံရှားသည် ကိုအုန်းဖေ၏ လက်ဝယ်၌ ရှိနေသော လူဆိုးဘက်သို့ လှည့်၍

**ရှား၊** ။ 'ဟေ့လူ၊ ဒီအိမ်မှာ အခု လူဘယ်နှယောက်ရှိသလဲ ပြောစမ်း'

**လူဆိုး။** ။ 'အားလုံးအခု ခြောက်ယောက်ရှိတယ်ခင်ဗျ၊ ပြီး အိပ်ပျော်နေကြပြီ ထင်တယ်'

**ရှား။** ။ 'အဘိုးကြီးကော'

**လူဆိုး။** ။ 'နောက်ဖေးချောင်က အခန်းမှာ ထင်တယ် ခင်ဗျ'

ထိုအခါ ဦးစံရှားသည် မောင်သွင်နှင့် ပုလိပ်နှစ်ယောက်ကို ခွတ်၍ မူးနေသော အဘိုးကြီးကို မောင်သွင်၏ ကားပေါ်သို့ တင်စေ သွင် မိမိ၏ နေအိမ်သို့ မောင်းနှင်ပို့ထားစေရန် ခိုင်းလိုက်လေ၏။ နောက်

**ရှား။** ။ 'မောင်သန်းကြွယ် ဘယ်တော့ ပြန်လာမလဲ'

**လူဆိုး။** ။ 'နက်ဖြန်မှ ပြန်လာမယ် ခင်ဗျ'

**ရှား။** ။ 'ဦးထွန်းကျော်ကော'

**လူဆိုး။** ။ 'အတူတူပဲ ခင်ဗျာ'

**ရှား။** ။ 'ရီရီကော'

**လူဆိုး။** ။ 'အတူတူပဲ ခင်ဗျာ'



www.burmeseclassic.com

www.burmeseclassic.com



ရှား။ ။ 'သူတို့ဘယ်သွားကြတာလဲ'

ထိုသူသည် မပြောလိုဟန်နှင့် ဆိုင်းငံ့လျက်ရှိရာ ကိုအုန်းအေးက ခြောက်လုံးပြူးဒင်နှင့် ရွယ်လိုက်သောအခါမှ သွက်သွက် ပြေဆိုလေ၏။

လူဆိုး။ ။ 'ကုက္ကိုင်းလမ်းထဲက ပွဲစားကြီး ဦးထွန်းမှန်အိမ်သို့ သွားကြတယ်ခင်ဗျ'

ရှား။ ။ 'ဘာအခမ်းအနားရှိသလဲ'

လူဆိုး။ ။ 'သူ့သားကိုဘရွှေ ဘီအေအောင်တဲ့အတွက် အောင်ဘညီဇာတ်ပွဲကလို့တဲ့ ခင်ဗျ'

ရှား။ ။ 'ဩော် ဟုတ်သားပဲ၊ ဒီကနေ့ စနေနေ့ပါကလား သို့သော် အချိန်ရှိပါသေးရဲ့လေ၊ ကိုင်း လာကြဗျို့၊ ငနဲတွေ ကြည့်စမ်းချေရအောင်၊ ဟေ့လူ လာစမ်း၊ သူတို့ အခန်း ဘယ်မှာလဲ လိုက်ပြစမ်း'

ထိုအခါ လူဆိုးသည် ထောင့်ကျသော အခန်းတစ်ခန်းသို့ လိုက်ပြလေရာ လူ ငါးယောက်တို့သည် အခန်းတွင်း၌ တုံးလုံးပက်လက်လှဲလျက် အိပ်ပျော်နေသော လူများကို နှိုးစေရာ လူများသည် အိပ်ချင်မူးတူးနှင့် ထထိုင်၍ မျက်စိကို ပွတ်ကာ ကြည့်နေကြလေ၏။

ရှား။ ။ 'ခင်ဗျားတို့ ဘာနဲ့ လာခဲ့သလဲဗျို့ ကိုအုန်းဖေ'

အုန်း။ ။ 'ဘတ်စ်ကားနဲ့ လာတယ်ဆရာ'

ရှား။ ။ 'ကိုင်း၊ ဒီငနဲတွေ လူစုကွဲအောင် စီမံရမယ်၊ ဒရိုင်ဘာကော ဘယ်မှာလဲ'

အုန်း။ ။ 'ကားမှာ စောင့်နေရစ်တယ်ဆရာ'

ရှား။ ။ 'ကျုပ်တို့ လူစု ဒီအိမ်က တော်တော်နဲ့ ပြန်ရမှာ မထင်ဘူး၊ အလုပ်တွေက တော်တော်များတယ်၊ ဒီတော့ ဘတ်စ်ကားကို ပြန်လွှတ်လိုက်ကြပေတော့ဗျာ၊ ဌာနအုပ်လဲ ကျုပ်တို့ကို ကူညီမယ် ကူညီရင် အစအဆုံး ကူညီပါတော့ဗျာနော်'



www.burmeseclassic.com

www.burmeseclassic.com



ဌာနာအုပ်မှာ ဦးစံရှားကို ကောင်းစွာ သိကျွမ်းသည့်ပြင် မုလိပ် ဘက်တစ်ခုလုံးက ဘုရားတစ်ဆူ ဂူတစ်လုံးအနေဖြင့် ကြည်ညိုရိုသေ ခြင်း ရှိခဲ့ပေရကား ဦးစံရှား၏ စကားတို့ မြေဝယ်မကျ နားထောင်လေ ၏။ ၎င်းနောက်

ရှား။ ။ 'မောင်လွင်တို့ကား ပြန်လာတဲ့အခါမှာ ကုက္ကိုင်းလမ်း က ပွဲစားကြီး ဦးထွန်းမှန်းအိမ်ကို ကျုပ် လိုက်ရလိမ့်မယ်။ ဒီအတော အတွင်း ကျုပ် ကြံစည်ထားတဲ့ အကြံကလေးကို ခင်ဗျားတို့ ပြောရဦး မယ်။ နားထောင်ကြဗျာ' ဟု ပြောပြီးနောက် ဦးစံရှားသည် တိုတိုတုတ် တုတ် စာပိုဒ်များဖြင့် ငါးမိနစ်ခန့် စကားပြောလျက်ရှိရာ ကိုအုန်းဖေ၊ ကိုဖိုးထူးစသော မိတ်ဆွေများလည်း နှစ်ခြိုက်သော အမူအရာနှင့် ဦးခေါင်း ညိတ်ကာ နားထောင်လျက် ရှိကြလေ၏။ ထိုနောက်

ရှား။ ။ 'ကိုင်း ကိုသန်းဖေ၊ မန္တလေးတုန်းက သူတို့ အစည်း အဝေးမှာ ခင်ဗျား ကြားခဲ့ရတဲ့ စာအုပ်ကို ရအောင် စီမံဖို့ အရေးတော့ဖြင့် လိုသေးရဲ့၊ ယခုအခါမှာ အခွင့်လဲ သာတယ်၊ နို့ပေမယ့် မီးခံသေတ္တာကို ဖွင့်ဖို့ ကျုပ်တို့မှာ လက်နက်ကိရိယာလဲ မပါဘူး၊ တစ်ကြောင်းကလဲ မောင်သန်းကြွယ်ကို အကြွေးဆပ်ဖို့ အရေးဟာလဲ အလျင်လိုတယ်၊ ဒီ တော့ စာအုပ်ကြည့်ဖို့ အရေးကို အသာထားပြီး မောင်သွင် ပြန်လာရင် မောင်သန်းကြွယ်တို့နောက် လိုက်ဦးမှပဲဗျို့'

ဦးစံရှားသည် မိမိအား ချည်တုပ်ထားသော ကုလားထိုင်ပေါ် တွင် မိမိနှင့် အလုံးအရပ် တူညီသည့် လူဆိုးတစ်ယောက်ကို လည်း ကောင်း၊ ကိုဖိုးထူးနှင့် မောင်လွင်တို့အား တုပ်ထားသည့် ကုလားထိုင် များပေါ်တွင် အခြား လူဆိုးနှစ်ယောက်ကို လည်းကောင်း အသီးသီး တုပ်နှောင်ထား၍ ၎င်းတို့အားလည်း မလှုပ်မရှားဘဲ ငြိမ်ဝပ်စွာ နေကြ ရန် မှာထားလေ၏။ ဦးစံရှားက မိမိ၏ မိတ်ဆွေများသည် အိမ်မိုး မှ သေနတ်များနှင့် စောင့်နေကြမည်ဖြစ်သောကြောင့် လူဆိုးများသည်



www.burmeseclassic.com

www.burmeseclassic.com



အခွင့်မရဘဲ လှုပ်ရှားခြင်းဖြစ်စေ၊ ဦးခေါင်းကို မော့ကြည့်သည်ဖြစ်စေ ပြုလုပ်ခဲ့ပါလျှင် တစ်ခါတည်း အသက်ဆုံးရှုံးအောင် ပစ်သတ်မည်ဖြစ်ကြောင်းနှင့် ခြောက်လှန့်ပြောဆိုရာတွင် လူဆိုးများသည် ဤမျှလောက် သက်သက်သာသာနှင့် ကိစ္စပြီးချောပြီတကားဟု များစွာ ဝမ်းမြောက်၍ အမိန့်အတိုင်း လိုက်နာရန် တာဝန်ခံကြလေ၏။ ၎င်းနောက် ဦးစံရှားသည် မိတ်ဆွေများက မိမိတို့၏ တာဝန်ကို မလစ်ဟင်းစေဘဲ အသီးအသီး ဆောင်ရွက်ကြရန် ထပ်လောင်း မှာထားခဲ့ပြီးလျှင် မောင်လွင်နှင့် အတူ တူးဆီတာကားနှင့် ထွက်လာခဲ့ကြလေ၏။

ထိုခဏ၌ မောင်သွင်သည် ဦးစံရှား၏ တူးဆီတာကားနှင့် ဆိုက်ရောက်လာ၍ မခင်စိန်ကို လွှစ္စလမ်း(ဆိပ်ကမ်းသာလမ်း) သို့ ပို့ထားခဲ့ပြီးကြောင်းနှင့် ပြောလေ၏။

❖



www.burmeseclassic.com

www.burmeseclassic.com

## အခန်း တစ်ဆယ့်ငါး

ဦးစံရှားနှင့် မောင်လွင်သည် ကုက္ကိုင်းလမ်းသို့ ရောက်ကြ၍ ပွဲကို မြင်နိုင်လောက်သော နေရာသို့ ဆိုက်ရောက်ကြလေလျှင် ဦးစံရှားသည် ကားကို ရပ်တန့်၍

**ရှား**။ ။ 'ကိုင်း မောင်လွင်၊ ကိုဇီးကောနားအိမ်ကို ပြန်မောင်း၊ ကိုဖိုးထူးကိုခေါ်၊ ချက်တာဂျီကို ဝှက်ထားတဲ့ ကိုအုန်းဖေအိမ်ကို လိုက်ပို့၊ ကိုအုန်းဖေတို့ အိမ်ကို သိရဲ့ မဟုတ်လား'

**လွင်**။ ။ 'သိပါတယ် ဦးရယ်'

**ရှား**။ ။ 'ကောင်းပြီ။ ကိုဖိုးထူး လိုက်ပို့ပြီး မောင်လွင်ကတော့ သုခလမ်းက ကျုပ်အိမ်ကို သွားပြီး မခင်စိန်ကို စောင့်ရှောက်လိုက်ပါ။ ကြားလား'

**လွင်**။ ။ 'ကြားပါတယ် ဦးရယ်'

ထိုအခါ ဦးစံရှားနှင့်အတူ စွန့်စားရတော့မည်ဟု မျှော်လင့်ချက်ရှိသော မောင်လွင်မှာ များစွာ စိတ်ပျက်မိ၏။ သို့ရာတွင် ဦးစံရှားအား ဦးလေးကဲ့သို့ လည်းကောင်း၊ ဆရာသမားကဲ့သို့ လည်းကောင်း ကြည်ညိုရိုသေခြင်း ရှိသော မောင်လွင်သည် တောင်းပန်တိုက်တွန်း၍ ရောတတ်သော ဦးစံရှား၏ သဘောကို သိသည်ဖြစ်၍ တစ်စုံတစ်ရာ မပြောဘဲ မြို့ဘက်သို့ လှည့်ချိုး မောင်းနှင်သွားလေ၏။

ဦးစံရှားသည် လမ်းပေါ်၌ ရပ်တန့်ကာ မောင်လွင်၏ ကားကို ငေးကြည့်ပြီးနောက် ပွဲဘက်သို့ လျှောက်လာခဲ့ရာ ထိုလမ်းမှ အတောင်



www.burmeseclassic.com

www.burmeseclassic.com



ပင် လှုပြတ်သောလမ်း ဖြစ်သည့်ပြင် ပွဲသို့ လာသော သူများလည်း ရောက်နေပြီဖြစ်၍ ပြန်ဖို့ရန်မှာလည်း မင်းသမီး မင်းသား နှစ်ပါးသွား မပြီးသေးဘဲ ရှိရာကား ဦးစံရှားသည် လမ်းပေါ်၌ လူတစ်ဦး တစ်ယောက်မျှ မတွေ့ရချေ။ ပွဲဘက်သို့ ဆက်လက် လျှောက်သွား၍ ကျယ်ဝန်းလှသော ဦးထွန်းမှန်း၏ ဝင်းကြီးနံဘေးမှ ကပ်လျှက်လာခဲ့စဉ် အလွန်တရာ သတိကောင်းလှသော ဦးစံရှားသည် ဦးထွန်းမှန်း၏ ဝင်းခြံအတွင်းမှ သစ်ကိုင်းခြောက်ကို ခြေဖြင့် နင်းသံလိုလို ကြားရပြီးနောက် ဒေါက်ခနဲ မြည်သည့် လေးတင်သံကို ကြားလိုက်ရသဖြင့် လမ်းပေါ်၌ ပက်လက်လှန်ကာ ပစ်လှဲလိုက်လေ၏။ အကြောင်းကိုဆိုသော် ဦးစံရှားသည် ချက်တာဂျိကို ပခုံးပေါ်တွင် ထမ်းလျှက် ကိုဇီးကောနားအိမ်ဘက်မှ နန္ဒဝန်အိမ်ဘက်သို့ ပြေးလွှားကူးသွားစဉ်အခါက ကြားလိုက်ရဖူးသော အသံနှင့် တူလှပေသောကြောင့်တည်း။ ယင်းကဲ့သို့ မြေပေါ်သို့ ပစ်လှဲ၍ အိပ်လိုက်ခြင်းအတွက်ကြောင့်လည်း ဦးစံရှား၏ နံဘေးသို့ တည့်တည့်ကြီး လာသော မြားသည် ရင်ဘတ်၏ ရှေ့မှ ဗိုးခနဲဖြတ်သွားလေ၏။ ဦးစံရှားသည် မြေပေါ်တွင် ပက်လက်လှန်လျှက် ရှိရာမှ ဦးခေါင်းကို စောင်းငဲ့ကြည့်လိုက်သောအခါ ဦးထွန်းမှန်း၏ ခြံတွင်းရှိ နှင်းဆီရုံအကြားမှ လူတစ်ယောက်၏ ဦးခေါင်းပေါ်ထွက်လာသည်ကို တွေ့မြင်ရလေရာ ထိုသူမှာ မောင်သန်းကြွယ်တို့၏ ဗျူကားကြီးကို မောင်းနှင်သည့် ဒရိုင်ဘာဖြစ်ကြောင်း သိရှိရလေ၏။ ဦးစံရှားသည် မလှုပ်မယှက်ဘဲ ငြိမ်ဝပ်စွာ နေခဲ့သည်ဖြစ်မူ ဒူးလေးနှင့် ပစ်သောသူသည် လာရောက်စုံစမ်းလိမ့်မည်ဟု တွက်ကိန်းရှိ၏။ ထိုတွက်ကိန်းမှာလည်း မမှားချေ။

ဒရိုင်ဘာသည် နှင်းဆီရုံအတွင်းမှ မထွက်ပြူသေးဘဲ ငါးမိနစ်မျှ အကဲခတ်နေပြီးနောက် ဝင်းထရံကို ကျော်၍ လမ်းပေါ်သို့ ထွက်လာပြီးလျှင် ဦးစံရှား၏ အနီးသို့ ချဉ်းကပ်လေ၏။ ဦးစံရှား အနည်းငယ်မျှ မလှုပ်ရှားဘဲ ခပ်စောင်းစောင်း လဲနေသော ဦးခေါင်းကိုပင်



www.burmeseclassic.com

www.burmeseclassic.com



မြင်မှု၍ မျက်စိမဖွင့်တဖွင့်နှင့် ကြည့်လိုက်ရာ ထိုသူကမူ မိမိတို့အသင်းကြီး၏ အကြီးဆုံးသော ရန်သူကို သုတ်သင်လိုက်ခြင်းအားဖြင့် ဦးထွန်းတျော်နှင့် မောင်သန်းကြွယ်တို့၏ ချီးမွမ်းစကားများကိုပင် နားထဲတွင် ကြိုတင်ကြားမိလေ၏။

ဒရိုင်ဘာသည် လောဘကြီးသော သူတို့၏ထုံးစံအတိုင်း ဦးစံရှား၏ အင်္ကျီအိတ်ကို နှိုက်အံ့ဟု ခါးကို ကုန်းလျက် လက်တစ်ဖက်သည် အင်္ကျီအိတ်တစ်ဖက်သို့ လျှိုတော့မည်ပြုသည်နှင့် တစ်ပြိုင်နက် ဦးစံရှား၏ သန်စွမ်းခိုင်မြဲလှသော လက်ချောင်းများသည် ထိုသူ၏ လက်နစ်ကောက်ကို လက်ကောက်ဝတ်မှ တစ်ဖက်စီ ဆုပ်ကိုင်လျက် ဂျပန်သိုင်းဆရာကြီး သင်ပြခဲ့သော နည်းအတိုင်း ဦးစံရှား၏ ခြေထောက်သည် ထိုသူ၏ ရင်ညွန့်ကို ထောက်ပြီးလျှင် မိမိ၏ ဦးခေါင်းမှကျော်၍ တအားကုန် ပစ်လွှဲလိုက်လေ၏။ ထိုသူသည် လေထဲတွင် ကျွမ်းတစ်ပတ်လည်ပြီးနောက် ဆယ်ပေခန့် အဝေး၌ ဦးခေါင်းဖောက်ထိုးကျပြီးလျှင် မလှုပ်မရှား ရှိနေလေ၏။

ဦးစံရှားသည် ထိုသူ၏ ရင်ဘတ်ကို စမ်းသပ်ရာ မလှုပ်မရှားရှိနေသဖြင့် အသက်မရှိကြောင်းသိရ၍ ထိုသူအတွက် ဝမ်းနည်းမိသည်မှန်သော်လည်း မတော်တဆ ဖြစ်ရခြင်းဖြစ်သဖြင့် ကြာရှည် ဝမ်းနည်းရန် အချိန်မရဘဲ အလောင်းကို လမ်းလွှတ်အောင် ခြံဘေးသို့ ချီယူခဲ့၏။ ၎င်းနောက် ဦးစံရှားသည် ဒရိုင်ဘာ၏ အင်္ကျီနှင့် ဒရိုင်ဘာများဆောင်းလေ့ရှိသော ဦးထုပ်ကို ချွတ်ယူဝတ်ဆင်ပြီးလျှင် မောင်သန်းကြွယ်၏ ကားကို ရှာဖွေရန် ထွက်လာခဲ့လေ၏။ ဦးစံရှား၏ အကြံမှာ ဒရိုင်ဘာ၏ နေရာ၌ အလုပ်လုပ်၍ မောင်သန်းကြွယ်တို့၏ ဗျူဟာကြီးကို အောင်းနှင်ရန် ဖြစ်လေရာ အကယ်၍ မိမိအား ရိပ်မိခဲ့ပါလျှင်လည်း အခြားနည်းဖြင့် ဆောင်ရွက်ရန် စီစဉ်ပြီးဖြစ်လေရာ ဒရိုင်ဘာမှာ ခြေ[illegible] သို့ပင် အရပ်အမောင်း မြင့်သူတစ်ယောက် ဖြစ်သောကြောင့် [illegible]



www.burmeseclassic.com

www.burmeseclassic.com



သာ ရှိသော အရောင်တွင် မိမိအား မရိပ်မိတန်ကောင်းရာဟူ၍လည်း မျှော်လင့်မိ၏။

ဦးစံရှားသည် ဦးထွန်းကျော်တို့၏ ဗျူကားနံပါတ်ကို သိရှိသည် ဖြစ်၍ ဦးထွန်းမှန်း၏ ဝင်းနံဘေးတွင် ဆိုက်ထားသော မော်တော်ကား များအနက်တွင် ရှာဖွေရာ အထုတ်အယူ လွယ်ကူစေရန်အတွက် အစွန် ဆုံး၌ ဆိုက်ထားသော ကားမှာ ဦးထွန်းကျော်တို့၏ ဗျူကားဖြစ်ကြောင်း တွေ့ရှိရလေ၏။ ဓာတ်ပွဲမှာ နှစ်ပါးသွားချိန် မနီးသေးသဖြင့် ဝန်ထွက် လျက်ရှိရာ ပရိသတ်မှာမူ မြို့စွန်မြို့ဖျား ဖြစ်သောကြောင့် လွန်မင်းစွာ မစည်ကားလှချေ။ ဦးစံရှားသည် ဓာတ်ရုံနံဘေးမှပွတ်လျက် လျှောက် သွား၍ ဦးထွန်းမှန်း၏ တိုက်တွင်းအခြေအနေကို ပြတင်းပေါက်တစ်ခုမှ ချောင်းမြောင်းကြည့်ရှုလေ၏။ ထိုခဏ၌ အင်္ကျီ ဘောင်းဘီပွကြီးများကို ဝတ်ဆင်လျက်ရှိသော တရုတ်လူမျိုးတစ်ယောက်အား အိမ်ရှင်ပွဲစားကြီး လင်မယားနှင့်တကွ ဧည့်ပရိသတ်များသည် ဝိုင်းဝန်းလျက်ရှိကြရာ လက္ခဏာမှာ နှစ်ပါးသွားချိန် မတိုင်မီအတွင်း သီးသန့်ရွေးကောက် ဖိတ်ကြားထားသော ဧည့်သည်များအား မျက်လှည့်ပြခြင်း အစရှိသော ဖျော်ဖြေမှုမျိုးဖြင့် ဧည့်ခံဖျော်ဖြေရန် ဖြစ်လေသည်။ သားဖြစ်သူ ကောလိပ် ကျောင်းသား မောင်ဘရွှေသည် အရာရာမျိုး၌ မသေချာသော အလေ့ အကျင့်ရှိသူ တစ်ယောက်ဖြစ်သည့်အတိုင်း ၎င်းတရုတ်မျက်လှည့်ဆရာကို မည်သည့်နည်းနှင့် တွေ့ခဲ့သည်ဟူ၍ မည်သူကမှ သေချာစွာ မပြောနိုင် ဘဲ ရှိရာ မိဘများကလည်း သားကို ချီးမြှင့်သော အနေဖြင့် ကျင်းပ သော ပွဲသက်သက်ဖြစ်သောကြောင့် မောင်ဘရွှေ၏ ဆန္ဒအတိုင်း တရုတ် မျက်လှည့်ဆရာကို ပြသခွင့်ပြုရန် သဘောတူညီကြရလေ၏။

ပရိသတ်များသည် မိမိ၏ အတတ်ပညာကို ပြသရန် ပြင်ဆင် လျက်ရှိသော တရုတ်မျက်လှည့်ဆရာကို ဝိုင်းဝန်းလျက်ရှိစဉ် မောင်ဘရွှေ သည် ရီရီနှင့်တွဲလျက် တိုက်အပေါ်ထပ်မှ ဆင်းလာကြသည်ကို ဦးစံရှား



www.burmeseclassic.com

www.burmeseclassic.com



တွေ့မြင်ရသဖြင့် မျက်ခြည်ပြတ်မခံဘဲ ရီရီကို သတိပြုကြည့်မိ၏။ ညေ့ပရိသတ်များမှာမူကား မြို့ပေါ်မှ ဝတ်လုံတော်ရများ၊ တရားသူကြီးများ၊ ပွဲစားကြီးများမှစ၍ ဦးစံရှားနှင့် သိကျွမ်းဖူးသော လူကြီးလူကောင်းများ ဖြစ်လေသည်။ ပွဲကတော်ကြီး ဒေါ်နှင်းမေက တရုတ်မျက်လှည့်ဆရာကြီးအား

မေ။ ။ 'ဘာများအလိုရှိပါသလဲ ထောင်ကဲကြီး၊ ခတ်မီးတွေကို နည်းနည်း မှိန်စေချင်သေးသလား၊ မှိန်စေချင်ရင် မီးတချို့ ငြိမ်းပေးမယ်'

ရုတ်။ ။ 'ကိစ္စမရှိပါဘူး၊ ကျွန်တော့်ပညာက မီးလင်းလို့ ကိစ္စမရှိဘူး'

ထိုအခါ ပြတင်းပေါက်အနီး မီးရောင်ကွယ်လျက် ချောင်းကြည့်နေသော ဦးစံရှားသည် ဖျတ်ခနဲ ဖြစ်သွားလေ၏။ အကြောင်းမူကား မျက်လှည့်ဆရာ၏ မျက်နှာနှင့် တစ်ကိုယ်လုံးမှာ တရုတ်လူမျိုးဖြစ်၍ အသံမှာ မောင်သန်းကြွယ်၏ အသံဖြစ်ပေသောကြောင့်တည်း။

၎င်းနောက် မျက်လှည့်ဆရာသည် ဖဲတစ်ထုပ်ကို တောင်း၍ ဖဲနှင့် ပတ်သက်သော မျက်လှည့်လေးငါးမျိုးကို ပြလေရာ ပရိသတ်တို့လည်း ကျေနပ်သော အမူအရာနှင့် လက်ခုပ်လက်ဝါး တီးကာ ပြသာပေးကြလေ၏။ ဦးစံရှားမှာမူ ဦးထွန်းကျော်၏ အိမ်ခေါင်မိုးမှ ချောင်း၍ ကြည့်နေစဉ်အခါက ကြားခဲ့ရသော စကားများအတွက်ကြောင့် မျက်လှည့်ဆရာသည် အခြားသူမဟုတ်။ မောင်သန်းကြွယ်ဖြစ်ကြောင်း သိရှိရကတည်းက မောင်သန်းကြွယ်၏ ရည်ရွယ်ချက်မှာ ပွဲကတော်ကြီး ဒေါ်နှင်းမေ၏ စိန်များကို တစ်နည်းနည်းနှင့် ရစေရန်ဖြစ်ကြောင်း ရိပ်မိလေ၏။ ဖဲမျက်လှည့်ပြီးသည့်အဆုံး၌

ရုတ်။ ။ 'ဒီဟာလောက်ကို လူတိုင်းတတ်ပါတယ်၊ ဒီတော့ ဒေါ်နှင်းမေ ဂျပန်ကျွန်ုပ်များ ဆရာသည်နည်းတစ်ခုကို ကျွန်တော် ပြမယ်



www.burmeseclassic.com

www.burmeseclassic.com



ကြည့်ကြမလား’

**လူများ။** ။ ‘ပြပါ၊ ပြပါ၊ ကြည့်နိုင်ပါတယ်’ ဟု ဝိုင်းဝန်း ပြောကြ၏။

**ရှတ်။** ။ (အင်္ကျီပွကြီး၏ အိတ်ထဲက လူခြောက်ကလေး တစ်ခုကို ထုတ်လျက်) ‘ဒီလူခြောက်ဟာ ခင်ဗျားတို့ မြန်မာလူမျိုး မဟုတ်ဘူး၊ တရုတ်လူမျိုး လူခြောက်ဖြစ်တယ်၊ ကျွန်တော်တို့ တရုတ် ဆရာကြီးက သူ့ပညာနဲ့ စီမံထားတယ်၊ ဒီလူခြောက်ကို ကျွန်တော့် နဖူးမှာ လက်ကိုင်ပဝါနဲ့စည်းပြီး ခင်ဗျားတို့ထဲက လူတစ်ယောက်စီ တစ်ယောက်စီကို လူဆိုးလား လူကောင်းလား ဘယ်လို စိတ်သဘောရှိ တယ်ဆိုတာကို ကျွန်တော် ပြောပြမယ်’

ထိုအခါ အချို့သော သူတို့က ‘မလုပ်ပါနဲ့၊ မတော်ပါဘူး’ စသည်ဖြင့် တောင်းပန်လေရာ အချို့ကမူ တောင်းပန်သူများအား ‘ကိုယ့် အကျင့်တွေ ပေါ်ကုန်မှာ ရှက်လို့လား၊ ကျုပ်တို့တော့ ရဲပါရဲ့’ စသည် ဖြင့် ပြောကြသောကြောင့် နောက်ဆုံး၌ ငြင်းဆန်သူများမှာ မငြင်းဆန် ဝံ့အောင် ရှိနေကြလေ၏။

ဦးစံရှားမှာမူ ပြတင်းပေါက်မှ ချောင်းကြည့်ရင်း မောင်သန်း ကြွယ်သည် ဤမျှလောက် ထူထပ်သော ပရိသတ်များ၏ မျက်စိအောက် မှ ဒေါ်နှင်းမေ၏ စိန်များကို မည်သည့်နည်းနှင့် ရအောင် ကြံစည်ချေ မည်နည်းဟု တွေးတောရာမှ ရှီရှီအား လှမ်း၍ ကြည့်လိုက်မိ၏။ ရှီရှီ မှာ ကတ္တီပါလောင်းကွတ်ကို လက်ဝဲလက်မောင်းပေါ်တွင် တင်လျက် ပရိသတ်များ၏ အစွန်မှ ရပ်နေရာ လူအားလုံးတို့သည် မျက်လှည့် ဆရာ၏ စိတ်ပညာကို ပြသင့် မပြသင့် ငြင်းခုံလျက်ရှိစဉ် ရှီရှီသည် နံရံ၌ ကပ်ထားသော စားပွဲငယ်တစ်ခုအနီးသို့ တရွေ့ရွေ့ ချဉ်းကပ်လေ ၏။

စားပွဲပေါ်၌ကား မောင်ဘရွှေ ဆုရဖူးသော ငွေဖလားတစ်လုံး



www.burmeseclassic.com

www.burmeseclassic.com



နှင့် တိုလီမိုလီပစ္စည်းများအပြင် တရုတ်ပြည်မှလာသည့် တစ်မိုက်ခန့်ရှိသော သေတ္တာကလေးတစ်လုံးလည်း ရှိ၏။ ၎င်းသေတ္တာကလေးမှာ နံ့သာဖြူသားဖြင့် ပြုလုပ်ထား၍ အပြင်၌မူကား တရုတ်ရုပ်ကလေးများ လုပ်ထားလေသည်။ ရီရီသည် စားပွဲကလေးအနီးသို့ ရောက်သည်နှင့် တစ်ပြိုင်နက် အခြားညှော်သည်များကို တစ်ချက်မျှ လှမ်းကြည့်၍ မိမိ၏ ကတ္တီပါ လောင်းကွတ်ကို စားပွဲပေါ်သို့ လွှတ်ချပြီးလျှင် ချက်ချင်း ကောက်ယူလိုက်လေ၏။ ရီရီ၏ အပြုအမူမှာ အလွန်တရာ လျင်မြန်လှသည် ဖြစ်သောကြောင့် ဦးစံရှားက မိမိပင်လျှင် မျက်စိမှားလေသလောဟု အောက်မေ့မိသေး၏။ သို့ရာတွင် ရီရီသည် လောင်းကွတ်အကျိုကို လက်မောင်းပေါ်တွင် ပစ်၍ တင်သော အခါ၌ ခုတုတု ဖောင်းဖောင်းဖောင်းရှိနေသော အရာကို မြင်သောအခါမှ မိမိ အထင်လွဲခြင်း မဟုတ်ကြောင်း ဦးစံရှား သိရှိရ၏။ သို့ဖြစ်၍ စားပွဲပေါ်၌ ယခုထားရှိနေသော သေတ္တာကလေးမှာ ယခင်က သေတ္တာကလေးမဟုတ်၊ လဲလှယ်ပြီးခဲ့လေပြီ။ မူလရင်း သေတ္တာမှာမူ ရီရီ၏ လောင်းကွတ်အောက်သို့ ရောက်ခဲ့ချေပြီ။

ထိုအခြင်းအရာကို တွေ့မြင်ရသော ဦးစံရှားမှာ ဒေါ်နှင်းမေ၏ စိန်ကို သိမ်းယူရန်အတွက် ပြင်ဆင်ခြင်းဖြစ်ကြောင်း သိရှိသည်နှင့် မြန်မြန် ကိစ္စပြီးအောင် ပြုလုပ်ကြပါစေတော့ဟု မျှော်လင့်လျက် ရှိ၏။ သို့ရာတွင် မျက်လှည့်ဆရာယောင်ဆောင်သော မောင်သန်းကြွယ်မှာမူ အနည်းငယ်မျှ အလျင်လိုဟန် လက္ခဏာမရှိဘဲ သေချာပြီးသကဲ့သို့ သဘောထားလျက် အေးအေးဆေးဆေး ရှိနေလေ၏။ မောင်သန်းကြွယ်မှာ ထိုညဉ့်၌ လာရောက်ကြသော ဧည့်ပရိသတ်များအနက် များစွာသော သူတို့၏ အကြောင်းကို ယခင်ကပင် ကြိုတင်၍ စုံစမ်းထောက်လှမ်းပြီးဖြစ်လေရကား မိမိသိပြီးသော သူတို့ကို ရွေးကောက်၍ အလုပ်အကိုင်ကို လည်းကောင်း၊ နေရပ်ကို လည်းကောင်း၊ အမည်ကိုလည်းကောင်း



www.burmeseclassic.com

www.burmeseclassic.com



စိတ်နေသဘောထားကို လည်းကောင်း တစ်ယောက်ပြီးတစ်ယောက် ဗေဒင်ဟောသကဲ့သို့ ဟောပြောလေရာ ကာယကံရှင်များမှတစ်ပါး ကျန်သော သူများသည် အားပါးတရ ရယ်မောကြလေ၏။ ပရိသတ်များ အနက်တွင် ဦးထွန်းကျော်သည် ပါဝင်သည်ဖြစ်၍ မိမိတို့ စုံစမ်းပြီးသော သူများကိုသာလျှင် ဟောပြောစေမှုအတွက် ဦးထွန်းကျော်က အလံရှူး အဖြစ်နှင့် ဆောင်ရွက်လေ၏။ မောင်သန်းကြွယ်မှာ အကဲခတ်ခံရသော သူများ၏ ကပ်စေးနှဲခြင်း၊ စီးပိုးတတ်ခြင်း၊ ဟောင်ဖွာဟောင်ဖွာ ပြောတတ်ခြင်း အစရှိသော ရယ်စရာ အခြင်းအရာများကို လူအများ သဘောကျစေလောက်အောင် တရုတ်သံပါပါနှင့် ဟောပြောလေရာကား လူအားလုံးတို့သည် တဝါးဝါး ရယ်မောလျက် ရှိကြသည်ဖြစ်၍ ရပ်ဖျက်ခြင်းအတတ်၌ တစ်ဖက်ကမ်းခတ် ခေါ်လောက်အောင် ကျွမ်းကျင်လှသော ဦးစံရှားကိုယ်တိုင်ပင်လျှင် မချီးမွမ်းဘဲ မနေနိုင်အောင် ရှိခဲ့လေ၏။

ညှိသည်ပေါင်း ခြောက်ယောက်ခန့်မျှ ဟောပြောပြီးသည့်နောက် မောင်သန်းကြွယ်သည် လူခြောက်ကလေးကို အင်္ကျီအိတ်တွင်းသို့ ပြန်ထည့်၍ လူအများ ဝိုင်းဝန်းခြင်းခံရသည့်အတွက် မွန်းလှသဖြင့် လေကောင်း လေသံရှူလိုသော လက္ခဏာနှင့် ပြတင်းပေါက်အနီးသို့ လာ၍ ရပ်ရင်း အင်္ကျီပွကြီးအတွင်းမှ လက်နှိပ်ဓာတ်မီးကလေးကို နှိပ်လိုက်သည့် အနေဖြင့်ပြုရာ လက်ခနဲ လက်ခနဲ ရှိသော အလင်းရောင်ကို နှစ်ကြိမ်တိုင်တိုင် ဦးစံရှား မြင်လိုက်ရ၏။ ထိုအခြင်းအရာမှာ မောင်သန်းကြွယ်သည် ကားမောင်းသမားအား အချက်ပေးခြင်း ဖြစ်လေသလောဟု ဦးစံရှား စဉ်းစားမိ၏။

မောင်သန်းကြွယ်သည် ပြတင်းပေါက်အနီးမှ ပရိသတ်များရှိရာသို့ ပြန်လာသောအခါတွင် စားပွဲကလေးပေါ်၌ တင်ထားသော နံ့သာဖြူသား သေတ္တာကလေးကို ယခုမှ ပထမအကြိမ် မြင်ရသောအနေမျိုးနှင့် ကြည့်၍ အံ့သြသော မျက်နှာထားမျိုးဖြင့်



www.burmeseclassic.com

www.burmeseclassic.com



'အလို ဒီသေတ္တာကို ပွဲကစော်ကြီး ဘယ်က ရသလဲ

မေ။ ။ 'ကျွန်မတို့ အဖေ လက်ထက် ပစ္စည်းပါရှင်၊ ဘယ်သူ့ဘက်က ဘယ်လိုရတယ်တော့ ကျွန်မ ပြောတတ်ပါဘူး'

ကြွယ်။ ။ 'ဒီသေတ္တာကို ကျွန်တော်သိတယ်၊ တရုတ်ပြည်ကြီးက အမတ်ကြီး လျောင်းကေဖူးက သူ့မိန်းမကို ခန်းဝင်ပစ္စည်းများ တင်လာတဲ့အခါမှာ ဒီသေတ္တာနဲ့ထည့်ပြီး ပေးဖူးတယ်'

မှန်း။ ။ 'အောင်မယ်၊ ဒါဖြင့် ဒီသေတ္တာ အဖိုးတန်ပါကလား။ ခင်ဗျား ဘယ့်နှယ်သိသလဲ'

ကြွယ်။ ။ 'ကျွန်တော်တို့အဖေ ပြောဖူးတယ်။ ဒီအရုပ်ကို ကျွန်တော် မြင်လို့ သိတယ်'

မှန်း။ ။ 'ဒါဖြင့် ဒီလို တော်အောင် ရော်အောင့်မထားနဲ့။ ကောင်းကောင်းသိမ်းထား မနှင်းမေ'

ကြွယ်။ ။ 'ဒီသေတ္တာကို ခင်ဗျားရောင်းရင် ကျွန်တော် ငွေ ၅၀၀ ပေးမယ်'

မှန်း။ ။ 'အလို ဘာလုပ်ရောင်းရမှာလဲ'

ကြွယ်။ ။ 'ခင်ဗျား မရောင်းရင် ဒီသေတ္တာအကြောင်း ကျွန်တော်ပြောတော့မယ်။ ဒီသေတ္တာထဲမှာ သတ္တိထူး ရှိတယ်။ ခင်ဗျား သိရဲ့လား'

မှန်း။ ။ 'မသိဘူး ထောင်ကဲကြီး၊ ဘာလဲ'

ကြွယ်။ ။ "ဒီသေတ္တာထဲမှာ ထည့်ထားတဲ့ ပစ္စည်းကို လူ့ချက်စိနဲ့ မြင်အောင် တတ်နိုင်တယ်၊ မမြင်အောင် တတ်နိုင်တယ်'

ထိုအခါ ပရိသတ်များ 'ထူးလှချေကလား၊ ဆန်းလှချေကလား ပြစမ်းပါ၊ ထင်ရှားအောင် ပြစမ်းပါ' စသည်ဖြင့် တစ်ယောက်တစ်ခွန်း ခိုင်ခန်း တောင်းပန်ကြလေ၏။ ပွဲစားကြီး ဦးဖိုးမှန်းနှင့် သား မောင်ကျွ ညိုကမူ မယုံကြည်နိုင်သည်ဖြစ်၍ မဖြစ်နိုင်ကြောင်းနှင့် ပြောကြ၏။



www.burmeseclassic.com

www.burmeseclassic.com



ပွဲကတော်ကြီးကမူကား မိန်းမတို့ဘာဝအလျောက် ယုံကြည်သူများအနက်တွင် ပါဝင်နေသဖြင့်

**မေ။** ။ 'မဖြစ်နိုင်တာ ဖြစ်နိုင်တာ ငြင်းမနေကြပါနဲ့။ မျက်မြင်ကိုယ်တွေ့ ဖြစ်ရအောင် ထင်ထင်ရှားရှား ပြစမ်းပါလား ထောင်ကဲကြီး'

မျက်လှည့်ဆရာတုဖြစ်သော မောင်သန်းကြွယ်သည် မိမိ၏စကားကို ယုံမှားခြင်းရှိကြသည့်အတွက် ဒေါသဖြစ်ဟန်နှင့် မပြဘဲ နေတော့မည်ကဲ့သို့ ဟန်လုပ်ပြီးမှ

**ကြွယ်။** ။ 'အမတ်ကြီးကတော်က သူ့ လက်ဝတ်လက်စားများကို ဒီသေတ္တာထဲမှာထည့်ပြီး သိမ်းထားစဉ်က လက်ဝတ်လက်စားများကို ယောဒီလို အဝတ်မျိုးနဲ့ ထုပ်ပြီးထားပါတယ်' ဟု ပြောလျက် ရွှေချည်ငွေချည်ဖြင့် ရက်လုပ်ထား၍ အရောင်တလက်လက် ထွက်နေသော လက်ကိုင်ပဝါခန့်ရှိ အထည်တစ်ခုကို ကျယ်ဝန်းစွာသော အင်္ကျီအိတ်မှထုတ်၍ ပြပြီးလျှင် အထည်စကို အင်္ကျီအိတ်သို့ ပြန်ထည့်လိုက်ရာတွင် ပရိသတ်များလည်း 'လုပ်ပြပါ၊ လုပ်ပြစမ်းပါ' ဟု ဝိုင်းဝန်းတိုက်တွန်းကြ၏။ ဦးစံရှားမှာမူ ထိုသူ၏ ဟန်ကောင်းလှသော အဖြစ်ကို ချီးမွမ်းမိ၏။ ပွဲကတော်ကြီးသည် မိမိ ဝတ်ထားသော စိန်လက်ကောက်တစ်ဖက်ကို ချွတ်၍

**မေ။** ။ 'ရော့ပါ ထောင်ကဲကြီး၊ ဒီလက်ကောက်ကို လုပ်ပြစမ်းပါ'

**ကြွယ်။** ။ (ဦးခေါင်းကိုယမ်းလျက်) 'ဟိုတုန်းက ဒီသေတ္တာမှာ လက်ဝတ်လက်စားတွေ များများကြီးထားတယ်၊ ယခု ဒီဟာတစ်ခုတည်းနဲ့ မဖြစ်ပေဘူး'

**မေ။** ။ (အခြား လက်ကောက်တစ်ဖက်နှင့် စိန်လက်စွပ်တို့ ချွတ်ပေး၍) 'ရော့ ဒါဖြင့် ဒါပါထည့်'



www.burmeseclassic.com

www.burmeseclassic.com



**ကြွယ်။** ။ 'ပြလောက်အောင် ထည့်ပါ။ နည်းပါသေး တယ်'

ထိုအခါ ဒေါ်နှင်းမေက စိန်နားကပ်ကို ချွတ်ထည့်၍ အခြား ဝတ်လုံကတော်တစ်ယောက်က စိန်လက်ကောက်တစ်ရံ ထည့်ပြန်သော်၊ ပရိသတ်များ၏ စိတ်၌ လူအများ၏ ရှေ့တွင် ပြသရခြင်း ဖြစ်သော ကြောင့် စိုးရိမ်ဖွယ်ရာ တစ်စုံတစ်ရာမျှ ရှိသည်ဟု မထင်မှတ်ချေ။ ပွဲ ကတော်ကြီးနှင့် ဝတ်လုံကတော်တို့သည် လက်ဝတ်လက်စားများ ချွတ် လျက် ရှိကြစဉ် မောင်သန်းကြွယ်သည် ပြတင်းပေါက်ဆီသို့ သွား၍ ရှေးနည်းတူ ခတ်မီးရောင် နှစ်ကြိမ်လက်၍ ပြသည်ကို ဦးစံရှား မြင်လိုက် ရ၏။

ငင်းနောက် မောင်သန်းကြွယ်သည် ပရိသတ်များရှိရာသို့ ပြန် လာ၍ အင်္ကျီအိတ်မှ ယခင်က အထည်စကို ထုတ်ပြီးလျှင် ပွဲကတော် ကြီးအား လှမ်းပေးလျက် 'ရော့ ပွဲကတော်ကြီး ကိုယ်တိုင် လက်နဲ့တိုင် ပြီးထည့်' ဟု ပြော၍ ပွဲကတော်ကြီးသည် လက်ဝတ်လက်စားများကို အထည်စနှင့် ထုပ်လျက်ရှိစဉ် မောင်သန်းကြွယ်သည် ခပ်လှမ်းလှမ်းမှ ရပ်၍ ကြည့်နေလေ၏။ ငင်းနောက်

**ကြွယ်။** ။ 'ပြီးပြီလား၊ ကိုင်း သေတ္တာဆီကို တစ်ယောက် တည်းသွားပြီး သေတ္တာကိုဖွင့် အထုပ်ကိုထည့်၊ သေတ္တာပြန်ပိတ်။ သော့ ခတ်' ဟု ပြောပြန်ရာ ဒေါ်နှင်းမေလည်း ခိုင်းစေသည့်အတိုင်း ပြုလုပ် လေ၏။

ငင်းနောက် မောင်သန်းကြွယ်သည် အိုးတစ်လုံးတောင်း၍ မီးသွေးများ ရဲလာသည့်တိုင်အောင် မီးမွှေးပြီးလျှင် ကြမ်းပေါ်၌ ချထားလျက် ဆေးမှုန့်အနည်းငယ်ကို မီးခဲများပေါ်သို့ ဖြန့်ဖြူးပေးစဉ် နံ့သာ အတွတ်တွတ် ရွတ်လေ၏။ ထိုအတောအတွင်း ပရိသတ်များအနက်မှ တစ်ယောက်သော သူသည် 'မီးမှိန်ပေးလေ၊ မီးမှိန်ပေး' ဟု အော်လေ

www.burmeseclassic.com



သော အနေမျိုးဖြင့် ပြောလိုက်ရာ တစ်ယောက်သောသူသည် ဓာတ်မီး ခလုတ်ကို နှိပ်လိုက်၏။ ထိုအခါမှကား မီးခဲများ ရဲလျက်ရှိသော ဒန်အိုး ထဲမှ စိမ်းလဲ့လဲ့ အရောင်ရှိသော မီးတောက်များ ထွက်ပေါ်စပြု၍ ခပ်သင်း သင်း ရှိသော ရနံ့သည် တစ်ခန်းလုံး ကြိုင်လျက်ရှိရာ မျက်လှည့်ဆရာ မှာမူ အိုးအနီးတွင်ထိုင်၍ ကောင်းကင်သို့ မော့လျက် မီးတောက်ကို လက်ဖြင့် သပ်ကာသပ်ကာ ရှိနေလေ၏။ ယင်းကဲ့သို့ ငါးမိနစ်ခန့် ပြု လုပ်ပြီးသောအခါ၌

**ကြွယ်**။ ။ 'သေတ္တာကို ယူခဲ့၊ အိုးနားမှာချထား' ဟု အမိန့် ပေးသဖြင့် ပွဲကတော်ကြီးသည် ခိုင်းစေသည့်အတိုင်း ပြုလုပ်၍ သေတ္တာ အနီးတွင် ထိုင်လျက်ရှိရာ ပရိသတ်များလည်း ထိုသူနှစ်ယောက်ကို ဝိုင်းရံ ကာ ကြည့်ကြလေ၏။

**ကြွယ်**။ ။ (စူးရှသောအသံဖြင့်) 'သေတ္တာကို ဖွင့်လိုက်'

ပွဲကတော်ကြီးသည် တုန်ရီသော လက်များနှင့် သော့ကို ဖွင့်၍ အဖုံးကို လှပ်လေ၏။

**မေ**။ ။ 'ဟော်တော့ စိန်တွေ မရှိတော့ဘူး'

ညှော့ပရိသတ်တို့လည်း ခြေဖျားထောက်ကာ လှမ်း၍ ကြည့်ကြ ၏။

**ကြွယ်**။ ။ 'မနှိုက်နဲ့လိုက်နော်။ သွားပြီး မနှိုက်လိုက်နဲ့၊ တစ်ခါ တည်း ပြန်မပေါ်လာဘဲ ဖြစ်သွားဦးမယ်'

ပွဲကတော်ကြီးသည် လက်ကို လျင်မြန်စွာ ရုပ်သိမ်း၍ မျက် လှည့်ဆရာ၏ မျက်နှာကို လှမ်းကြည့်လေ၏။

**ကြွယ်**။ ။ 'ဒီသေတ္တာမှာ သတ္တိထူးရှိတယ်လို့ ကျွန်တော် မပြောဘူးလား၊ အမတ်ကြီးကတော်ဟာ သူ့ပစ္စည်းကို သူခိုး မခိုးနိုင် အောင် ဒီနည်းနဲ့ သိမ်းထားတယ်၊ ယုံကြပြီလား'

**အားလုံး**။ ။ 'ယုံပါပြီ ထောင်ကဲကြီး'



www.burmeseclassic.com

www.burmeseclassic.com



မေ။ ။ 'ပြန်ပေါ်လာအောင် လုပ်ပေးပါတော့ ထောင်ကဲကြီး'

ကြွယ်။ ။ 'ဒီသေတ္တာကို ပွဲကတော်ကြီးတစ်ယောက် တည်းကိုင်သေးတယ်၊ ပစ္စည်းတွေ ပြန်ပေါ်လာတဲ့ခါမှာလဲ ဒီပြင်လူ ဘယ်သူမှ မယူရဘူး၊ ပွဲကတော်ကြီးတစ်ယောက်တည်း ဖွင့်ရမယ်'

မေ။ ။ 'ကောင်းပါပြီ ထောင်ကဲကြီး၊ ပြန်ပေါ်အောင် လုပ်ပေးပါတော့'

ကြွယ်။ ။ 'စိတ်ချပါ၊ ကျွန်တော် လုပ်ပေးပါမယ်၊ အားလုံး မြင်ပြီနော်၊ ဘာမှ မရှိဘူး'

အားလုံး။ ။ 'မြင်ပါပြီ၊ မြင်ပါပြီ'

ကြွယ်။ ။ 'ကောင်းပြီ၊ ကိုင်း သေတ္တာကို ပြန်ပိတ်၊ သော့ခတ်၊ စားပွဲပေါ် ပြန်ထားပြီးပြီလား'

မေ။ ။ (စားပွဲဆီမှ) 'ထားပြီးပါပြီ ထောင်ကဲကြီး'

ကြွယ်။ ။ 'အနားသိပ်မကပ်နဲ့၊ နောက်ကိုဆုတ်၊ နတ်မကြိုက်ဘူး'

၎င်းနောက် မောင်သန်းကြွယ်သည် မီးခဲများပေါ်သို့ ဆေးမှုန့်များ ဖြူးပေးပြန်၍ ရေးနည်းအတူ တတွတ်တွတ် ရေရွတ်ပြန်လေ၏။ တိုက်ရှေ့က ပွဲတီးသံမှတစ်ပါး တစ်ခန်းလုံး ဆိတ်ငြိမ်လျက် ပရိသတ်များသည် မျက်လှည့်ဆရာ၏ အပြုအမူကို စိုက်ကာငေးကာ ကြည့်နေကြစဉ် ရယ်မောသံတစ်ချက် ကြားလိုက်ရသဖြင့် 'တိတ်တိတ်နေ' ဟု တစ်ယောက်သောသူက ငေါက်၍ ပြောလိုက်၏။ ရယ်မောလိုက်သောအသံမှာ ရီရီ၏ အသံဖြစ်ကြောင်းကို ဦးစံရှား သိသဖြင့် အချက်ပေးခြင်း ဖြစ်လေသလောဟု တွေးတောမိ၏။ မျက်လှည့်ဆရာမှာမူ မီးခဲများပေါ်သို့ ဆေးမှုန့်များ ဖြူးပေးရုံမျှမက လက်ဖြင့် ဆုပ်၍ ဆုပ်၍ ပက်သဖြင့် မီးခိုးများသည် တစ်ခန်းလုံး အလိပ်အလိပ် တက်လျက် ရှိနေလေရာ မီးခိုးအနီး၌ ထိုင်လျက်ရှိသော လူတစ်စုမှတစ်ပါး အခြားသူများကို

www.burmeseclassic.com



မမြင်နိုင်အောင် ရှိနေလေ၏။

**ကြွယ်**။ ။ 'သေတ္တာယူခဲ့'

ပွဲကတော်ကြီးသည် သေတ္တာကိုယူလာ၍ မီးအိုးအနီးတွင် ရှေးနည်းအတူ ချထားလေ၏။

**ကြွယ်**။ ။ 'ကိုင်း ဖွင့်တော့၊ လက်မနှိုက်နဲ့နော်၊ ဖွင့်ရုံ ဖွင့်'

ပွဲကတော်ကြီးသည် သော့နှင့်ဖွင့်၍ အဖုံးကို လှပ်လိုက်သောအခါတွင် သေတ္တာထဲ၌ ရွှေချည် ငွေချည်နှင့် ရက်လုပ်ထားသော အထုပ်ကို လူအားလုံး တွေ့မြင်သဖြင့် 'ဟာ' ခနဲ ဖြစ်သွားလေ၏။

**မေး**။ ။ 'မြင်ရပါပြီ ထောင်ကဲကြီး'

**ကြွယ်**။ ။ 'ကျွန်တော် မပြောဘူးလား၊ ဒီသေတ္တာမှာ သတ္တိထူးရှိတယ်လို့ ကျွန်တော် မပြောဘူးလား၊ ယုံကြည်ကြပြီလား'

**အားလုံး**။ ။ 'ယုံကြည်ပါပြီ၊ ယုံကြည်ပါပြီ'

**ကြွယ်**။ ။ 'သို့သော်လည်း နေဦး ချက်ချင်း မဖွင့်ရသေးဘူး။ ခင်ဗျားတို့ အလျှင်လိုရင် ကျွန်တော် တာဝန်မခံဘူး။ ယခု မဖွင့်နဲ့။ မီးအိုးထဲက မီးတောက် ငြိမ်းသွားတော့မှ ဖွင့်ရမယ်။ စောင့်ကြည့်နေကြ၊ ထိတော့ မထိလိုက်နဲ့'

ပရိသတ်များလည်း မရိုးမရွ ဖြစ်ကြလျက် လှုပ်လှုပ်ရွရွ ရှိနေစဉ် မောင်သန်းကြွယ်သည် ပြတင်းပေါက်သို့ မယောင်မလည် ဆုတ်လာ၍ လူမမြင်အောင် လွှားခနဲ ကျော်ဆင်းပြီးလျှင် အပေါ်ထပ်မှ ကြိုးနှင့် တန်းလန်းချပေးသော အရာဝတ္ထုတစ်ခုကို သိမ်းယူပြီးနောက် မောင်တော်ကားဆီသို့ ခပ်သုတ်သုတ်နှင့် သွားလေ၏။ ဦးစံရှားမှာမူ ၎င်း၏ အကြံအစည်ကို ရိပ်မိပြီးသဖြင့် မော်တော်ကားဆီသို့ ဦးစွာ ပြေးနှင့်ခဲ့လေပြီ။

ဦးစံရှားသည် ဒရိုင်ဘာ၏ နေရာ၌ ခပ်ကုပ်ကုပ် ထိုင်နေ... မောင်သန်းကြွယ်တက်လာ၍ မောင်းနှင်ရန် အမိန့်ပေးသည့်အတိုင်း ချာ... လမ်း (ကိုယ့်မင်းကိုယ့်ချင်းလမ်း) ဘက်သို့ မောင်းနှင်သွားလေ၏။



www.burmeseclassic.com

www.burmeseclassic.com



မောင်သန်းကြွယ် ထွက်သွားပြီးနောက် ၅ မိနစ်ခန့်ကြာ၍ မီးအိုးမှ မီးတောက်များ ငြိမ်းသွားသဖြင့် ပွဲကတော်ကြီးသည် ရွှေချည် ငွေချည်ဖြင့် ရက်ထားသော အထုပ်ကို ထုတ်ယူဖြေကြည့်ရာ စိန်ထည် ဝတ္ထုပစ္စည်းများကို မတွေ့ရဘဲ ကျောက်ဖြူကြေါလီလုံးများသာလျှင် တွေ့ ရှိရသဖြင့် တစ်အိမ်လုံး ဆူညံသွားလေ၏။ မျက်လှည့်ဆရာကိုရှာ ရှာ၍ မတွေ့ရတော့ချေ။ ပွဲကတော်လင်မယား ရန်ဖြစ်ကြပုံကို လည်းကောင်း၊ ဝတ်လုံလင်မယား စကားများကြပုံကို လည်းကောင်း ရေးသားဖော်ပြရန် မလိုပြီဖြစ်၍ ဤအခန်းကို ဤမျှတွင် ကန့်လန့်ကာ ချလိုက် ရချေပြီ။

❖



www.burmeseclassic.com

www.burmeseclassic.com

## အခန်း တစ်ဆယ့်ခြောက်

ဦးစံရှားသည် မောင်သန်းကြွယ်၏ ဒရိုင်ဘာအဖြစ်နှင့် ကားကို မောင်းနှင်လာစဉ် အကယ်၍ ပွဲစားကြီးအိမ်မှ လူများ လိုက်ခဲ့သော်မမီနိုင်စေခြင်းငှာ တတ်နိုင်သမျှ လျင်မြန်စွာ မောင်းနှင်လာခဲ့လေ၏။ မောင်သန်းကြွယ်မှာမူကား နောက်တွင် ထိုင်လျက်၊ တရုတ်မျက်လှည့်ဆရာကြီးအဖြစ်မှ မောင်သန်းကြွယ်အဖြစ်သို့ လျင်မြန်စွာ ပြောင်းလဲလျက်ရှိသဖြင့် ဒရိုင်ဘာကိုပင် ဂရုစိုက်ရန် အချိန်မရသေးချေ။

ကိုဇီးကောနားအိမ်သို့ ရောက်၍ မောင်သန်းကြွယ်သည် ကားပေါ်မှ ဆင်းသွားသောအခါ

**ကြွယ်**။ ။ 'ကားဘီးတွေကို ခါတိုင်းလိုလဲပြီးတော့ ငါ့အခန်းကို မင်းလာခဲ့ ကြားလား'

ဦးစံရှားသည် ကားပေါ်မှ ဆင်းသွားသော မောင်သန်းကြွယ်ကို စောင်းငဲ့၍ ကြည့်လိုက်ရာတွင် သေတ္တာကလေးတစ်လုံးပိုက်လျက် ဝင်သွားသည်ကို တွေ့မြင်လိုက်ရ၏။ မော်တော်ကားရုံအတွင်းသို့ ရောက်သောအခါ မောင်သွင်နှင့် တွေ့၍

**သွင်**။ ။ 'သူ့ကို ဦးကိုယ်တိုင် ကားနဲ့ မောင်းခေါ်လာသလား'

**ရှား**။ ။ 'ဒရိုင်ဘာ ဇက်ကျိုးသွားလို့၊ ဒရိုင်ဘာကိုယ်စား လုပ်ခဲ့ရတယ်။ မောင်သွင် လာလာ၊ အိမ်မိုးပေါ် တက်ကြည့်ကြရအောင်'

၎င်းနောက် ဦးစံရှားနှင့် မောင်သွင်တို့သည် ဧည့်ကား၌ စောင့်နေသော ကိုသန်းဖေ၊ ကိုအုန်းဖေတို့နှင့်အတူ အိမ်မိုးပေါ်သို့ လျှို့ဝှက်စွာ



www.burmeseclassic.com

www.burmeseclassic.com



ဘက်ကြ၍ လည်ပေါ်မှန်ကွဲပေါက်မှ ချောင်းမြောင်းကြည့်ရှုကြလေ၏။

မောင်သန်းကြွယ်သည် မိမိ၏ အခန်းတွင်းသို့ ဝင်သွား၍ ကုလားထိုင်ပေါ်တွင် ဦးခေါင်းကို ငိုက်စိုက်နှင့် ထိုင်နေကြသော လူသုံးယောက်ကို မိမိထားခဲ့သည့်အတိုင်း တွေ့ရှိရသဖြင့် သေတ္တာကလေးကို စားပွဲပေါ် တင်ထား၍ ဦးစံရှား ရှိဖူးသော ကုလားထိုင်သို့ ကြည့်လျက် ကြွယ်။ ။ 'ဘယ့်နှယ်လဲ စုံထောက်နဲ့ရဲ၊ ချောင်းလွန်းလို့ ခွေနေရပြီလား'

ထိုကဲ့သို့ ပြောရင်း မောင်သန်းကြွယ်သည် သေတ္တာကလေးကို ဖွင့်၍ အောက်အံကို မောင်းချမ်းနှင့် ကော်လိုက်ရာတွင် ရွှေချည်ငွေချည်နှင့် ထုပ်ထားသော အထုပ်ကလေးတစ်ထုပ် ပေါ်လာလေ၏။ အမိုးပေါ်မှ စောင့်ကြည့်နေသော ဦးစံရှားသည် သေတ္တာကလေး၌ အံနှစ်ထပ်ပါ၍ အောက်ထပ်တွင် စိန်ထည်များ ရောက်နေသည့် အဖြစ်ကို တွေ့မြင်ရလေ၏။ စင်စစ်မှာ ရီရီသည် ပွဲစားကြီးအိမ်၌ရှိသော နံ့သာဖြူသေတ္တာကလေးနှင့်တူသော အခြား သေတ္တာတစ်လုံးကို မူလ သေတ္တာတစ်လုံးနှင့် လဲလှယ်ထားလေရာ ဒုတိယသေတ္တာမှာ အံနှစ်ထပ် ပါရှိ၏။ ပွဲကတော်ကြီးသည် သေတ္တာတုထဲသို့ စိန်ထုပ်ကို ထည့်ကာ သေတ္တာကို ပိတ်လိုက်သောအခါတွင် သော့ပိတ်လိုက်သည်နှင့် တစ်ပြိုင်နက် ခလုတ်တစ်ခုကို ထိသွားသဖြင့် အပေါ်အံ၌ရှိသော စိန်ထုပ်သည် အောက်အံသို့ ကျသွားခြင်း ဖြစ်လေသည်။ ထိုအခါ၌ ပွဲကတော်ကြီးသည် သေတ္တာကို ပြန်ကြည့်ခြင်းဖြစ်၍ အောက်အံကို ကျသွားသော စိန်ထုပ်ကို မမြင်နိုင်သဖြင့် သေတ္တာထဲ၌ ဘာမျှ မရှိသည့်အဖြစ်ကို တွေ့မြင်ကြရခြင်းဖြစ်လေသည်။ ၎င်းနောက် သေတ္တာကို စားပွဲပေါ်၌ တင်ထားသောအခါ ... မှာ အတော်အတန် မှောင်လျက်ရှိသည့်ပြင် မောင်သန်းကြွယ်၏ ... ထွက်သော မီးခိုးများကြောင့် ခပ်မှိုင်းမှိုင်း ရှိနေသည်အတွင်း မောင်သန်းကြွယ်က ပရိသတ်တို့၏ စိတ်အာရုံကို ဆွဲထားသည်ဖြစ်၍ ... ည် ဒုတိယသေတ္တာ၏ နေရာတွင် မူလ သေတ္တာကို အမြန်ပြန်



www.burmeseclassic.com

www.burmeseclassic.com



ထားလိုက်ခြင်း ဖြစ်လေသည်။ မူလ သေတ္တာထဲ၌ နောက်ဆုံး တွေ့ရသော ဂေါ်လီလုံးများမှာမူ ရီရီ၏ လက်ရာ ဖြစ်လေသည်။ ထိုနောက် ရီရီသည် စိန်ထုပ်ပါ သေတ္တာကို မိမိ၏ လက်ဝယ်တွင် မမိစေခြင်းငှာ မောင်သန်း ကြွယ်၏ လက်သို့ ကြိုးနှင့် လျှော့ချပေးလိုက်ခြင်း ဖြစ်ပေသည်။

**ကြွယ်။** ။ (စိန်ထုပ်ကိုဖြေရင်း) 'ခင်ဗျားဉာဏ်လောက် နဲ့များ ဦးစံရှားရယ်၊ ကျုပ်တို့ လူစုကို ရနိုင်ပါ့မလား၊ မြက်လျှော်ကိုင်တဲ့ အလမ္မာယ်ဆရာကို မြွေပွေးနဲ့ တွေ့လိမ့်မယ်လို့ ကျုပ် သတိမပေးဘူး လား၊ ဒါထက် ခွေးမသား ဒရိုင်ဘာကို စီရင်ရဦးမယ်။ ငါ အချက် ပေးတာကို ဒင်း သတိမထားဘူး။ ကိုင်း ဦးစံရှား၊ ကျုပ်တို့ကို ဆန့်ကျင် ဘက် လုပ်တဲ့လူကို မဆိုထားနဲ့၊ အမိန့်အတိုင်း နေရာတကျ မလိုက် နာတဲ့ လူကိုတောင် ဘယ်လို စီရင်သလဲလို့ ခင်ဗျားကြည့်သွားဦး ဒီတစ်ခါပဲ ခင်ဗျားကြည့်ရတော့မယ်၊ နက်ဖြန်ကစပြီး ခင်ဗျား ဘာကိုမှ ကြည့်နိုင်တော့မယ့်လူ မဟုတ်တော့ဘူး'

မောင်သန်းကြွယ်သည် အထုပ်ကို ဖြေလိုက်သောအခါ မှ ကတော်ကြီး၏ စိန်ထည်များနှင့် ဝတ်လုံကတော်၏ စိန်လက်ကောက် တို့ ပေါ်လာကြလေ၏။ ထိုအခါ မောင်သန်းကြွယ်သည် ထိုင်ရာမှထ၍ မှန်တင်ခုံနောက်၌ ဝှက်ထားသော ခလုတ်တစ်ခုကို နှိပ်လိုက်ရာ နံရံ၌ ကွယ်ဖုံးလျက်ရှိသော တံခါးတစ်ခု ပွင့်လာ၍ အတွင်း၌ကား ဓာတ်မီး ရောင်တွင် ပြိုးပြိုးပြက်ပြက် အရောင် ထွက်လျက်ရှိသော စိန်ထည် ပတ္တမြားထည်များကို အမိုးပေါ်မှ ကြည့်နေသူများ မြင်ရသဖြင့် အလီဘာ ဘာ ဝတ္ထုကို သတိရမိကြလေသည်။ မောင်သန်းကြွယ်မှာ တောက်ပြောင် စွာသော စိန်ထည် ကျောက်ထည် ပတ္တမြားထည်များကို မက်မောသူ တစ်ယောက်ဖြစ်၍ ဉာဏ်စွမ်းရှိသမျှ ထုတ်ပြီးလျှင် ရသမျှကို စုဆောင်း ထားတတ်သူ တစ်ယောက် ဖြစ်လေသည်။

**ကြွယ်။** ။ (ဦးစံရှား၏ နေရာ၌ ငိုက်စိုက်နေသော ဒ



www.burmeseclassic.com

www.burmeseclassic.com



အား ကြည့်လျက်) 'ကြည့်ဦးလေ ဦးစံရှား၊ ဒီဟာတွေ ဘယ်သူ့ဉာဏ် စွမ်း မှတ်သလဲ၊ ကျုပ် ဉာဏ်စွမ်းချည်းပဲဗျ။ ဦးထွန်းကျော်တို့လူစုက သေမှုကို ဖြုန်းပစ်တယ်၊ ကျုပ်ကတော့ မဖြုန်းဘဲ စုထားတယ်၊ ကျုပ် မှာ သုံးဖြုန်းစရာ လယ်ကေတွေ အများကြီးရှိတယ်ဗျ။ မကြည့်နိုင်တော့ အားလား ဦးစံရှားရဲ့၊ ကိုင်း ဒါဖြင့် ပိတ်လိုက်တော့မယ်' ဟု ပြော၍ ခလုတ်ကို နှိပ်လိုက်ရာ တံခါးလည်း ပိတ်သွားလေ၏။

ထိုနောက် မောင်သန်းကြွယ်သည် ရေတစ်ဝက်သာသာမျှ ထည့် ထားသော သွပ်ကန်ကြီးထဲသို့ ကြွက်လျှောက်ပေါ်ရှိ ဆေးပုလင်းတစ်လုံး ၏ ဆေးရည်ကို လောင်းထည့်ရာ ရေသည် စိမ်းလဲ့လဲ့ အရောင်ဖြစ် သွားလေ၏

**ကြွယ်။** ။ 'ကျုပ်မှာ ဆေးရည်အမျိုးမျိုး ရှိတယ်၊ တစ်နေ့ က ခင်ဗျားမြင်ရတာက လူသေအတွက်ဗျ၊ ဒီဟာက လူရှင်အတွက်၊ ဘယ်ဒင်းက ဘယ်လိုဆိုတာ တော်တော်ကြာတော့ ခင်ဗျားကိုယ်တိုင် သိရလိမ့်မယ်၊ ယခုတော့ ဒရိုင်ဘာကို ကျုပ်စီရင်တာ ခင်ဗျား ကြည့် ဦး' ဟု ပြော၍ ဒရိုင်ဘာ၏ အမည်ကို ဟစ်ခေါ်လေရာ မည်သူမျှ ပေါ်မလာချေ။

**ကြွယ်။** ။ 'တယ်မိုက်တဲ့ အကောင်ပဲ၊ အခုတောင် ပေါ် သေးဘူး၊ ဒါဖြင့် သူ့ကို နောက်၊ ဦးစံရှားကို အရင်ပေါ့လေ၊ သို့ သော် ခင်ဗျား မရုန်းနိုင် မကန်နိုင်အောင် ဆေးကလေး ထိုးလိုက်ဦးစို့' ဟု ပြောလျက် ကုလားထိုင်ပေါ်တွင် ဦးခေါင်းငိုက်စိုက်နေသော လူ၏ လက်မောင်းကို ဦးစံရှားအမှတ်နှင့် ဆေးထိုးပေးလေ၏။

ထိုနောက် မောင်သန်းကြွယ်သည် ကုလားထိုင်၏ နောက်မှ ၍ တုပ်နှောင်ထားသော ကြိုးများကို ဓားတစ်ချောင်းနှင့် လှီးဖြတ်လေ ကုလားထိုင်ပေါ်၌ ငိုက်စိုက်ထိုင်နေသော သူသည် ဦးခေါင်းကို ကြည့်လိုက်၏။ ထိုသူမှာမူ ညောင်းညာလှသဖြင့် သွေးတောင်ကျက်



www.burmeseclassic.com

www.burmeseclassic.com



ရှိသောကြောင့် ထိုင်ရာမှပင် ရုတ်တရက် မထနိုင်ချေ။ မောင်သန်းကြွယ်သည် ထိုသူ၏ မျက်နှာကို သေချာစွာ ကြည့်မိသောအခါတွင် 'အလို ဘောဒေးဦး ဘယ့်နှယ်ဖြစ်တုန်ကြတာလဲ' ဟု လန့်မေးမေးလျက် အခြားသူ နှစ်ယောက်ကို သေချာစွာ ကြည့်ပြန်ရာတွင် မိမိ၏တပည့်များ ဖြစ်နေကြောင်းကို တွေ့ရှိရလေ၏။

လူဆိုးများမှာမူ ဦးစံရှား၏ မှာထားချက်ကြောင့် မည်သို့မျှ ပြန်မပြောဘဲ ဦးခေါင်းကိုယမ်းလျက် အမိုးပေါ်သို့သာလျှင် မော့ကြည့်နေကြလေသည်။ ထိုအခါ မောင်သန်းကြွယ်သည် ကျောထဲမှ စိမ့်ကြောက်လာခဲ့၍ အခြားတပည့်များအား အော်ဟစ်ခေါ်ငင်လေ၏။ မည်သူမျှ ပေါ်မလာသဖြင့် သာ၍ပင် ထိတ်လန့်တုန်လှုပ်ခြင်း ဖြစ်ပြန်လေ၏။ အမိုးပေါ်မှ ချောင်းကြည့်နေကြသော ဦးစံရှားနှင့် မိတ်ဆွေများမှာမူ တခစ်ခစ် ရယ်မောလျက် ရှိကြ၏။ ထို့နောက် မောင်သန်းကြွယ်သည် အခန်းတံခါးကို ပျာယီးပျာယာနှင့် ဖွင့်၍ အပြင်သို့ ထွက်မည်ပြုသော အခါ ကိုအုန်းဖေနှင့် ဌာနာအုပ်တို့သည် မျက်နှာဖုံးများ စွပ်လျက် မောင်သန်းကြွယ်၏ ရင်ဝကို ခြောက်လုံးပြူးကိုယ်စီနှင့် ချိန်ရွယ်လျက် ရှိကြသည်ကို တွေ့ရလေ၏။

ထိုအခါ ဦးစံရှားသည် အမိုးပေါ်မှ ဖြည်းညင်းစွာ ဆင်းလာ၍ အိမ်ပေါ်သို့ ထက်ပြီးလျှင် မောင်သန်းကြွယ်၏ အခန်းတွင်းသို့ ဝင်လာရာ မောင်သန်းကြွယ်မှာ ကြောက်ရွံ့အားကြီးလှသဖြင့် စားပွဲအနီး၌ ကုပ်လျက် ငြိမ်နေသည်ကို တွေ့မြင်ရလေ၏။

**ရှား**။ ။ (မောင်သန်းကြွယ်အနီးသို့ ဖြည်းဖြည်းချဉ်းကပ်လျက်) 'ကိုသန်းကြွယ်၊ ခင်ဗျား ဒရိုင်ဘာကို ခေါ်တယ်ဆိုတာ လာပြီလေ ကျုပ် ဒရိုင်ဘာပဲ'

**ကြွယ်**။ ။ (ကြောက်အားကြီးစွာနှင့်) 'ဘယ့်နှယ်လဲ ခင်ဗျား ဘယ့်နှယ်လုပ်တာလဲ'



www.burmeseclassic.com

www.burmeseclassic.com



ရှား။ ။ 'ဦးထွန်းမှန်းအိမ်က ခင်ဗျားကို ကားနဲ့မောင်းပို့တဲ့လူဟာ ကျုပ်ပဲဗျ၊ ခင်ဗျာ့လူတော့ မတော်ဗုံဆ ဇက်ကျိုးသွားလေရဲ့။ ဘယ့်နှယ်လဲ နောက်ဆုံးကျတော့ စုံထောက်ငနဲက လူရေးသာသွားပြန်ပြီ မဟုတ်လား။ ဘာကြောင့် ဒီလောက် ဆတ်ဆတ်တုန်ရတာလဲ ကိုသန်းကြွယ်'

ကြွယ်။ ။ (ခြောက်သွေ့သော နှုတ်ခမ်းများကို လျှာဖြင့်လျက်၍) 'ခင်ဗျား ဘာလိုချင်သလဲ၊ ခင်ဗျား လိုချင်တာကို ကျုပ်ပေးပါ့မယ်ဗျ'

ရှား။ ။ 'ကျုပ်က ဘာမှ မလိုချင်ဘူး၊ ခင်ဗျားကိုပဲ လိုချင်တယ်'

ကြွယ်။ ။ (ရှိခိုးလျက်) 'ချမ်းသာပေးပါ ဦးစံရှားခင်ဗျား၊ ကျွန်တော့်ပစ္စည်းတွေကို တစ်ဝက်ယူပါတော့ခင်ဗျား၊ အကုန်လုံး ယူပါတော့ခင်ဗျား၊ ကျွန်တော့်ကို ချမ်းသာပေးပါခင်ဗျာ'

ရှား။ ။ 'ယူတာတော့ အကုန်လုံး ယူရမယ်၊ ယူပြီး ဥစ္စာရှင်တွေဆီကို အသီးသီး ပြန်ပေးရမယ်၊ တစ်ခု နားထောင် ကိုသန်းကြွယ်'

ကြွယ်။ ။ 'ပြောပါ ခင်ဗျား'

ရှား။ ။ 'ခင်ဗျားကို ကျုပ် ချမ်းသာပေးဖို့ အကြောင်းတစ်ခုလောက် ခင်ဗျား ပြောပြနိုင်ရဲ့လား'

ကြွယ်။ ။ (တောင်ကြည့် မြောက်ကြည့် ကြည့်လျက်) 'မပြောနိုင်ပါဘူးခင်ဗျာ'

ရှား။ ။ 'နားထောင် ခင်ဗျားကို 'စီရင်ထိုက်တဲ့အကြောင်းတွေ ကျုပ်ပြောပြမယ်။ ပထမအချက်မှာ ခင်ဗျားသည် လူတွေတိုင်းကို ဒုက္ခပေးတယ်။ ဒုတိယအချက်မှာ ကျုပ်တပည့်လေး မောင်လွင်ကို မျက်နှာက သွေးထွက်အောင် ခင်ဗျားရိုက်တယ်။ တတိယအချက်က ကျုပ်ပါးကို ဘယ်သူမှ မရိုက်ဘူးဘဲနဲ့ ခင်ဗျား ရိုက်ဝံ့တယ်၊ စတုတ္ထအချက်မှာ မခင်စိန်ကို ကျုပ်ရှေ့မှာ ဖက်နမ်းတယ်၊ ပဉ္စမအချက်က ကျုပ်ကို ဘာဆေး



www.burmeseclassic.com

www.burmeseclassic.com



မည်လဲ မဆိုနိုင်ဘူး ဆေးရည်ထဲထည့်ဖို့ ခင်ဗျားစီမံတယ်၊ ဆင္ဒမအချက် က'

ထိုခဏ၌ မောင်သန်းကြွယ်သည် စားပွဲအနီးတွင် ကုပ်လျက် နေရာမှ ကြီးဖြတ်သော မောင်းချားကို ဆုပ်ကိုင်လျက် ဦးစံရှားရှိရာသို့ တဟုန်ထိုး ပြေးဝင်လေရာ ဦးစံရှားမှာ ထိုသို့သော အခြင်းအရာမျိုး အတွက် အသင့်ပြင်ဆင်ပြီးဖြစ်သည့်အတိုင်း ဓားကိုင်သော လက်ကို လက်ကောက်ဝတ်မှ ကိုင်ဖမ်း၍ နောက်သို့ တွန်းလှန်လိုက်လေ၏။ မောင်သန်းကြွယ်မှာ ခွန်အားချင်း မတူသည်ဖြစ်၍ နောက်သို့ ပက်လက်လန်ပြီးလျှင် ဆေးရည်ဖျော်ထားသော သွပ်ကန်ထဲသို့ ကျွမ်းပြန်၍ ကျသွားလေ၏။ နောက်ခဏ၌ မောင်သန်းကြွယ်သည် ပြင်းပြစွာသော ဝေဒနာကို ခံစားရသည့်အနေဖြင့် သွပ်ကန်ထဲမှ အော်ဟစ်ကာ ထလာလေရာ ပြင်းထန်လှသော ဆေးရည်သည် ၎င်း၏ အဝတ်များကို တစ်ခဏချင်း လောင်ကျွမ်း၍ မောင်သန်းကြွယ်၏ တစ်ကိုယ်လုံးမှာလည်း ကြေးဝါ ရောင်အဆင်းကဲ့သို့ ထိန်ထိန်ဝင်းလျက် ရှိနေ၏။ မောင်သန်းကြွယ်သည် မျက်စိမမြင်တော့သည်ဖြစ်၍ ပါးစပ်မှ ကျယ်လောင်စွာ အော်ဟစ်ရင်း တံခါးပေါက်သို့ လက်ဖြင့် စမ်း၍ ထွက်ပြီးလျှင် လှေကားမှ ကယောင် ကတမ်းဆင်းပြေးလေသည်။ ထိုစဉ် တစ်ယောက်သောသူသည် ပထမလှေ ကားထစ်၌ ရှိသော ခလုတ်ကို ပြင်ဆင်ထားသည်ဖြစ်၍ လေးလံစွာ သော သံတုတ်ကြီးတစ်ချောင်းသည် နံရံမှာထွက်လာ၍ မောင်သန်းကြွယ် ၏ ဇက်ပိုးကို ကြီးစွာသော အရှိန်ဖြင့် နှက်လိုက်လေရကား မောင်သန်း ကြွယ်သည် အသက်မပါဘဲလျက် လှေကားမှ ထိုးကျသွားလေ၏။ သံ တုတ်ကြီးမှာမူ မောင်သန်းကြွယ်ကိုနှက်ပြီးနောက် နံရံ၌ ကပ်မြဲတိုင်း ကပ်နေလေ၏။

❖



www.burmeseclassic.com

www.burmeseclassic.com



## အခန်း တစ်ဆယ့်ခုနစ်

ဦးစံရှားသည် မှန်တင်ခုံနောက်၌ ဝှက်ထားသော ခလုတ်ကို နှိပ်၍ ဗီရို ကို ဖွင့်ပြီးလျှင် ကိုသန်းဖေ ပြောဖူးသော စာအုပ်ကြီးကို ထုတ်ယူဖတ် ရှုရာတွင် ဦးထွန်းကျော်သည် မည်မျှလောက် ဉာဏ်ကြီးသော လူတစ် ယောက် ဖြစ်ကြောင်း သိရှိရလေသည်။ ထိုသူသည် မြန်မာတစ်ပြည်လုံး ကို ဒိစကြိတ်မြို့နယ် စသည်ဖြင့် ခွဲခြမ်းစိတ်ဖြာ၍ တစ်နယ်လျှင် ခမ္ဘက်ထိ က မည်သူမည်ဝါ၊ မည်သူ့အား မည်သည့်နေ့ရက်က ငွေပေါင်းမည်မျှ ပေးရသည် စသည်ဖြင့် စုံလင်စွာ ရေးသားဖော်ပြထားသည်များကို တွေ့ မြင်ရှိရလေ၏။ ဦးစံရှားသည် အချို့သော အမည်များကို တွေ့ရှိရ သောအခါတွင် မျက်လုံးပြူး၍ သွားမိ၏။

အခန်းတွင်း၌ကား ဦးစံရှား၏ မိတ်ဆွေများသည် အချို့ကား ပက်လက်ကုလားထိုင်၌ လည်းကောင်း၊ အချို့ကား စားပွဲပေါ်၌ လည်း ကောင်း၊ အချို့ကား မတ်တတ်ကုလားထိုင်၌ လည်းကောင်း အသီးသီး ငိုက်မျဉ်းလျက် ရှိကြလေ၏။ ဦးစံရှားမှာမူ အနည်းငယ်မျှ ငိုက်မျဉ်း ခြင်း မရှိဘဲ ဦးထွန်းကျော်၏ မှတ်တမ်းစာအုပ်ကြီးကို အကောင်းဆုံး သော ဝတ္ထုစာအုပ်ထက်ပင် စိတ်ပါဝင်စားသော အမူအရာနှင့် တစ်ရွက် ချင်း တစ်ရွက် လှန်လှောဖတ်ရှုလျက် ရှိလေ၏။

နံနက်လင်းသည်နှင့်တစ်ပြိုင်နက် လွှစ္စလမ်းရှိ မိမိ၏ နေအိမ် သို့ တယ်လီဖုန်းဆက်၍ မေးရာ မခင်စိန်မှာ ကောင်းမွန်ကျန်းမာစွာရှိ ၍ ဦးစံရှားအတွက် စိုးရိမ်သောက ဖြစ်လျက်ရှိကြောင်း၊ ချက်ချင်းကို



www.burmeseclassic.com

www.burmeseclassic.com



မှာမူ၊ သတိမေ့ရောဂါပျောက်ကင်း၍ ကြည်ကြည်လင်လင်ရှိနေသဖြင့် ကိုဖိုးထူးနှင့်အတူ ယနေ့နံနက်ပင် လွှစ္စလမ်းသို့ ရောက်လာကြောင်းနှင့် မောင်သွင်က ပြန်ပြောလေ၏။ ထိုအခါ ဦးစံရှားက ကိုဖိုးထူးကို ချက်တာဂျီနှင့်အတူ ကိုဇီးကောနား အိမ်သို့ ချက်ချင်းစေလွှတ်လိုက်ရန် မှာကြားလိုက်လေ၏။

တစ်ခဏမျှ ကြာသောအခါ ကိုဖိုးထူးနှင့် ချက်တာဂျီတို့သည် ဦးစံရှားရှိရာ အခန်းသို့ တက်လာကြလေရာ ချက်တာဂျီမှာ ထိုအခန်းသို့ ဝင်ခါနီးမှာ ခပ်တွန့်တွန့် လုပ်နေသဖြင့် ဦးစံရှားက အားပေးစကားပြောကြားလိုက်သောအခါမှ ရဲရဲဝင်လာခဲ့ဝံ့၏။

**ရှား**။ ။ (အင်္ဂလိပ်ဘာသာဖြင့်) 'ကိစ္စမရှိပါဘူး ချက်တာဂျီ၊ လူဆိုးတွေအားလုံး မရှိတော့ပါဘူး၊ ရဲရဲဝင်ခဲ့ပါ၊ ဒီလူအားလုံးက ခင်ဗျားမိတ်ဆွေတွေပါ'

**ဂျီ**။ ။ 'ဒီအိမ်ကို ကျွန်တော် နည်းနည်း မှတ်မိတယ်၊ ကျွန်တော် အားကြီးကြောက်တယ်၊ ခင်ဗျားကိုလဲ ကျွန်တော် နည်းနည်း မှတ်မိတယ်၊ ခင်ဗျားတော့ လူကောင်းပဲလို့ ကျွန်တော် သိတယ်၊ ကျွန်တော် ဘာဖြစ်တာလဲ၊ ပြောကြပါ ခင်ဗျာ'

**ရှား**။ ။ 'ခင်ဗျားဟာ အခ်ၚမတန် အကြံကြီးတဲ့ လူဆိုးတစ်စုရဲ့ လက်ထဲကို ရောက်သွားတယ်။ ဒါထက် နေပါဦး၊ အစတုန်းက ဖြစ်ပုံကို ပြောစမ်းပါဦးဗျ'

**ဂျီ**။ ။ (နဖူးကို လက်ဖြင့်သပ်လျက်) 'တစ်နေ့မှာ ကျွန်တော့်ဆီကို လူနှစ်ယောက် လာတယ်၊ လာပြီးတော့ မြန်မာပြည်နဲ့ အိန္ဒိယပြည် ခွဲလိုက်ရင် ကျွန်တော်တို့ ကုန်သည်ကြီးတွေမှာ နစ်နာမယ်တဲ့၊ ဒီတော့ကာ မခွဲဘဲနဲ့ တွဲလျက်နေရအောင် သူတို့ စီမံပေးမယ်တဲ့၊ ထမြောက်ခဲ့လို့ ရှိရင် သူတို့ကို ငွေ တစ်သိန်းပေးရမယ်တဲ့၊ ပြောတယ်ခင်ဗျ'

**ရှား**။ ။ 'ဟုတ်ပြီ ဆိုပါဦး'



www.burmeseclassic.com

www.burmeseclassic.com



ဂျီ။ ။ 'ဒီတော့ ကျွန်တော်က ခင်ဗျားတို့လို မတရားသဖြင့် ကြံစည်မယ့် လူတွေနဲ့ တွဲဖက်ပြီး အလုပ် မလုပ်ချင်။ ငွေလည်း မပေးနိုင်ဘူးလို့ ပြန်ပြောလိုက်တယ်ခင်ဗျ၊ ဒီတော့ သူတို့နှစ်ယောက်က တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး ဖြူန်းဆို တစ်ယောက်က လက်ကိုဆွဲ၊ တစ်ယောက်က ဖျတ်ခနဲ အပ်ပိနဲ့ထိုးလိုက်တယ် ခင်ဗျ၊ အဲဒီကစပြီး ကျွန်တော် ဘာမှ မမှတ်မိတော့ဘူး ခင်ဗျ'

ရှား။ ။ 'ခင်ဗျားကို လက်မှတ်ထိုးခိုင်းကြသေးတယ် မဟုတ်လား'

ဂျီ။ ။ 'ဟုတ်ကဲ့ ဟုတ်တယ်၊ ကိစ္စပြီးမြောက်ရင် ငွေတစ်သိန်းပေးဖို့ သဘောတူပါတယ်လို့ လက်မှတ်ထိုးခိုင်းတယ်ခင်ဗျ၊ ကြည့်ပါဦးတော့ ခင်ဗျာ၊ ကျွန်တော့်လက်မကို ပလာယာနဲ့ ညှပ်ကြတယ် ခင်ဗျ' ဟု ပြောလျက် အနာဖြစ်လျက်ရှိသော လက်မကို ပြလေ၏။

ရှား။ ။ 'ခင်ဗျားအပြင် အခြားသူများဆီကကော၊ သူတို့တောင်းဖို့ စီမံသေးသတဲ့လား'

ဂျီ။ ။ 'ဟုတ်ကဲ့ ဟုတ်တယ်၊ ဒီပြင် သုံးယောက်က တစ်သိန်းဆီပေးဖို့ သဘောတူတယ်တဲ့၊ နို့ပေမယ့် ကျွန်တော်ပါမှ သူတို့ပါကြမယ်တဲ့။ ပြောပြသေးတယ် ခင်ဗျ'

ရှား။ ။ 'ကောင်းတယ်ဗျာ၊ ခင်ဗျား အင်မတန် ကောင်းတယ်။ ခင်ဗျား လွတ်မြောက်ခြင်းဟာ မခင်စိန်အတွက်ကြောင့် ဖြစ်လေတော့၊ မခင်စိန်ကို ခင်ဗျား အများကြီး ကျေးဇူးတင်ထိုက်တယ်။ သူမပြောရင် ကျွန်တော် ဘယ်နည်းနဲ့မှ ခင်ဗျားတို့ အမှုအကြောင်း သိရမှာကို တွေ့ဘူး မစွတာ ချက်တာဂျီ'

[illegible]တံခါးကို ပိတ်လျက် လက်ခုပ်တီးလိုက်ရာတွင် ပုလိပ်သားများသည် [illegible]ခန်းတွင်းသို့ ဝင်လာကြလေ၏။ ဦးထွန်းကျော်သည် မျက်[illegible] [illegible]း၊ တုန်လှုပ်ထိတ်လန့်ခြင်း အလျဉ်းမရှိဘဲ ဆေးပြင်းလိပ်ကိုသာ



www.burmeseclassic.com

www.burmeseclassic.com



ထိုခဏ၌ အိမ်ရှေ့မှ မော်တော်ကားတစ်စီးဆိုက်သံကြား၍ အိမ်ပေါ်သို့ တက်လာသော ခြေသံများကို ကြားလေရလေရာ မော်တော်ကားမှာလည်း တက္ကစီဖြစ်သည်နှင့် ချက်ချင်းပင် လှည့်၍ မောင်းနှင်သွားလေ၏။ နောက်တစ်ခဏ၌ ဦးထွန်းကျော်သည် အရာရာမျိုး၌ စိတ်ကျေနပ်ခြင်း ရှိဟန်နှင့် ခပ်တိုးတိုးလေချွန်လျက် အခန်းတွင်းသို့ ဝင်လာလေရာ ကုလားထိုင်ပေါ်၌ နေသားတကျ ခပ်စွင့်စွင့်ထိုင်နေသော ဦးစံရှားကို မြင်သဖြင့် ရုတ်တရက် တန့်၍ ရပ်နေလေ၏။ ထိုနောက် ဦးစံရှား၏ အနီးသို့ ကြည့်လိုက်သဖြင့် မိမိအား မျက်စောင်းထိုးကာ ကြည့်နေသော ချက်တာဂျီဘာဘူကို မြင်သည်တွင် အလုံးစုံ ရိပ်မိ၍ အင်္ကျီအိတ်ကို လက်ဖြင့် နှိုက်လေ၏။ သို့ရာတွင် တံခါးကြား၌ စောင့်နေကြသော ဗွာနာအုပ်နှင့် ကိုအုန်းဖေတို့ ပခုံးကို ပုတ်၍ ခြောက်လုံးပြူးကိုယ်စီနှင့် ချိန်ရွယ်လျက် 'မလုပ်နဲ့လေ၊ ပေးပါ ခင်ဗျား သေနတ်' ဟု ပြောကာ သေနတ်ကို လုယူကြလေ၏။

BURMESE CLASSIC

ဦးထွန်းကျော်မှာမူ လူဆိုးတစ်ယောက် ဖြစ်သော်လည်း သတ္တိကောင်းသူတစ်ယောက်ဖြစ်ရလေကား မောင်သန်းကြွယ်လို ထိတ်လန့်သော အမူအရာ အလျဉ်းမပြဘဲ ကုလားထိုင်တစ်လုံးတွင် ထိုင်၍ ဆေးပြင်းလိပ်တစ်လိပ်ကို မီးညှိလေ၏။

**ရှား**။ ။ 'ဘယ့်နှယ်လဲ ဦးထွန်းကျော်'

**ကျော်**။ ။ (ရယ်မောလျက်) 'ထင်းတုံးမြင့်တုံ၊ မြက်မြင့်တုံပဗျာ'

**ရှား**။ ။ 'ခင်ဗျားကို ကျုပ်ကြိုက်သဗျာ။ မောင်သန်းကြွယ်နဲ့တယ်ကွာတယ်'

...ပေးဘူး

မခွဲဘဲနဲ့ တွဲလျက်နေရအောင် သူတို့ စမပေးမယ်တဲ့၊ ထမ်ခြောက်ခဲ့ ရှိရင် သူတို့ကို ငွေ တစ်သိန်းပေးရမယ်တဲ့၊ ပြောတယ်ခင်ဗျ'

**ရှား**။ ။ 'ဟုတ်ပြီ ဆိုပါဦး'



www.burmeseclassic.com

www.burmeseclassic.com



ထိုခဏ၌ ထံခါးသည် ရုတ်တရက် ပွင့်လာ၍ ရီရီသည် အခန်းတွင်းသို့ ဝင်လာပြီးလျှင် ဦးထွန်းကျော်ရှိရာသို့ တည့်တည့်သွား၍ 'ဘာဖြစ်တာလဲ ကိုကို၊ ဝင်းထဲမှာ ကျွန်မတို့ မသိတဲ့ လူတွေပါကလား' ဟု မေး၏။

**ရှား**။ ။ 'အခု မသိသေးပေမယ့် တော်တော်ကြာတော့ သိကြပါလိမ့် ရီရီ'

ထိုအခါမှ ရီရီသည် ဦးစံရှားရှိရာသို့ လှမ်းကြည့်၍ အဖြစ်အပျက်အခြေအနေကို ရိပ်မိလေ၏။

**ကျော်**။ ။ (ရီရီ့ကျောကိုပုတ်လျက်) 'ခုနင်က ပြောသလို ထင်းတုံး မြင့်တုံ့ မြက်မြင့်တုံ့ပေါ့ ရီရီ။ ဒီတစ်ခါ ဦးစံရှားအရေးသာသွားပြန်ပြီ ရီရီရဲ့'

BURMESE CLASSIC

**ရီ**။ ။ (ထိတ်လန့်သော အမူအရာနှင့်) 'ဟင် အကျိုးနည်းပြီ။ ဒါထက် ကိုသန်းကြွယ်တစ်ယောက်ကော'

**ကျော်**။ ။ (ဦးစံရှားအား မေးငေါ့လျက်) 'သူ့ကို မေးတော့လေ'

**ရှား**။ ။ 'တွေ့ချင်လို့လား။ ပြမယ်ဗျ၊ ပြမယ်' ဟု ပြောလျက် ခလုတ်ကို နှိပ်လိုက်ရာ ဗီရိုတံခါးသည် တဖြည်းဖြည်း ပွင့်လေ၏။ ရီရီသည် ဗီရိုထဲသို့ လှမ်းကြည့်လိုက်သောအခါ ချိုင်းအောက်တွင် ကြိုးနှင့် သိုင်းလျက် တွဲရရွဲရ ကျနေသော မောင်သန်းကြွယ် အလောင်းကို တွေ့မြင်ရသည်နှင့် မျက်နှာကိုလက်ဝါးနှစ်ဖက်ဖြင့် ဖုံးအုပ်ကာ 'မကြည့်ဝံ့ပါဘူးရှင်တို့' ဟု ဟစ်အော်လေရာ ဦးထွန်းကျော်မှာမူ ဆေးပြင်းလိပ်ကို တွင်တွင်ကြီးဖွာလျက် ရှိလေ၏။ ၎င်းနောက် ဦးစံရှားသည် ဗီရိုတံခါးကို ပိတ်လျက် လက်ခုပ်တီးလိုက်ရာတွင် ပုလိပ်သားများသည် အခန်းတွင်းသို့ ဝင်လာကြလေ၏။ ဦးထွန်းကျော်သည် မျက်လျှာချခြင်း၊ တုန်လှုပ်ထိတ်လန့်ခြင်း အလျဉ်းမရှိဘဲ ဆေးပြင်းလိပ်ကိုသာ



www.burmeseclassic.com

www.burmeseclassic.com



အတွင်ဖွာလျက် ရှိရာ ရီရီမှာလည်း မောင်သန်းကြွယ်၏ အလောင်းကွယ်ပျောက်သဖြင့် ကြောက်ရွံ့ခြင်း ပြေပျောက်၍ လိပ်ရင်ဘတ် စီးကရက်ဘူးမှ စီးကရက်တစ်လိပ်ကို သေသေချာချာ ရွေးချယ်ကာ မီးညှိလေ၏။

ညကိုမူကားလည်း ဦးထွန်းကျော်နှင့် ရီရီတို့နောက်မှ ရပ်လျက် ဦးစံရှား၏ အမိန့်ကို စောင့်ဆိုင်းနေကြစဉ်

ရီ။ ။ (ခပ်ပြုံးပြုံးမျက်နှာထားနှင့်) 'သွားဦးမယ်နော် ဦးစံရှား။ မသေလို့ နေကြရင် တွေ့ကြရဦးမှာပေါ့ရှင်'

ကျော်။ ။ 'မကြာပါဘူး ရီရီ၊ တယ်ကြာမယ် မထင်ပါဘူး'

BURMESE CLASSIC

❖



www.burmeseclassic.com

www.burmeseclassic.com

## နိဂုံး

အသက် ၄၀ ကျော်သည့်တိုင်အောင် လူပျိုကြီးလုပ်နေခဲ့သော ဦးစံရှားသည် ဖူးစာရှင်မှန်သော မခင်စိန်နှင့် ထိမ်းမြားလက်ထပ်သည့် အခမ်းအနား၌ က်တာဂျီနှင့်ဗာကူ ဦးစံရှား၏ ကျေးဇူးခံ ကျေးဇူးစား ဖြစ်ဖူးသောသူများနှင့် မကြာမီက စိန်ထည်၊ ကျောက်ထည်၊ ပတ္တမြားထည် ဝတ္ထုများကို ပြန်ပို့ခြင်းခံရသော ပွဲကတော်၊ ဝတ်လုံကတော်၊ အရာရှိ ကတော်အစရှိသော ပုဂ္ဂိုလ်များသည် အဖိုးတန်ပစ္စည်း အမျိုးမျိုးတို့ဖြင့် လက်ဖွဲ့ကြလေ၏။

တစ်နေ့သော ညနေခင်း၌ ဦးစံရှားနှင့် မခင်စိန်တို့သည် ဆဗွိုင်းဟိုတယ်မှ လက်ဖက်ရည်သောက်ပြီး၍ ဆူးလေဘုရားလမ်း တစ်လျှောက် ကမ်းနားဘက်သို့ ဖြည်းညင်းစွာ လျှောက်လာကြစဉ် အချိန်မှာမူ မီးထွန်းချိန်နှင့် နေဝင်ချိန်အကြား ရှိနေ၏။

**စိန်**။ ။ 'ကျွန်မဖြင့် တစ်ခါတစ်ခါ ပြန်စဉ်းစားကြည့်ရင် ဟုတ် ဟုတ်နိုင်ပါ့မလား၊ အိပ်မက်များ မက်လေရော့သလားလို့တောင် အောက်မေ့မိတယ် ကိုကို'

**ရှား**။ ။ 'ဘာကိုလဲ မခင်စိန်'

**စိန်**။ ။ 'ကျွန်မနဲ့ ကိုကိုနဲ့ အကြောင်းပါလို့။ ကိုသန်းကြွယ်တို့ လဲ သေတဲ့လူက သေ၊ ထောင်ကျတဲ့လူက ကျလို့'

**ရှား**။ ။ 'မကျသေးဘူး မခင်စိန်။ သူတို့အမှုက မပြီးပြတ်သေးဘူး' ဟု ပြောစဉ် ဦးစံရှားသည် လမ်းပေါ်၌ လူတစ်ယောက်ကို မျှော်၍ ကြည့်မိ၏။

**စိန်စိန်ဦးစာအုပ်တိုက်**

www.burmeseclassic.com

ရွှေဥဒေါင်း

စိန်။ ။ 'ထောင်ကျတော့မှာတော့ အမှန် မဟုတ်လား ကိုကို'

ရှား။ ။ 'ရှေ့မှာတော့အမှန်လို့ သို့သော် ထောင်ရောက် မရောက်တော့ အမှန် မပြောနိုင်ဘူး။ ဦးထွန်းကျော်ဟာ တော်တော်ဉာဏ်သွားတဲ့ လူတစ်ယောက် မခင်စိန်ရဲ့။ မောင်သန်းကြွယ်တို့ရဲ့ စကားစကို မခင်စိန် မရေးရင် မခင်စိန်နဲ့ ဒီကနဲ့ ဘယ့်နှယ်တွေ့မလဲ။ မတွေ့ရရင် ဘယ့်နှယ်'

ထိုခဏ၌ ယခင်က ဦးစံရှား ငေးမျှော်ကြည့်နေသူသည် လင်မယားနှစ်ယောက်တို့၏ ရှေ့မှ ဖြတ်သွား၍ စာရွက်တစ်ရွက်ကို ထားခဲ့လေရာ မခင်စိန်ကမူ ထိုအခြင်းအရာကို မမြင်သည်နှင့် လျှောက်မြဲတိုင်း လျှောက်သွား၍ ဦးစံရှားကမူ မီးခြစ်ကို လွတ်ကျလေဟန်ပြုပြီးမှ မခင်စိန် မမြင်အောင် စာရွက်ကို ကောက်ယူလိုက်လေ၏။ ၎င်းနောက် လင်မယားနှစ်ယောက်တို့သည် အိမ်ဘက်သို့ လျှောက်လာကြရာ လမ်းခရီးတွင် ကိုအုန်းဖေနှင့် တွေ့၍

အုန်း။ ။ 'ကြားပြီပြီလား ဆရာ'

ရှား။ ။ 'ဘာကြားရမှာလဲဗျ၊ ဘာဖြစ်လို့လဲ'

အုန်း။ ။ 'ဦးထွန်းကျော်နဲ့ ရီရီနဲ့ အချုပ်ထောင်ထဲကနှစ်ယောက်စလုံး လွတ်ထွက်သွားကြပြီ ဆိုပါကလား'

ထိုအခါမှ ဦးစံရှားသည် လမ်းပေါ်၌ ကောက်ယူခဲ့သော စာရွက်၏ အနက်အဓိပ္ပာယ်ကို တွေးမိသည်နှင့် ဖြန့်၍ ဖတ်ရာ အောက်ပါအတိုင်း တွေ့ရှိရလေ၏။

'တွေ့ရပြန်ဦးတော့မည် ဦးစံရှားရေ့၊ ပြင်ထားပေတော့'

လူဆိုးများနှင့် ဉာဏ်ပြိုင်ရခြင်း၌ အထူးမွေ့လျော်ပျော်ရွှင်ခြင်းရှိခဲ့သော ဦးစံရှားမှာ ထိုစာကို တွေ့ရသောအခါတွင် အိုင်ယာလန်ထက်ပေါက်သော ကြေးနန်းရသည့် လူတစ်ယောက်၏ အလား အားရဝမ်းသာရှိနေခဲ့လေသတည်း။

ရွှေဥဒေါင်း



www.burmeseclassic.com